ကြေးမုံ
*The* **Mirror Daily**
၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

**မမြဲသောသဘောတို့ကိုသိ**

စွန့်ပစ်အပ်သော ဤခန္ဓာကိုယ်သည် အဘယ်မှာလျှင် နှစ်သက်မွေ့လျော်ဖွယ် ရှိအံ့နည်း။ ဤခန္ဓာကိုယ်ကို စွဲ၍ ရာဂတို့ဖြစ်ခြင်းသည် မလျော်ကန်ပတ်လေစွတကား။ (ခန္ဓာကိုယ်၏ မမြဲသောသဘော၊ အနှစ်မရှိသော သဘောတို့ကိုသိအောင် စဉ်ဆက်မပြတ် ကျင့်ကြံအားထုတ်ရာ၏။)

ဇရာဝဂ်(ဓမ္မပဒ-၁၄၉)

၁၃၇၈ ခုနှစ် ပြာသိုလပြည့်ကျော် ၇ ရက်၊ ကြာသပတေးနေ့။ Thursday, 19 January 2017 (၈၀၁၁)

# နိုင်ငံတော်သမ္မတ ဦးထင်ကျော် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနအား ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇန်နဝါရီ ၁၈**

နိုင်ငံတော်သမ္မတ ဦးထင်ကျော်သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိရပ်ကွက်ရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) သို့ ရောက်ရှိပြီး အဆောက်အအုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

နိုင်ငံတော်သမ္မတသည် နံနက် ၉ နာရီခွဲတွင် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC)သို့ ရောက်ရှိလာရာ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ ဒေါက်တာဖေမြင့်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်၊ ဒုတိယဝန်ကြီး ဦးမင်းသူ၊ ဦးခင်မောင်တင်နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန(NRPC)ရှိ အစည်းအဝေးခန်းမ၌ ဒုတိယဝန်ကြီး ဦးခင်မောင်တင်က အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC)၏ လုပ်ငန်းစဉ်များ၊ NRPC Umbrella ဖြင့် ဆောင်ရွက်နေသော လုပ်ငန်းစဉ်များ၊ ဆက်လက်တိုးချဲ့ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ၊ Peace Process Orientation Course သင်တန်းဖွင့်လှစ်ရန် စီစဉ်ဆောင်ရွက်ထားရှိမှု၊ (၂၁) ရာစုပင်လုံ အစည်းအဝေး ကျင်းပရန် ပြင်ဆင်ဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

**စာမျက်နှာ ၃ ကော်လံ ၅ သို့**



နိုင်ငံတော်သမ္မတ ဦးထင်ကျော် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန အဆောက်အအုံအတွင်း လှည့်လည်ကြည့်ရှုစဉ်။ (သတင်းစဉ်)



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည် ကုလသမဂ္ဂ၏ မြန်မာနိုင်ငံလူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ မစ္စ ရန်ဟီလီအား လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

# လူ့အခွင့်အရေးမြှင့်တင်ကာကွယ်ရေးကဏ္ဍတွင် မြန်မာနိုင်ငံအနေဖြင့် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်နေသည့်ကိစ္စများ ဆွေးနွေး

**နေပြည်တော် ဇန်နဝါရီ ၁၈**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် ကုလသမဂ္ဂ၏ မြန်မာနိုင်ငံလူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ မစ္စ ရန်ဟီလီနှင့်အဖွဲ့အား ယနေ့နံနက် ၉ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁)ရာစုပင်လုံ အောင်မြင်စွာကျင်းပနိုင်မှုအပါအဝင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဖြစ်ပေါ်တိုးတက်မှုများ၊ လူ့အခွင့်အရေးမြှင့်တင်ကာကွယ်ရေးကဏ္ဍတွင် မြန်မာနိုင်ငံအနေဖြင့် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်နေသည့်ကိစ္စများ၊ တည်ဆဲဥပဒေများကို နိုင်ငံတကာစံနှုန်းနှင့်အညီ ပြန်လည်သုံးသပ်မှုများ ပြုလုပ်သည့်ကိစ္စနှင့် ဥပဒေကြမ်းရေးဆွဲမှုလုပ်ငန်းစဉ်များ၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းဒေသ

**စာမျက်နှာ ၃ ကော်လံ ၁ သို့**

KBZ BANK
STRENGTH OF MYANMAR
သဒ္ဓါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်



နိုင်ငံတော်သမ္မတ ဦးထင်ကျော် ငြိမ်းချမ်းရေးအထိမ်းအမှတ် သံလွင်ပင်စိုက်ပျိုးထားမှုကို ကြည့်ရှုနေစဉ်။ (သတင်းစဉ်)

**❂ နိုင်ငံတော်သမ္မတမှ**

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေက တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးစာချုပ်(NCA)အရ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများ ကျင်းပနိုင်ရေး ဆောင်ရွက်ထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ၊ Peace Process Orientation Course အတွက် သင်တန်းနည်းပြများ၊ သင်တန်းသားများရွေးချယ်ထားရှိမှု၊ တည်းခိုနေထိုင်ရေး၊ စားသောက်ရေးနှင့် ဆက်သွယ်သွားလာရေးတို့အတွက် ကြိုတင်ပြင်ဆင်ထားရှိမှု၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန ငြိမ်းချမ်းရေးရန်ပုံငွေအခြေအနေများနှင့် စပ်လျဉ်း၍ ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

တင်ပြချက်များအပေါ် နိုင်ငံတော်သမ္မတက သိလိုသည်များကိုမေးမြန်းပြီး တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရန် ငြိမ်းချမ်းရေးသည် အဓိကကျသည့်အတွက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအား အဆင်ပြေချောမွေ့စွာဖြင့် အမြန်ဆုံးအောင်မြင်စွာအကောင်အထည်ဖော်နိုင်ပါစေဟု ဆန္ဒပြုပါကြောင်း။

မိမိအနေဖြင့်လည်း တတ်နိုင်သည့်ဘက်မှ အစွမ်းကုန်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် စိတ်ရောကိုယ်ပါ ပါဝင်ဆောင်ရွက်ပေးခဲ့ကြသူအားလုံးကို အထူးကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC)အတွင်း လှည့်လည်ကြည့်ရှုရာ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေနှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

**(သတင်းစဉ်)**

❑

**❑ ရှေ့မှ**

အခြေအနေနှင့် ယင်းဒေသများတွင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးမှုများ တိုးမြှင့်ဆောင်ရွက်သွားရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် ၂၀၁၆ ခုနှစ် အောက်တိုဘာ ၉ ရက်က ဖြစ်ပွားခဲ့သည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား တိုက်ခိုက်ခဲ့မှုများအပေါ် အထူးအစီရင်ခံစာတင်သွင်းသူအနေဖြင့် ပြင်းထန်စွာရှုတ်ချကြောင်း ပြောကြားခဲ့ပြီး နယ်မြေရှင်းလင်းရေး၊ လုံခြုံရေးဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ ထွက်ပေါ်နေသည့် စွပ်စွဲပြောဆိုချက်များနှင့်ပတ်သက်၍လည်းကောင်း၊ ရခိုင်ပြည်နယ်တွင် လိုအပ်သည့် လူသားချင်းစာနာထောက်ထားမှုအကူအညီများ တိုးမြှင့်ပေးနိုင်ရေးနှင့် ပတ်သက်၍လည်းကောင်း ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**

## စာအုပ်စာစောင်များတွင် ပုံနှိပ်မှတ်တမ်းပြည့်စုံစွာဖော်ပြရေး အသိပေးကြေညာချက်

ပုံနှိပ်သူနှင့်ထုတ်ဝေသူများသည် မိမိလုပ်ငန်းနှင့်သက်ဆိုင်သော ဥပဒေ၊ နည်းဥပဒေများကိုလိုက်နာရန် တာဝန်ရှိပါသည်။ ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေကို ၂၀၁၄ ခုနှစ် အောက်တိုဘာလ ၁၀ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပါသည်။ နည်းဥပဒေ ၁၇ အရ နိုင်ငံအတွင်း ပုံနှိပ်သည့် သတင်းစာ၊ သတင်းလွှာ၊ သတင်းစဉ်၊ စာစောင်၊ ဂျာနယ်၊ မဂ္ဂဇင်းနှင့်စာအုပ်များ၏ ပုံနှိပ်မှတ်တမ်းတွင် ပုံနှိပ်တိုက်အမည်နှင့် အသိအမှတ်ပြုလက်မှတ် အမှတ်၊ ထုတ်ဝေသူအမည်နှင့် အသိအမှတ်ပြုလက်မှတ်အမှတ်၊ စာပေတိုက်အမည်နှင့် လိပ်စာတို့ကို တိကျမှန်ကန်စွာ ဖော်ပြရမည်ဖြစ်ပါသည်။ ထုတ်ဝေသူအမည်ကို ပုံနှိပ်မှတ်တမ်းတွင် ပြည့်စုံစွာမဖော်ပြခြင်းကြောင့် နောင်တွင်ပိုင်ဆိုင်မှု အငြင်းပွားခြင်းများ ဖြစ်ပေါ်လာနိုင်ပါသည်။

သို့ဖြစ်ပါ၍ ပုံနှိပ်သူများနှင့် ထုတ်ဝေသူများအနေဖြင့် မိမိတို့ထုတ်ဝေသော စာအုပ်စာစောင်များတွင် ပုံနှိပ်မှတ်တမ်းကို နည်းဥပဒေ ၁၇ ပါ ထုတ်ပြန်ချက်အတိုင်း ပြည့်စုံစွာထည့်သွင်းဖော်ပြပါရန် အသိပေးကြေညာအပ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**



# လူမျိုးအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ(ကရင်) ပထမနေ့ကျင်းပ

**ဘားအံ ဇန်နဝါရီ ၁၈**

လူမျိုးအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ (ကရင်) ပထမနေ့ကို ယနေ့နံနက် ၉ နာရီတွင် ဘားအံမြို့ သီရိဘားအံဟိုတယ်၌ စတင်ကျင်းပသည်။

လူမျိုးအလိုက် အမျိုးသားအဆင့်နိုင်ငံရေး ဆွေးနွေးပွဲအခမ်းအနားကို ဖားစည်တီး ကြွချီမှုတ်၍ ဖွင့်လှစ်ပြီး တက်ရောက်လာသော တိုင်းရင်းသားတို့က နိုင်ငံတော်အလံနှင့် ကရင်အမျိုးသားအလံတို့ကို အလေးပြုကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်၊ ကရင်အမျိုးသားအစည်းအရုံး (KNU) ဥက္ကဋ္ဌ စောမူတူးစေးဖိုး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့်ငြိမ်းချမ်းရေးဗဟိုဌာန (NRPC)ဒုတိယဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မျိုးဝင်း၊ UPDJC/PC အတွင်းရေးမှူး ဦးခင်ဇော်ဦးတို့က အမှာစကားပြောကြားကြပြီး ဘားအံမြို့ သုမေဓာရာမ ကြားတောရဆရာတော် ဘဒ္ဒန္တစန္ဒာဝရက ကရင်အမျိုးသားနိုင်ငံရေးဆွေးနွေးပွဲ ပြီးမြောက်အောင်မြင်ရေးအတွက် ဩဝါဒစကား ချီးမြှင့်သည်။ ထို့နောက် သဘာပတိ ပဒိုမန်းငြိမ်းမောင်က အမှာစကားပြောကြားပြီး ကရင်ပြည်နယ် လူမျိုးအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲသို့ ကချင်၊ ကယား၊ ရခိုင်၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်များနှင့် KPP ပါတီတို့မှ ပေးပို့သော သဝဏ်လွှာများအား ဖတ်ကြားမှတ်တမ်းတင်ကာ ကျင်းပရေးကော်မတီမှ ပဒိုစောလှထွန်းက ကရင်အမျိုးသား နိုင်ငံရေးဆွေးနွေးပွဲ ကြိုးပမ်းဆောင်ရွက်မှုဖြစ်စဉ်ကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ နိုင်ငံရေးကဏ္ဍဆိုင်ရာ စာတမ်းများအား KNU မှ ပဒိုစောဆဲဝေ၊ KNU/ KNLA(PC)မှ စောကူးကူး၊ KNU မှ ပဒိုစောအပ်ဝါး၊ DKBA မှ စောစမ်ဒွန်းတို့က လည်းကောင်း၊ လူမှုရေးကဏ္ဍဆိုင်ရာ စာတမ်းများအား KNU မှ ပဒိုအယ်ကလူရွှေဦး၊ KUPC အဖွဲ့ဝင် ဒေါ်နန်းစေးအွာ၊ KNU မှ ပဒိုစောအယ်မူးကြီးတို့က လည်းကောင်း၊ စီးပွားရေးကဏ္ဍဆိုင်ရာ စာတမ်းများအား KNU မှ ပဒိုမန်းဘထွန်း၊ ပဒိုစောမြမောင်၊ KNU/KNLA မှ စောကိုကြီးကျော်တို့က လည်းကောင်း ဖတ်ကြားဆွေးနွေးကြသည်။

ဆက်လက်၍ ပြည်ထောင်စုငြိမ်းချမ်းရေးကော်မရှင်အဖွဲ့ဝင် စီးပွားရေးပညာရှင် ဒေါက်တာအောင်ထွန်းသက်က စီးပွားရေးဆိုင်ရာ ကိစ္စရပ်များအား အကြံပြုဆွေးနွေးတင်ပြပြီး သဘာပတိ ပဒိုမန်းငြိမ်းမောင်က နိဂုံးချုပ်စကားပြောကြားကာ ပထမနေ့ ဆွေးနွေးပွဲအခမ်းအနားကို အောင်မြင်စွာ ရုပ်သိမ်းလိုက်သည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# ကလေးငယ်များ စာပေဖတ်ရှုမှုနှင့် စာဖတ်စွမ်းရည်တိုးတက်မြင့်မားလာစေရန် ကွင်းဆင်းဆောင်ရွက်

**မြောက်ဦး ဇန်နဝါရီ ၁၈**

ရခိုင်ပြည်နယ် မြောက်ဦးခရိုင် မြောက်ဦးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ကင်းဆိပ်ကျေးရွာ အခြေခံပညာမူလတန်းကျောင်းတို့ပူးပေါင်း၍ နယ်လှည့်စာကြည့်တိုက်နှင့်စာအုပ်ပြပွဲကို ယနေ့မွန်းလွဲ ၁ နာရီက ကင်းဆိပ်ကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် ကျောင်းအုပ်ဆရာကြီးနှင့် ဆရာမများ၊ ကျောင်းသား ကျောင်းသူများက ခင်းကျင်းပြသထားသော စာအုပ် စာစောင်များကို စိတ်ပါဝင်စားစွာလေ့လာခဲ့ကြသည်။ ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက နယ်လှည့်စာကြည့်တိုက်ဖြင့် ကျောင်းသား ကျောင်းသူ လူငယ်များ ကျောင်းစာအပြင် ဗဟုသုတရရှိစေမည့် စာပေများနှင့် ရင်းနှီးကျွမ်းဝင်မှုရှိစေရန်၊ စာဖတ်ခြင်းအလေ့အကျင့်များရရှိစေရန် သုတ၊ ရသစာပေများကို ငှားရမ်းခြင်းများ ပြုလုပ်ခဲ့ပြီး ကလေးများ စိတ်ဓာတ်ရွှင်လန်းစေမည့် ပုံတူပန်းချီရေးဆွဲခြင်းများကို ကင်းဆိပ်ကျေးရွာ အခြေခံပညာမူလတန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက တပျော်တပါးပြုလုပ်ခဲ့ကြသည်။

အဆိုပါ နယ်လှည့်စာကြည့်တိုက်နှင့် စာအုပ်ပြပွဲတွင် ကျောင်းအုပ်ဆရာကြီးနှင့် ဆရာမများက နောင်တွင်လည်း ယခုကဲ့သို့ ကျောင်းသား ကျောင်းသူ လူငယ်များ၏ အသိပညာဗဟုသုတ ပိုမိုတိုးပွားစေရန် လာရောက်၍ ခင်းကျင်းပြသစေလိုကြောင်းနှင့် ကျောင်းသား ကျောင်းသူ ၁၀၅ ဦး စိတ်ပါဝင်စားစွာ ဖတ်ရှုလေ့လာခဲ့ကြောင်း သိရသည်။

**(ခရိုင်ပြန်/ဆက်)**



# လွတ်လပ်သောကုန်သွယ်ရေးကို အကြိတ်အနယ်ကာကွယ်မည်ဟု ကမ္ဘာ့စီးပွားရေးဖိုရမ်၌ တရုတ်သမ္မတပြော

**ဒါဗို့စ် ဇန်နဝါရီ ၁၈**

ဆွစ်ဇာလန်နိုင်ငံ ဒါဗို့စ်မြို့၌ ဇန်နဝါရီ ၁၇ ရက်က ကျင်းပသော ကမ္ဘာ့စီးပွားရေးဖိုရမ်၌ တရုတ်သမ္မတရှီကျင့်ဖျင်က မိန့်ခွန်းပြောကြားရာတွင် လွတ်လပ်သောကုန်သွယ်ရေးကို အကြိတ်အနယ်ကာကွယ်မည်ဟု ပြောကြားလိုက်ကြောင်း ရိုက်တာသတင်းဌာနက ရေးသားဖော်ပြသည်။

ဆွစ်ဇာလန်နိုင်ငံ အဲလ်ပ်တောင်တန်းဒေသရှိ ဒါဗို့စ်မြို့၌ ကျင်းပသော ကမ္ဘာ့စီးပွားရေးဖိုရမ်နှစ်ပတ်လည်ညီလာခံသို့ နိုင်ငံတကာမှ နိုင်ငံရေးခေါင်းဆောင်များ၊ အမှုဆောင်အရာရှိချုပ်များနှင့် ဘဏ်လုပ်ငန်းရှင်များ တက်ရောက်ကြသည်။

ကမ္ဘာ့နိုင်ငံများသည် ယင်းတို့၏ အမျိုးသားရေးအကျိုးစီးပွားများအား မျက်ကန်းယုံကြည်ချက်ဖြင့် ဦးတည်ဆောင်ရွက်ခြင်းမပြုသင့်ကြောင်း တရုတ်သမ္မတရှီက အမေရိကန်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူ ဒေါ်နယ်ထရန့်အား ရည်ညွှန်း၍ ပြောကြားသည်။

ကုန်သွယ်ရေးအရ တရုတ်နိုင်ငံနှင့် ထိပ်တိုက်တွေ့မည့်လမ်းကြောင်းအတိုင်း လျှောက်လှမ်းမည်ဟု ထရန့်က မဲဆွယ်စည်းရုံးရေးကာလက ပြောကြားခဲ့ပြီး "အမေရိကန်က ပထမ"ဟူသော မူဝါဒကိုကျင့်သုံးမည်ဟု ဆိုခဲ့သည်။

နိုင်ငံပေါင်းစုံပါဝင်သည့် ကုန်သွယ်ရေးသဘောတူညီချက်များကို ဖျက်သိမ်းခြင်း သို့မဟုတ် ပြန်လည်ဆွေးနွေးညှိနှိုင်းခြင်း ပြုလုပ်မည်ဖြစ်ကြောင်း၊ ပြည်ပမှတင်သွင်းသော ကုန်ပစ္စည်းများအပေါ် အကောက်ခွန်နှုန်းသစ်များ ချမှတ်ခြင်းဖြင့် အမေရိကန်လုပ်ငန်းများအား နိုင်ငံခြားယှဉ်ပြိုင်မှုမှ ကာကွယ်စောင့်ရှောက်ပေးမည်ဖြစ်ကြောင်း ထရန့်က မဲဆွယ်စည်းရုံးရေးကာလတွင် သန္နိဋ္ဌာန်ပြုပြောကြားခဲ့သည်။

ကိုယ်ကျိုးစီးပွားကာကွယ်ရေးဝါဒဆိုသည်မှာ ဘေးအန္တရာယ်ကျရောက်မည်ဟူသော စိုးရိမ်စိတ်ဖြင့် မှောင်မိုက်နေသော အခန်းတစ်ခန်းအတွင်း တစ်ဦးတည်းပုန်းအောင်းနေပုံမျိုးနှင့်တူညီကြောင်း၊ အလင်းရောင်လည်းမရှိ




လေလည်းမရှိသည့်နေရာတွင် တစ်ယောက်တည်း နေထိုင်ရပုံမျိုးဖြစ်ကြောင်း သမ္မတရှီက ပုံပမာပေး၍ ပြောကြားသည်။

ကုန်သွယ်ရေးစစ်ပွဲတွင် အောင်နိုင်သူဟူ၍ တစ်ဦးတစ်ယောက်မျှ မရှိနိုင်ကြောင်း သမ္မတရှီက တစ်နာရီနီးပါးမျှကြာမြင့်သည့်မိန့်ခွန်းတွင် ဖော်ပြသည်။ သမ္မတရှီမိန့်ခွန်းပြောကြားသော ခန်းမဆောင်အတွင်း ပရိသတ်နှင့်အတူ အမေရိကန်ဒုတိယသမ္မတ ဂျိုးဘိုင်ဒင်လည်း ရှိနေသည်ဆို၏။ **ရိုက်တာ။**

# ယခုနှစ်တွင်ကျင်းပမည့် ဖက်ဒရယ်ရွေးကောက်ပွဲ၌ ဂျာမနီဝန်ကြီးချုပ် ထပ်မံရွေးချယ်ခံနိုင်ရေး ကြိုးပမ်းမည်

**ဘာလင် ဇန်နဝါရီ ၁၈**

ယခုနှစ်တွင် ကျင်းပမည့် ဖက်ဒရယ်ရွေးကောက်ပွဲ၌ ဝန်ကြီးချုပ် အိန်ဂျလာမာကဲလ်က စတုတ္ထမြောက်ရာထူးသက်တမ်းအတွက် ထပ်မံရွေးချယ်ခံနိုင်ရန် ကြိုးပမ်းမည်ဖြစ်ကြောင်း၊ ရွှေ့ပြောင်းအခြေစိုက်နေထိုင်မှုကို ဆန့်ကျင်သော နိုင်ငံရေးပါတီဖြစ်သည့် ဂျာမနီအတွက် ရွေးလမ်းအမည်ရှိ ပါတီသည် ပါလီမန်ရွေးကောက်ပွဲတွင် ပထမဆုံးအကြိမ် ပါဝင်ယှဉ်ပြိုင်မည်ဟု မျှော်လင့်ရကြောင်း ဒေသဆိုင်ရာသတင်းဌာနများက ဇန်နဝါရီ ၁၈ ရက်တွင် သတင်းထုတ်ပြန်သည်။



ဂျာမနီနိုင်ငံ၏ ဖက်ဒရယ်ရွေးကောက်ပွဲကို စက်တင်ဘာ ၂၄ ရက်တွင် ကျင်းပရန် ဝန်ကြီးအဖွဲ့က သမ္မတထံသို့ တင်ပြထားပြီး အစိုးရအဖွဲ့၏ အဆိုပြုချက်အတိုင်း သမ္မတက အပြီးသတ်ဆုံးဖြတ်ချက်ချမှတ်မည်ဟု မျှော်လင့်ရကြောင်း အစိုးရပြောရေးဆိုခွင့်ရှိသူ စတီဗင်ဆီးဗတ်က လူမှုကွန်ရက်မီဒီယာဖြစ်သော တွစ်တာမှတစ်ဆင့် ထုတ်ပြန်ကြေညာသည်။

ရွှေ့ပြောင်းအခြေစိုက် နေထိုင်မှုပြဿနာနှင့် ရင်ဆိုင်နေရသော ဝန်ကြီးချုပ် မာကဲလ်သည် ပြန်လည်ရွေးချယ် တင်မြှောက်ခံရနိုင်ရေးအတွက် မဲဆွယ်စည်းရုံးရာတွင် ယခင်ရွေးကောက်ပွဲမှာထက် ပိုမိုခက်ခဲလိမ့်မည်ဟု နိုင်ငံရေးလေ့လာသူများက ပြောကြားကြသည်။

လွန်ခဲ့သည့် နှစ်နှစ်တာကာလတွင် အရှေ့အလယ်ပိုင်းဒေသ၊ အာဖရိကနှင့် အခြားဒေသတို့မှ ဂျာမနီနိုင်ငံသို့ ရွှေ့ပြောင်း အခြေစိုက်နေထိုင်သူတစ်သန်းကျော်အထိ ဝင်ရောက်ခဲ့ရာ နိုင်ငံရေးအရ ဂယက်ရိုက်ခတ်မှုများ ကြီးမားစွာဖြစ်ပေါ်ခဲ့သည်။ **ရိုက်တာ။**

# ဒေါ်နယ်ထရန့် သမ္မတရာထူးကျမ်းသစ္စာကျိန်ဆိုပွဲသို့ တရုတ်တိုင်ပေ ကိုယ်စားလှယ်အဖွဲ့အား တက်ရောက်ခွင့်မပြုရန် တရုတ်တောင်းဆို

**ပေကျင်း ဇန်နဝါရီ ၁၈**

အမေရိကန်အစိုးရအဖွဲ့သစ်နှင့် တရုတ်နိုင်ငံအကြား ဆက်ဆံရေးတွင် တင်းမာမှုဖြစ်ပေါ်နိုင်သည့်အတွက် ဒေါ်နယ်ထရန့်၏ သမ္မတရာထူးဆက်ခံသည့် ကျမ်းသစ္စာကျိန်ဆိုပွဲအခမ်းအနားသို့ တရုတ်တိုင်ပေကိုယ်စားလှယ်အဖွဲ့အား တက်ရောက်ခွင့်မပြုရန် တရုတ်နိုင်ငံက အမေရိကန်နိုင်ငံကို တိုက်တွန်းလိုက်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနက ဇန်နဝါရီ ၁၈ ရက်တွင် ပြောကြားသည်။

ဒေါ်နယ်ထရန့်သည် အမေရိကန်သမ္မတများက ဆယ်စုနှစ်များစွာ ထိန်းသိမ်းလာခဲ့သည့်အစဉ်အလာကို ချိုးဖောက်ကာ လွန်ခဲ့သည့်လအတွင်းက ၎င်းရွေးကောက်တင်မြှောက်ခံရမှုအတွက် ဂုဏ်ယူဝမ်းမြောက်ကြောင်း တရုတ်တိုင်ပေသမ္မတဆိုင်အင်းဝန်၏ တယ်လီဖုန်းဆက်သွယ်ပြောကြားခြင်းကို လက်ခံပြောကြားခဲ့သည်။ ဒေါ်နယ်ထရန့်သည် တရုတ်တစ်နိုင်ငံတည်းမူဝါဒနှင့် ပတ်သက်၍ ပြန်လည်ညှိနှိုင်းဆွေးနွေးရန် အချိန်ဖြစ်သည်ဟုလည်း ပြောကြားခဲ့ရာ တရုတ်နိုင်ငံက ဒေါသတကြီးတုံ့ပြန်ခဲ့သည်။

ဒေါ်နယ်ထရန့်၏ သမ္မတအဖြစ် ကျမ်းသစ္စာကျိန်ဆိုပွဲသို့ တရုတ်တိုင်ပေဝန်ကြီးချုပ်ဟောင်းယုရှီကွမ်းဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တက်ရောက်မည်ဖြစ်ကြောင်း၊ ကိုယ်စားလှယ်အဖွဲ့ဝင်များအဖြစ် တရုတ်တိုင်ပေအမျိုးသားလုံခြုံရေးအကြံပေးပုဂ္ဂိုလ်နှင့် လွှတ်တော်အမတ်အချို့ ပါဝင်မည်ဖြစ်ကြောင်း တရုတ်တိုင်ပေနိုင်ငံခြားရေးဝန်ကြီးဌာနက ယခုရက်သတ္တပတ်အတွင်း ပြောကြားခဲ့သည်။

အမေရိကန်သမ္မတကျမ်းသစ္စာကျိန်ဆိုပွဲသို့ တရုတ်တိုင်ပေထုံးစံအတိုင်း ကိုယ်စားလှယ်အဖွဲ့ကို စေလွှတ်ခြင်းဖြစ်သည်။

ကိုယ်စားလှယ်အဖွဲ့သည် အမေရိကန်သမ္မတသစ်၏ ကျမ်းသစ္စာကျိန်ဆိုပွဲသို့တက်ရောက်ရန်သာဖြစ်ပြီး ထရန့်၏အစိုးရအဖွဲ့သစ်နှင့် တွေ့ဆုံဆွေးနွေးမည့် အစီအစဉ်မရှိကြောင်း သမ္မတရုံး၏ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

တရုတ်တိုင်ပေကို ယင်း၏နိုင်ငံတွင်းမှ ခွဲထွက်သည့်ပြည်နယ်တစ်ခုအဖြစ် တရုတ်နိုင်ငံက သတ်မှတ်ထားပြီး အခြားမည်သည့်နိုင်ငံနှင့်မျှ သံတမန်ဆက်ဆံရေး ထူထောင်ခွင့်မရှိဟု ဆိုသည်။

**ဆင်ဟွာ။**

# နိုင်ဂျီးရီးယားတွင် ဒုက္ခသည်စခန်းကို မှားယွင်းဗုံးကြဲတိုက်ခိုက်မှုကြောင့် ၅၂ ဦးသေဆုံး

**အဘူဂျာ ဇန်နဝါရီ ၁၈**

နိုင်ဂျီးရီးယားတွင် စစ်တပ်က ဒုက္ခသည်စခန်းကို မှားယွင်းဗုံးကြဲတိုက်ခိုက်မှုကြောင့် အနည်းဆုံး လူ ၅၂ ဦး သေဆုံးခဲ့ရသည်။ အဆိုပါဗုံးကြဲတိုက်ခိုက်မှုမှာ နိုင်ဂျီးရီးယားအစိုးရက ဘိုကိုဟာရမ်အစ္စလာမ္မစ်စစ်သွေးကြွအဖွဲ့ကို ထိုးစစ်ဆင်တိုက်ခိုက်ခြင်းဖြစ်သည်။

နိုင်ဂျီးရီးယားနိုင်ငံ အရှေ့မြောက်ပိုင်းရှိ ဒုက္ခသည်စခန်းကို ဇန်နဝါရီ ၁၇ ရက်တွင် တိုက်လေယာဉ်များက ဗုံးကြဲမှုကြောင့် ဒုက္ခသည်များနှင့် ကူညီကယ်ဆယ်ရေးလုပ်သား အနည်းဆုံး ၁၂၀ ခန့် ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း နယ်စည်းမခြားဆရာဝန်များအဖွဲ့က ပြောကြားသည်။

အကြမ်းဖက် တိုက်ခိုက်မှုများမှ ထွက်ပြေးလွတ်မြောက်လာပြီး ခုခံနိုင်စွမ်းမရှိသည့် လူများအပေါ် အကြီးအကျယ်ထိုးစစ်ဆင် တိုက်ခိုက်မှုကို လက်ခံနိုင်ဖွယ်ရာမရှိကြောင်း နယ်စည်းမခြားဆရာဝန်များအဖွဲ့က ပြောကြားသည်။ တိုက်ခိုက်ခံရမှုကြောင့် ထိခိုက်ဒဏ်ရာရရှိသူများစာရင်းတွင် ဒုက္ခသည်စခန်း၌ စားနပ်ရိက္ခာများ ဖြန့်ဝေပေးနေသူ ဒေသခံဝန်ထမ်းခြောက်ဦးပါဝင်သည်ဟု နိုင်ငံတကာကြက်ခြေနီကော်မတီက ပြောကြားသည်။

နိုင်ဂျီးရီးယားအစိုးရက အဆိုပါလေကြောင်းတိုက်ခိုက်မှုမှာ ဘိုကိုဟာရမ်စစ်သွေးကြွများကို ရှင်းလင်းချေမှုန်းခြင်းဖြစ်ကြောင်း၊ ဒုက္ခသည်များကို မှားယွင်းတိုက်ခိုက်မိသည့်အတွက် ဝမ်းနည်းဖွယ်ရာဖြစ်ကြောင်း ပြောကြားသည်။

လွန်ခဲ့သည့်နှစ် အစိုးရ၏ ထိုးစစ်ဆင်တိုက်ခိုက်မှုကြောင့် ဘိုကိုဟာရမ်တို့၏ ပိုင်နက်နယ်မြေအတော်များများ ဆုံးရှုံးခဲ့ရသည်။ သို့သော် ဘိုကိုဟာရမ်အဖွဲ့သည် အကြမ်းဖက်တိုက်ခိုက်မှုများ ပြုလုပ်နေဆဲဖြစ်သကဲ့သို့ အစိုးရတပ်နှင့် အပြင်းအထန်တိုက်ခိုက်လျက်ရှိသည်။

**အင်န်အိတ်ချ်ကေ။**





ပြည်တွင်းရေးရာ

# အဖိုးတန်သယံဇာတသစ်များကို တရားမဝင်ခိုးထုတ်ရာလမ်းကြောင်း၌ အဓိကထိန်းချုပ်လုပ်ကိုင်ဆောင်ရွက်နေသည့် KIA စခန်းများအား သိမ်းပိုက်ရရှိ

**နေပြည်တော် ဇန်နဝါရီ ၁၈**

တပ်မတော်စစ်ကြောင်းများက ကချင်ပြည်နယ် ဗန်းမော်ခရိုင် မံစီမြို့နယ်အတွင်း မန်ဝိန်းကြီးကျေးရွာ၏ အနောက်တောင်ဘက် ၂၄ မိုင်ခန့်အကွာ မံဂမ်ကျေးရွာအနီး၌ တရားမဝင်သစ်မှောင်ခိုလုပ်ငန်းများကို အဓိကထိန်းချုပ်လုပ်ကိုင်ဆောင်ရွက်နေသည့် KIA တပ်မဟာ (၃)၊ တပ်ရင်း (၁၂) ဌာနချုပ်စခန်းအပါအဝင် စခန်းသုံးခုကို ယနေ့နံနက် ၁၀ နာရီ ၄၅ မိနစ်ခန့်တွင် သိမ်းပိုက်ရရှိခဲ့ကြောင်း သိရသည်။



အဆိုပါ တိုက်ပွဲများတွင် တပ်မတော်မှထိခိုက်ဒဏ်ရာရရှိမှုမရှိဘဲ လူနေအဆောက်အအုံ အလုံး ၂၀၊ သစ်မျိုးစုံ ၁၀၈ တန်ခန့်၊ သစ်တင်ယာဉ်လေးစီး၊ ဂျစ်ကား နှစ်စီးနှင့် ဆိုင်ကယ်တစ်စီး၊ ငွေစာရင်းစာအုပ်များ၊ ဆက် ကြေးကောက်ခံရရှိသည့် ပြေစာဖြတ်ပိုင်းများ၊ ၆၀ မမ စိန်ပြောင်းတစ်လက်အပါအဝင် လက်နက်ငါးလက်နှင့် ခဲယမ်းအမြောက်အမြားတို့အား သိမ်းပိုက်ရရှိခဲ့သည်။

အဆိုပါ KIA တပ်ရင်း(၁၂)မှ KIA လက်နက်ကိုင်အဖွဲ့နှင့် တပ်ရင်း(၂၇)မှ လက်နက်ကိုင်အင်အား ပူးပေါင်း ၂၀၀ ခန့်သည် ၂၀၁၆ ခုနှစ် နိုဝင်ဘာ ၂၀ ရက် မုံးကိုးဖြစ်စဉ်နှင့်တစ်ပြိုင်တည်း နိုဝင်ဘာ၂၁ ရက်တွင် မံစီမြို့နယ် မန်ဝိန်းကြီးကျေးရွာ၏ အနောက်ဘက် လေးမိုင်ခွဲခန့်အကွာ ကောင်းငုယန်ကျေးရွာရှိ တပ်မတော်စစ်ကြောင်းမှ တပ်စုတစ်စုခန့် နယ်မြေစိုးမိုးရေးနှင့် နယ်မြေလုံခြုံရေးအတွက် ပိတ်ဆို့ထားသည့် စခန်းနေရာကို သာလွန်အင်အားများဖြင့် နိုဝင်ဘာ ၂၃ ရက်အထိ ဝင်ရောက်တိုက်ခိုက်ခဲ့သည့် အဖွဲ့များဖြစ်သည်။ သို့ရာတွင် ကောင်းငုယန်စခန်းရှိ တပ်မတော်သားများက မဆုတ်မနစ်သော ဇွဲလုံ့လများဖြင့် ရှုပ်ရှုပ်ချွံချွံခုခံခဲ့ခြင်း၊ စစ်ကူနှင့်ပစ်ကူများ အချိန်မီရောက်ရှိခဲ့ခြင်းတို့ကြောင့် နိုဝင်ဘာ ၂၈ ရက်တွင် ဖရိုဖရဲ ဆုတ်ခွာထွက်ပြေးသွားခဲ့သည်။ ဆုတ်ခွာသွားသူများနောက်သို့ မြေပြင်နှင့် ဝေဟင်အဆက်မပြတ် သတင်းဖော်ထုတ် ထောက်လှမ်းချက်များအရ မံဂမ်ကျေးရွာအနီးတစ်ဝိုက်၌ အခြေပြုလှုပ်ရှားနေသည်ကို ဖော်ထုတ်ရရှိသဖြင့် တပ်မတော်စစ်ကြောင်းများက ၎င်းနယ်မြေအတွင်း ရှင်းလင်းခဲ့ရာ ဇန်နဝါရီ ၁၃ ရက်မှ ၁၇ ရက်အထိ ထိတွေ့တိုက်ပွဲ ငါးကြိမ်ဖြစ်ပွားခဲ့ပြီးနောက် KIA တပ်ရင်း (၁၂) ဌာနချုပ်စခန်းများကို သိမ်းပိုက်ရရှိခဲ့ခြင်းဖြစ်သည်။

KIA တပ်မဟာ (၃)၊ တပ်ရင်း (၁၂) ဌာနချုပ်စခန်းနေရာသည် ၎င်းတို့အတွက် သတ်မှတ်ထားသည့် နယ်မြေမဟုတ်ဘဲ ရှမ်းပြည်နယ် နယ်နိမိတ်အစပ်ထိ ဝင်ရောက်တပ်စွဲကာ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းနှင့် ရှမ်းပြည်နယ်ခ် (မြောက်ပိုင်း) မဘိမ်းမြို့နယ်အတွင်းမှ ထွက်ရှိသည့် အဖိုးတန်သစ်များ၊ ကျွဲ၊ နွားများကို တစ်ဖက်နိုင်ငံသို့ တရားမဝင်ပို့ဆောင်ရာလမ်းကြောင်းတွင် အဓိကတည်ရှိ နေသည့် နေရာဖြစ်ကြောင်း ဖော်ထုတ်ရရှိသည်။

ယခုကဲ့သို့ KIA တပ်မဟာ (၃)၊ တပ်ရင်း (၁၂) ဌာနချုပ်စခန်းနေရာကို တပ်မတော်မှ သိမ်းပိုက်ရရှိခြင်းအားဖြင့် မိုးမိတ်မြို့နယ်နှင့် မဘိမ်းမြို့နယ်အတွင်းမှ တရားမဝင်ဖြတ်သန်း၍ မြန်မာ့အဖိုးတန်သယံဇာတသစ်များကို တစ်ဖက်နိုင်ငံသို့ တရားမဝင်ခိုးထုတ်မည့် အဓိကလမ်းကြောင်းနေရာတစ်ခုအား ပိတ်ဆို့ထိန်းချုပ်ထားနိုင်ခဲ့ပြီဖြစ်ကြောင်းနှင့် တပ်မတော်စစ်ကြောင်းများက ဆုတ်ခွာထွက်ပြေးလျက်ရှိသူများနောက်သို့ လည်းကောင်း၊ အခြားသော တရားမဝင်လမ်းကြောင်းများ အပါအဝင် အဓိကနေရာများအားလည်းကောင်း ဆက်လက်ရှင်းလင်းဖော်ထုတ်ဆဲဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



ငါးခြောက်တင်ပို့မည့် စက်လှေပေါ်သို့ ကုန်ပစ္စည်းများတင်ဆောင်နေစဉ်။

# မောင်တောနယ်စပ်ကုန်သွယ်ရေးစခန်းမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်သို့ ဇန်နဝါရီ ၁၇ ရက်အထိ ကုန်သွယ်မှုတန်ဖိုး အမေရိကန်ဒေါ်လာ သုည ဒသမ ၄၉၂ သန်း တင်ပို့နိုင်ခဲ့

**မောင်တော ဇန်နဝါရီ ၁၈**

မောင်တောနယ်စပ် ကုန်သွယ်ရေးစခန်းမှတစ်ဆင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်သို့ ငါးခြောက်၊ ဝါးအစရှိသည့် ကုန်ပစ္စည်းများ တင်ပို့လျက်ရှိပြီး ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၁၇ ရက်အထိ ကုန်သွယ်မှုတန်ဖိုး အမေရိကန်ဒေါ်လာ သုည ဒသမ ၄၉၂ သန်းအထိ တင်ပို့နိုင်ခဲ့ပြီးဖြစ်ကြောင်း မောင်တောနယ်စပ် ကုန်သွယ်ရေးစခန်းတာဝန်ခံ ဦးခင်ကျော်မြင့်က ပြောသည်။

ရခိုင်ပြည်နယ် မောင်တောဒေသအတွင်း အောက်တိုဘာ ၉ ရက်က အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်များဖြစ်ပွားခဲ့ပြီးနောက် ပိတ်ထားခဲ့ရသော မောင်တောနယ်စပ်ဂိတ်ကို ဒီဇင်ဘာ ၂၄ ရက်နောက်ပိုင်းတွင် ပြန်လည်ဖွင့်လှစ်ပေးခဲ့သည်။ နယ်စပ်ဂိတ်စတင်ဖွင့်လှစ်ပြီး လကုန်ခန့်အထိ ကုန်ပစ္စည်းများ တင်ပို့နိုင်ခြင်းမရှိသေးဘဲ ဇန်နဝါရီ ၁ ရက်မှ စတင်ကာ ငါးခြောက်မျိုးစုံ၊ ရေငန်ပုစွန်၊ ဝါး၊ ဆီးယို၊ သကြား၊ စောင်ပါး၊ ပဲလှော်၊ ဆပ်ပြာနှင့် အလှကုန်ပစ္စည်းများ တင်ပို့လျက်ရှိရာ ဇန်နဝါရီ ၁၇ ရက်အထိ ကုန်သွယ်မှုတန်ဖိုး အမေရိကန်ဒေါ်လာ သုည ဒသမ ၄၉၂ သန်းအထိ တင်ပို့နိုင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။ အဓိကအားဖြင့် ငါးခြောက်မျိုးစုံတင်ပို့မှုကို နေ့စဉ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယနေ့အချိန်အထိ ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်မှ နယ်စပ်ဖြတ်ကျော်မှုနှင့် သွင်းကုန်များတင်သွင်းနိုင်ခြင်း မရှိသေးသည့်အတွက် လက်ရှိမောင်တောဈေးအတွင်း ရောင်းချနေသော လျှပ်စစ်ပစ္စည်းများ၊ အဝတ်အထည်များ၊ အသုံးအဆောင်ပစ္စည်းများ၊ အလှကုန်ပစ္စည်းများ စသည့် သွင်းကုန်ပစ္စည်းများမှာ တန်ဖိုး အနည်းငယ် မြင့်တက်လျက်ရှိကြောင်း သိရသည်။

**သတင်း - ဇင်ဦး၊ ကိုမင်း**

**ဓာတ်ပုံ - သီဟစည်သူ**

# မုံးကိုးမြို့အနီး ခဲယမ်းများသိမ်းဆည်းရမိ

**နေပြည်တော် ဇန်နဝါရီ ၁၈**

ရှမ်းပြည်နယ် အရှေ့မြောက်ဒေသ မုံးကိုးမြို့အတွင်း ယနေ့မွန်းလွဲပိုင်းတွင် တပ်မတော်စစ်ကြောင်းက လက်နက်ခဲယမ်းများ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

မုံးကိုးမြို့အတွင်း တပ်မတော်စစ်ကြောင်းက နယ်မြေရှင်းလင်းလျက်ရှိရာ ဟေမိုးလုံကျေးရွာ၏ အနောက်တောင်ဘက် နှစ်မိုင်ခန့် အကွာရှိ ချုံအတွင်းမှ လက်ပစ်ဗုံး ကိုးလုံး၊ တိုက်မိုင်းတစ်လုံးနှင့် အာပီဂျီ ဒုံးသီးတစ်လုံးတို့ကို ယနေ့ မွန်းလွဲ ၁၂ နာရီခွဲခန့်တွင် တွေ့ရှိသိမ်းဆည်းရမိခဲ့သည်။

အဆိုပါ နေရာတစ်ဝိုက်အား တပ်မတော်စစ်ကြောင်းများက နယ်မြေရှင်းလင်း ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ရခိုင်ပြည်နယ်ရှိ ကာကွယ်ဆေးလွှမ်းခြုံမှုနည်းပါးသော နေရာများတွင် လွှမ်းခြုံမှုမြင့်မားစေရန် စီစဉ်ဆောင်ရွက်မည့်အစီအစဉ် ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၁၈**

ရခိုင်ပြည်နယ်အတွင်း ကျန်းမာရေးစောင့်ရှောက်မှုနှင့် ကာကွယ်ဆေးလွှမ်းခြုံမှုနည်းပါးသော နေရာများတွင် လွှမ်းခြုံမှု မြင့်မားစေရန်အတွက် မည်ကဲ့သို့ ပူးပေါင်းဆောင်ရွက်သွားကြမည်ကို ယခုအစည်းအဝေးတွင် ဆွေးနွေးကြရန်ဖြစ်ပါကြောင်း ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၌ ကျင်းပသော ရခိုင်ပြည်နယ်ရှိ ကာကွယ်ဆေးလွှမ်းခြုံမှုနည်းပါးသော နေရာများတွင် လွှမ်းခြုံမှုမြင့်မားစေရန် စီစဉ်ဆောင်ရွက်မည့်အစီအစဉ် ညှိနှိုင်းအစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ကာကွယ်ဆေးထိုးနှံခြင်း၊ အာဟာရဖြည့်ဆေးဝါးများ စားသုံးခြင်း၊ ကိုယ်ဝန်ဆောင်မိခင်များ စောင့်ရှောက်မှုခံယူခြင်း၊ သားဆက်ခြားခြင်းနှင့် အခြားသောကျန်းမာရေးစောင့်ရှောက်မှုများကို လက်ခံခြင်းဖြင့် ရရှိလာမည့် အကျိုးကျေးဇူးများကို လူမှုအသိုင်းအဝိုင်းများမှခေါင်းဆောင်များ၊ ဘာသာရေးခေါင်းဆောင်များနှင့် လူမှုအသိုင်းအဝိုင်းများတွင် ပါဝင်သူများကို နားလည်အောင် ရှင်းပြခြင်းအားဖြင့် ကျန်းမာရေးစောင့်ရှောက်မှု လွှမ်းခြုံမှုများကို ပြန်လည်မြှင့်တင်ရာတွင် အရေးပါသည့် ယုံကြည်မှုနှင့် လူမှုအသိုင်းအဝိုင်းများမှ ပူးပေါင်းပါဝင်မှုကို ပြန်လည်ရရှိလာမည်ဖြစ်ပါကြောင်း၊ ဘာသာပေါင်းစုံ ညီညွတ်ရေးအဖွဲ့အစည်းတို့နှင့်လည်း ပူးပေါင်းဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဗဟိုတိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းဌာနခွဲမှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာထားထားလင်းက ရခိုင်ပြည်နယ်အတွင်းရှိ ကာကွယ်ဆေး လွှမ်းခြုံမှုနည်းပါးသော နေရာများတွင် လွှမ်းခြုံမှုမြင့်မားလာစေရန် ဆောင်ရွက်မည့် အစီအစဉ်များကို ဆွေးနွေးတင်ပြသည်။ ထို့နောက် ရခိုင်ပြည်နယ် လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာက ပြည်နယ်အစိုးရအဖွဲ့မှ ပူးပေါင်းဆောင်ရွက်မည့် အစီအစဉ်များကို ဆွေးနွေးပြောကြားပြီး တက်ရောက်လာသူများ၏ ဆွေးနွေးမှုများအပေါ် ပြည်ထောင်စုဝန်ကြီးက လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်အချို့နှင့် ကယ်ဆယ်ရေးစခန်းများ၊ ကာကွယ်ဆေးလွှမ်းခြုံမှု အားနည်းသော လူအုပ်စုများတွင် ပိုမိုလွှမ်းခြုံထိုးနှံပေးနိုင်ရန်အတွက် ပြည်သူ့ကျန်းမာရေးဦးစီးဌာန တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းသည် ရခိုင်ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနများ၊ အခြေခံကျန်းမာရေးဝန်ထမ်းများ၊ UNလက်အောက်ခံအဖွဲ့အစည်းများ၊ ဘာသာရေးအဖွဲ့အစည်းများ၊ လူမှုအသိုင်းအဝိုင်းများ၊ ပြည်တွင်းပြည်ပလူမှုရေး အဖွဲ့အစည်းများနှင့်အတူ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ဖားကန့်မြို့နယ် လုံးခင်းကျေးရွာအုပ်စု ဆန်ခါကျေးရွာမှ ပြည်သူတစ်ဦး သေနတ်ထိမှန်သေဆုံး

**နေပြည်တော် ဇန်နဝါရီ ၁၈**

ဖားကန့်မြို့နယ် လုံးခင်းကျေးရွာအုပ်စု ဆန်ခါကျေးရွာမှ ကျောက်အရောင်းအဝယ် လုပ်ကိုင်သူတစ်ဦး ယမန်နေ့ညနေပိုင်းက နေအိမ်ခြံဝင်းအတွင်း သေနတ်ဖြင့် ပစ်ခတ်ခံရပြီး သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဗိုလ်တိုးဆိုသူသည် ၎င်း၏နေအိမ်ခြံဝင်းအတွင်း ယမန်နေ့ ညနေ ၄ နာရီ ၄၅ မိနစ်ခန့်က ကျောက်စိမ်းရိုင်းရေဆေးနေစဉ် အမည်မသိ အမျိုးသားနှစ်ဦး ဆိုင်ကယ်ဖြင့် ရောက်ရှိလာပြီး ၎င်းတို့နှင့် လိုက်ခဲ့ရန်ခေါ်ရာမှ ဗိုလ်တိုးသည် ငြင်းဆန်သဖြင့် တစ်ဦးက သေနတ်ဖြင့် ပစ်ခတ်ခဲ့ရာ ဦးခေါင်းသေနတ် နှစ်ချက် ထိမှန်ဒဏ်ရာဖြင့် သေဆုံးခဲ့ခြင်းဖြစ်သည်။

သေဆုံးသူ၏အလောင်းအား ဆန်ခါကျေးရွာ လူမှုကူညီရေး မော်တော်ယာဉ်ဖြင့် လုံးခင်းတိုက်နယ်ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ကြောင်းနှင့် ဆက်လက်အရေးယူနိုင်ရေး လုံးခင်းနယ်မြေရဲစခန်းမှ စုံစမ်းစစ်ဆေးဆောင်ရွက်လျက် ရှိကြောင်းသိရသည်။

**(သတင်းစဉ်)**

# ပြောင်းလဲခြင်း

## အောင်ကျော်ညို(ဆင်ချဆိပ်)

ဇန်နဝါရီလ ၁၆ ရက်နေ့၊ ရန်ကုန်မြို့၏ ထူးခြားသောနေ့တစ်နေ့။ ရန်ကုန်မြို့တွင်း သယ်ယူပို့ဆောင်ရေးတွင် ယခင် မထသမှ ယခု YBS (Yangon Bus Service) သို့ အသွင်ပြောင်းလဲ စတင်ကျင့်သုံးသောနေ့။ ဤနေ့သည် ရုံးများဖွင့်ရက်။ ကျောင်းတက်ရက်နေ့ဖြစ်၍ ဆေးတက္ကသိုလ်(၂) မြောက်ဥက္ကလာသို့သွားနေရသည့် သားငယ်အား ကျောင်းနောက်မကျစေဖို့ စောစောစီးစီးကျောင်းသို့ ကြိုလွှတ်ရသည်။

ငါးမိနစ်ခြား တစ်စီးစီလာမည် ဆိုထားသည်။ လက်တွေ့မှာ ဖြစ်မလာသေး။ အမေလုပ်သူမှာက ကားငှားမည် စီစဉ်သေးသည်။ သာကေတမှ ဆေးတက္ကသိုလ် (၂) သို့ ကျပ် ၅၀၀၀၊ သားငယ်က လက်မခံ။ လိုင်းကားစောင့်စီးမည် ဖြစ်နေ၍ သားငယ်ဆန္ဒကို လိုက်လျောပေးခဲ့ရသည်။ ၁၅ မိနစ်လောက်မှ မြောက်ဥက္ကလာအဝိုင်းကား ရောက်လာ၍ အဆင်ပြေသွားသည်။

မိမိကိုယ်တိုင်ကလည်း ယနေ့မှရွှေတိဂုံဘုရားသို့ သွားရမည့် ကိစ္စက ရှိနေသည်။ စနေနေ့က အိမ်ရှိဘုရားရုပ်ပွားတော်ကို ရွှေသင်္ကန်းကပ်လှူဖို့ သွားအပ်ထားရာ ဒီနေ့လာယူပါဟု ဆိုသည်။ ယခင်ကဆို အခက်အခဲမရှိ။ သာကေတ(၇)ဈေးမှတ်တိုင်မှ (၃၅) ဘတ်စ်ကားစီးကာ ကုန်ဈေးတန်းမှ ယခင် ရွှေတိဂုံဘုရားလမ်းသို့ နည်းနည်းလမ်းလျှောက်လိုက်လျှင် အဆင်ပြေသွားပြီ။ ဘုရားသို့သွားမည့်ကားများက အသင့်စောင့်ကြိုလျက်။သူ့ကားစီးပါ၊ ငါ့ကားစီးပါနှင့် အလုအယက်။ ကြိုက်သည့်ကားတက်စီး၊ ဘုရားမြောက်ဘက်မုခ်ထိ ကျပ် ၂၀၀။ ယခင်က ခရီးစဉ်။

ယခုထိုသို့မဟုတ်ပြီ။ ခရီးစဉ်များကို ပြောင်းလဲလိုက်ပြီ။ ရန်ကုန်မြို့တွင်း ခရီးစဉ်နှင့် ပြေးဆွဲမည့် လိုင်းကားအရောင်နှင့် အမှတ်စဉ်များကို နိုင်ငံပိုင် သတင်းစာများတွင် ကြိုတင်ကြေညာပေးထားသည်။ ထိုနည်းတူ ကားရပ်ရာ မှတ်တိုင်တိုင်းတွင်လည်း YBS ၏ ခရီးစဉ်နှင့် ကားနံပါတ်များပါ ကြော်ငြာများကို အခိုင်အမာစိုက်ထူအသိပေးထားသေးသည်။ ထို့ပြင် မှတ်တိုင်တိုင်းတွင် YBS စာရွက်များကို ဖြန့်ဝေပေးနေသည့်အပြင် ခရီးသွားများ အဆင်ပြေစေဖို့ အကူအညီပေးနေကြသည့် စေတနာ့ဝန်ထမ်းများကလည်း အသင့်ရှိနေကြသည်။ စီစဉ်ထားသူများဘက်မှ အစစလိုလေသေးမရှိဟု ဆိုရမည်။

**ရန်ကုန်မြို့တွင် မြို့တွင်းသယ်ယူပို့ဆောင်ရေး လုပ်ငန်းသည် ပြောင်းလဲချိန်တန်ပြီမို့ ပြောင်းလဲနေခြင်းပင် မဟုတ်ပါလား။ ကောင်းမွန်သော ပြောင်းလဲခြင်းဆိုလျှင် မိမိတို့က လက်ခံနိုင်ကြရမည်သာ။**

သို့သော် အဟောင်းနှင့်အသစ် အပြောင်းအလဲကာလ စပ်ကူးမပ်ကူးမှာ အဆင်မပြေမှုများက အနည်းနှင့် အများရှိစမြဲပါ။ မိမိခါတိုင်းစီးနေကျ သာကေတ(၇)ဈေးမှတ်တိုင်မှာ (၃၅)မီနီဘတ်စ်မတွေ့ရတော့ပြီ။ လမ်းကြောင်း ပြောင်းပြေးဆွဲလာသော (၃၄)ဘတ်စ်ကားကြီးကို တိုးဝှေ့တက်စီးရသည်။ ကားပေါ်မှာ ကားမောင်းသူရော၊ ကားစပယ်ယာများပါ လူသစ်များဖြစ်နေကြသည်။ ကားလမ်းကြောင်းခရီးစဉ်စာရွက်ကိုကြည့်ပြီး မောင်းနေရသည်။ ခရီးသည်များ အမေးစကားကိုလည်း လမ်းညွှန်စာရွက်ကြည့်ပြီး ဖြေနေရသည်။

သာကေတရုပ်ရှင်ရုံမှတ်တိုင်ပြီးလျှင် ရုံးရှေ့မှတ်တိုင်၊ ပြီးမှ စာတိုက်၊ ဆီဆိုင်။ ယခု ထိုသို့မဟုတ်။ ရုပ်ရှင်ရုံပြီးလျှင် ဘီအိုစီ(ဆီဆိုင်)ဟု ရေးထားရာ အခက်ကြုံရပြန်သည်။ ခရီးသည်များရှင်းပြမှ ကားစပယ်ယာသိသည်။ ခရမ်းသုံးခွအရှေ့ပိုင်းတက္ကသိုလ်ပြီးလျှင် သာကေတ၊ ဗိုလ်တထောင်ထိ ၃၄ ခရီးစဉ်။ ယခင်က ၃၄ ခရီးနှင့် တခြားစီ။ ကားစီးခ ကျပ်၂၀၀၊ ကြားမှတ်တိုင်ဆုံးလျှင် ကျပ်၂၀၀ ထားဟုပြောသည်။ လက်ခံပေးသည်။ ခရီးသွားနှင့် ကားသမားကြားမှ သဟဇာတတရား။

ဗိုလ်တထောင်ဘုရားမှတ်တိုင်ရောက်တော့ ရွှေတိဂုံသို့ကားမရှိ၍ ကုန်သည်လမ်းသို့ပြန်တက်ရသည်။ လမ်း ၅၀ မှတ်တိုင်မှ ၅၆ ပြောင်းစီးကာ လမ်း ၃၀ ထိလာရသည်။ ယင်းမှ မဟာဗန္ဓုလလမ်းကိုဖြတ်ကျော်ကာ အနော်ရထာလမ်းသို့ ခြေကျင်ခရီး။ ခါတိုင်းစီးနေကျဘုရားလမ်းသို့ရောက်လည်း မပြီးသေး။ ဗိုလ်ချုပ်လမ်းကိုဖြတ်ကာ ဆောက်လုပ်ရေးမှတ်တိုင်ရှိရာသို့ ဆက်လျှောက်ရပြန်သည်။ မှတ်တိုင်မှာ ဂိတ်ထိုးစောင့်နေသော ၁၁ နံပါတ် မီနီဘတ်စ်ကို စီးရင်း ဘုရားခြေတော်ရင်းသို့လာခဲ့ရသည်။ ယခင်က ကားနှစ်ဆင့်စီးခရီး ယခု ကားသုံးဆင့်စီးမပြီးသေး။ အမောတကော လမ်းလျှောက်ရသေးသည်။

ဘုရားကိုရွှေသင်္ကန်းကပ်ပေးသော ဆိုင်ရှင်က လာရတာ အဆင်ပြေလားတဲ့။ ကုသိုလ်ပိုထူးသည်ဟုပဲ ပြောခဲ့နိုင်သည်။ အပြန်မှာလည်း ကားသုံးဆင့်စီးခရီးပါ။ သို့သော် လာတုန်းကလောက် မပင်ပန်း။ ဘုရားမှတ်တိုင်မှ လင့်လမ်း၊ ယင်းမှမင်္ဂလာဈေး၊ အသင့်စောင့်ကြိုလျက်ရှိနေသော သာကေတ-ဒဂုံကားကို စီးရင်းပြန်ခဲ့သည်။

ဘုရားသို့အသွားမှာ မိမိကံကောင်းခဲ့သည်။ ခရီးသွားများက ငါးပိသိပ် ငါးချဉ်သိပ်ဆိုလည်း စီးကြရပေမည်။ နောက်မှတ်တိုင်များဆိုလျှင် လူပြွတ်သိပ်နေ၍တံခါးပိတ်မောင်းလာခဲ့ရသည်။ မှတ်တိုင်များမှာ ခရီးသွားများ စုပြုံတိုးဝှေ့နှင့် ယခင်က မမြင်ခဲ့ရသောမြင်ကွင်း။ အစမို့ပါ။ နောက်ဆိုလျှင် လိုအပ်ချက်ကို ပြုပြင်အဆင်ပြေသွားပါလိမ့်မည်။ မည်သည့်အရာတွင်မဆို ခြောက်ပြစ်ကင်း စင်းလုံးချောဟူ၍မရှိ။ အမှားအယွင်းနှင့် အားနည်းချက်ရှိစမြဲ။ "စိတ်ရှည်သည်းခံလမ်းကြောင်းမှန် မောင်းရန်မော်တော်ကား" ဆောင်ပုဒ်ကဲ့သို့ပင် တာဝန်ရှိသူများနှင့် ပြည်သူ နှစ်ဦးနှစ်ဖက် စိတ်ရှည်သည်းခံလျက် လမ်းကြောင်းမှန်နိုင်ကြရပါမည်။ အကြောင်းက ရန်ကုန်မြို့တွင် မြို့တွင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းသည် ပြောင်းလဲချိန်တန်ပြီမို့ ပြောင်းလဲနေခြင်းပင် မဟုတ်ပါလား။ ကောင်းမွန်သော ပြောင်းလဲခြင်းဆိုလျှင် မိမိတို့ကလက်ခံနိုင်ကြရမည်သာ။ ။

# ပြောစည်မတီးတဲ့အလှူ

❖ ဆိုးပြီးမကောင်းမှတော့
တစ်မျိုးပြောင်းမှ တော်မည်
ရည်ရွယ်သည်က အများအတွက်
အစတော့ ခက်ဖွယ်။

❖ တာအထွက်ဝယ် မမေ့သာ
မှတ်တိုင်မှာ ဖွေးဖွေးလှုပ်
ဘဲအုပ်ကမနည်း၊ မဇေဒါမှာ ပေါ်လာခဲ
မျှော်နေဆဲ တွေ့လိုက်ရ
အခမဲ့ဆိုပါကလား၊ ဒါနပြုကားတွေက
အားပါးတရခေါ်၊ ကုသိုလ်တော်အစစ်
အမျိုးချစ်တဲ့ စိတ်ဓာတ်
စာနာတတ်တာ တို့မြန်မာ
ဇာမချဲ့ အသံမပြည်
ပြောစည်မတီးတဲ့ အလှူ ။ ။

တင့်လွင်ဦး(စီးပွားရေးတက္ကသိုလ်)

**(၁၆. ၁. ၂၀၁၇ ရက်နေ့ ရန်ကုန်မြို့တွင် စနစ်သစ်ဖြင့် လိုင်းကားများစတင်ပြေးဆွဲရာတွင် စေတနာအပြည့်ဖြင့် အခမဲ့ကူညီပေးပါသော မော်တော်ယာဉ်များအားလုံးသို့ ဂုဏ်ပြုအမှတ်တရ)**

# ပင်စင်ထွက်ရက် ခံစားချက်

## မော်(နေပြည်တော်)

ဒီနေ့ ၂၁-၁၂-၂၀၁၆ ပင်စင်စားများ ပင်စင်ထုတ်တဲ့နေ့လေးပါ။ နှစ်တစ်နှစ်ရဲ့ နောက်ဆုံးလဆိုတော့ စုပြီးမှ ထုတ်တဲ့သူတွေ၊ တစ်လချင်းထုတ်တဲ့သူတွေ အပြီးထုတ်ကြတာဆိုတော့ တာမွေမြို့နယ် မေတ္တာညွန့်ရပ်ကွက်က အစိုးရဘဏ်လေးမှာ လှုပ်လှုပ်ရှားရှားနဲ့သွားလာနေကြတာ စည်စည်ကားကားလေးဖြစ်နေပါတယ်။

ဘဏ်ရှေ့မှာတော့ ကားနဲ့လာတဲ့သူ၊ ဆိုက်ကားနဲ့လာတဲ့သူ၊ ခြေကျင်လျှောက်လာတဲ့သူတွေနဲ့ အတော်လေးကို ရှုပ်ယှက်ခတ်နေတာပဲ။ ဒီထဲမှာ ကျွန်မလည်းအပါအဝင်ပေါ့။

ဘဏ်အဆောက်အအုံထဲဝင်လိုက်ပြီဆိုရင်ပဲ ဖျတ်လတ်နေသေးတဲ့သူ၊ အတော်လေးအိုမင်းနေတဲ့သူ၊ ကျန်းမာရေးမကောင်းလို့ တွဲခေါ်ပြီးလာတဲ့သူတွေ အမျိုးမျိုးမြင်ရပါတယ်။ ပင်စင်ထုတ်တယ်ဆိုတော့ များသောအားဖြင့် အသက်(၆၀)ကျော်ပိုင်းတွေပါပဲ။ ဒါပေမယ့် တစ်ယောက်နဲ့တစ်ယောက် ဘဝပေးအခြေအနေတွေက မတူကြတော့ ကျန်းမာဖျတ်လတ်နေတဲ့သူတွေရှိသလို အိုမင်းမစွမ်းတော့တဲ့သူတွေလည်း တွေ့ရပါတယ်။

အခုအခါမှာတော့ ပင်စင်သွားထုတ်ရတာ ခဏတဖြုတ်လေးပဲ ထိုင်စောင့်ရုံနဲ့ လွယ်ကူမြန်ဆန်စွာထုတ်နိုင်ပါပြီ။ ဝမ်းသာစရာ တိုးတက်လာမှုလေးပါ။ ခဏတဖြုတ်ထိုင်စောင့်နေရတဲ့အချိန်အတွင်း ကောင်တာဘေးနားတွေမှာတော့ မိမိတို့အတွေးကိုယ်စီနဲ့ ငြိမ်ငြိမ်သက်သက်ရှိနေပါတယ်။ မိတ်ဆွေတွေတွေ့ရင်လည်း ခေါင်းငြိမ့်ပြုံးပြပြီး နှုတ်ဆက်နေကြပါတယ်။ အာလာပသလ္လာပတွေ ကျယ်ကျယ်လောင်လောင်နဲ့ စကားတင်းဆိုပြောကြားနေကြခြင်းမရှိပါဘူး။ ဘဏ်ဝန်ထမ်းများ အနှောင့်အယှက်မဖြစ်အောင် လူတိုင်းစောင့်ထိန်းတဲ့ ပင်ကိုစည်းကမ်းလေးပါ။

ပင်စင်လာထုတ်တဲ့သူတွေထဲမှာတော့ သက်ပြည့်ပင်စင်ထုတ်တဲ့သူတွေ၊ လုပ်သက်ပြည့်ယူသူ၊ ဆေးပင်စင်ယူသူ၊ မိသားစုပင်စင်ထုတ်သူတွေ အမျိုးမျိုးပါပဲ။ "ကိုယ့်နာမည်အခေါ် နားစွင့်ရင်း ခဏတဖြုတ်ထိုင်နေချိန်မှာတော့ မိမိရဲ့ စိတ်လေးတွေက အတိတ်ကို ရောက်မိသွားကြပါတယ်။" ကျွန်မအပါအဝင် ၈၀ ရာခိုင်နှုန်းလောက်ကတော့ မိမိတို့ ဝန်ထမ်းဘဝဖြတ်သန်းခဲ့တာလေးတွေကို လွမ်းမိကြမှာပါ။

ဝန်ထမ်းဖြစ်ခဲ့ကြတဲ့သူတိုင်းမှာတော့ ပျော်ရွှင်စရာ၊ ငိုချင်စရာ၊ မခံချင်စရာ၊ ပူပင်ကြောင့်ကြစရာ၊ ဒေါသဖြစ်စရာတွေ တစ်ခုမဟုတ်တစ်ခုကတော့ ကြုံတွေ့ခဲ့ကြရသူချည်းပါပဲ။ ဌာနတိုင်းက ဝန်ထမ်းတွေတိုင်း ခံစားခဲ့ကြရတယ်။

မိမိကြောင့် တစ်ဖက်သားထိခိုက်နစ်နာသွားရသလို အဆင်ပြေကောင်းစားသွားကြတဲ့သူတွေလည်း ရှိကြတယ်။ အနယ်နယ်အရပ်ရပ်ကိုလည်း ရောက်ဖူးခဲ့ကြရတယ်။ လူမျိုးစုံတွေနဲ့ဆက်ဆံကြရတော့ စိတ်ဓာတ်တွေအမျိုးမျိုးတွေ့ရသလို အတုယူစရာ၊ သင်ခန်းစာယူစရာတွေ၊ ဘယ်အရာမှ မမြဲခြင်းတရားတွေကိုတွေ့ရတယ်။

ပင်စင်ဆိုတာ မိမိရဲ့နိုင်ငံအတွက် ကိုယ်တတ်မြောက်သင်ယူထားတဲ့ပညာတွေကိုအသုံးချပြီး တာဝန်ကျေကျေသစ္စာရှိရှိ၊ စွမ်းစွမ်းတမံထမ်းဆောင်ပေးခဲ့လို့ အသက်ကြီးသွားတဲ့အခါ ချီးမြှင့်တဲ့ထောက်ပံ့မှုလေးလို့ ခံယူမိပါတယ်။

ပင်စင်ထုတ်တဲ့ရက်ရောက်တိုင်းလည်း မိမိတို့လုပ်ကိုင်ခဲ့တဲ့ဌာန၊ မိမိတို့ တာဝန်ကျေကျေ စွန့်လွှတ်အနစ်နာခံလုပ်ခဲ့တဲ့ လုပ်ရပ်လေးတွေ ပြန်တွေးပြီး ဂုဏ်ယူမိပါတယ်။ လိပ်ပြာလည်းသန့်ပါတယ်။

မိသားစုပင်စင်သမားတွေဆိုလည်း မိမိတို့ရဲ့ခင်ပွန်းက တခြားဘဝကူးသွားပေမယ့် မိမိတို့အပေါ် ပေးဆပ်မှုလေး ထားခဲ့နိုင်တယ်။ တွေးမိတိုင်းလည်း သူတို့အတွက် ကုသိုလ်ဒါနလေးတွေပြုလုပ်နိုင်တယ်။ ကောင်းတာတွေရှိသလို ဆိုးတာတွေလည်းရှိခဲ့ကြပေမယ့် ခွင့်လွှတ်နားလည်ပေးနိုင်ကြပါတယ်။

ဝန်ထမ်းဘဝမှာ (သိက္ခာ)နဲ့ (ရိက္ခာ)ကို နားလည်ပြီး နေထိုင်ကြတဲ့ လူတွေရှိသလို မခွဲခြားနိုင်တဲ့လူတွေလည်း ရှိကြတယ်။ မိမိတို့ရဲ့ ရိက္ခာပြည့်ဝဖို့ လိုလားတဲ့သူတွေကတော့ ဘယ်သူသေသေ ငတေမာပြီးရော နင်းခြေကျော်ဖြတ်အကျင့်ပျက်ခြစားမှုတွေနဲ့သံသရာလည်နေတယ်။ အဲဒီလိုလုပ်ခဲ့တဲ့လူတွေကတော့ ပင်စင်ထုတ်ချိန်မှာ လိပ်ပြာသန့်ချင်မှ သန့်ကြလိမ့်မယ်။ မည်သူမဆို မိမိတို့ရဲ့လုပ်ရပ်လေးတွေက ကောင်းတဲ့လုပ်ရပ်ဖြစ်စေ၊ မကောင်းတဲ့လုပ်ရပ်ဖြစ်စေ စိတ်အာရုံမှာ အမြဲပေါ်ပါတယ်။ ဘယ်တော့မှ မပျောက်ပျက်သွားပါဘူး။ သေဆုံးခါနီးအထိပါပဲ။

ပင်စင်ယူချိန်ဟာ ဝန်ထမ်းတိုင်းကြုံတွေ့ရမယ့်နေ့လေးပါ။ အဲဒီအချိန်မှာ လိပ်ပြာသန့်ဖို့နဲ့ နောင်တရစရာမရှိဖို့ လိုအပ်ပါတယ်။ ပင်စင်မယူသေးတဲ့သူတွေလည်း သတိရှိစေချင်ပါတယ်။ ကျွန်မတိုက်တွန်းချင်တာကတော့ ပင်စင်သွားထုတ်တဲ့အချိန်မှာ ခေါင်းမော့ရင်ကော့ပြီး မိမိတို့ရဲ့ပင်စင်လစာကို လိပ်ပြာသန့်သန့်နဲ့ ပျော်ရွှင်စွာ ထုတ်ယူနိုင်တဲ့သူတွေဖြစ်အောင်၊ အခုကတည်းက (သိက္ခာ)နဲ့ (ရိက္ခာ)ကို ခွဲခြားနိုင်အောင် ကျင့်ကြံနေထိုင်ကြပါလို့ပါပဲ။ အဲဒါမှ ပင်စင်ယူပြီး ပင်စင်လစာသွားထုတ်တဲ့အခါမှာ မိမိရဲ့ခံစားချက်တွေဟာ ထာဝရလှပနေကြမှာပါ။ ။

○ ကျောဖုံးမှ

ပူးပေါင်းကာ ခေတ်မီနည်းပညာအကူအညီပေးနိုင်ရေးတို့နှင့် စပ်လျဉ်း၍ မှာကြားသည်။

ထို့နောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် ရတနာစပျစ်စိုက်ပျိုးရေးခြံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် ရမည်းသင်းမြို့ ရွှေဒါးတိုက်နယ်ရှိ အမှတ် (၈) အထည်စက်ရုံခွဲသို့ ရောက်ရှိကြရာ အစည်းအဝေးခန်းမ၌ စက်ရုံမှူးက စက်ရုံ၏ ကုန်ထုတ်လုပ်မှုအခြေအနေ၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် လအလိုက်ထုတ်လုပ်မှု၊ ရောင်းချမှု အခြေအနေများ၊ ဖြစ်ပေါ်လာမည့် မျှော်မှန်းအကျိုးရလဒ်၊ ဘဏ္ဍာနှစ်အလိုက် ကုန်သွယ်မှုစာရင်းနှင့် ငွေသားစာရင်း၊ ထုတ်ကုန်များ ဖြန့်ဖြူးရောင်းချနိုင်မှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယသမ္မတက လိုအပ်သည်များကို လမ်းညွှန်ဖြည့်စွက်မှာကြားသည်။

ထို့နောက် ဒုတိယသမ္မတသည် စက်ရုံအတွင်း ကြည့်ရှုစစ်ဆေးရာ စက်ရုံမှူးနှင့် တာဝန်ရှိသူများက စက်ရုံအတွင်း လုပ်ငန်းလည်ပတ် ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် နေပြည်တော်-မန္တလေး ပြည်ထောင်စုလမ်းမကြီး၊ ရမည်းသင်းလမ်းပိုင်းရှိ ရေဆင်း (၁) စပ်မျိုးနေကြာ မျိုးစေ့ထုတ်လုပ်သည့် စိုက်ခင်းသို့ ရောက်ရှိရာ တာဝန်ရှိသူများက စိုက်ခင်းအတွင်း စိုက်ပျိုးထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဒုတိယသမ္မတက မျိုးစေ့ထုတ်လုပ်ထားရှိမှုနှင့် နေကြာစိုက်ခင်းကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ တပ်ကုန်းမြို့နယ် စိုက်ပျိုးရေး သုတေသနခြံသို့ ရောက်ရှိကြရာ စိုက်ပျိုးရေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ဆောင်ရွက်လျက်ရှိသည့် သုတေသနလုပ်ငန်းဆိုင်ရာများနှင့် ပြောင်းဖူးကို သုတေသနစိုက်ပျိုးထားရှိမှု အခြေအနေများအား ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြောင်းဖူးသီးနှံသုတေသနစိုက်ခင်းကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသသည်။

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ်ရှိ တန် ၂၀၀ ကျ ဆာတာကေး ဆန်စက်သို့ ရောက်ရှိကြပြီး စက်ရုံလည်ပတ်နေမှုအခြေအနေများကို ကြည့်ရှုခဲ့ကြသည်။

**(သတင်းစဉ်)**

# ကုလသမဂ္ဂ၏ မြန်မာနိုင်ငံလူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ မစ္စ ရန်ဟီလီ ပြည်ထောင်စုဝန်ကြီးများနှင့် သီးခြားစီ တွေ့ဆုံ



**မစ္စ ရန်ဟီလီ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဝင်းမြတ်အေးနှင့် တွေ့ဆုံစဉ်။**

**နေပြည်တော် ဇန်နဝါရီ ၁၈**

ကုလသမဂ္ဂ၏ မြန်မာနိုင်ငံလူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ မစ္စ ရန်ဟီလီသည် ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ၊ ဒုတိယ ဗိုလ်ချုပ်ကြီး စိန်ဝင်း၊ ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်၊ ဒေါက်တာဝင်းမြတ်အေး၊ ဒေါက်တာမျိုးသိမ်းကြီးတို့နှင့် ယနေ့တွင် နေပြည်တော်ရှိ သက်ဆိုင်ရာ ဝန်ကြီးဌာနများ၌ သီးခြားစီ သွားရောက်တွေ့ဆုံသည်။

မစ္စ ရန်ဟီလီသည် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေနှင့်တွေ့ဆုံစဉ် ရွှေ့ပြောင်းလုပ်သားများနှင့် ပတ်သက်သည့် အခြေအနေများ၊ အလုပ်ရှင်၊အလုပ်သမားတို့နှင့် ပတ်သက်၍ ဥပဒေအရ ဆောင်ရွက်နေမှု အခြေအနေများ၊ ဝန်ကြီးဌာနနှင့် ILO တို့ ပူးပေါင်းဆောင်ရွက်နေမှု အခြေအနေများ၊ သန်းခေါင်စာရင်းဆိုင်ရာ အချက်အလက်များ ထုတ်ပြန်နိုင်ရေး ဆောင်ရွက်နေမှု အခြေအနေများ၊ ရခိုင်ပြည်နယ်တွင် နိုင်ငံသားစိစစ်ရေး လုပ်ငန်းဆောင်ရွက်နေမှုများနှင့် ပတ်သက်၍ ဆွေးနွေးခဲ့သည်။

ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်းနှင့် တွေ့ဆုံစဉ် ရခိုင်ပြည်နယ်၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ် အတွင်း လက်ရှိဖြစ်ပွားနေသည့် ပဋိပက္ခများနှင့် ငြိမ်းချမ်းရေးဖြစ်စဉ် ဖြစ်ပေါ်တိုးတက်မှုများ၊ လူ့အခွင့်အရေးဆိုင်ရာကိစ္စရပ်များ၊ စစ်ဘေးရှောင်ဒုက္ခသည်များအရေးကိစ္စနှင့် မြေမြှုပ်မိုင်း ရှင်းလင်းရေး ကိစ္စရပ်တို့ကို ဆွေးနွေးခဲ့သည်။

နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်နှင့်တွေ့ဆုံစဉ် ရခိုင်ပြည်နယ် မောင်တောမြို့ (မြောက်ပိုင်း)ရှိ နှစ်ဖက်လူ့အဖွဲ့အစည်းများ၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့ရှိ စစ်ဘေးရှောင် ဒေသခံပြည်သူလူထုများသို့ နယ်စပ်ရေးရာဝန်ကြီးဌာနက လူသားချင်း စာနာထောက်ထားမှု ရိက္ခာအကူအညီများ ထောက်ပံ့ပေးနေမှုအခြေအနေများ၊ နိုင်ငံတော်အစိုးရ၏ ပြည်တွင်းငြိမ်းချမ်းရေး လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများနှင့် လူ့အခွင့်အရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဝင်းမြတ်အေးနှင့် တွေ့ဆုံစဉ် ရခိုင်ပြည်နယ်အတွက် လူသားချင်းစာနာမှု သွားရောက်ထောက်ပံ့မှု အခြေအနေ၊ ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်ရှိ နေရပ်စွန့်ခွာ ရွှေ့ပြောင်းသူများ အခြေအနေ၊ သဘာဝဘေးအန္တရာယ်ကြိုတင်ပြင်ဆင်ရေး အရေးကြီးမှုနှင့် ပြည်သူလူထုမှ ဘေးဒဏ်လျော့ပါးရေး လုပ်ငန်းများတွင် ပူးပေါင်းပါဝင်မှုမြှင့်တင်ရေးဆောင်ရွက်မှုတို့ကို ဆွေးနွေးခဲ့သည်။

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးနှင့် တွေ့ဆုံစဉ် မြန်မာနိုင်ငံပညာရေး ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်နေမှုများ၊ ရခိုင်ပြည်နယ်ရှိ အခြေခံပညာကျောင်းများအတွက် ပံ့ပိုးဆောင်ရွက်နေမှုများ၊ ပညာသင်ယူမှုအခွင့်အလမ်း တိုးမြှင့်ဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ဆွေးနွေးခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

# ဂျပန်-မြန်မာ နှစ်နိုင်ငံ ပူးတွဲအစီအစဉ်များ ထုတ်လွှင့်နိုင်မည့်အခြေအနေ ဆွေးနွေး

**နေပြည်တော် ဇန်နဝါရီ ၁၈**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်အား ဂျပန်နိုင်ငံ ပြည်တွင်းရေးရာနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ လွှတ်တော်ဆိုင်ရာ ဒုတိယဝန်ကြီး Ms. Megumi KANEKO နှင့် အဖွဲ့သည် ယနေ့ညနေ ၃ နာရီတွင် ပြန်ကြားရေးဝန်ကြီးဌာနဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

တွေ့ဆုံစဉ် MRTV အတွက် နည်းပညာအကူအညီပေးနေမှုများနှင့် ဂျပန်-မြန်မာ နှစ်နိုင်ငံ ပူးတွဲအစီအစဉ်များ ထုတ်လွှင့်နိုင်မည့် အခြေအနေ၊ Shanti Volunteer Association (SVA)နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် စာကြည့်တိုက်များနှင့် ကလေးစာပေဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၊ National Institute of Information and Communications Technology (NICT) နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် စက်ဖြင့် ဘာသာပြန်သည့် Voice Tra Application Software စနစ်အတွက် စတင်လုပ်ဆောင်နေမှုများနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ **(သတင်းစဉ်)**



**ဇန်နဝါရီ ၁၇ ရက် နံနက်က နေပြည်တော် ရဲတပ်ဖွဲ့ဝင်များ၊ ဇမ္ဗူသီရိမြို့နယ် ရဲတပ်ဖွဲ့ဝင်များနှင့် ကျေးရွာအုပ်ချုပ်ရေးမှူး၊ ရာအိမ်မှူးများက နေပြည်တော် ဇမ္ဗူသီရိမြို့နယ် အလျင်လိုကျေးရွာရှိ နေအိမ်များသို့ တစ်အိမ်တက်ဆင်း သွားရောက်ပြီး ပြည်သူ့ဗဟိုပြု ရဲလုပ်ငန်းစနစ်ကို စတင်ဆောင်ရွက်စဉ်။**

ကိုကိုရှုပ(နေပြည်တော်)

# တရုတ်ဖိတ်ခေါ် အမျိုးသမီးပြိုင်ပွဲ မြန်မာနှင့် ယူကရိန်း ယနေ့ကစားမည်

တရုတ်ဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပမည့် ၂၀၁၇ တရုတ်ဖိတ်ခေါ် အမျိုးသမီးဘောလုံးပြိုင်ပွဲ အုပ်စုအဆင့် ပထမ နေ့ကို ဇန်နဝါရီ ၁၉ ရက်တွင် စတင်ကျင်းပမည်ဖြစ်ပြီး မြန်မာအမျိုးသမီးအသင်းသည် ယူကရိန်းအသင်းနှင့် စတင်ကစားရမည်ဖြစ်သည်။

ယင်းပြိုင်ပွဲကို အိမ်ရှင် တရုတ်လက်ရွေးစင်အသင်း၊ အာဆီယံဒေသမှ မြန်မာ့လက်ရွေးစင်အသင်းနှင့် ထိုင်းလက်ရွေးစင်အသင်း၊ ဥရောပမှ ယူကရိန်းလက်ရွေးစင်အသင်းတို့ ယှဉ်ပြိုင်မည်ဖြစ်ကာ ပတ်လည်စနစ်ဖြင့် ကျင်းပမည်ဖြစ်သည်။ အုပ်စုအဆင့်ပထမနေ့အဖြစ် ယနေ့ မြန်မာစံတော်ချိန် မွန်းလွဲ ၂ နာရီခွဲတွင် မြန်မာအသင်းနှင့် ယူကရိန်းအသင်း၊ ညနေ ၆ နာရီ ၅ မိနစ်တွင် အိမ်ရှင်တရုတ်အသင်းနှင့် ထိုင်းအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ယင်းပြိုင်ပွဲမှာ ၁၉၉၈ ခုနှစ်က စတင်ကျင်းပခဲ့ပြီး ကမ္ဘာ့အမျိုးသမီးဘောလုံးအင်အားကြီးနိုင်ငံများဖြစ်သည့် အမေရိကန်၊ ဂျာမနီ၊ ပြင်သစ်၊ နော်ဝေစသည့် အသင်းများ ယှဉ်ပြိုင်ခဲ့ဖူးသည့် အဆင့်မြင့်မားသော ပြိုင်ပွဲဖြစ်သည်။ ယခုပြိုင်ပွဲတွင်လည်း အာရှထိပ်သီးတရုတ်၊ ဥရောပမှ ယူကရိန်း၊ အာဆီယံဒေသတွင်း ပြိုင်ဘက် ထိုင်းအသင်းတို့ ပါဝင်နေရာ မြန်မာအမျိုးသမီးအသင်းအတွက် အတွေ့အကြုံကောင်းများ ရရှိမည့် ပြိုင်ပွဲဖြစ်သည်။



**တရုတ်ဖိတ်ခေါ်ပြိုင်ပွဲ ယှဉ်ပြိုင်မည့် မြန်မာအသင်း။**

မြန်မာအမျိုးသမီးအသင်းသည် ဧပြီလတွင်ယှဉ်ပြိုင်ရမည့် အာရှဖလားခြေစစ်ပွဲအတွက် ပြင်ဆင်သည့်အနေဖြင့် ယခုပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခြင်းဖြစ်သည်။ မြန်မာအမျိုးသမီးအသင်းသည် ယခုနှစ်တွင် အဓိကနိုင်ငံတကာပြိုင်ပွဲများယှဉ်ပြိုင်ရမည်ဖြစ်ပြီး အာရှဖလားခြေစစ်ပွဲအပြီးတွင် ၂၀၁၇ အာဆီယံအမျိုးသမီးပြိုင်ပွဲနှင့် (၂၉) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတို့ ထပ်မံယှဉ်ပြိုင်ရမည်ဖြစ်သည်။ မြန်မာအသင်းသည် အုပ်စုပွဲများအဖြစ် ဇန်နဝါရီ ၂၁ ရက်တွင် တရုတ်၊ ဇန်နဝါရီ ၂၄ ရက်တွင် ထိုင်းတို့နှင့် ထပ်မံကစားရမည်ဖြစ်ကာ ပြိုင်ပွဲ၏ လက်ရှိချန်ပီယံအသင်းမှာ တရုတ်အသင်းဖြစ်သည်။

**သတင်း၊ဓာတ်ပုံ-ရှိုင်းထက်ဇော်**

# ဆင်ဆာလက်မှတ်အသေးကပ်ထားသည့် ဗီဒီယိုတိပ်ခွေ၊ ဗီဒီယိုလေဆာဓာတ်ပြားများကိုသာ အသုံးပြုရန် နှိုးဆော်

ပြည်တွင်းဗီဒီယိုထုတ်လုပ်ရေးလုပ်ငန်းများမှ ရိုက်ကူးထုတ်လုပ်၍ ပြန်ကြားရေးဝန်ကြီးဌာန ဗီဒီယိုဆင်ဆာအဖွဲ့က စစ်ဆေးခွင့်ပြုပြီးသော မြန်မာဗီဒီယိုဇာတ်လမ်း၊ ကာရာအိုကေသီချင်း၊ ဗီဒီယိုတိပ်ခွေ၊ ဗီဒီယိုလေဆာဓာတ်ပြားများတွင် ဗီဒီယိုဆင်ဆာအဖွဲ့ကထုတ်ပေးသည့် ခွင့်ပြုအမှတ်စဉ်ပါရှိသော ဗီဒီယိုဆင်ဆာလက်မှတ်အသေးကို ကပ်ထားရမည်ဖြစ်ကြောင်း ရုပ်မြင်သံကြားနှင့်ဗီဒီယိုဥပဒေပုဒ်မ ၂၅ (ခ)တွင် ဖော်ပြထားရှိပြီးဖြစ်ပါသည်။ ဆင်ဆာလက်မှတ်အသေးမပါရှိသည့် ဗီဒီယိုတိပ်ခွေ၊ ဗီဒီယိုလေဆာဓာတ်ပြားများကို ကူးယူခြင်း၊ ဖြန့်ချိခြင်း၊ ငှားရမ်းခြင်း သို့မဟုတ် ပြသခြင်း ဆောင်ရွက်သဖြင့် ပြစ်မှုထင်ရှားစွာစီရင်ခြင်းခံရလျှင် ထိုသူကိုထောက်ဒဏ် (၃)နှစ်အထိ ဖြစ်စေ၊ ငွေဒဏ် ၁၀၀၀၀၀ (ကျပ်တစ်သိန်း)အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်စလုံးကိုဖြစ်စေ၊ ချမှတ်နိုင်သည့်အပြင် ပြစ်မှုနှင့်တိုက်ရိုက်သက်ဆိုင်သော ပစ္စည်းများကိုလည်း ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်ကြောင်း၊ ရုပ်မြင်သံကြားနှင့်ဗီဒီယိုဥပဒေ ပုဒ်မ ၃၂ အရ သတ်မှတ်ထားပြီးဖြစ်ပါသည်။ မိမိဆောင်ရွက်လျက်ရှိသော ဗီဒီယိုပြသရေးလုပ်ငန်း၊ ဗီဒီယိုတိပ်ခွေဖြန့်ချိရေးလုပ်ငန်း၊ ဗီဒီယိုတိပ်ခွေငှားရမ်းခြင်းလုပ်ငန်း၊ ဗီဒီယိုတိပ်ခွေကူးယူခြင်းလုပ်ငန်း၊ဗီဒီယိုကာရာအိုကေလုပ်ငန်းများတွင် အသုံးပြုလျက်ရှိသော ဗီဒီယိုတိပ်ခွေများ၊ ဗီဒီယိုလေဆာဓာတ်ပြားများတွင် ဗီဒီယိုဆင်ဆာလက်မှတ်အသေးကပ်ထားရန်နှင့် ဗီဒီယိုဆင်ဆာလက်မှတ်အသေးပါရှိသည့် ဗီဒီယိုတိပ်ခွေများ၊ ဗီဒီယိုလေဆာဓာတ်ပြားများကိုသာ အသုံးပြုကြရန် အသိပေးနှိုးဆော်အပ်ပါသည်။

**ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးဗဟိုကော်မတီ၊ ရုပ်ရှင်နှင့်ဗီဒီယိုဆင်ဆာအဖွဲ့၊**
**ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန**

# ရခိုင်ပြည်နယ် မောင်တောဒေသ၌ အဓမ္မပြုကျင့်မှု၊ လူ့အခွင့်အရေးချိုးဖောက်မှုစသည့် ထွက်ပေါ်နေသောသတင်းများနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးရေးကော်မရှင်ဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေ ဦးဆောင်သည့်အဖွဲ့ဝင်များနှင့် မစ္စရန်ဟီလီတို့ တွေ့ဆုံဆွေးနွေး



**နေပြည်တော် ဇန်နဝါရီ ၁၈**

ရခိုင်ပြည်နယ် မောင်တောဒေသစုံစမ်းစစ်ဆေးရေးကော်မရှင်ဥက္ကဋ္ဌ ဒုတိယသမ္မတဦးမြင့်ဆွေ ဦးဆောင်သည့် ကော်မရှင်အဖွဲ့ဝင်များနှင့် ကုလသမဂ္ဂ၏ မြန်မာနိုင်ငံလူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ မစ္စရန်ဟီလီ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့တို့သည် ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင် ဧည့်ခန်းမ၌ တွေ့ဆုံကြသည်။

တွေ့ဆုံစဉ် ကော်မရှင်ဥက္ကဋ္ဌက မိမိတို့ကော်မရှင်အဖွဲ့ဝင်များသည် နယ်ပယ်အသီးသီးမှ ကိုယ်စားပြုသော အတွေ့အကြုံရှိကြသည့် ပညာရှင်များဖြင့် ဖွဲ့စည်းထားပါကြောင်း၊ လုပ်ငန်းတာဝန်အရ နယ်မြေသို့ ကွင်းဆင်းစုံစမ်းစစ်ဆေးသည့်အခါ တစ်ဦးချင်းတာဝန်ယူမှုနှင့် အဖွဲ့လိုက်တာဝန်ယူမှုကို ပေါင်းစပ်သော ဆောင်ရွက်သည့်ပုံစံဖြင့် လုပ်ကိုင်ခဲ့ပါကြောင်း။

၂၀၁၆ ခုနှစ် အောက်တိုဘာ ၉ ရက်၊ နိုဝင်ဘာ ၁၂ ရက်နှင့် ၁၃ ရက်တို့တွင် ဖြစ်ပွားခဲ့သော ဖြစ်စဉ်များသည် ယခင်က ရခိုင်ပြည်နယ်၌ ဖြစ်ပွားသော ဖြစ်စဉ်များနှင့် သဘောသဘာဝမတူပါကြောင်း၊ နိုင်ငံတော်၏ လုံခြုံရေးအဖွဲ့အစည်းများကို ကာယကံမြောက် လက်နက်ကိုင်တိုက်ခိုက်ခြင်းဖြစ်၍ နိုင်ငံတော်၏ အချုပ်အခြာအာဏာကို ထိပါးသည့်ဖြစ်စဉ်ဖြစ်ပါကြောင်း၊ မည်သို့ပင်ဖြစ်စေ မိမိတို့ကို တာဝန်ပေးထားသည့် တာဝန်(၇)ရပ်အတိုင်း ဖြစ်စဉ်အတွင်း၌ အဓမ္မပြုကျင့်မှု၊ လူ့အခွင့်အရေးချိုးဖောက်မှု၊ ဥပဒေနှင့်မညီညွတ်သော ဆောင်ရွက်မှုများ ရှိ၊ မရှိ၊ နောင်အလားတူဖြစ်စဉ်မျိုး ထပ်မံမပေါ်ပေါက်စေရေးအတွက် အကြံပြုရန်တို့ကို အလေးထား၍ စုံစမ်းဖော်ထုတ်ခဲ့ပါကြောင်း၊ မိမိတို့၏ ကြားဖြတ်အစီရင်ခံစာကိုလည်း ဇန်နဝါရီ ၃ ရက်တွင် ထုတ်ပြန်ခဲ့ပါကြောင်း၊ ယခုအပြီးသတ်အစီရင်ခံစာကို ပြုစုနေပါကြောင်း စသည်ဖြင့် ကော်မရှင်၏ လုပ်ငန်းသဘာဝနှင့် ကော်မရှင်ဖွဲ့စည်းချိန်မှ ယခုအချိန်အထိ ဆောင်ရွက်လျက်ရှိသည်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ကုလသမဂ္ဂ၏ အထူးအစီရင်ခံစာ တင်သွင်းသူ မစ္စရန်ဟီလီကလည်း ဒုတိယသမ္မတတစ်ဦးက မောင်တောဒေသစုံစမ်းစစ်ဆေးရေးကော်မရှင်ဥက္ကဋ္ဌအဖြစ် မိမိကိုလက်ခံတွေ့ဆုံခြင်းအတွက် ဝမ်းမြောက်ပါကြောင်း ပြောကြားပြီး မောင်တောဒေသ၌ သတင်းထွက်ပေါ်နေသော အဓမ္မပြုကျင့်မှု၊ လူ့အခွင့်အရေးချိုးဖောက်မှုတို့နှင့် စပ်လျဉ်း၍ ၎င်းအား ပြောကြားမှုများနှင့် ပတ်သက်သည့် သိရှိလိုသည်များကို ရင်းနှီးစွာမေးမြန်းဆွေးနွေးသည်။

ကော်မရှင်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များကလည်း မေးမြန်းချက်များကို ရင်းနှီးပွင့်လင်းစွာ အသေးစိတ်ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

တွေ့ဆုံပွဲသို့ ကော်မရှင်အဖွဲ့ဝင်များဖြစ်ကြသည့် ဦးအောင်ကြည်၊ ဦးထွန်းမြတ်၊ ဒေါက်တာဒေါ်သက်သက်ဇင်၊ ဦးညွန့်ဆွေ၊ ဦးသာဉာဏ်၊ ဒေါ်ကျိန်ငိုက်မန်၊ ဦးစောသလေးစော၊ ရဲချုပ်ဇော်ဝင်း၊ ဦးအောင်နိုင်နှင့် ကော်မရှင်အတွင်းရေးမှူး ဦးဇော်မြင့်ဖေတို့ တက်ရောက်ကြသည်။

**(သတင်းစဉ်)**



# လွှတ်တော်အစည်းအဝေးများ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၁၈**

ဒုတိယအကြိမ် လွှတ်တော်အသီးသီး၏ စတုတ္ထပုံမှန်အစည်းအဝေးများ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဆောင် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ၂၀၁၇ ခုနှစ် လွှတ်တော်အစည်းအဝေးများကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌဖြစ်သည့် ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်က အဖွင့်အမှာစကားပြောကြားရာတွင် လွှတ်တော်အသီးသီး၏ အစည်းအဝေးများ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် လုပ်ငန်းကော်မတီများအလိုက် ဆောင်ရွက်ရမည့်လုပ်ငန်းများကို ယခင်အတွေ့အကြုံများအပေါ် အခြေခံ၍ ပိုမိုကောင်းမွန်အောင် ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ ကော်မတီများအနေဖြင့် မည်သည့်ကိစ္စရပ်ကိုမဆို အတူပူးပေါင်းညှိနှိုင်းဆောင်ရွက်ပါက လုပ်ငန်းများ အောင်မြင်မည်ဖြစ်ပါကြောင်း၊ လွှတ်တော်အစည်းအဝေးများအတွက် နည်းပညာပိုင်းဆိုင်ရာ အထောက်အကူပစ္စည်းများ ဝယ်ယူဖြည့်တင်းခြင်း၊ အစည်းအဝေးကျင်းပစဉ်ကာလအတွင်း ချို့ယွင်းမှုများ မဖြစ်ပေါ်စေရေးကြိုတင်စစ်ဆေးပြင်ဆင်ထားရန် လိုသကဲ့သို့ ချို့ယွင်းမှုဖြစ်ပေါ်ပါက အမြန်ဆုံးပြုပြင်နိုင်ရေးနည်းလမ်းများ စီမံဆောင်ရွက်ထားရန် လိုအပ်ပါကြောင်း၊ ထို့ပြင် လုံခြုံရေးအပိုင်းကိုလည်း အထူးအလေးထားဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ လွှတ်တော်အစည်းအဝေးများကျင်းပရေးဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်က ယခုကျင်းပမည့် လွှတ်တော်အစည်းအဝေးမတိုင်မီ ဇန်နဝါရီ ၂၉ ရက်တွင် စီမံကိန်းရေးဆွဲခြင်းနှင့် ဘတ်ဂျက်စိစစ်ခြင်းဆိုင်ရာ ဆွေးနွေးပွဲကို ဆောင်ရွက်သွားရန်ရှိသည့်အတွက် လွှတ်တော်ကိုယ်စားလှယ်များအား ကြိုတင်ဖိတ်ကြားထားပါကြောင်း၊ ထို့အပြင် လွှတ်တော်အစည်းအဝေးများ ကျင်းပနေစဉ်အတွင်း လုံခြုံရေးအသိနှင့်သတိကို အထူးဂရုပြုဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် လွှတ်တော်အစည်းအဝေးများကျင်းပရေးဗဟိုကော်မတီ အတွင်းရေးမှူး ပြည်ထောင်စုလွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်က ဗဟိုကော်မတီနှင့်လုပ်ငန်းကော်မတီများ ပြင်ဆင်ဖွဲ့စည်းခဲ့မှုနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး တက်ရောက်လာကြသည့် တာဝန်ရှိသူများက သက်ဆိုင်ရာလုပ်ငန်းကော်မတီအလိုက် စီမံဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် လွှတ်တော်အစည်းအဝေးများကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ ဦးအေးသာအောင်နှင့် ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်တို့က တင်ပြချက်များအပေါ် ဖြည့်စွက်ဆွေးနွေးမှာကြားသည်။

အဆိုပါ အစည်းအဝေးသို့ ၂၀၁၇ ခုနှစ် လွှတ်တော်အစည်းအဝေးများကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ ဗဟိုကော်မတီဒုတိယဥက္ကဋ္ဌ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်၊ သက်ဆိုင်ရာ လုပ်ငန်းကော်မတီအလိုက် ဌာန/အဖွဲ့အစည်းများမှ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် လွှတ်တော်ရုံးအသီးသီးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

# ရှမ်းပြည်နယ်(မြောက်ပိုင်း)ရှိ တိုက်ပွဲရှောင်ပြည်သူများအတွက် လူသားချင်းစာနာထောက်ထားမှုရိက္ခာများ ထောက်ပံ့ပေးအပ်

**နေပြည်တော် ဇန်နဝါရီ ၁၈**

နယ်စပ်ရေးရာဝန်ကြီးဌာနက ရှမ်းပြည်နယ် (မြောက်ပိုင်း) ရှိ တိုက်ပွဲရှောင်ပြည်သူများအတွက် လူသားချင်းစာနာထောက်ထားမှုရိက္ခာများ ထောက်ပံ့ပေးအပ်ပွဲအခမ်းအနားကို ယမန်နေ့ ညနေ ၃ နာရီတွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံး (တောင်ကြီး)၌ ကျင်းပခဲ့ရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကိုယ်စား အမြဲတမ်းအတွင်းဝန် ဦးရဲနိုင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကိုယ်စား အမြဲတမ်းအတွင်းဝန် ဦးရဲနိုင်က ရှမ်းပြည်နယ်(မြောက်ပိုင်း)ရှိ တိုက်ပွဲရှောင်ပြည်သူများအတွက် နယ်စပ်ရေးရာဝန်ကြီးဌာနက လူသားချင်းစာနာထောက်ထားမှုရိက္ခာများ ထောက်ပံ့ပေးရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ပြီး ပြည်နယ်ဝန်ကြီးချုပ်၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများထံ ရိက္ခာများ လွှဲပြောင်းပေးအပ်ခဲ့သည်။ ထို့နောက် ရှမ်းပြည်နယ်ဝန်ကြီးချုပ်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

အခမ်းအနား၌ နယ်စပ်ရေးရာဝန်ကြီးဌာနက ရှမ်းပြည်နယ် (မြောက်ပိုင်း) တိုက်ပွဲရှောင်ပြည်သူများအတွက် ဆန်အိတ် ၁၂၅၀၊ ဆီပိဿာ ၂၀၀၀၊ ဆားပိဿာ ၆၀၀၊ ပဲပိဿာ ၆၀၀၀နှင့် စောင်အထည် ၁၀၀၀ တို့အား ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



❖ **ကမ္ဘာ့ကျန်းမာရေးမှ** အချက်များဖြစ်ကြောင်း ဒုတိယသမ္မတက ပြောကြားသည်။

ဆက်လက်၍ ဒုတိယသမ္မတက ယနေ့ကမ္ဘာ့ကျန်းမာရေးနှင့်ဆေးပညာနယ်ပယ်တွင် လေ့လာကြည့်ပါက ဓာတုဗေဒဆေးဝါးများ အလွန်အကျွံအသုံးပြုခဲ့ရာမှ ဓာတုကင်းလွတ်သည့် သဘာဝဆေးဝါး (Herbal Medicine) များဘက်သို့ အလေးပေးဆောင်ရွက်လာခဲ့သည်ကို တွေ့ရှိရကြောင်း၊ တိုင်းရင်းဆေးပညာဦးစီးဌာနအနေဖြင့် တိုင်းရင်းဆေးသုတေသနလုပ်ငန်းများ ပိုမိုဆောင်ရွက်နိုင်ရန်၊ တိုင်းရင်းဆေးပညာရှင်နှင့် နှီးနွှယ်ပညာရှင်၊ လူသားအရင်းအမြစ်နှင့် ခေတ်မီနည်းပညာများ တိုးတက်လာအောင်ဆောင်ရွက်နေရုံသာမက နိုင်ငံခြားတက္ကသိုလ်များနှင့်လည်း သုတေသနလုပ်ငန်းများ တိုးတက်ဆောင်ရွက်နိုင်အောင် ကြိုးစားဆောင်ရွက်နေပြီဖြစ်ကြောင်း။

မြန်မာနိုင်ငံ၏ ရေမြေတောတောင်ဒေသအတွင်းတွင် ပေါက်ရောက်နေသည့် အစွမ်းထက်ဆေးပင်များကို ဖော်ထုတ်ထိန်းသိမ်းရန်၊ တစ်ဆင့်တက်ပြီး မျိုးပွားရန်၊ စိုက်ပျိုးထုတ်လုပ် အသုံးချနိုင်ရန်၊ တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးလုပ်ငန်းများကို Good Manufacturing Practice ဟုခေါ်သည့် GMP နည်းစဉ်နှင့် အဆင့်မြင့်အောင်ပြောင်းလဲထုတ်လုပ်နိုင်ရေးအတွက် အောင်မြင်အောင် ကြိုးစားဆောင်ရွက်ကြရန် တိုက်တွန်းလိုပါကြောင်း။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာန၊ တိုင်းရင်းဆေးကောင်စီ၊ မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း၊ တိုင်းရင်းဆေးဝါးထုတ်လုပ်သူလုပ်ငန်းရှင်များနှင့် တိုင်းရင်းဆေးသမားတော်များသည် အတ္တ-ပရ ညီညွတ်မျှတစွာ ဆောင်ရွက်ရန်ဦးတည်ပြီး စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် ပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက (၁၇)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံသို့ပေးပို့သည့် နိုင်ငံတော်သမ္မတ၏ ဂုဏ်ပြုသဝဏ်လွှာကို ဖတ်ကြားသည်။

ယင်းနောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် (၁၇)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံသို့ တက်ရောက်လာသည့် တိုင်းရင်းဆေးသမားတော်များ၊ ဧည့်သည်တော်များနှင့် မှတ်တမ်းဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ ဒုတိယသမ္မတနှင့်အဖွဲ့သည် ခန်းမအတွင်းပြသထားသည့် တိုင်းရင်းဆေးဝါးများအား လိုက်လံကြည့်ရှုအားပေးကြသည်။

ဒုတိယသမ္မတသည် ညပိုင်းတွင် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂)၌ ကျင်းပသည့် (၁၇)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံညစာစားပွဲသို့တက်ရောက်သည်။ **(သတင်းစဉ်)**

# တိုင်းရင်းဆေးပညာ ဘက်စုံဖွံ့ဖြိုးတိုးတက်ဖို့ တိုင်းရင်းဆေးပညာရှင်အသီးသီးက ပူးပေါင်းဆောင်ရွက်

**(၁၇)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံကို နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(၂)တွင် ယနေ့ကျင်းပရာ ညီလာခံသို့ တက်ရောက်သူအချို့အား မေးမြန်းခဲ့သည်များကို ဖော်ပြလိုက်ပါသည်-**

**ဦးမြင့်ဦး**
**ပြည်သူ့လွှတ်တော် ကျန်းမာရေးနှင့်အားကစားဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဝင်**

ကျွန်တော်တို့ တိုင်းရင်းဆေးပြုပြင်ပြောင်းလဲရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကထားလုပ်ဆောင်နေပါတယ်။ ကော်မတီအနေနဲ့တိုင်းရင်းဆေးကောင်စီဥပဒေကို အသစ်ပြန်လည်ရေးဆွဲရေး ဆောင်ရွက်နေပါတယ်။ ပထမမူကြမ်းအနေနဲ့ လွှတ်တော်ကိုရောက်နေပါပြီ။ တိုင်းရင်းဆေးသမားတော်တွေရဲ့ အကြံပြုချက်တွေကိုလည်း တောင်းခံထားပါတယ်။ ပြီးရင်ကော်မတီကနေ သက်ဆိုင်ရာတွေကို တင်ပြရပါမယ်။ ဒီဥပဒေကို စနစ်တကျရေးဆွဲနိုင်ဖို့ ဆောင်ရွက်နေပါတယ်။ နောက်တစ်ခုကတော့ လက်ရှိတက်လာတဲ့ အစိုးရနဲ့ လွှတ်တော်ဟာ ပြောင်းလဲချိန်တန်ပြီဆိုတဲ့ ကြွေးကြော်ချက်နဲ့တက်လာတဲ့ အစိုးရဖြစ်တဲ့အတွက် တိုင်းရင်းဆေးဟာလည်း အများကြီးပြောင်းလဲဖို့ လိုအပ်နေပါတယ်။ တိုင်းရင်းဆေး ပြုပြင်ပြောင်းလဲရေးလုပ်တဲ့အခါမှာ အခက်အခဲတွေတော့ရှိမှာပါ။ ဒီအတွက်လည်း အကြံပေးအဖွဲ့တစ်ဖွဲ့ ဖွဲ့ဖို့ ဆောင်ရွက်နေတာရှိပါတယ်။ ဒီနှစ်ညီလာခံက ခါတိုင်းနှစ်ညီလာခံတွေနဲ့မတူထူးခြားတာက အဆို၊ အထောက်တွေဟာ ပြောင်းလဲလာတာ တွေ့ရတယ်။ ဒါပေမယ့် တိုင်းရင်းဆေးလောကသားတွေရဲ့ အကျိုးစီးပွားအတွက် သူတို့ရဲ့ လိုလားချက်တွေတော့ ပြည့်ပြည့်စုံစုံပါတာမတွေ့ရပါဘူး။ နောက်နှစ်တွေမှာ တိုင်းရင်းဆေးသမားတော်များ ညီလာခံလို့ ခေါင်းစဉ်တပ်တာဖြစ်တဲ့အတွက် တိုင်းရင်းဆေးသမားတော်များရဲ့ ဘဝတိုးတက်ရေး၊ တိုင်းရင်းဆေးပညာဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းဆေးလောကသားတွေရဲ့ အကျိုးစီးပွားအကာအကွယ်ရရှိရေးနဲ့ ပြည်သူလူထုကို ကျန်းမာရေးစောင့်ရှောက်မှု တိုးပြီးတော့ပေးနိုင်ရေး ဆောင်ရွက်နိုင်အောင် အစီအစဉ်တွေ ပါဝင်ထည့်သွင်းဆောင်ရွက်သင့်ပါတယ်။


ဦးမြင့်ဦး


ဦးတင်ထွန်


ဒေါ်မိုးမိုးအိ


ဦးထွန်းရွှေ


ဦးကျော်သက်နိုင်


ဒေါက်တာဝီဝီပါ


ဒေါ်ငွေငွေရီ


ဒေါ်မိုးပြည့်ပြည့်ဖြိုး

**ဦးတင်ထွန် (တင်ထွန်-အစိုးရတိုင်းရင်းဆေး)**
**နေပြည်တော်ကောင်စီဝင်**

တိုင်းရင်းဆေးသမားတော်များညီလာခံနဲ့ပတ်သက်လို့ ၂၀၀၀ ပြည့်နှစ်ကတည်းက နှစ်စဉ်တက်ရောက်ခဲ့သလို ထဲထဲဝင်ဝင်လည်း ပါဝင်ခဲ့ပါတယ်။ မြန်မာ့တိုင်းရင်းဆေးဟာ မိရိုးဖလာရှေးရိုးရာပညာရပ်ဖြစ်လို့ မတိမ်ကောမကွယ်ပျောက်သင့်တဲ့အရာဖြစ်ပါတယ်။ တိုင်းရင်းဆေးနဲ့ပတ်သက်ရင် သုတေသနလုပ်ငန်းဟာအလွန်လိုအပ်ပါတယ်။ ဒါမှလည်း အတွေ့အကြုံအခြေပြု တိုင်းရင်းဆေးကနေ ခိုင်လုံတဲ့အထောက်အထားအခြေပြု တိုင်းရင်းဆေးဝါးဖြစ်လာမှာပါ။ ဒီကနေ့အချိန်မှာ ဓာတုဆေးဝါးတွေသုံးစွဲမှုကြောင့် ဘေးထွက်ဆိုးကျိုးတွေနဲ့ ကြုံတွေ့နေရပါတယ်။ ဒါကြောင့် သဘာဝသစ်ပင်၊ သစ်ဥတွေကနေထုတ်လုပ်တဲ့ ရိုးရာတိုင်းရင်းဆေးကို အားထားလာကြပါတယ်။ ဒါကြောင့် တိုင်းရင်းဆေးနဲ့ပတ်သက်တဲ့ သုတေသနလုပ်ငန်းတွေကို တစိုက်မတ်မတ်ဆောင်ရွက်ပြီး တိုင်းရင်းဆေးဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။

**ဒေါ်မိုးမိုးအိ**
**မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အတွင်းရေးမှူး**

ဒီနေ့ကျင်းပတဲ့ညီလာခံမှာ ကျင့်ဝတ်နှင့်ညီ၍ တိုင်းရင်းဆေးပညာပိုင်းဆိုင်ရာအရ မှန်ကန်မှုရှိသော တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ စာအုပ်၊ စာပေများ၊ ကြော်ငြာများထွက်ပေါ်လာရေး ဝိုင်းဝန်းဆောင်ရွက်ရန်ဆိုတဲ့ အဆို တင်သွင်းတာပါ။ ယနေ့အချိန်မှာ စီးပွားရေးဈေးကွက်အရ အချို့သော တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ ဗဟုသုတစာပေတွေ၊ ဆေးဝါးကြော်ငြာတွေဟာ ကျင့်ဝတ်စည်းကမ်းများနဲ့ ကိုက်ညီမှုမရှိဘဲ လွန်လွန်ကဲကဲ ကြော်ငြာနေတာ တွေ့ရပါတယ်။ ဒါတွေကို ထိထိရောက်ရောက်ထိန်းချုပ်ဖို့ဆိုတာ မလွယ်ပေမယ့် ဥပဒေ၊ နည်းဥပဒေတွေအရ ထိရောက်စွာ အရေးယူသင့်ပါတယ်။ သက်ဆိုင်ရာဌာနအနေနဲ့ ပြည်သူတွေကို မှန်ကန်တဲ့ သတင်းအချက်အလက်၊ အသိအမြင်တွေပေးဖို့လိုအပ်ပါတယ်။ ဥပမာ ဆေးနည်းတစ်ခုကို facebook မှာ တင်လိုက်တယ်။ ဒါကို တွေ့တဲ့သူက ဟုတ်မှာပဲဆိုပြီး သုံးကြည့်တယ်။ တကယ်တမ်းမပျောက်ကင်းတဲ့အခါကျတော့ တိုင်းရင်းဆေးကို လူတွေက ယုံကြည်မှုမရှိတော့ဘူးဖြစ်ကုန်တယ်။ ဒါကြောင့် တိုင်းရင်းဆေးပညာ ဘက်စုံဖွံ့ဖြိုးတိုးတက်ဖို့အတွက် တိုင်းရင်းဆေးပညာရှင်အသီးသီးက စည်းစည်းလုံးလုံး ပူးပေါင်းဆောင်ရွက်သင့်ပါတယ်။

**ဦးထွန်းရွှေ**
**ထွန်းရွှေဝါတိုင်းရင်းဆေးဝါးထုတ်လုပ်ရေး**

ကျွန်တော်တို့ထုတ်လုပ်သူတွေအနေနဲ့ မြန်မာ့တိုင်းရင်းဆေးတိုးတက်ရေးအတွက် အစဉ်တစိုက်ဆောင်ရွက်နေသလို နိုင်ငံတော်က ချမှတ်ထားတဲ့ မူဝါဒတွေနဲ့အညီလုပ်ကိုင်ဆောင်ရွက်နေပါတယ်။ မြန်မာ့တိုင်းရင်းဆေးကို အာဆီယံ Level နဲ့အညီ ထုတ်လုပ်နိုင်အောင်လည်း ကြိုးစားနေပါတယ်။ ညီလာခံတွေ ကျင်းပပေးတဲ့အတွက် သုတေသနတွေ့ရှိချက် အသစ်တွေ၊ ထုတ်လုပ်မှုနည်းစနစ်တွေကို စာတမ်းတွေ၊ အဆိုတွေတင်သွင်းဖတ်ကြားလာတာကိုလည်း တွေ့နေရပါတယ်။ ဒါဟာတိုင်းရင်းဆေးဖွံ့ဖြိုးမှုရဲ့ လက္ခဏာတွေပဲဖြစ်ပါတယ်။

**ဦးကျော်သက်နိုင်**
**ရုပ်ပျိုတိုင်းရင်းဆေးဝါးထုတ်လုပ်ရေး**

ကျွန်တော်ကတော့ တိုင်းရင်းဆေးတက္ကသိုလ်ဆင်းတစ်ယောက်ပါ။ ယခုကျင်းပတဲ့ (၁၇)ကြိမ်မြောက် တိုင်းရင်းဆေးသမားတော်များညီလာခံကြီးမှာ "အာဆီယံ Level မှာ မြန်မာ့တိုင်းရင်းဆေးဝါးလောက အဆင့်မီရင်ပေါင်တန်း လိုက်မီနိုင်ရေးအတွက် GMP Guide Line အတိုင်း အတတ်နိုင်ဆုံးကိုက်ညီအောင် ပြင်ဆင်ထားရှိဆောင်ရွက်ရန်"ဆိုတဲ့ အဆိုကိုထောက်ခံဆွေးနွေးခဲ့ပါတယ်။

မြန်မာ့တိုင်းရင်းဆေးလောကဖွံ့ဖြိုးတိုးတက်ဖို့ဆိုရင် တိုင်းရင်းဆေးလောကသားအားလုံး အာဆီယံ Level မီအောင် လိုက်နိုင်ရုံမက ကမ္ဘာ့အဆင့်ထိတက်လှမ်းနိုင်အောင် ကြိုးစားကြဖို့ ကျွန်တော့်အနေနဲ့တိုက်တွန်းအားပေးချင်ပါတယ်။

**ဒေါက်တာဝီဝီပါ**
**မတ္တရာ ဒေါ်ထူးထူးတိုင်းရင်းဆေးလုပ်ငန်း**

ကျွန်တော်က အနောက်တိုင်းဆေးပညာဘွဲ့ရ ဆရာဝန်တစ်ယောက်ပါ။ မြန်မာ့တိုင်းရင်းဆေးကို မိရိုးဖလာအရရော၊ ပင်ကိုစိတ်အရရော ယုံကြည်ပါတယ်။ ဒါကြောင့် အများပြည်သူကျန်းမာရေးအတွက် တိုင်းရင်းဆေးဝါးလုပ်ငန်းကို ကျေကျေနပ်နပ်လုပ်ကိုင်နေတာပါ။ မြန်မာ့တိုင်းရင်းဆေးလောက ဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်တပ်တစ်အားပါဝင်ဆောင်ရွက်ရင်း အခုလိုမြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံကို နှစ်စဉ်တက်ရောက်နေမှာပါ။

**ဒေါ်ငွေငွေရီ**
**ကေသီပန်တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး**

တိုင်းရင်းဆေးသမားတော်များညီလာခံမှာ ကိုယ်စားလှယ်အနေနဲ့ရော၊ ဆေးဝါးပြခန်းအနေနဲ့ရော ပါဝင်အားဖြည့်ပေးထားပါတယ်။ နှစ်တိုင်းလည်း ညီလာခံအတွက် လိုအပ်တဲ့ကဏ္ဍကနေ ပါဝင်ကူညီခဲ့ပါတယ်။ ဒီနှစ်ကတော့ အရင်နှစ်တွေနဲ့စာရင် စာတမ်းအဆိုတွေကထူးခြားတယ်လို့ ပြောလို့ရပါတယ်။ တိုင်းရင်းဆေးဝါးတွေကို ISO၊ GMP စနစ်တွေနဲ့အညီ ထုတ်လုပ်ဖို့တွေပါတယ်။ စည်းကမ်းပိုင်းအနေနဲ့ ကြော်ငြာတွေကို စိစစ်ဖို့လိုတယ်ဆိုတာပါတယ်။ ဦးစီးဌာနအနေနဲ့ အသေးစိတ်မကြီးကြပ်နိုင်တဲ့ အပိုင်းတွေရှိတယ်။ ထုတ်လုပ်မှုအပိုင်းမှာလည်း အာဆီယံကို ဝင်ဆံ့နိုင်ဖို့အတွက် System တွေပြောင်းဖို့ ဆွေးနွေးတဲ့အပိုင်းမှာ တွေ့လာရတဲ့အတွက် တိုင်းရင်းဆေးလောကသားတွေအတွက် အားတက်စရာကောင်းပါတယ်။

**ဒေါ်မိုးပြည့်ပြည့်ဖြိုး**
**မုံရွာဆရာမိုးတိုင်းရင်းဆေးဝါးထုတ်လုပ်ရေး**

ခုလိုမျိုး တိုင်းရင်းဆေးသမားတော်များညီလာခံကို နှစ်စဉ်နီးပါး တက်ရောက်ဖြစ်ပါတယ်။ တိုင်းရင်းဆေးပြခန်းမှာလည်း ကျွန်မတို့ဆေးတိုက်က ထုတ်လုပ်ထားတဲ့ ဆေးဝါးတွေကို ပါဝင်ပြသပါတယ်။ အဓိကအားဖြင့်တော့ ပြည်သူအများရဲ့ ကျန်းမာရေးကို အလေးထားပြီး အာဆီယံနိုင်ငံများရဲ့ စံချိန်စံညွှန်းမီအောင် ထုတ်လုပ်ထားပါတယ်။ ထုတ်လုပ်တဲ့အခါမှာလည်း အနောက်တိုင်းဆေးဝါး အရောအနှောမပါဘဲ သဘာဝတိုင်းရင်းဆေးစစ်စစ် ထုတ်လုပ်ပါတယ်။ ညီလာခံတွေတက်ရောက်တဲ့အတွက် တိုင်းရင်းဆေးလောကသားအချင်းချင်း ရင်းနှီးတွေ့ဆုံခွင့်ရသလို အသိအမြင်များလည်း ဖလှယ်ခွင့်ရရှိပါတယ်။

**(ကြေးမုံသတင်းအဖွဲ့)**

# ရန်ကုန်ဘတ်စ်ကားလိုင်း စနစ်သစ်ပြောင်းလဲမှု တတိယနေ့မြင်ကွင်း




ရန်ကုန်မြို့ မဟာဗန္ဓုလပန်းခြံရှေ့ ကားမှတ်တိုင်၌ ခရီးသွားပြည်သူများ အဆင်ပြေစေရန် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲတပ်ရင်းတပ်ဖွဲ့မှ မော်တော်ယာဉ်များ အခမဲ့ပြေးဆွဲရန် ဆောင်ရွက်ထားရှိမှုကို တွေ့ရစဉ်။ (ဓာတ်ပုံ-ဇော်မင်းလတ်)



ခရီးသွားပြည်သူများ ယာဉ်အန္တရာယ်မဖြစ်ပေါ်စေရန်နှင့် အကူအညီပေးရန် စောင့်ဆိုင်းနေကြသည့် ရန်ကုန်တိုင်းဒေသကြီး ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များအား တွေ့ရစဉ်။ (ဓာတ်ပုံ-ဇော်မင်းလတ်)




ရန်ကုန်မြို့ ပုဇွန်တောင်ကားမှတ်တိုင်၌ ခရီးသွားပြည်သူများ ဘတ်စ်ကားစီးနင်းရန် စောင့်ဆိုင်းနေကြစဉ်။ (ဓာတ်ပုံ-ခင်မောင်ဝင်း)



ရန်ကုန်မြို့ မြေနီကုန်းကားမှတ်တိုင်၌ ခရီးသွားပြည်သူများ အခမဲ့ယာဉ်ပေါ်သို့ တက်ရောက်စီးနင်းကြစဉ်။ (ဓာတ်ပုံ-ခင်မောင်ဝင်း)

## ရန်ကုန်မြို့ သယ်ယူပို့ဆောင်ရေးအတွက် ဘတ်စ်ကားအသစ်များ အမြန်ဆုံးဝယ်ယူနိုင်ရေး ဆောင်ရွက်နေ

**ရန်ကုန် ဇန်နဝါရီ ၁၈**

ရန်ကုန်မြို့ သယ်ယူပို့ဆောင်ရေးကဏ္ဍတွင် ယာဉ်အစီးရေ လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန် ဘတ်စ်ကားအသစ်များ အမြန်ဆုံးဝယ်ယူနိုင်ရေး ဆောင်ရွက်နေကြောင်း ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့ထံမှ သိရသည်။

ရန်ကုန်မြို့ပြ သယ်ယူပို့ဆောင်ရေးတွင် ယာဉ်အစီးရေနှင့် လူဦးရေ မျှတမှုမရှိဘဲ ယာဉ်လိုအပ်ချက်များ ရှိနေရာ ယင်းကိုဖြည့်ဆည်းနိုင်ရန် ခရီးသည်တင်ယာဉ်များ အမြန်ဆုံး ဝယ်ယူနိုင်ရန် ဆောင်ရွက်နေကြောင်း ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့ အတွင်းရေးမှူး ဒေါက်တာမောင်အောင်က ပြောသည်။

"ခရီးသည်တင်ယာဉ်လိုအပ်ချက်က ရှိနေဆဲပါ။ အရင်ကတည်းက ခရီးသည်နဲ့ ကားနဲ့ လုံလောက်မှုမရှိခဲ့ပါဘူး။ အခု စနစ်သစ်အပြောင်းအလဲမှာ ကားပိုင်ရှင်တချို့ကလည်း တွက်ခြေမကိုက်ဘူးဆိုပြီး အနစ်နာမခံချင်ကြဘူး။ ဒါကလည်း အများပိုင်ကုမ္ပဏီအဆင့်ကို ရောက်သွားရင်တော့ ဒီစနစ်နဲ့ ကိုင်တွယ်ရတာ လွယ်သွားပါတယ်။ အခုက တစ်ဦးတစ်ယောက်ချင်း ယာဉ်တွေကို အများပိုင်ကုမ္ပဏီ ဖွဲ့နိုင်ရင် အဆင်ပြေသွားပါလိမ့်မယ်။ ယာဉ်တွေ လိုအပ်ချက်ရှိနေတော့ အစိုးရအဖွဲ့အနေနဲ့ ယာဉ်အသစ်တွေ အမြန်ဆုံး ဝယ်ယူနိုင်ဖို့ လုပ်နေပါတယ်။ ဒီဘဏ္ဍာနှစ်မကုန်မီ ဆောင်ရွက်နေပါတယ်" ဟု ဒေါက်တာမောင်အောင်က ပြောသည်။

ရန်ကုန်မြို့ ခရီးသည်ပို့ဆောင်ရေး လမ်းကြောင်းသစ်များ စတင်ခဲ့သည့် ဇန်နဝါရီ ၁၆ ရက်တွင် ခရီးသည်တင်ယာဉ်အစီးရေ ၂၈၀၀ ခန့်သာ ပြေးဆွဲခဲ့ပြီး ဇန်နဝါရီ ၁၇ ရက်တွင် အစီးရေ ၃၀၀၀ ကျော်၊ ဇန်နဝါရီ ၁၈ ရက်တွင် အစီးရေ ၃၄၀၀ ကျော် ပြေးဆွဲခဲ့ကြောင်း၊ သို့ရာတွင် ယာဉ်အစီးရေ လိုအပ်ချက်ရှိနေဆဲဖြစ်ကြောင်း သိရသည်။ ရန်ကုန်တိုင်းဒေသကြီး အတွင်း မြို့တွင်းပြေးဆွဲလျက်ရှိသော ခရီးသည်တင်ယာဉ်အစီးရေ ၆၀၀၀ ကျော်ရှိပြီး နေ့စဉ် ခရီးသည် ၂ သန်းကျော် စီးနင်းလျက်ရှိသည်ဟု စာရင်းများအရ သိရသည်။

ယင်းကြောင့် လိုအပ်ချက်ရှိနေသော ခရီးသည်တင်ယာဉ်အစီးရေ တိုးချဲ့ပြေးဆွဲနိုင်ရေးအတွက် ယာဉ်အသစ်များ ဝယ်ယူနိုင်ရေး ဆောင်ရွက်နေသည့်အပြင် YPBC အများပိုင် ဘတ်စ်ကားလိုင်းကုမ္ပဏီ (ယခင် BRT Lite ယာဉ်လိုင်း)အနေဖြင့်လည်း ယာဉ်အစီးရေ ၁၀၀ ထပ်မံတိုးချဲ့ရန် စီစဉ်ထားကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် တိုင်းဒေသကြီးလွှတ်တော်တွင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ပြင်ဆင်ဖြည့်စွက်ခဲ့သည့် ဘတ်ဂျက်ခွင့်ပြုအနေအထားအရ အများပြည်သူ သယ်ယူပို့ဆောင်ရေးကဏ္ဍအတွက် ဘဏ္ဍာငွေသုံးစွဲဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **(၀၀၁)**

## YBS ယာဉ်လိုင်းအမှတ်(၆) ယာဉ်နောက်လိုက်က ကားပေါ်တွင် လိုက်ပါလာသည့် ခရီးသည်လင်မယားအား ထိုးကြိတ်

**ရန်ကုန် ဇန်နဝါရီ ၁၈**

ရန်ကုန်မြို့ လှိုင်သာယာမြို့နယ် ဒဂုံဈေးအဝေးပြေးမှ ဒဂုံ(တောင်)မြို့နယ် သိမ်ချောင်းလမ်းဆုံသို့ ပြေးဆွဲသည့် YBS ယာဉ်လိုင်းအမှတ်(၆) ယာဉ်အမှတ် ID---- ဟွန်ဒိုင်းယာဉ်သည် ယနေ့နံနက်ပိုင်းက စော်ဘွားကြီးကုန်းမှတ်တိုင် အရောက်တွင် ယာဉ်နောက်လိုက်က ကားပေါ်တွင် လိုက်ပါလာသည့် ခရီးသည်လင်မယားအား ထိုးကြိတ်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ လှိုင်သာယာမီးခွက်ဈေးမှတ်တိုင်မှ အင်းစိန်မြို့နယ်စော်ဘွားကြီးကုန်းမှတ်တိုင်သို့ လှိုင်သာယာမြို့နယ်နေ အသက်(၄၇)နှစ်အရွယ်ရှိ ကိုမင်းထိုက် (အလူမီနီယံလုပ်သား)နှင့် ၎င်း၏ဇနီးဖြစ်သူ အသက်(၄၅)နှစ်အရွယ်ရှိ မခင်မြနှစ်(ဈေးရောင်း)တို့ စီးနင်းလိုက်ပါလာကြောင်း၊ ယာဉ်စီးခ နှစ်ယောက်စာ ၅၀၀ ကျပ် ပေးထားရာ ပြန်အမ်းရငွေကျပ် ၁၀၀ အား ယာဉ်နောက်လိုက် ဖြစ်သူ အောင်နိုင်မိုး (၂၁)နှစ်ထံ ပြန်လည်တောင်းခံရာ အောင်နိုင်မိုးက ၎င်းသည် ပိုက်ဆံကောက်သော ယာဉ်နောက်လိုက်မဟုတ်ကြောင်း၊ ပိုက်ဆံကောက်သော ယာဉ်နောက်လိုက်ထံမှသာ ပြန်အမ်းငွေကျပ် ၁၀၀ အား ပြန်လည်တောင်းခံရန် ပြောကြားရာမှ စကားများခဲ့ကြောင်း၊ ထို့နောက် ယာဉ်နောက်လိုက် အောင်နိုင်မိုးက ထိုးကြိတ်သဖြင့် ကိုမင်းထိုက်တွင် မျက်နှာနာကျင်၊ ယာတံတောင်နာကျင်၊ ခါးနာကျင်ဒဏ်ရာများနှင့် ဇနီးဖြစ်သူ မခင်မြမှာ ပါးရိုက်ခံရသဖြင့် ဝဲပါး နာကျင်ဒဏ်ရာရရှိခဲ့၍ အင်းစိန်ဆေးရုံတွင် ဆေးကုသမှုခံယူခဲ့ကြောင်း သိရသည်။

ပြဿနာဖြစ်ပွားခဲ့သည့် မှတ်တိုင်တွင် ယာဉ်လမ်းကြောရှင်းလင်းရေးလုပ်နေသည့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ စည်ပင်သာယာ ရဲတပ်ဖွဲ့ဝင်များ၊ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များနှင့် လုပ်အားပေးအဖွဲ့များလည်းရှိနေကြောင်း တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသာအောင်ထံမှ သိရသည်။

"ယာဉ်ကြောပိတ်ဆို့လို့ ရှင်းလင်းပြောဆိုနေတုန်းမှာ YBS ယာဉ်လိုင်းအမှတ်(၆) ရောက်လာတယ်။ ရုတ်ရုတ်သဲသဲ ဖြစ်နေတယ်ဆိုပြီး သွားလိုက်တော့ ယာဉ်နောက်လိုက် တစ်ယောက်က ခရီးသည်လင်မယားကို ထိုးကြိတ်နေတယ်။ ကျွန်တော်တို့ရောက်တော့ ထိုးကြိတ်တာက ပြီးသွားပြီ။ ခရီးသည် လင်မယားက ဘာမှပြန်မလုပ်ဘဲ ကားစပယ်ယာကပဲ ထိုးကြိတ်တယ်လို့ ပြောကြတယ်။ နောက်ယာဉ်နောက်လိုက် တစ်ယောက်က ကားကြမ်းတိုးကိုင်ပြီး လူမိုက်စကားပြောတယ်။ ယာဉ်နောက်လိုက်က အဲဒီနှစ်ယောက်တင် မကဘူး။ နောက်တစ်ယောက်လည်း ပါတဲ့ပုံရှိတယ်။ ရဲက အဲဒီလူတွေကို ဖမ်းသွားတယ်။ ယာဉ်ကိုတော့ ခရီးသည်တွေ အခက်အခဲမဖြစ်အောင် ဆက်လက်မောင်းနှင်စေခဲ့တယ်"ဟု လွှတ်တော်ကိုယ်စားလှယ် ဦးသာအောင်က ပြောသည်။

အဆိုပါဖြစ်စဉ်နှင့်စပ်လျဉ်းပြီး အများပြည်သူ စိတ်ပြိုင်ပြင်အောင် ဆဲဆိုထိုးကြိတ်သော ယာဉ်နောက်လိုက် အောင်နိုင်မိုးအား နံနက် ၁၀ နာရီခွဲတွင် အင်းစိန်မြို့မရဲစခန်းက (ပ)၉၇/၂၀၁၇၊ ရန်ကုန်ရဲအက်ဥပဒေပုဒ်မ ၄၁/၁၄ ဖြင့် အရေးယူထားရှိကြောင်း သိရသည်။ **မင်းသစ်(သတင်းစဉ်)**

# ဖျာပုံ နန်းတွင်း မြန်မာရာမာယဏဇာတ်တော်ကြီး ဂုဏ်ပြုကပြမည်

**ဖျာပုံ ဇန်နဝါရီ ၁၈**

ရန်ကုန်မြို့ ဖျာပုံမြို့နယ်အသင်း(ရန်ကုန်)၏ နှစ်(၆၀) ပြည့်အခမ်းအနားကို Panda Hotel ၌ ဇန်နဝါရီ ၂၂ ရက် နံနက် ၈ နာရီမှ စတင်၍ ဖျာပုံနန်းတွင်းမြန်မာရာမာယဏဇာတ်တော်ကြီးဖြင့် ဂုဏ်ပြုကပြဖျော်ဖြေမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါအခမ်းအနားတွင် အသင်း၏ အကြိမ်(၅၀) မြောက် နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးကိုလည်း ကျင်းပမည်ဖြစ်ပြီး အမှုဆောင်အသစ်ရွေးချယ်ခြင်း၊ အသင်းဝင်များထဲမှ အသက်(၈၀)နှင့်အထက် ပုဂ္ဂိုလ်များအား သက်ကြီးပူဇော်ခြင်း၊ နိုင်ငံတော်မှ ချီးမြှင့်သည့် စာပေဂီတဘွဲ့တံဆိပ် ဂုဏ်ပြုဆုရရှိသူများအား ထပ်ဆင့်ဂုဏ်ပြုခြင်း၊ ၂၀၁၆ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် သုံးဘာသာနှင့်အထက် ရရှိကြသူများအား ပညာရည်ချွန်ဆုချီးမြှင့်ခြင်းတို့နှင့်အတူ ဖျာပုံရာမဇာတ်ကပြခြင်း၊ ရွှေတောင်ပုံအငြိမ့်ဖြင့် ဂုဏ်ပြုဧည့်ခံကြမည်ဖြစ်ရာ ဖျာပုံသူ ဖျာပုံသားများ တက်ရောက်ကြပါရန် အသင်းမှ နှိုးဆော်ထားကြောင်း သိရသည်။ **သူဇာနွယ်(ဖျာပုံ)**



ပြန်ကြားရေးဝန်ကြီးဌာန နှင့် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့တို့ ပူးပေါင်းကျင်းပသော

ကလေးစာပေပွဲတော်

ကလေးစာပေပြပွဲ နှင့် စာအုပ်ဈေးရောင်းပွဲ

မြန်မာသတင်းအချက်အလက်နည်းပညာတက္ကသိုလ် (MIIT)

မန္တလေးမြို့ မန္တလေးတိုင်းဒေသကြီး။

၂၀၁၇ ခုနှစ်၊ ဇန်နဝါရီ (၂၇၊ ၂၈၊ ၂၉) ရက် (သောကြာ၊ စနေ၊ တနင်္ဂနွေ) နံနက် (၉) နာရီမှ ညနေ (၅) နာရီအထိ

မည်သူမဆိုပါဝင်ဆင်နွှဲနိုင်ပါသည်။

Platinum Sponsor

Dugro Aptamil

မြန်မာသတင်းအချက်အလက်နည်းပညာတက္ကသိုလ်(MIIT)

(၇၃)လမ်းနှင့်ဝှရွှေဝါလမ်းထောင့်၊ Ocean Super Center, Mingalar Mandalay တောင်ဘက်။

Organized by

VI mix

# ဒိုက်ဦးမြို့မဈေး မီးဘေးကာကွယ်ရေးဇာတ်တိုက်လေ့ကျင့်

**ဒိုက်ဦး ဇန်နဝါရီ ၁၈**

ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့မဈေးတွင် ဈေးမီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် ဇာတ်တိုက်လေ့ကျင့်ခြင်း၊ စစ်ဆေးခြင်းတို့ကို ဇန်နဝါရီ ၁၁ ရက်က အဆိုပါဈေးအတွင်းနှင့် ဈေးရှေ့မင်းလမ်းတွင် ကျင်းပသည်။

ထိုသို့ဆောင်ရွက်ရာတွင် ဒိုက်ဦးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးမီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် မြို့မဈေးအတွင်းရှိ ခါတ်တိုင်များတွင် သွယ်တန်းထားသော မီးကြိုးမီးသီး၊ မီးချောင်းများနှင့် ဈေးတာဝန်ခံရုံး၌ရှိသော လျှပ်စစ်မီးများအား မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးနှင့်ပူးပေါင်း၍ ပြန်လည်စစ်ဆေးခြင်း၊ ကွန်ကရစ်ရေစင်များ၊ ရေလှောင်ကန်များဖြင့် ရေစုဆောင်းထားရှိမှု၊ ဖြန့်ဝေမှု၊ ဈေးအတွင်းရှိ ရေငုတ်များမှ အပေါ့စားရေစုပ်စက် သုံးလုံးဖြင့် ရေပက်ဖျန်းခြင်း၊ မြို့နယ်မီးသတ်ဦးစီးဌာနမှ ရေဂါလန် ၈၀၀ ဆံ့ မီးသတ်ယာဉ်လေးစီး၊ ရေဂါလန် ၁၂၀၀ ဆံ့ မီးသတ်ယာဉ် တစ်စီးတို့ဖြင့် စည်ပင်ဝန်ထမ်းများ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဒိုက်ဦးမြို့မ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဈေးသူ ဈေးသားများ စုပေါင်း၍ မြို့မဈေးရှိ မင်းလမ်းတွင် ရေပက်ဖျန်းဇာတ်တိုက်လေ့ကျင့်ခြင်းနှင့် မင်းလမ်းရှိ မီးသတ်ရေကန်မှ မီးသတ်ယာဉ်ဖြင့် တိုက်ရိုက်ရေသွယ်ယူ၍ ပက်ဖျန်းခြင်း၊ ရေပြန်လည်ဖြည့်တင်းခြင်းများ စုပေါင်းဇာတ်တိုက်လေ့ကျင့်ခဲ့ကြသည်။ **ကျော်ကျော်(IPRD)**

# ခရိုင်၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**ဟားခါး ဇန်နဝါရီ ၁၈**

ချင်းပြည်နယ်အစိုးရအဖွဲ့နှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာအကြီးအကဲများ၊ ခရိုင်၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီ ၁၄ ရက် နံနက် ၁၀ နာရီက ချင်းပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ကျင်းပသည်။

လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်က ချင်းပြည်နယ်အတွင်း ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်သည့် လမ်း၊ တံတားလုပ်ငန်းများ၊ တည်ဆောက်ရေးလုပ်ငန်းများ၊ ကုန်းမြင့်ဒေသ လယ်ယာမြေဖော်ထုတ်ရေးလုပ်ငန်းများ၊ သဘာဝဘေး ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန် မှာကြားခဲ့သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးများက လုပ်ငန်းလိုအပ်ချက်များကို ရှင်းလင်းဆွေးနွေးကြပြီး တက်ရောက်လာကြသည့် ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ခရိုင်၊ မြို့နယ်စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌများက လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး တင်ပြချက်များအပေါ် ပြည်နယ်ဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**

# အခြေခံအပ်ချုပ်သင်တန်းဆင်း

**ကျောက်တန်း ဇန်နဝါရီ ၁၈**

ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အသက်မွေးဝမ်းကျောင်း အထောက်အကူပြုလုပ်ငန်းဖြစ်သည့် အပ်ချုပ်စက်သင်တန်းဆင်းပွဲကို စင်မကော်ကျေးရွာနှင့် တံတားမြို့နယ်တို့တွင် ကျင်းပခဲ့ရာ ကျောက်တန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးတင်အောင်သန်းက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရန်ပုံငွေဖြင့် ကျေးလက်နေပြည်သူများ၏ လူမှုဘဝမြင့်တင်ပေးနိုင်ရေးနှင့် ဆင်းရဲမှုလျှော့ချရေးအတွက် အလုပ်အကိုင်အခွင့်အလမ်းများရရှိရန်အတွက် အပ်ချုပ်စက်သင်တန်းဖွင့်လှစ်ပေးရခြင်းဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါသင်တန်းသို့ ကျောက်တန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးနှင့်ဝန်ထမ်းများ၊ တံတားမြို့နယ် အုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖများ၊ သင်တန်းဆရာမများနှင့် သင်တန်းသူများ တက်ရောက်ကာ သင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။ **စန်းစန်း(ကျောက်တန်း)**

# ၂၀၁၇ ခုနှစ်အတွင်း မှုခင်းလျော့နည်းကျဆင်းရေး စီမံချက်ရေးဆွဲဆောင်ရွက်



**နေပြည်တော် ဇန်နဝါရီ ၁၈။** ၂၀၁၇ ခုနှစ်အတွင်း မှုခင်းဖြစ်ပွားမှုများ လျော့နည်းကျဆင်းစေရေးအတွက် စီမံချက်များ ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ထိုသို့မှုခင်းဖြစ်ပွားမှုလျော့နည်းစေရေးဆိုင်ရာနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအသိပညာပေးဟောပြောပွဲကို ဇန်နဝါရီ ၁၆ ရက် မွန်းလွဲ ၂ နာရီက ဇေယျာသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဟောပြောပွဲအခမ်းအနားတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူး ကျော်ညွန့်၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးညွန့်အောင်နှင့် နေပြည်တော်ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ဒု-ရဲအုပ်ဌေးလွင်တို့က အသိပညာပေးဟောပြောခဲ့ပြီး ဟောပြောပွဲသို့ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ရပ်/ကျေးအုပ်ချုပ်ရေးမှူးများ၊ ရပ်မိ/ရပ်ဖများ အပါအဝင် စုစုပေါင်းအင်အား ၁၄၀ ခန့်တက်ရောက်ကာ အပြန်အလှန်ဆွေးနွေးမှုများပြုလုပ်ခဲ့ကြောင်း သိရသည်။

ဇေယျာသီရိမြို့နယ်အတွင်း၌ ၂၀၁၅ ခုနှစ်ထက် ၂၀၁၆ ခုနှစ်တွင် အမှုကြီးနှင့် ခိုးမှုဖြစ်ပွားမှု လျော့နည်းကျဆင်းခဲ့သော်လည်း အခြားအမှုဖြစ်ပွားမှုတွင် ပိုမိုဖြစ်ပွားခဲ့ခြင်းကြောင့် ယခုနှစ်တွင် မှုခင်းများ ကျဆင်းရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်နေခြင်းဖြစ်သည်။ **(နိုင်လင်းကြည်)**

# ပျော်ဘွယ်၌ အခြေခံမြေတိုင်းသင်တန်းဖွင့်

**ပျော်ဘွယ် ဇန်နဝါရီ ၁၈**

ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန စူးစမ်းလေ့လာရေးဌာနခွဲ၏ အခြေခံမြေတိုင်းသင်တန်း အမှတ်စဉ်(၂၀)ဖွင့်ပွဲကို ဇန်နဝါရီ ၁၆ ရက် နံနက် ၁၀ နာရီခွဲက ပျော်ဘွယ်မြို့ အခြေခံရေတိုင်းနှင့် မြေတိုင်းပညာရပ်လေ့ကျင့်ရေးသင်တန်းကျောင်း၌ ဖွင့်လှစ်သည်။

ယခုသင်တန်းသည် အရည်အချင်းပြည့်မီသော လက်ထောက်အကောက်ခွန်မှူး(ဆည်)များ ပေါ်ထွန်းလာရေး၊ လုပ်ကိုင်ရသော ဘာသာရပ်အလိုက် ကျွမ်းကျင်မှုရှိစေရေး၊ ခေတ်မီတိုင်းတာရေးစက်ကိရိယာများဖြင့် သင်ကြားပေးမည့်အပြင် ၎င်းပစ္စည်းများအား ကျွမ်းကျင်စွာ ကိုင်တွယ်အသုံးပြုတတ်စေရေး၊ မြေတိုင်းပညာရပ်ကို ကျွမ်းကျင်မှုရှိစေရန် စာတွေ့လက်တွေ့ဖြင့် နားလည်သဘောပေါက်သည်အထိ သင်ကြားပို့ချမည်ဖြစ်ကြောင်း စူးစမ်းလေ့လာရေးဌာနခွဲ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်လင်းဦးက ပြောသည်။

အဆိုပါသင်တန်းတွင် ဆည်အင်စပက်တော်သင်ရိုးညွှန်းတမ်း၊ သံကြိုးဖြင့် မြေပြင်တိုင်းတာခြင်း၊ သံလိုက်အိမ်မြှောင်ဖြင့် မြေပြင်တိုင်းတာခြင်း၊ နိမ့်မြင့်တိုင်းကိရိယာဖြင့်တိုင်းတာခြင်း၊ မြေတိုင်းခုံဖြင့်တိုင်းတာခြင်း၊ Float Method ဖြင့် ရေစီးနှုန်းတိုင်းတာခြင်း၊ ဧရိယာတွက်ချက်ခြင်း၊ ကွန်တိုမြေပုံရေးဆွဲခြင်း စသည့် ဘာသာရပ်များကို သင်ကြားပို့ချမည်ဖြစ်ပြီး လက်ထောက်အကောက်ခွန်မှူး



တာဝန်ထမ်းဆောင်နေသော သင်တန်းသားများအား သင်တန်းကာလ ရက်သတ္တပတ် သုံးပတ်ကြာ ပို့ချမည်ဖြစ်ကြောင်း သိရသည်။

**မင်းမင်းထွေး(ပျော်ဘွယ်)**

# ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် ဇန်နဝါရီ ၁၈**

| | | | |
|---|---|---|---|
| ရန်ကုန်(ရွှေဈေး) | ၈၇၃၅၀၀ | - | ၈၇၃၅၀၀ |
| မန္တလေး(ရွှေဈေး) | ၈၇၃၅၀၀ | - | ၈၇၃၅၀၀ |

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၆၉၀/၇၀၀ ကျပ်၊ | ၇၄၀/၇၅၅ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၇၄၀/၇၅၀ ကျပ်၊ | ၈၇၀ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၇၀၀/၇၁၀ ကျပ်၊ | ၇၈၀/၈၀၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၇၁၀/၇၂၀ ကျပ်၊ | ၇၇၀/၇၈၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၆၅၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၆၇၇ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၆၅၀ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၅၀.၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၄၄၅.၂ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၁၉၆.၉၅ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၃၈.၂၅၅ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၀၃.၉၂ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၁၉.၈၈၁ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၁၉၆.၆ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၁၅.၉၇ |
| (ဈ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၁၈.၇ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၉၅၁.၇၄ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း

# မိုးကောင်းမြို့တွင်မီးလောင်မှုဖြစ်ပွား၍ နေအိမ်လေးလုံးဆုံးရှုံး

**မိုးကောင်း ဇန်နဝါရီ ၁၈**
ကချင်ပြည်နယ် မိုးကောင်းမြို့ အရှေ့ရပ်ကွက် အမှတ်(၁၆၀)ရှိ ဒေါ်သီတာ၏ ၁၀ ပေပတ်လည်သုံးခန်း သွပ်မိုး၊ ထရံကာ၊ ပျဉ်ခင်းနေအိမ်အပေါ်ထပ်၌ ဇန်နဝါရီ ၁၈ ရက် နံနက် ၉ နာရီခွဲခန့်က လျှပ်စစ်မီးပလပ်ခုံအပူလွန်ကဲ၍ လျှပ်စစ်ဝါယာကြိုးရှော့ဖြစ်ရာမှ မီးစတင်လောင်ကျွမ်းပြီး နေအိမ်လေးလုံးဆုံးရှုံးခဲ့ကြောင်းသိရသည်။**(အောက်ပုံ)**

မီးလောင်ရာသို့ တာဝန်ရှိသူများ၊ မိုးကောင်း၊ နမ္မတီးနှင့်ဆားမှော် မီးသတ်စခန်းတို့မှ သန္ဓေမီးသတ်တပ်ဖွဲ့ဝင် ၁၅ ဦး၊ မြို့နယ် အရန်မီးသတ်တပ်ရင်းမှ အရန်မီးသတ်တပ်ဖွဲ့ဝင် ၃၀၊ နယ်မြေခံတပ်ရင်းမှ တပ်မတော်သားများနှင့် ဒေသခံပြည်သူများက မီးသတ်ယာဉ်ငါးစီး၊ ရေသယ်ယာဉ်လေးစီးတို့ဖြင့်ဝိုင်းဝန်းငြိမ်းသတ်ကြရာ နံနက် ၁၀ နာရီခွဲခန့်တွင် လုံးဝမီးငြိမ်းသွားသည်။

အဆိုပါမီးလောင်မှုကြောင့် ဒေါ်သီတာ၏နေအိမ်အပြင် နေအိမ်ချင်းကပ်လျက်ရှိသည့် နေအိမ်သုံးအိမ်မီးလောင်ဆုံးရှုံးခဲ့သဖြင့် လျှပ်စစ်မီးပေါ့ဆစွာ အသုံးပြုသူ ဒေါ်သီတာ(၄၁)နှစ်အား မိုးကောင်းမြို့ မြို့မရဲစခန်းက (ပ)၇/၂၀၁၇၊ ရာဇသတ်ကြီးပုဒ်မ ၂၈၅ အရ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **(၄၉၉)**





# မြဝတီ-ဒိုက်ဦး ခရီးသည်တင်ယာဉ်ငယ် အရှိန်မထိန်းနိုင်ဘဲ လမ်းတစ်ဖက်မှကွမ်းယာဆိုင်အား ဝင်တိုက်မိ

**သထုံ ဇန်နဝါရီ ၁၈**
မွန်ပြည်နယ် သထုံမြို့ လိပ်အင်းကုန်းဆင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးရှေ့ရှိ ကွမ်းယာဆိုင် တစ်ဆိုင်အား ဇန်နဝါရီ ၁၈ ရက် မွန်းလွဲ ၁ နာရီခွဲခန့်က မြဝတီ-ဒိုက်ဦး ခရီးသည်တင်ယာဉ်ငယ်တစ်စီး ဝင်ရောက်တိုက်မိခဲ့ပြီး ကွမ်းယာဝယ်သူတစ်ဦးနှင့် ယာဉ်ပေါ်ပါသူအချို့ ထိခိုက်ဒဏ်ရာများ ရရှိခဲ့ကြောင်းသိရသည်။

"ကုန်းအဆင်းမှာ ဘာဖြစ်တယ်တော့မသိဘူး၊ ကားက လမ်းတစ်ဖက်ကိုရောက်ပြီး လက်ဖက်ရည်ဆိုင် ဆိုင်းဘုတ်ရယ်၊ ကွမ်းယာဆိုင်ခုံရယ်၊ အဲဒီနားမှာရပ်ထားတဲ့ ဆိုင်ကယ်နှစ်စီးကိုပါ တိုက်မိပြီး ရှေ့က သစ်ပင်ခံနေတော့ ရပ်သွားတာ။ ကွမ်းယာလာဝယ်တဲ့သူ တစ်ယောက်နဲ့ ကားပေါ်က လူအချို့လည်းထိခိုက်မိပြီး ဒဏ်ရာရသွားလို့ ဆေးရုံကို ပို့ထားတယ်"ဟု လိပ်အင်းရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးအောင်ဝင်းက ပြောသည်။

ဖြစ်စဉ်မှာ ကျိုက်ထိုဘက်မှ သထုံဘက်သို့ ခရီးသည်လေးဦးတင်ကာ ယာဉ်မောင်း ကိုသိန်းဇော် ဒိုက်ဦးမြို့ ဖောင်တော်သီကျေးရွာနေသူ မောင်းနှင်လာသည့် ယာဉ်အမှတ် AYY-EE-----AD YAN နက်ပြာရောင် မြဝတီ-ဒိုက်ဦး ခရီးသည်တင်ယာဉ်ငယ်သည် ဖြစ်စဉ်နေရာအရောက်တွင် အရှိန်မထိန်းနိုင်ဘဲ လမ်း၏တစ်ဖက်ရှိ ကွမ်းယာဆိုင်နှင့်အတူ ဆိုင်ရှေ့တွင်ရပ်ထားသည့် ဆိုင်ကယ်နှစ်စီးနှင့် ကွမ်းယာဝယ်နေသူ တစ်ဦးတို့အား တိုက်မိကာ ရပ်တန့်သွားခဲ့ကြောင်း သထုံမြို့မရဲစခန်းမှ သိရသည်။

အဆိုပါ ယာဉ်မတော်တဆမှုကြောင့် ယာဉ်မောင်း၊ ယာဉ်ပေါ်ပါခရီးသည်တစ်ဦးနှင့် ကွမ်းယာဝယ်သူ ကိုညီညီတို့ ထိခိုက်ဒဏ်ရာ(မစိုးရိမ်ရ)များရရှိခဲ့ရာ သထုံ ခရိုင်ဆေးရုံကြီးသို့ တင်ပို့ကုသထားပြီး ယာဉ်မဆင်မခြင်မောင်းနှင်သည့် ယာဉ်မောင်း ကိုသိန်းဇော်အား သထုံမြို့မ ရဲစခန်းက ယာဉ်(ပ)၆/၂၀၁၇၊ ပြစ်မှုပုဒ်မ- ၃၃၇/၃၃၈ ဖြင့် အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**သက်ဦး(သထုံ)**

# ဂုတ်တွင်းကားလမ်း၌ ကားတာယာတင် ၁၂ ဘီးယာဉ် တိမ်းမှောက်


**ကျောက်မဲ ဇန်နဝါရီ ၁၈**
ကားတာယာများတင်ဆောင်လာပြီး မူဆယ်မှမန္တလေးသို့ မောင်းနှင်လာသော ၁၂ ဘီးယာဉ်တစ်စီးသည် ကျောက်မဲဘက်ခြမ်းရှိ ဂုတ်တွင်းကားလမ်း မိုင်တိုင်အမှတ်(၅/၆)ကြားတွင် ဇန်နဝါရီ ၁၈ ရက် မွန်းလွဲ၂နာရီခန့်က တိမ်းမှောက်မှုဖြစ်ပွားခဲ့သည်။**(အောက်ပုံ)**

အခင်းဖြစ်ပွားသောနေရာသည် ယခင်ရဲကင်းဟောင်းနေရာအနီးအောက်ကွေ့နားဖြစ်ပြီး ယာဉ်များအန္တရာယ်ကင်းရှင်းစွာသွားလာနိုင်ရေးအတွက် ကျောက်မဲအမှတ်(၁၂၀)ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များက လာရောက်ရှင်းလင်းကူညီပေးခဲ့ကြသည်။

အဆိုပါယာဉ်တိမ်းမှောက်မှုဖြစ်ပွားရာအနီးတွင် ယာဉ်များကျော်တက်မောင်းနှင်ခြင်းမပြုရန်နှင့် လမ်းပိတ်ဆို့မှုမရှိစေရန်အတွက် ပူးပေါင်းကူညီသောအားဖြင့် သတိပြုမောင်းနှင်သွားလာကြရန် ယာဉ်ထိန်းတပ်ဖွဲ့စုက မေတ္တာရပ်ခံထားသည်။

ယခု ၁၂ ဘီးယာဉ်တိမ်းမှောက်မှုနှင့်ပတ်သက်၍ ယာဉ်ထိန်းရဲတပ်ဖွဲ့က စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

**(သီပေါကိုလတ်)**





# အမြန်လမ်းတွင် Honda CRV မော်တော်ယာဉ်တိမ်းမှောက်

**နေပြည်တော် ဇန်နဝါရီ ၁၈**
ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး ကျောက်တံခါးမြို့နယ် မိုင်တိုင်အမှတ်(၁၀၀/၀) နှင့် (၁၀၀/၁)အကြား ရန်ကုန်မှ နေပြည်တော်သို့ ယာဉ်မောင်း ဇော်ထွန်းလင်း မောင်းနှင်လာသော CRV အနက်ရောင်မော်တော်ယာဉ်သည် ယနေ့ နံနက် ၆ နာရီ ၄၅ မိနစ်က ယာဉ်မောင်းအိပ်ငိုက်ပြီး အရှိန်မထိန်းနိုင်ဘဲ လမ်းလယ်ကျွန်းပေါ် ရောက်ရှိတိမ်းမှောက်ခဲ့သည်။

ဖြစ်စဉ်ကြောင့် ယာဉ်မောင်းမှာ ဒဏ်ရာရရှိမှုမရှိသော်လည်း ယာဉ်မှာ ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅ သိန်းခန့် ပျက်စီးသွားသည်။ ထို့ကြောင့် ယာဉ်မောင်းအား မြို့ချောင်းအမြန်လမ်းရဲတပ်ဖွဲ့စခန်းမှ ရာဇသတ်ကြီးပုဒ်မ ၂၇၉ အရ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ထို့အတူ ယမန်နေ့ ညနေ ၄ နာရီ ၂၅ မိနစ်က အမြန်လမ်းမကြီး၏ မိတ္ထီလာမြို့နယ် မိုင်တိုင်အမှတ် (၂၈၄/၃) နှင့် (၂၈၄/၄) အကြား နေပြည်တော်မှ မန္တလေးသို့ ယာဉ်မောင်း နိုင်ထွန်းအောင် မောင်းနှင်လာသော Ford Ranger မော်တော်ယာဉ်မှာ ယာဉ်ရပ်နားကွင်းသို့ဝင်ရောက်စဉ် ဝဲရှေ့ဘီးပေါက်၍ အရှိန်မထိန်းနိုင်ဘဲ လမ်းလယ်ကျွန်းအုတ်ခုံကို တိုက်မိရပ်တန့်ခဲ့သည်။

ဖြစ်စဉ်ကြောင့် ယာဉ်ပေါ်ပါ သုံးဦးမှာ ထိခိုက်ဒဏ်ရာရရှိမှု မရှိခဲ့ကြောင်း၊ ယာဉ်မောင်းအား သီးကုန်းအမြန်လမ်းရဲတပ်ဖွဲ့စခန်းမှ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**သန်းဦး (လေးမျက်နှာ)၊ဓာတ်ပုံ (အမြန်လမ်းရဲတပ်ဖွဲ့)**

# စိတ်ကြွရူးသွပ်ဆေးပြားများနှင့် အိုက်စ်များသိမ်းဆည်းရမိ

**နေပြည်တော် ဇန်နဝါရီ ၁၈**
မြဝတီမြို့မ ရဲစခန်းမှတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၁၇ ရက်က မြဝတီမြို့ရပ်ကွက် (၄) မိုးမခဘုန်းကြီးကျောင်းလမ်းသွယ်နေ မန်းအောင်ဖြိုး၏နေအိမ်ကို ရှာဖွေရာ နေအိမ်တွင် ရန်ပိုင်ထွန်း၊ မမာလာထွေးနှင့် ထိုင်းနိုင်ငံသား နိုင်ယောက်ပ်တို့အားတွေ့ရှိပြီး အိမ်ရှင် မန်းအောင်ဖြိုးနှင့်ဇနီးဖြစ်သူ မရွှေဇင်တို့မှာ အပြင်သို့သွားကြောင်း သိရသဖြင့် ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၂ ပြားနှင့် အိုက်စ် ၁ ဒသမ ၀၀၅၆ ကီလိုတို့ကို သိမ်းဆည်းရမိသည်။

ထို့အတူ ယင်းနေ့က မူးယစ်တပ်ဖွဲ့စု (၂၅) တောင်ကြီးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ရွှေညောင်မြို့နယ် ကုန်းသိမ်ကျေးရွာအနီး ကျောက်တလုံး-ပင်လောင်း သွားကားလမ်းပေါ်တွင် မောင်တုတ် မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၅၆၃၀ သိမ်းဆည်းရမိသဖြင့် ၎င်းတို့အားမူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **(ကြေးမုံ)**

# ကျောက်တံခါးမြို့နယ် တုံကန်ချောင်းအနီး တရားမဝင်သစ်များ သိမ်းဆည်းရမိ

**ကျောက်တံခါး ဇန်နဝါရီ ၁၈**
ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် တိုက်ကြီးစုကျေးရွာအနောက်ဘက် တုံကန်ချောင်းအနီး၌ ဇန်နဝါရီ ၁၇ ရက် ညနေ ၆ နာရီခွဲက တရားမဝင်သစ်များ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

တရားမဝင်သစ်များ ခိုးထုတ်သယ်ယူစုပုံထားကြောင်းသတင်းအရ ကျောက်တံခါးမြို့နယ် သစ်တောဦးစီးအရာရှိ ဦးကျော်ကျော်အောင်၊ တောအုပ် ဦးဝင်းမြတ်အောင်၊ ဦးညွန့်ဝင်း၊ ဦးငွေဇော်နှင့်သစ်တောဝန်ထမ်းများ၊ သစ်တောလုံခြုံရေးရဲတပ်ဖွဲ့မှဒုရဲအုပ်ထွန်းထွန်းဝင်းအေးနှင့် တပ်ဖွဲ့ဝင်များပူးပေါင်းကာ တုံကန်ချောင်းဘေးတွင်စုပုံထားသော သင်ဂဒူးခွဲသား ၅၃ ချောင်း (၃ ဒသမ ၁၂၆၈တန်)အား ပိုင်ရှင်မဲ့သိမ်းဆည်းရမိခဲ့သည်။ သိမ်းဆည်းရမိသောသစ်များကို ကျောက်တံခါးမြို့နယ် သစ်တောရုံးသို့ သယ်ယူဘဏ္ဍာသိမ်းသစ်တောနည်းဥပဒေ၉၉(ဂ)အရအရေးယူဆောင်ရွက်ကာ သစ်ခိုးထုတ်သူများအား ဆက်လက်စုံစမ်းရှာဖွေဖော်ထုတ်၍ ဖမ်းဆီးအရေးယူမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**ခင်ကို(ကျောက်တံခါး)**

# ရပ်တန့်ဖို့ ခက်ခဲနေတဲ့ ပါယက် နဲ့ ကော်စတာ တို့ရဲ့ ခြေလှမ်းများ

**ယခုဇန်နဝါရီဈေးကွက်အတွင်း အလှုပ်ခတ်ဆုံးကိစ္စရပ်ကို လေ့လာကြည့်မယ်ဆိုရင် ပရီမီယာလိဂ်ရဲ့ ထိပ်တန်းဂိုးသွင်းရှင် ကော်စတာနဲ့ ဝက်စ်ဟမ်းစူပါစတား ပါယက်တို့ နှစ်ဦးရဲ့ မိမိတို့ ကလပ်အသင်းတွေကို ဆန့်ကျင်ပြီး အသင်းပြောင်းဖို့ ခြေလှမ်းပြင်နေတဲ့ ဖြစ်ရပ်နှစ်ခုလို့ အဖြေထုတ်ရပါမယ်။ ကော်စတာက နောက်ကျောဒဏ်ရာ ရှိနေတယ်ဆိုတဲ့အကြောင်းပြချက်နဲ့ ချယ်လ်ဆီးအတွက် ကစားပေးဖို့ ပေါ်ပေါ်ထင်ထင်ပဲ ငြင်းခဲ့သလို ပါယက်ကလည်း ဝက်စ်ဟမ်းအတွက် ကစားလိုစိတ်ကို မရှိဘူးလို့ ဆိုတာကြောင့် ချယ်လ်ဆီးနဲ့ ဝက်စ်ဟမ်း ပရိသတ်တွေကတော့ သူတို့နှစ်ဦးကို သစ္စာဖောက်နှစ်ဦးဆိုပြီး အမျက်ရှနေကြပါတယ်။ ဒါပေမယ့် အင်္ဂလန်ဂန္ထဝင်တိုက်စစ်မှူး အလန်ရှီးယားကတော့ နိုင်ငံရပ်ခြား အားကစားသမားတွေ အနေနဲ့ လိဂ်တစ်ခုကို လာရောက်ကစားတာဟာ သူတို့ရဲ့ ခြေစွမ်းတွေ တိုးတက်မှုရှိဖို့၊ လစာငွေတွေ ပိုမိုတိုးမြင့်လာဖို့တာဖြစ်တာကြောင့် အသင်းပြောင်းဖို့ ကြိုးပမ်းတာကို အပြစ်ကြီးတစ်ခုအဖြစ် မသတ်မှတ်စေလိုဘူးလို့ သူ့အယူကို ပြောကြားခဲ့ပါတယ်။**

## ဝက်စ်ဟမ်းရဲ့ ဗီလန်( သို့မဟုတ်) ပါယက်

ကော်စတာရဲ့ ကိစ္စနဲ့အပြိုင် နောက်ထပ် သတင်းစာမျက်နှာတွေထဲ နေရာယူထားတဲ့ သတင်းကတော့ ပါယက်နဲ့ ဝက်စ်ဟမ်းတို့ကြား ပဋိပက္ခဖြစ်ပါတယ်။ ပါယက်က ဝက်စ်ဟမ်းအတွက် ကစားပေးလိုစိတ်မရှိဘူးလို့ ပြောခဲ့တယ်ဆိုတာ နည်းပြ ဘီလစ်ကိုယ်တိုင်က အတည်ပြုခဲ့ပေမယ့် ပါယက်ရဲ့ ဇနီးဖြစ်သူ လူဒီဗိုင်းကတော့ ဝက်စ်ဟမ်းအသင်းကသာ ပါယက်ကို ထွက်ခွာဖို့ ဖိအားပေးနေတယ်လို့ ဆိုခဲ့တာကြောင့် ပရိသတ်တွေ ခေတ္တတော့ ဇဝေဇဝါဖြစ်ခဲ့ပါတယ်။

ပါယက်က ဝက်စ်ဟမ်းကို ၂၀၁၅ ခုနှစ်မှာ ပြောင်းရွှေ့လာခဲ့ပြီးနောက် အလွတ်တည်ကန်ဘောတွေကနေ တိုက်ရိုက်ဂိုးသွင်းရာမှာ ထူးချွန်သလို အခြားသော သွင်းဂိုးမြောက်မြားစွာကိုခြေစွမ်းပြ သွင်းယူပေးနိုင်ခဲ့သူပါ။ ဝက်စ်ဟမ်းပရိသတ်တွေက ပါယက်ဟာ ပြင်သစ်ဂန္ထဝင် ကစားသမားဇီဒန်းထက် ပိုကောင်းသူလို့ အမွှန်းတင်ခဲ့ကြပြီး ပါယက်ကို ပိုင်ဆိုင်ခွင့်ရခြင်းက ဝက်စ်ဟမ်းအတွက် ဆုလာဘ်ကြီးတစ်ခုလို ဂုဏ်ယူခဲ့ကြဖူးပေမယ့် ခုတော့ အခြေအနေတွေက ဆန့်ကျင်ဘက် ဖြစ်ခဲ့ပါပြီ။ ပါယက်ရဲ့ ကျောနံပတ် ၂၇ ဂျာစီကို မီးရှို့တဲ့ ပရိသတ်က ရှို့၊ ခြေနဲ့ နင်းတဲ့သူက နင်းဖြစ်နေကြသလို ဝက်စ်ဟမ်းရဲ့ ကွင်းသစ်ကြီးရှေ့ နေရာယူထားတဲ့ ပါယက်ရဲ့ ရုပ်ပုံကို ဖျက်ဆီးခံရမှာစိုးလို့ သီးသန့်လုံခြုံရေးထားရှိတဲ့ အခြေအနေတွေအထိ ဖြစ်လာခဲ့ပါတယ်။

အစောပိုင်းက မန်ယူ၊ အာဆင်နယ်တို့က ခေါ်ယူလိုတယ်လို့ လူသိရှင်ကြား ပြောကြားခဲ့ပေမယ့် ပါယက် အခုလို ဝက်စ်ဟမ်းနဲ့ ပြဿနာဖြစ်နေချိန်မှာတော့ နှစ်သင်းလုံး ငြိမ်ချက်သားကောင်းနေတာကလည်း အနည်းငယ် ထူးခြားနေပါတယ်။ ဒါက ပါယက်ဟာ အသင်းကို ပြဿနာ ရှာတတ်သူဖြစ်တာကြောင့် တစ်ချိန်ချိန်မှာ သူတို့အသင်းဆီ ရောက်လာရင် လည်း အလားတူဖြစ်ရပ်မျိုး ဖြစ်လာမှာ စိုးလို့ လက်ရှောင်လိုက်ကြသလားဆိုတာလည်း တွေးစရာဖြစ်ပါတယ်။

လက်ရှိမှာ ပါယက်က ဝက်စ်ဟမ်း အသက် (၂၃) နှစ်အောက် အသင်းနဲ့သာ လေ့ကျင့်ခန်းဆင်းခွင့်ရပြီး သူက မာဆေးလ်ကို ပြန်လည်ပြောင်းရွှေ့ချင်တာက မိသားစုအရေးကိစ္စကြောင့်လို့ အကြောင်းပြချက်ပေးထားပါတယ်။ သူ့ကို ဝက်စ်ဟမ်းကလည်း မာဆေးလ်အသင်းရဲ့ ပထမအကြိမ် ပေါင်သန်း ၂၀၊ ဒုတိယအကြိမ် ပေါင် ၂၂သန်းနဲ့ ကမ်းလှမ်းမှုကို ငြင်းဆိုထားပြီး ပေါင်သန်း ၃၀မပေးရင် ပါယက်ကို ရဖို့မဖြစ်နိုင်ဘူးလို့ အကြောင်းပြန်ထားပါတယ်။ အသင်းပြောင်းခွင့်မရသေးတဲ့ ပါယက်က ဝက်စ်ဟမ်းအသင်းကြီးနဲ့ ပြန်လည်လေ့ကျင့်ခွင့်ရရေးကို လိုလားနေပေမယ့် ဝက်စ်ဟမ်းအသင်းပိုင်ရှင် ဒေးဗစ်ဆူဘလီကတော့ ပရိသတ်တွေကို တောင်းပန်ခြင်းက သူ့အတွက် ပိုကောင်းတဲ့ အဖြေထွက်လာမယ်လို့ တုံ့ပြန်ထားပါတယ်။

ဝက်စ်ဟမ်းနည်းပြဟောင်း ဟယ်ရီရက်ပ်နက်ကတော့ ပါယက်အနေနဲ့ ထွက်ခွာဖို့ ခြေလှမ်းပြင်ပြီးပြီဆိုတော့ ကျောခိုင်းပြီး နေရာသစ်မှာ ပြန်စခိုင်းခြင်းကသာ အကောင်းဆုံးအဖြေဖြစ်လိမ့်မယ်လို့ သူ့အယူအဆကို ပြောပါတယ်။ အခုလို ပြောကြားခဲ့တဲ့ ရက်ပ်နက်ကိုယ်တိုင်လည်း အလားတူ အခြေအနေမျိုး ထပ်တူကြုံဖူးပါတယ်။ ဘယ်ကစားသမားနဲ့လဲဆိုရင် လက်ရှိ ဝက်စ်ဟမ်းနည်းပြ ဘီလစ်နဲ့ပဲ ဖြစ်ပါတယ်။ ဒီဖြစ်စဉ်က လွန်ခဲ့တဲ့ နှစ် ၂၀၊ ၁၉၉၇ ခုနှစ်မှာ ဖြစ်ခဲ့တာဖြစ်ပြီး အသက် (၂၈)နှစ်အရွယ် ဘီလစ်က အဲဗာတန်ကို ပြောင်းရွှေ့လိုခဲ့တာဖြစ်ပါတယ်။

ရက်ပ်နက်က "ကျွန်တော်တို့အသင်းက သူ့ကိုထူးချွန်တဲ့ ကစားသမားတစ်ဦးအနေနဲ့ ကလပ်အသင်း စံချိန်တင် ပြောင်းရွှေ့ကြေးနဲ့ ခေါ်ယူခဲ့ပေမယ့် သူကတော့ အဲဗာတန်အသင်းကိုသာ အသင်းကြီးလို့ယူဆတာကြောင့် ဝက်စ်ဟမ်းကနေ ထွက်ခွာချင်နေတာဖြစ်ပါတယ်။ ဒါပေမယ့် ကျွန်တော်တို့မျက်စိထဲမှာတော့ ဝက်စ်ဟမ်းကလည်း အသင်းကြီးပါပဲ"လို့ ပြောခဲ့တာပါ။ အဲဒီနောက် ဘီလစ်က အဲဗာတန်အသင်းကို ပြောင်းရွှေ့ကြေး ပေါင် ၄ ဒသမ ၅ သန်းနဲ့ ပြောင်းရွှေ့သွားခဲ့ပါတယ်။ ဒါကြောင့် ဘီလစ်အနေနဲ့ လွန်ခဲ့တဲ့ နှစ် ၂၀ က သူလုပ်ဆောင်ခဲ့တဲ့အတိုင်း ပါယက်က သူ့ကို ပြန်လည် လုပ်ဆောင်ခဲ့တာ ဖြစ်ပါတယ်။ ဒါ့အပြင်ပေါင်သန်း ၃၀ ပေးမယ့်အသင်း ပါယက်ကိုရမယ်ဆိုတာ သေချာနေတာကြောင့် ဝက်စ်ဟမ်းနဲ့ ပါယက်တို့ အနာဂတ်ဆက်ရှိဖို့တော့ မဖြစ်နိုင်တော့ဘဲ ပါယက်နဲ့ ဝက်စ်ဟမ်း လမ်းခွဲချိန် ဆုံမှတ်ရောက်လုရောက်ခင် ဖြစ်နေပြီလို့တော့ သုံးသပ်ရမှာဖြစ်ပါတယ်။

## ချယ်လ်ဆီးနဲ့ လမ်းခွဲချိန် တဖြည်းဖြည်းနီးကပ်လာတဲ့ ကော်စတာ

ချယ်လ်ဆီးတိုက်စစ်မှူး ကော်စတာက နည်းပြကွန်တီလက်ထက်မှာ ခြေစွမ်းထက်နေပြီး လက်ရှိပရီမီယာလိဂ် ထိပ်တန်းဂိုးသွင်းရှင်ဖြစ်နေတာကြောင့် ဒီအခြေအနေကို သူ့အနေနဲ့ ကျေနပ်တယ်လို့ ပြောခဲ့တာ လွန်ခဲ့တဲ့ ရက်သတ္တနှစ်ပတ်လောက်ကဖြစ်ပေမယ့် ဇန်နဝါရီဈေးကွက် ဖွင့်လှစ်လာချိန်မှာတော့ အခြေအနေ တစ်မျိုးတစ်ဖုံ ပြောင်းသွားပါတယ်။

တရုတ်စူပါလိဂ်ကလပ် တီယန်ကျင်းကွမ်ဂျင်းကနေ တစ်နှစ်လုပ်ခပေါင်သန်း ၃၀နဲ့ ကမ်းလှမ်းလာမှုနဲ့အတူ ကော်စတာရဲ့ စိတ်ထားလည်း ပြောင်းလဲသွားခဲ့ပါတယ်။ ကော်စတာက ချယ်လ်ဆီးနဲ့ ၂၀၁၉ ခုနှစ်အထိ စာချုပ်ရှိသူဖြစ်ပေမယ့် ခြေစွမ်းထက်တဲ့ သူ့ကို ချယ်လ်ဆီးက လက်ရှိ ပေးချေထားတဲ့ လစာနှုန်းထား တစ်ပတ်လုပ်ခ ပေါင် ၁၅၀၀၀၀ ထက် တန်ဖိုးတိုးမြှင့်ပြီး ကာလရှည် စာချုပ်တစ်ရပ် ချုပ်ဆိုဖို့ ကမ်းလှမ်းခဲ့ပါတယ်။ ကော်စတာက ချယ်လ်ဆီးရဲ့ ဒီကမ်းလှမ်းမှုကို ငြင်းပယ်ခဲ့သလို သူ့အနေနဲ့ နောက်ကျောဒဏ်ရာရှိနေတယ်လို့ အကြောင်းပြခဲ့တာကြောင့် နည်းပြ ကွန်တီက ဒီကိစ္စကို အတော်လေး အမျက် ရှ ခဲ့ တယ် လို့ သိရပါတယ်။ ဒါ့အပြင် ကော်စတာက သူ့အနေနဲ့ မီဒီယာတွေရဲ့ မျက်စိဒေါက်ထောက် လိုက်ကြည့်ခံနေရတဲ့ အင်္ဂလန်ဘောလုံးလောကကို မုန်းတီးသလို မျှတမှုမရှိတဲ့ ဆုံးဖြတ်ချက် တွေချတတ်တဲ့ အင်္ဂလန်ဘောလုံး အဖွဲ့ချုပ် (အက်ဖ်အေ)ကိုလည်း ခါးသီးတယ်လို့ ဆိုခဲ့ပါသေးတယ်။ အင်္ဂလန်မီဒီယာတွေ က ကော်စတာရဲ့ အဲဒီလို လုပ်ရပ်တွေ ပြောကြားချက်တွေကို တောက်လျှောက် ဖော်ပြခဲ့ကြတာ ကြောင့် ဘောလုံးပရိသတ်တွေရဲ့ အာရုံ က ကော်စတာဆီကို ပိုမိုကျရောက်လာခဲ့ တာ ဖြစ်ပါတယ်။

ဒါကြောင့်လည်း ချယ်လ်ဆီးအသင်းက ကစားသမားတစ်ဦးအပေါ်ပဲ မှီတည်နေတဲ့ အသင်းမဟုတ်ဘူးဆိုတာကို သက်သေပြဖို့ လက်စတာနဲ့ ပွဲမှာ ကော်စတာကို ရဲရဲဝံ့ဝံ့ပဲ ချန်လှပ်ခဲ့ပေမယ့် သုံးဂိုးပြတ်နဲ့ သက်သောင့်သက်သာ အနိုင်ရရှိခဲ့ပြန်ပါတယ်။ ဒီပွဲအပြီးမှာ ကွန်တီက ကော်စတာ ကြံ့ခိုင်မှု ဘယ်အချိန်ပြန်ပြည့်ဝမလဲဆိုတာ သူ့အနေနဲ့ တပ်အပ်မပြောနိုင်သေးဘူးလို့ ဆိုခဲ့သလို တစ်ဦးတည်းလည်း လေ့ကျင့်ခန်းဆင်းခိုင်းခဲ့တာကြောင့် ကော်စတာနဲ့ ချယ်လ်ဆီး အနာဂတ်ဆက်ရှိဖို့ ရာခိုင်နှုန်း တော်တော်နည်းသွားခဲ့ပြီလို့ ယေဘုယျသုံးသပ်ရမှာ ဖြစ်ပါတယ်။

ဒါပေမယ့် ဇန်နဝါရီဈေးကွက်ဖွင့်လှစ်ချိန်ဆို ထိပ်တန်းကစားသမားတွေကို ခေါ်ယူဖို့ မလွယ်တဲ့ အခြေအနေကြောင့် ဈေးကွက်ကြီးဖြစ်တဲ့ နွေရာသီကျမှ ကော်စတာနေရာအစားထိုးနိုင်ဖို့အခြေအနေရှိတဲ့အတွက် ဘယ်လိုပဲဖြစ်ဖြစ် ကော်စတာကို ရာသီကုန်အထိ ဆက်ထိန်းဖို့တော့ရှိနေပါတယ်။ လောလောဆယ်တော့ ကော်စတာနေရာ အစားထိုးဖို့ ရီးယဲလ်တိုက်စစ်မှူး မိုရာတာ၊ ဘိုင်ယန်တိုက်စစ်မှူး မူလာတို့ နာမည်ထွက်နေပြီး အခြားထိပ်တန်း တိုက်စစ်မှူးတွေကိုလည်း ခေါ်ယူဖို့ စောင့်ကြည့်လျက် ရှိနေပါတယ်။

ကော်စတာကို တီယန်ကျင်းကွမ်ဂျင်းအပြင် သူ့ရဲ့ အသင်းဟောင်း အက်သလက်တီကိုကလည်း ဂရစ်ဇ်မန်း နေရာအစားထိုးဖို့ ချိတ်ဆက်နေပါတယ်။ ဂရစ်ဇ်မန်းက လာမယ့်နွေရာသီ မန်ယူကို ပြောင်းရွှေ့ဖို့ရှိနေတာကြောင့် အက်သလက်ဘက်က အခုလိုကြိုတင်အစီအမံချ ဆောင်ရွက်လာတာဖြစ်ပါတယ်။ ဒါပေမယ့် ဘောလုံးဈေးကွက် လေ့လာသုံးသပ်သူတွေရဲ့ အဆိုအရတော့ ကော်စတာဟာလာမယ့် နွေမှာ တီယန်ကျင်းကွမ်ဂျင်းကို အရင်ပြောင်းပြီး နှစ်ရာသီလောက်အကြာမှ အက်သလက်တီကိုဆီ ပြန်လာမယ်လို့ ဆိုပါတယ်။ အပြောင်းအရွှေ့ကိစ္စ ပီပီပြင်ပြင် ဖြစ်မြောက်လာဖို့ ကော်စတာရဲ့ အေးဂျင့်ဖြစ်သူ ဂျော့ဂျ်မန်းဒက်ဇ်ကိုယ်တိုင် တရုတ်ပြည်ကို ရောက်ရှိနေတာကြောင့် အခုလို သုံးသပ်ချက်တွေ ထွက်လာခဲ့တာဖြစ်ပါတယ်။ ကော်စတာကိုယ်တိုင်ကလည်း ချယ်လ်ဆီးရဲ့ သက်တမ်းတိုးစာချုပ်ကို လျစ်လျူရှုခဲ့ပေမယ့် နည်းပြ ကွန်တီနဲ့ ဆက်ဆံရေးပြေလည်အောင် ရာသီကုန်အထိ ဆက်ရှိနေဖို့တော့ ဆုံးဖြတ်ထားတယ်လို့ ဆိုပါတယ်။ သေချာတာကတော့ ကော်စတာလည်း အခြားချယ်လ်ဆီးကစားသမားတွေလို တရုတ်ပြည်ကို ခြေချဦးမယ်ဆိုတဲ့အချက်ပဲ ဖြစ်ပါတယ်။

မေ လဲ့ သင်း ရေး သား သည်






ပြည်တွင်းရေးရာ

# ဘိန်းအစားထိုးသီးနှံများ စိုက်ပျိုးနိုင်ရန် ကူညီဆောင်ရွက်ပေးစေလို

**တောင်ကြီး ဇန်နဝါရီ ၁၈**

ရှမ်းပြည်နယ်ဝန်ကြီးချုပ်ဒေါက်တာလင်းထွဋ်၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ ပြည်နယ်လူမှုရေးဝန်ကြီး၊ ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ဇန်နဝါရီ ၁၆ ရက် နေ့လယ် ၃ နာရီခွဲက ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ် နောင်ထောင်အောင်ဆုဗွေစခန်း၌ ဒေသခံပြည်သူများနှင့် တွေ့ဆုံကြောင်း သိရသည်။

အခမ်းအနားတွင် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးခွန်စံလွင်က ပအိုဝ်းဘာသာဖြင့် အမှာစကားပြောကြားပြီး ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်က အဖွင့်အမှာစကား ပြောကြားရာတွင် အောင်ဆုဗွေ၊ ပါလောပါကယ်ရှိပြည်သူများ၏ ဒေသလိုအပ်ချက်များကို ကူညီဆောင်ရွက်ပေးရန်အတွက် ရောက်ရှိလာကြောင်း ပြောကြားသည်။

ဆက်လက်၍ ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါက်တာအောင်သန်းမောင်က မူးယစ်ဆေးဝါးကိစ္စရပ်များ မူးယစ်ဆေးဝါးပြဿနာများကို ရှင်းလင်းနိုင်ရန်အတွက် နည်းလမ်းမျိုးစုံ ရှာကြံပေးပြီး မူးယစ်ဆေးဝါးနှင့် ပတ်သက်၍ အပိုင်းနှစ်ပိုင်းရှိကြောင်း၊ ဆေးဖြတ်ခြင်း၊ ပြန်လည်ထူထောင်ခြင်းနှင့် လူငယ်များကို ဆေးဖြတ်၍ လူ့ပတ်ဝန်းကျင်တွင် လူရာဝင်နိုင်ရန်အတွက် ဆောင်ရွက်ပေးကြောင်း၊ မူးယစ်ဆေးဝါးဖြတ်ခြင်းတွင် ပြည်သူများပါဝင်မှသာ အောင်မြင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အောင်ဆုဗွေ၊ ပါလောပါကယ်နှင့် အနီးပတ်ဝန်းကျင်ရှိ တက်ရောက်လာကြသော ဒေသခံ ပြည်သူများက ဒေသဖွံ့ဖြိုးရေးအတွက် ကျေးလက်လမ်းများကောင်းမွန်ရေး မူးယစ်ဆေးဝါးပြဿနာများကြောင့် ဒေသခံပြည်သူများ စိုက်ပျိုးရေးနှင့် ခရီးသွားလာခြင်းတွင် လုံခြုံမှုမရှိခြင်း၊ မူးယစ်ဆေးဝါးကြောင့် ပြည်သူလူထုများ၊ ဒေသခံရပ်မိရပ်ဖများ စိတ်ဆင်းရဲမှုခံစားနေရပါကြောင်းနှင့် မူးယစ်ဆေးဝါးဆေးဖြတ်စခန်းများလိုပါကြောင်း၊ လျှပ်စစ်မီးလင်းရေးတွင် ထရန်စဖော်မာတစ်လုံးသာရှိ၍ လျှပ်စစ်မီးအပြည့်အဝ ရရှိရန် ကူညီဆောင်ရွက်ပေးလိုကြောင်း၊ ပါလောပါကယ်ကျေးရွာတွင် သောက်သုံးရေများရရှိနိုင်ရန် ဆောင်ရွက်ပေးရန်နှင့် တွင်းရေများ ခန်းခြောက်နေပါသဖြင့် ရေသွယ်ယူရေးတွင် လွယ်ကူစေရန် ဆောင်ရွက်ပေးနိုင်ရန်၊ မူးယစ်ဆေးဝါးကိစ္စနှင့် ပတ်သက်၍ ဘိန်းအစားထိုးသီးနှံများ စိုက်ပျိုးနိုင်ရန်အတွက် ကူညီဆောင်ရွက်ပေးစေလိုကြောင်း၊ ဒေသခံပြည်သူများမှ တင်ပြကြကြောင်း သိရသည်။

၎င်းနောက် ဒေသခံပြည်သူများ၏ လိုအပ်ချက်များကို ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်စံလွင်က ပြန်လည်ဖြည့်စွက်ဖြေကြားပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူတို့က မူးယစ်ဆေးဝါးဆေးဖြတ်မည့်စခန်းနှင့် ပြန်လည်ထူထောင်ရေးစခန်း တည်ဆောက်မည့် မြေနေရာများကို လှည့်လည်ကြည့်ရှုကြသည်။ အောင်ဆုဗွေစခန်းမှ ဆက်လက်ထွက်ခွာလာရာ တောင်ကြီးမြို့နယ် ကျောက်တလုံးကြီးမြို့ (၁၆)ခုတင်ဆံ့ ကျန်းမာရေးအဆောက်အအုံ တည်ဆောက်မည့်နေရာနှင့် မြို့နယ် အားကစားကွင်း တည်ဆောက်နေမှုတို့ကို လှည့်လည်ကြည့်ရှုကြကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**



## လယ်မြေဧက ၅၀၀၀ ကျော် ရေကြီးနစ်မြုပ်မှုမဖြစ်စေရေး ရေနုတ်မြောင်းတူးဖော်

**ဝက်လက် ဇန်နဝါရီ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ် သမရိုးကျေးရွာအုပ်စုအတွင်းရှိ တောင်သူများ၏ လယ်မြေဧက ၅၀၀၀ ကျော်အား ရေကြီးနစ်မြုပ်မှုမှ ကာကွယ်ပေးနိုင်ရန်အတွက် သမရိုးစာသင်ကျောင်းဘေးရှိ ရေနုတ်မြောင်းတူးဖော်ခြင်းကို စစ်ကိုင်းတိုင်းဒေသကြီးရန်ပုံငွေဖြင့် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ယင်းလုပ်ငန်းကို စစ်ကိုင်းတိုင်းဒေသကြီးရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိရာ အဆိုပါလုပ်ငန်း ဆောင်ရွက်ရာသို့ ရွှေဘိုခရိုင်အုပ်ချုပ်ရေးမှူး ဦးမောင်ထူး၊ ခရိုင်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးစောသက်ခိုင်ဝင်း၊ ခရိုင်ကျေးလက်ဦးစီးမှူး၊ ဝက်လက်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်မြင့်လှိုင်နှင့် မြို့နယ်မှ တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့ပြီး လုပ်ငန်းများ အချိန်မီပြီးစီးရေး၊ စံချိန်စံညွှန်းပြည့်မီရေး၊ ရေလမ်းကြောင်းဖြောင့်ဖြူးရေးတို့အတွက် ဆောင်ရွက်ရန်လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။

**မြို့နယ် ပြန်/ဆက်(ဝက်လက်)**

## ရဲတပ်ဖွဲ့ဝင်များအား ဒေသသုံးချင်းတိုင်းရင်းသားဘာသာစကား သင်တန်းဖွင့်

**ဟားခါး ဇန်နဝါရီ ၁၈**

ဟားခါးခရိုင်ရဲတပ်ဖွဲ့၏ အစီအစဉ်ဖြင့် ချင်းပြည်နယ်ရဲတပ်ဖွဲ့မှူးရုံး လက်အောက်ရှိ ပြည်နယ်ရဲအကူ တပ်ဖွဲ့ခွဲ၊ ဟားခါးခရိုင်ရဲတပ်ဖွဲ့မှူးရုံးနှင့် ဟားခါးမြို့နယ်ရဲတပ်ဖွဲ့တို့ရှိ တပ်ဖွဲ့ဝင် ၄၀ တို့အတွက် ဒေသသုံး ချင်းတိုင်းရင်းသားဘာသာစကား သင်တန်းဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁၆ ရက် နံနက် ၉ နာရီက ချင်းပြည်နယ်ရဲတပ်ဖွဲ့ ရဲဇာနည်ခန်းမ၌ ကျင်းပရာ အခမ်းအနားတွင် ချင်းပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးဝင်းဗိုလ်က သင်တန်းဖွင့်အမှာစကား ပြောကြားသည်။

အဆိုပါ သင်တန်းတွင် (CACC) ရုံးမှ ဒေါက်တာလာလ်အုပ်၊ ဟားခါးမြို့နယ်ရဲတပ်ဖွဲ့မှ ရဲတပ်ကြပ်ကြီးထန်းဘူ၊ ရဲတပ်ကြပ်ကြီးရွှေဘိခ့်တို့က သင်ကြားပို့ချသွားမည်ဖြစ်ပြီး သင်တန်းကာလမှာ ရက်သတ္တခြောက်ပတ်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**(ဟားခါးခရိုင် ပြန်/ဆက်)**

# ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်း၌ အချိန်ရင်း၍ ပညာသင်ယူခြင်းဖြင့် ကျေးလက်နေလူငယ်များ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိ

**မိတ္ထီလာ ဇန်နဝါရီ ၁၈**

မိတ္ထီလာမြို့နယ် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်းတွင် အချိန်ရင်းနှီး၍ ပညာသင်ယူခြင်းဖြင့် ကျေးလက်နေလူငယ်များ အလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုရရှိလျက်ရှိကြောင်း သိရသည်။

"ရက်ကန်းနဲ့ အသက်မွေးပညာသင်တန်းကျောင်း တက်ရောက်ပြီး ရက်ကန်းပညာ လာရောက်သင်ယူသူ အများစုက ကျေးလက်နေလူငယ်တွေဖြစ်ပါတယ်။ သူတို့အတွက် အချိန်ခြောက်လ၊ တစ်နှစ် ရင်းနှီးပြီးတော့ ရက်ကန်းနဲ့ပတ်သက်တဲ့ လက်ရက်ကန်း၊ ချည်မျှင်နဲ့ အထည်အလိပ် ကျွမ်းကျင်ပညာ၊ စက်မောင်းစက်ပြင် ပညာတွေကို သင်ယူပြီးရင် သူတို့အတွက် အလုပ်အကိုင် အခွင့်အလမ်းတွေ ပိုမိုရရှိပါတယ်။ ဒီသင်တန်းမှာ တက်ရောက်ဆဲကာလအတွင်းမှာပဲ ဝမ်းတွင်း၊ မိတ္ထီလာ၊ အမရပူရ၊ မန္တလေးမြို့တွေမှာရှိတဲ့ ရက်ကန်းလုပ်ငန်းရှင်တွေက သူတို့အလုပ်ရုံမှာ အလုပ်လာလုပ်ကြဖို့ ကြိုတင်ပြီးတော့ လူခေါ်ထားတာမျိုးတွေရှိတယ်။

ရက်ကန်းလုပ်သားကလည်း ဒီနေ့ခေတ်မှာ အရင်ကထက် ပိုပြီးရှားပါးလာတာကြောင့်လည်းပါတယ်။ ပြီးတော့ မိတ္ထီလာ ရက်ကန်းသင်တန်းကျောင်းဆင်းဆိုရင် ရက်ကန်းလုပ်ငန်းပိုင်ရှင်တွေကလည်း ပညာရပ်ပိုင်းမှာ စိတ်ချရတယ်ဆိုပြီးတော့ ဦးစားပေးခေါ်ချင်ကြတယ်" ဟု ယင်းသင်တန်းကျောင်းမှ တာဝန်ခံကျောင်းအုပ် ဦးသာဝက ပြောသည်။

ယခုအခါ မိတ္ထီလာ ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်းမှာ သင်တန်းသား၊ သင်တန်းသူများအနေဖြင့်စက်မောင်းစက်ပြင် ၁၀ ဦး၊ လက်ရက်ကန်း ခြောက်လသင်တန်း ၁၀ ဦး၊ ချည်မျှင်နှင့် အထည်အလိပ်ကျွမ်းကျင်တစ်နှစ် သင်တန်းတို့ရှိသည်။ သင်တန်းသား ၂၀ တက်ရောက်သင်ကြားလျက်ရှိပြီး ပညာသင်ကြားရာတွင် ပိုမိုအဆင်ပြေချောမွေ့စေရန်နှင့် သင်ကြားပို့ချမှု အထောက်အကူပြုစေရန် ရည်ရွယ်ချက်ဖြင့် နှစ်ထပ်စာသင်ဆောင်သစ်တစ်ဆောင်ကို ဆောက်လုပ်လျက်ရှိကြောင်း သိရသည်။

**ချမ်းသာ (မိတ္ထီလာ)**



## အသိပညာ၊ အတတ်ပညာများ ပိုမိုသိရှိစေမည့် အခွင့်အရေးကောင်း မြင်းခြံမြို့တွင် ပထမဦးဆုံးအကြိမ် ကျင်းပမည်

**မြင်းခြံ ဇန်နဝါရီ ၁၈**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့ အမှတ် (၁) အခြေခံပညာ အထက်တန်းကျောင်း ပွဲပွားဆောင်၌ အသိပညာ၊ အတတ်ပညာများ ဆွေးနွေးဖလှယ်မည့် Bar Camp Myingyan ကို ဇန်နဝါရီ ၂၁ ရက် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ Bar Camp Myingyan 2017 တွင် မိမိတို့သိထားသော အသိပညာ၊ အတတ်ပညာများကို မျှဝေခြင်း၊ ဆွေးနွေးခြင်း၊ မေးမြန်းခြင်းတို့ကို တက်ရောက်လာသူများက ပြုလုပ်နိုင်မည်ဖြစ်သည်။ အသိပညာ၊ အတတ်ပညာ၊ နည်းပညာများကို ဦးစိုးသီဟနောင် (Myanmar Link)၊ ဦးဥက္ကာကျော် (ကွန်ပျူတာပညာရှင်အသင်း)၊ ဦးနေဝင်းအောင် (ကွန်ပျူတာပညာရှင်အသင်း)၊ ဦးတင်မောင်အေး (MyMe)၊ Mido အဖွဲ့၊ Pen Myanmar ၊ ဦးကိုကိုကြီး၊ ဦးညဏ်မြင့်မောင်၊ ဦးအဂ္ဂ၊ ဦးသန်းဇော်ဦး၊ ဦးမင်းဇော်ဦး၊ ဒေါ်သဥ္ဇာရွှန်းလဲ့ရည်နှင့် နန်းခင်ဇေယျာတို့က ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး၊ ရသစာပေ၊ နိုင်ငံရေး၊ လူငယ်ဘဝ သိကောင်းစရာအစရှိသည့် အကြောင်းအရာများကို လာရောက်ဆွေးနွေးသွားမည်ဖြစ်သည်။

တက်ရောက်လိုသူများအနေဖြင့် www.barcampmyingyan.org တွင် Online Registration ပြုလုပ်နိုင်ပြီး မြင်းခြံမြို့နှင့်နီးသော အရပ်ဒေသများမှလည်း ကျင်းပမည့်နေ့တွင် မည်သူမဆိုတက်ရောက်နိုင်သည်။

အဆိုပါ နည်းပညာနှီးနှောဖလှယ်ပွဲတွင် မိမိတို့သိရှိသမျှကို ဖြန့်ဝေအသိပေးခြင်း၊ သိလိုသည်တို့ကို မေးမြန်းဆွေးနွေးခြင်းတို့ဖြင့် အသိပညာ၊ အတတ်ပညာများ ပိုမိုသိရှိမည့် အခွင့်အရေးကောင်းဖြစ်ကြောင်းနှင့် ယခုပြုလုပ်သော Bar Camp သည် မြင်းခြံမြို့တွင် ပထမဆုံးအကြိမ်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**ဇော်မင်းနိုင် (မြင်းခြံ)**

## မန်စီမြို့၌ စက်သုံးဆီဆိုင်များ မီးဘေးကြိုတင်ကာကွယ်ရေး ဆောင်ရွက်ထားမှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေး

**ဗန်းမော် ဇန်နဝါရီ ၁၈**

ကချင်ပြည်နယ် ဗန်းမော်ခရိုင် မန်စီမြို့ပေါ်ရှိ အသေးစား (DC)ပန့်သုံးဆီဆိုင်များ မီးဘေးအန္တရာယ် ကင်းရှင်းရေးအတွက် မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု ရှိ၊ မရှိကို ဇန်နဝါရီ ၁၆ ရက် နံနက် ၁၀ နာရီက မြို့နယ်မီးသတ်ဦးစီးမှူး ဦးပြည့်ဖြိုးအောင် ဦးဆောင်သော တပ်ဖွဲ့ဝင်နှင့် မြို့နယ်ရဲတပ်ဖွဲ့မှ ရဲအုပ်ဝင်းဆန်းအောင်၊ မြို့နယ်လျှပ်စစ်ဦးစီးမှူး ဦးဇော်လင်းထွန်း၊ မြို့နယ်စည်ပင်သာယာရေး အမှုဆောင်အရာရှိ ဦးတင်ကိုလွင်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးငွေလင်းတို့ ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။

ထိုသို့ စစ်ဆေးခဲ့ရာတွင် စက်သုံးဆီများ သိုလှောင်ထားမှု အခြေအနေ၊ မီးဘေးကြိုတင်ကာကွယ်ရေး အသုံးအဆောင်ကိရိယာများ တပ်ဆင်ထားရှိမှုအခြေအနေ၊ လျှပ်စစ်ပစ္စည်းများ တပ်ဆင်ထားမှု အခြေအနေတို့ကို အဓိကစစ်ဆေးခဲ့ကြပြီး မြို့နယ်လျှပ်စစ်ဦးစီးဌာနက လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ခရိုင်ပြန်/ဆက်**

# မြဝတီမြို့ အာဇာနည်ပန်းခြံ၌ ထားရှိမည့် ဗိုလ်ချုပ်ကြေးရုပ်တု မြဝတီမြို့သို့ရောက်ရှိ



**မြဝတီ ဇန်နဝါရီ ၁၈**
ကရင်ပြည်နယ် မြဝတီခရိုင် မြဝတီမြို့ အာဇာနည်ပန်းခြံတွင် ဗိုလ်ချုပ်ကြေးရုပ်ထားရှိမည်ဖြစ်ရာ အဆိုပါ ဗိုလ်ချုပ်ကြေးရုပ်တုအား ရန်ကုန်မြို့ တောင်ဒဂုံ ယဉ်ကျေးမှုတက္ကသိုလ်အနီးရှိ ပညာရှင်ကိုအောင်ကျော်ထွန်း၏အလုပ်ရုံတွင် သွန်းလုပ်ရာ ပြီးစီးခဲ့သည့်အတွက် သွားရောက်သယ်ဆောင်ရာ ဇန်နဝါရီ ၁၅ ရက်က မြဝတီမြို့သို့ ရောက်ရှိခဲ့သည်။

အဆိုပါ ဗိုလ်ချုပ်ကြေးရုပ်တုကို ကရင်ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇင်အောင်၊ မြဝတီမြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးသန်းရွှေတို့ ဦးဆောင်သောအဖွဲ့များက သယ်ဆောင်ခဲ့ခြင်းဖြစ်သည်။ အဆိုပါ ဗိုလ်ချုပ်ကြေးရုပ်တုအား သယ်ဆောင်ရာတွင် ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်တို့အား ဖြတ်သန်းခဲ့ပြီး သက်ဆိုင်ရာ ပြည်နယ်၊ တိုင်းဒေသကြီး လူမှုကယ်ဆယ်ရေးအသင်းများမှ ဆင့်ကဲဆင့်ကဲ သယ်ဆောင်၍ လွှဲပေးခဲ့ခြင်းဖြစ်သည်။

အလားတူ အဆိုပါဗိုလ်ချုပ်ကြေးရုပ်တု ကရင်ပြည်နယ် ဘားအံမြို့သို့ ရောက်ရှိစဉ် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်နှင့် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစောချစ်ခင်နှင့် လွှတ်တော်ကိုယ်စားလှယ်များက ဗိုလ်ချုပ်ကြေးရုပ်တုအား လာရောက်ဂါရဝပြုပြီး အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးခဲ့ကြောင်း သိရသည်။

ယင်းနောက် ဇန်နဝါရီ ၁၅ ရက်တွင် ဘားအံမြို့မှတစ်ဆင့် မြဝတီမြို့သို့ သယ်ဆောင်ခဲ့ရာ ခရီးစဉ်တစ်လျှောက်တွင် ပြည်သူလူထုများ၊ ကျောင်းသား၊ ကျောင်းသူများက သောင်းသောင်းဖျဖျ ကြိုဆိုခဲ့သည်။ အဆိုပါ ဗိုလ်ချုပ်ကြေးရုပ်တုသည် ကြေးပိဿာချိန် ၂၈၀ ရှိပြီး ငွေကျပ်တန်ဖိုး သိန်း ၁၃၀ ဖြစ်ကြောင်း သိရသည်။

"ဗိုလ်ချုပ်ကြေးရုပ်ကို မြဝတီမြို့က တာဝန်ရှိသူတွေ၊ အရပ်ဘက်အဖွဲ့အစည်းတွေ၊ လွှတ်တော်ကိုယ်စားလှယ်တွေက လွန်ခဲ့တဲ့ ၂၀၁၄ ခုနှစ်ကတည်းက စတင်ညှိနှိုင်းဆောင်ရွက်ခဲ့တာ ဒီကနေ့မှာ အကောင်အထည်ပေါ်ခဲ့တာပါ။ ဗိုလ်ချုပ်ကြေးရုပ် သယ်ဆောင်ရာလမ်းတစ်လျှောက်မှာ ပြည်သူတွေ သောင်းသောင်းဖျဖျကြိုဆိုတာ တွေ့ရတော့ ဗိုလ်ချုပ်ဆိုတာ ပြည်သူတွေရဲ့ရင်ထဲမှာရှိတဲ့အတွက် အလွန်ဝမ်းသာမိပါတယ်"ဟု ပြည်သူတစ်ဦးက ပြောကြားသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

## လိုရာခရီးရောက်ရှိရေး ဝိုင်းဝန်းကူညီဆောင်ရွက်ပေး

**ရန်ကုန် ဇန်နဝါရီ ၁၈**
ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် တောင်လုံးပြန်ရပ်ကွက် စာတိုက်မှတ်တိုင်၌ ဇန်နဝါရီ ၁၆ ရက် နံနက်ပိုင်းက ခရီးသွားပြည်သူများ သွားလာမှုလွယ်ကူစေရေးအတွက် မင်္ဂလာတောင်ညွန့်မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးခင်မောင်ဦး၏ စီစဉ်ကြီးကြပ်မှုဖြင့် ရဲအုပ်ဝင်းထွန်းနှင့်အဖွဲ့၊ တောင်လုံးပြန်ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးမျိုးသန့်နှင့်အဖွဲ့၊ လမ်းညွှန်ကူညီရေးအဖွဲ့များ ပူးပေါင်းကာ ခရီးသွားပြည်သူများ လိုရာခရီးရောက်ရှိစေရေး ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(၁၁၈)**

## ရေးမြို့နယ်မှထွက်ရှိသော ကွမ်းသီးခွံကုန်ကြမ်းများ တရုတ်နိုင်ငံသို့ တိုက်ရိုက်တင်ပို့ရောင်းချ

**ရေး ဇန်နဝါရီ ၁၈**
မွန်ပြည်နယ် ရေးမြို့နယ်ဒေသမှထွက်ရှိသော ကွမ်းသီးခွံကုန်ကြမ်းများကို လားရှိုး-မူဆယ် ကုန်သွယ်ရေးလမ်းကြောင်းမှတစ်ဆင့် တရုတ်နိုင်ငံသို့ အဓိကတင်ပို့ရပြီး ကုန်ကြမ်းကွမ်းသီးအခွံရည်များကို တိုင်းရင်းဆေးဝါးထုတ်လုပ်ရာတွင် အဓိကအသုံးပြုရန်ဖြစ်ကြောင်း သိရသည်။

ရေးဒေသမှထွက်ရှိလာသော ကွမ်းသီးခွံကုန်ကြမ်းများကို ပိဿာချိန် ၁၀ သိန်းမှ ၁၅ သိန်းအကြား ဝယ်ယူတင်ပို့ရပြီး ကုန်ကြမ်းတစ်ပိဿာလျှင် ကျပ် ၁၀၀ အထိပေးဝယ်ရကာ နိုင်ငံခြားငွေလဲနှုန်း အပြောင်းအလဲပေါ်မှာမူတည်ပြီး ဈေးနှုန်း အပြောင်းအလဲဖြစ်နေသော်လည်း ကုန်ကြမ်းဝင်ရောက်မှုက လာမည့်ကွမ်းသီးရာသီမှာ ကုန်ကြမ်းကျဆင်းလာဖွယ်ရှိနေကြောင်း ရေးမြို့နယ် ဟံဂံကျေးရွာနေ ကွမ်းသီးခွံရောင်းဝယ်ရေးလုပ်ကိုင်နေသူဦးဝင်းက ပြောသည်။

ရေးမြို့နယ်တွင် ကွမ်းသီးခွံကုန်ကြမ်းဝယ်ယူသူမှာ ဟံဂံဒူးယားကျေးရွာမှ အဓိကဝယ်ယူပြီး လွန်ခဲ့သော ၂၀၀၀ ပြည့်နှစ်လောက်မှစတင်ကာ ကွမ်းသီးခွံကို တရုတ်နိုင်ငံသို့ စတင် တင်ပို့ရောင်းချရာ ကွမ်းသီးခွံကို ခြံရှင်တောင်သူများမှာ ဈေးကွက်ဝင်မည့်အခြေနေကို မသိရှိနေစဉ်ချိန်ဖြစ်ပြီး ၂၀၀၆ ခုနှစ် နောက်ပိုင်းတွင်မှ ကွမ်းသီးခွံဈေးကွက်အတွင်း ပိုမိုကျယ်ပြန့်စွာ အရောင်းအဝယ်ဖြစ်ထွန်းပြီး ယနေ့အချိန်အခါတွင် ကွမ်းသီးခွံဈေးကွက်မှာ နေရာယူထားဆဲဖြစ်ကြောင်း သိရသည်။

**ထွဋ်ထွဋ်(ရေး)**

## သစ်တောဥပဒေစိုးမိုးမှု၊ အုပ်ချုပ်မှုနှင့် ကုန်သွယ်မှုဆိုင်ရာ အလုပ်ရုံဆွေးနွေး

**ဘားအံ ဇန်နဝါရီ ၁၈**
ကရင်ပြည်နယ် ဘားအံမြို့တွင် မြန်မာနိုင်ငံနှင့် ဥရောပသမဂ္ဂတို့ သစ်တောဥပဒေစိုးမိုးမှု၊ အုပ်ချုပ်မှုနှင့် ကုန်သွယ်မှုဆိုင်ရာမိတ်ဖက်အဖြစ် ဆန္ဒအလျောက် သဘောတူညီချက်ချမှတ်ဆောင်ရွက်နိုင်ရေးလုပ်ငန်းစဉ် FLEGT–VPA ဆောင်ရွက်မှု အလုပ်ရုံဆွေးနွေးပွဲကို ဇန်နဝါရီ ၁၇ ရက် နံနက် ၉ နာရီက တော်ဝင်ရတနာဟိုတယ်၌ ကျင်းပသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် ကရင်ပြည်နယ် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ သစ်တော၊ သတ္တုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးစောပြည်သာက အမှာစကားပြောကြားရာတွင် FLEGT–VPA လုပ်ငန်းစဉ်များ ဆောင်ရွက်နိုင်ရန်အတွက် ကရင်ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် လက်တွဲဆောင်ရွက်သွားရန် အသင့်ဖြစ်ပါကြောင်းနှင့် ဆက်စပ်ပတ်သက်နေသော အစိုးရဌာနအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍလုပ်ငန်းရှင်များ၊ ဒေသခံပြည်သူများ၊ CSO များအားလုံး အပြုသဘောဆောင်ပြီး တက်ကြွစွာ ပူးပေါင်းဆောင်ရွက်သွားကြရန် ထည့်သွင်းပြောကြားခဲ့ပြီး FLEGT facilitator ဦးကျော်ထွန်းက နောက်ခံသမိုင်းနှင့် ကျင်းပရသည့် ရည်ရွယ်ချက်များအား ရှင်းလင်းတင်ပြကာ အလုပ်ရုံဆွေးနွေးပွဲကို ဆက်လက်ကျင်းပသည်။

ယခုကျင်းပသည့် အလုပ်ရုံဆွေးနွေးပွဲသည် သစ်တောနှင့်ပတ်သက်သည့် ကိစ္စရပ်များကို အဓိကထားဆွေးနွေးမည့် အလုပ်ရုံဆွေးနွေးပွဲဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏သစ်တောဖုံးလွှမ်းမှုသည် ၁၉၇၅ ခုနှစ်တွင် ၆၁ ရာခိုင်နှုန်းရှိရာမှ ၂၀၁၀ ခုနှစ်တွင် ၄၇ ရာခိုင်နှုန်း၊ ၂၀၁၅ ခုနှစ်တွင် ၄၂ ဒသမ ၉၂ ရာခိုင်နှုန်းသို့ လျော့နည်းလာရာ သစ်တောဖုံးလွှမ်းမှု ပျမ်းမျှနှစ်စဉ် သုည ဒသမ ၉၅ ရာခိုင်နှုန်း ဆုံးရှုံးနေကြောင်း၊ သစ်တောသယံဇာတကောက်ယူမှုစာရင်းများ အရသိရှိရပြီး FLEGT–VPA လုပ်ငန်းစဉ်သည် ဥရောပသမဂ္ဂ၏ လုပ်ငန်းစဉ်တစ်ခုဖြစ်ကြောင်း၊ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံစိတ်ချရေးနှင့် စဉ်ဆက်မပြတ် ညီညွတ်မျှတသော သစ်တောသယံဇာတ ခွဲဝေသုံးစွဲနိုင်ရေးကို အထောက်အပံ့ဖြစ်စေသည့် သစ်တောစီမံခန့်ခွဲအုပ်ချုပ်ခြင်း တိုးတက်ကောင်းမွန်လာစေရန်အတွက် FLEGT–VPA ကို မြန်မာနိုင်ငံတွင် လုပ်ဆောင်ရန်လိုအပ်ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

## ပန်းလှိုင်–ပူတောင်း ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်

**ပူတာအို ဇန်နဝါရီ ၁၈**
ကချင်ပြည်နယ် ပူတာအိုခရိုင်အတွင်း ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်မှုအနေဖြင့် ပူတာအိုမြို့ ပန်းလှိုင်ရပ်ကွက်မှ ပူတောင်းကျေးရွာနှင့် ပမ္မတီးအုပ်စုသို့ ဆက်သွယ်ထားသောလမ်းအား ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ကျောက်ချောလမ်းတစ်မိုင်လေးဖာလုံအား ခွင့်ပြုငွေကျပ် ၁၇၂ သန်းဖြင့် မလိခညီအစ်ကိုများကုမ္ပဏီက တာဝန်ယူဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၁၇ ရက်တွင် လုပ်ငန်း ၅၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ပန်းလှိုင်-ပူတောင်း ကျောက်ချောလမ်းဆောင်ရွက်နေမှုအား ကချင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးတင်နု၊ လက်ထောက်ညွှန်ကြားရေးမှူး (နည်းပညာ) ဦးသန်းထွန်းဝင်း၊ ခရိုင်ဦးစီးမှူး ဦးစောသီဟတို့က ကျောက်ချောလမ်းခင်းနေမှုအား ကွင်းဆင်းစစ်ဆေးခဲ့ပြီး လမ်းအရည်အသွေးပြည့်မီစွာ ဆောင်ရွက်နိုင်ရေး အသေးစိတ်မှာကြားခဲ့ကြောင်း သိရသည်။

၎င်းလမ်းပေါ်တွင် လမ်းသက်တမ်းကြာရှည်တည်တံ့ခိုင်မြဲစေရန်အတွက် ကွန်ကရစ်ရေပြွန် ၅ ပေ×ပေ ၂၀၊ Box Cutvert လေးစင်းအား ခွင့်ပြုငွေကျပ် ၁၀ သန်းဖြင့် ပူတာအိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးက တာဝန်ယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **ခရိုင်ပြန်/ဆက် (ပူတာအို)**

## မှုခင်းပညာပေးယာဉ်ဖြင့် မှုခင်းပညာပေးလုပ်ငန်းများ ဆောင်ရွက်

**သန်လျင် ဇန်နဝါရီ ၁၈**
ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှ မှုခင်းပညာပေးပြခန်းယာဉ်နှင့်အတူ အမှတ် ၆ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးတပ်ဖွဲ့စုမှ ရဲအုပ်သိန်းဌေး၊ အမှတ် ၄၂ မူးယစ်တပ်ဖွဲ့စုမှ ရဲအုပ်ဇော်မင်းအေး၊ အမှတ် ၆၀ ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ ဒုရဲမှူးစောမူရှေး၊ သန်လျင်မြို့နယ် ရဲတပ်ဖွဲ့မှူးရဲမှူးမြင့်ဦးနှင့် ရဲမေတပ်ဖွဲ့ဝင်များသည် သန်လျင်မြို့ မြို့ဟောင်းရပ်ကွက် အောင်သုခမီးပွိုင့်အနီးတွင် တစ်ကြိမ်၊ မြို့မမြောက်ရပ်ကွက် သိမ်ကျောင်းလမ်း မြို့နယ်စည်ပင်သာယာရေးရုံးရှေ့တွင် တစ်ကြိမ်၊ ကျိုက်ခေါက်ဘုရားလမ်း အောင်ချမ်းသာကုန်းထိပ်တွင်တစ်ကြိမ် မော်တော်ယာဉ်အားရပ်တန့်၍ ရဲတပ်ဖွဲ့ဝင်များက ပြည်သူလူထုသို့ မှုခင်းကျဆင်းရေး၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာတတ်စေရေးနှင့် ဝန်ဆောင်မှုကိုရှေးရှုသော ရဲလုပ်ငန်းစနစ်ဆောင်ရွက်နေမှုတို့ကို ပြည်သူများ သိရှိနားလည်လာနိုင်စေရန် ဟောပြောဆွေးနွေး၍ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**(၆၈၉)**

## ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများစစ်ဆေး

**တွန်းဇံ ဇန်နဝါရီ ၁၈**
ချင်းပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဇန်နဝါရီ ၁၆ ရက် မွန်းလွဲ ၃ နာရီက တွန်းဇံမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေကို ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြသည်။

ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးကျော်ကျော်၊ လူမှုရေးဝန်ကြီး ဦးပေါင်လွန်းမင်ထန်နှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် ဇန်နဝါရီ ၁၆ ရက်တွင် တွန်းဇံမြို့နယ် ကလေး-တီးတိန်-တွန်းဇံလမ်းပေါ်ရှိ တံတားဦးစီးဌာန တံတားအထူးအဖွဲ့(၁)မှ တာဝန်ယူတည်ဆောက်နေသော တွီးဟာရ်ချောင်းကူးတံတားနှင့် ဗျဲလ်ကျင်းတံတားတည်ဆောက်နေမှုအခြေအနေ၊ လမ်းဦးစီးဌာနမှ ဆောင်ရွက်နေသော ဗျဲလ်ကျင်းချောင်း ရေကာတာတည်ဆောက်နေမှုအခြေအနေ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဆောင်ရွက်ခဲ့သော ဗျဲလ်ကျင်း-ဂမ်လိုင်ကြား မဏိပူရ်မြစ်ကူးကြိုးတံတား တည်ဆောက်ပြီးစီးမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဇန်နဝါရီ ၁၇ ရက်တွင် ကလေး-တီးတိန်-တွန်းဇံ-ကျီခါးလမ်းပေါ်ရှိ တံတားဦးစီးဌာန တံတားအထူးအဖွဲ့(၂)မှ တာဝန်ယူတည်ဆောက်နေသော နတ်ဇန်မဏိပူရ်မြစ်ကူးတံတားတည်ဆောက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများ အရည်အသွေးပြည့်မီအောင်နှင့် အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## အသည်းရောင် (B) ပိုးရှိ–မရှိ စစ်ဆေးခြင်းနှင့် (B) ပိုး ကာကွယ်ဆေးထိုး

**တိုက်ကြီး ဇန်နဝါရီ ၁၈**
မြန်မာနိုင်ငံအသည်းရောင်ရောဂါဖောင်ဒေးရှင်းမှ တိုက်ကြီးမြို့ အထွေထွေကုဆရာဝန်များ၊ နိဗ္ဗာန်ချမ်းသာနာရေးကူညီမှုနှင့် အုန်းကုန်းဘုရားကျောင်းဂေါပကအဖွဲ့တို့ ပူးပေါင်းပံ့ပိုးမှုဖြင့် အခမဲ့ကုသိုလ်ဖြစ် အသည်းရောင် (B) ပိုးရှိ-မရှိ စစ်ဆေးပေးခြင်းနှင့် အသည်းရောင် (B) ပိုး ကာကွယ်ဆေးထိုးပေးခြင်းလုပ်ငန်းကို တိုက်ကြီးမြို့ ဘူတာရပ်ကွက် အုန်းကုန်းခန်းမ၌ ဇန်နဝါရီ ၁၅ ရက် နံနက် ၈ နာရီမှစ၍ ပြုလုပ်ကြောင်း သိရသည်။

အသည်းရောင် (B) ပိုးရှိ-မရှိ စစ်ဆေးခြင်းနှင့် အသည်းရောင် (B) ပိုးကာကွယ်ဆေးထိုးပေးခြင်းကို ရန်ကုန်မြို့ မြန်မာနိုင်ငံအသည်းဖောင်ဒေးရှင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ပြုံးကြည်ဦးဆောင်သော ဆရာဝန်များနှင့် တိုက်ကြီးမြို့ အထွေထွေကုဆရာဝန်များပူးပေါင်း၍ ကာကွယ်ဆေးထိုးနိုင်ရန် (B) ပိုးရှိ-မရှိ စစ်ဆေးခြင်းအတွက် စာရင်းပေးသွင်းခြင်းဆောင်ရွက်ပြီး (B) ပိုးမရှိသောသူများကို (B) ပိုးရောဂါကာကွယ်ဆေး ၁၂၀၀ ထိုးနှံပေးခဲ့ကြောင်း သိရသည်။ **ထွန်းလှိုင်(မြိုင်)**



## စီမံကိန်းရေးဆွဲရေးနှင့် အကောင်အထည်ဖော်ရေး ကော်မတီ အစည်းအဝေး (၁/၂၀၁၇) ကျင်းပ

**တပ်ကုန်း ဇန်နဝါရီ ၁၈**
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန တပ်ကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော လူထုဗဟိုပြုစီမံကိန်း တတိယနှစ်စက်ဝန်းအတွင်း စီမံကိန်းရေးဆွဲရေးနှင့်အကောင်အထည်ဖော်ရေးကော်မတီအစည်းအဝေး (၁/၂၀၁၇) အခမ်းအနားကို ဇန်နဝါရီ ၁၆ ရက် မွန်းလွဲ ၁ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်တင့်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းနိုင်နှင့် ဌာနဆိုင်ရာများ၊ ကျေးရွာစီမံကိန်းကော်မတီဥက္ကဋ္ဌနှင့် အထောက်အကူပြုအဖွဲ့ဝင်များ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ တက်ရောက်ခဲ့သည်။

အခမ်းအနားတွင် တပ်ကုန်းမြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်တင့်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ဟိန်းက လူထုဗဟိုပြုစီမံကိန်း တတိယနှစ်စက်ဝန်းအတွင်း အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျေးရွာအလိုက်စီမံကိန်းလုပ်ငန်းခွဲများနှင့် လျာထားငွေများ ရှင်းလင်းတင်ပြသည်။ ထို့နောက် တက်ရောက်လာသူများက လူထုဗဟိုပြုစီမံကိန်းလုပ်ငန်းခွဲများအား သိရှိလိုသည်များမေးမြန်းကြရာ မြို့နယ်ဦးစီးမှူး ဦးကျော်ဟိန်းက ပြန်လည်ရှင်းလင်းဖြေကြားပေးခဲ့ပြီးနောက် လူထုဗဟိုပြုစီမံကိန်း တတိယနှစ်စက်ဝန်းအတွင်း စီမံကိန်းရေးဆွဲရေးနှင့် အကောင်အထည်ဖော်ရေးကော်မတီအစည်းအဝေး (၁/၂၀၁၇) အခမ်းအနား၏ အတည်ပြုချက်ဖြင့် ကျေးရွာပေါင်း ၃၃ ရွာတွင် စီမံကိန်းလုပ်ငန်းခွဲပေါင်း ၃၈ ခုကို မကြာမီအကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

**တင်စိုးလွင်(ပြန်/ဆက်)**

## နွေစပါးစိုက်ပျိုးနည်းစနစ်ဖြင့် လက်တွေ့သရုပ်ပြပွဲနှင့် တောင်သူပညာပေးဆွေးနွေးပွဲကျင်းပ



**မိုင်းဖြတ် ဇန်နဝါရီ ၁၈**
ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် မိုင်းဖြတ်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် တောင်သူများအား စိုက်ပျိုးရေးနည်းပညာဆိုင်ရာ ဗဟုသုတများ တိုးပွားစေရန်၊ ထုတ်လုပ်မှုစရိတ်လျော့နည်းပြီး အကျိုးအမြတ်အများဆုံးရရှိစေရန်နှင့် လက်တွေ့ကျင့်သုံးလိုက်နာဆောင်ရွက်တတ်စေရန်အတွက် ပညာပေးလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၁၆ ရက် နံနက် ၉ နာရီက နမ့်ကုန်းအုပ်စု ဟောင်ဟင်ကျေးရွာ တောင်သူဦးသန်းလွင်၏ လယ်မြေ ၂ ဧကတွင် တောင်သူပညာပေးဆွေးနွေးပွဲနှင့် နွေစပါးစိုက်နည်းစနစ်လေးမျိုး စမ်းသပ်ကွင်းမှ SRI စိုက်ပျိုးနည်းစနစ်အား လက်တွေ့စိုက်ပျိုးပြသမှုကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးလှိုင်က အဖွင့်အမှာစကားပြောကြား၍ ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန (ကျိုင်းတုံ) ဒုတိယပြည်နယ်ဦးစီးမှူး ဦးတင်ဦးက ပညာပေးဆွေးနွေးပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်နှင့် နွေစပါး SRI စိုက်ပျိုးနည်းစနစ်အကြောင်းကို ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် စမ်းသပ်ကွင်းတွင် မိုင်းဖြတ်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသန်းထွဋ်လွင်က SRI စိုက်ပျိုးနည်းစနစ်ဖြင့် တစ်ဧကထုတ်လုပ်မှု စရိတ်လျော့နည်းပြီး တောင်သူအကျိုးအမြတ် အများဆုံးရရှိကြောင်းကို ရှင်းလင်းဟောပြော၍ လက်တွေ့စိုက်ပျိုးပြသခဲ့သည်။ ဆက်လက်၍ စိုက်ပျိုးရေးဦးစီးဌာန ကျိုင်းတုံမှ ဒုတိယပြည်နယ် မျိုးစေ့တာဝန်ခံ ဦးဝင်းမြတ်ဇော်က မျိုးကောင်းမျိုးသန့် သုံးစွဲနည်းပညာများကို ရှင်းလင်းဆွေးနွေးပြီး သီးနှံကာကွယ်ရေးတာဝန်ခံ ဦးစိုင်းနေကြာတစ်က သီးနှံများတွင်ကျရောက်တတ်သည့် ပိုးမွှားရောဂါကာကွယ်နှိမ်နင်းနည်းပညာများကို ရှင်းလင်းဆွေးနွေးခဲ့သည်။

အခမ်းအနားသို့ ရှမ်းပြည်နယ် (အရှေ့ပိုင်း) စိုက်ပျိုးရေးဦးစီးဌာန (ကျိုင်းတုံ) ဒုတိယပြည်နယ်ဦးစီးမှူး ဦးတင်ဦး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးလှိုင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်ကွက်/ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် တောင်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ဖာပွန်မြို့နယ်၌ ဆောင်းသီးနှံများ ယခင်နှစ်များထက် ပိုမိုအောင်မြင်ဖြစ်ထွန်း



**ဖာပွန် ဇန်နဝါရီ ၁၈**
ကရင်ပြည်နယ် ဖာပွန်မြို့နယ်မဲသလွတ်ကျေးရွာအုပ်စု ဝေ့နောင်ကျေးရွာနှင့် တံခွန်တိုင်ကျေးရွာအုပ်စုတို့တွင် စိုက်ပျိုးရေးကို အဓိကအားထားစိုက်ပျိုးကြသည်ဖြစ်ရာ ကိုင်းကျွန်းများတွင် ကျေးရွာဒေသဖွံ့ဖြိုးစေမည့် ဆောင်းသီးနှံများဖြစ်သော ဒေသစိုက် ပဲပုပ်၊ ဆောင်းမြေပဲ၊ နှမ်းနှင့် ဖူးစားပြောင်းများစိုက်ပျိုးရာ အောင်မြင်ဖြစ်ထွန်းလျက်ရှိပြီး ရောဂါကျရောက်မှုမှ ကာကွယ်ပေးနိုင်ရေး၊ ခေတ်မီနည်းစနစ်များဖြင့် ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုနိုင်ရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများသည် ဇန်နဝါရီ ၁၆ ရက် နံနက်ပိုင်းက သွားရောက် စစ်ဆေးခဲ့ကြောင်း သိရသည်။

ဖာပွန်ဒေသတွင် ဈေးကွက်အားဖြင့် ပေါက်ဈေးမှာ အခွံပါမြေပဲတောင့်တစ်တင်းငွေကျပ် ၁၂၅၀၀၊ မြေပဲအဆန်တစ်ပိဿာလျှင် ငွေကျပ် ၁၉၅၀ ကျပ်နှုန်း၊ နှမ်းတစ်တင်းလျှင် ငွေကျပ် ၁၈၀၀၀ နှုန်းရှိပြီး ဒေသတွင်းတွင် ဆီကြိတ်ခြင်းဖြင့် ဈေးကွက်ဖြန့်ကြောင်း၊ ထွက်ရှိလာသောပဲပုတ်အား ပဲပြားထုတ်လုပ်ခြင်းလုပ်ငန်းတွင် အသုံးပြုခြင်းဖြင့် ဈေးကွက်ရယူပါကြောင်း စိုက်ပျိုးဧကနှင့် ထွက်နှုန်းများလာပါက တောင်သူများ၏ စိုက်ပျိုးရေးကဏ္ဍလိုအပ်ချက်များနှင့် ဈေးကွက်ဝင်သည်အထိ ကူညီဆောင်ရွက်ပေးနိုင်ရေးကို လိုလားကြောင်း အဆိုပါဒေသတောင်သူများထံမှ သိရသည်။

အဆိုပါဒေသတွင် ဒေသပဲပုပ်မျိုးစိုက်ဧက ၂၅၀ ရှိရာ ရေဆင်းစိုက်ပျိုးရေးသုတေသနမှ စမ်းသပ်စိုက်ပျိုးထားသော ပဲပုပ်သုံးမျိုးအား အထွက်နှုန်းကောင်းရေးအတွက် စမ်းသပ်စိုက်ပျိုးနိုင်ရေး၊ မြေပဲစိုက်ဧက စုစုပေါင်း ၁၄၅၂ ဧက၊ နှမ်းစိုက်ဧက စုစုပေါင်း ၆၅၂ ဧကနှင့် ဖူးစားပြောင်းဧက ၂၄၆ ဧကရှိပြီးယခင်နှစ်များထက်စိုက်ပျိုးမှုတိုးတက်လာသဖြင့် ဈေးကွက်ဝင်ဆောင်းသီးနှံများဖြင့် ဒေသတွင်းစိုက်ပျိုးရေးကဏ္ဍ ပိုမိုဖွံ့ဖြိုးရေးအတွက် ဖာပွန်မြို့နယ်ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ဦးစောထွန်းမြတ်အောင်နှင့်အတူ ခရိုင်စိုက်ပျိုးရေးဦးစီးမှူး ဦးစောလှကြည်၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးထွန်းလှရွှေနှင့် စိုက်ပျိုးရေးဝန်ထမ်းများလိုက်ပါလျက် ဆောင်းသီးနှံစိုက်တောင်သူများအားတွေ့ဆုံကာ စိုက်ခင်းများတွင် ကျရောက်တတ်သော ပိုးရောဂါကျရောက်မှုကို စနစ်တကျကာကွယ်နိုင်ရေးနှင့် ခေတ်မီနည်းစနစ်များဖြင့် ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုနိုင်ရေးအတွက် ပညာပေးပြီးတောင်သူများလိုအပ်ချက်များကို ဆောင်ရွက်ပေးနိုင်ရေး ကွင်းဆင်းခဲ့ကြောင်း သိရသည်။

**နေမျိုးလွင်(ဘားအံ)**

## အုပ်ချုပ်ရေးမှူးများနှင့် စာရေးဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေးသင်တန်းဖွင့်

**သာစည် ဇန်နဝါရီ ၁၈**
မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်တွင် ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် စာရေးဝန်ထမ်းများ လုပ်ငန်းဆောင်ရွက်ရာတွင် ကျွမ်းကျင်မှုရှိပြီး ဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်နိုင်စေရန် လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေးသင်တန်းဖွင့်ပွဲကို ဇန်နဝါရီ ၁၆ ရက် နံနက် ၉ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

သင်တန်းဖွင့်ပွဲတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးစံထွန်းက အမှာစကားပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထင်ကျော်က သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။ သင်တန်းတွင် လွှတ်တော်ကိုယ်စားလှယ်များ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်ရဲတပ်ဖွဲ့၊ မြို့နယ်ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၊ မြို့နယ်စာရင်းစစ်ရုံး၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြို့နယ်ဥပဒေရုံးနှင့် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနတို့မှ သင်တန်းနည်းပြများက မိမိတို့သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းပို့ချ ဆွေးနွေးသွားမည်ဖြစ်သည်။

အဆိုပါသင်တန်းဖွင့်ပွဲသို့ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများ၊ သင်တန်းနည်းပြများ၊ သင်တန်းသားများဖြစ်သော ရပ်ကွက်/ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ၈၇ ဦးနှင့် စာရေးဝန်ထမ်း ၉၂ ဦး စုစုပေါင်း ၁၇၉ ဦးတက်ရောက်ကြပြီး သင်တန်းကာလမှာ ဇန်နဝါရီ ၁၆ ရက်မှ ၁၈ ရက်အထိဖြစ်ကြောင်း သိရသည်။

**ထွန်းထွန်း(သာစည်)**

## နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲ နှင့် အသိပညာပေးဟောပြော

**သဲကုန်း ဇန်နဝါရီ ၁၈**
ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် သဲကုန်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် စားသုံးသူရေးရာဦးစီးဌာနတို့ပူးပေါင်း၍ အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲကို ဇန်နဝါရီ ၁၆ ရက် မွန်းလွဲ ၁ နာရီက သဲကုန်းမြို့ သစ်နီတောအုပ်စု ပိသုပေး အခြေခံပညာမူလတန်းကျောင်း၌ ကျင်းပခဲ့သည်။

အဆိုပါဟောပြောပွဲတွင် မြို့နယ်ပြန်/ဆက်ဦးစီးမှူး ဦးနိုင်လင်းက စာဖတ်ခြင်းဖြင့်ရရှိသော အကျိုးကျေးဇူးများနှင့် လူကုန်ကူးမှုတားဆီးကာကွယ်နိုင်ရေးအကြောင်းအရာများ၊ စားသုံးသူရေးရာဦးစီးဌာနမှ ဒုတိယဦးစီးမှူးက FDA ထောက်ခံချက်မရှိသော အစားအစာများနှင့် ရက်လွန်အစားအစာများအကြောင်း ဟောပြောခဲ့သည်။

ယင်းနောက် ဦးစီးမှူး ဦးအောင်သိန်းက အန္တရာယ်ရှိသော ဓာတုဆိုးဆေးများအကြောင်းကို ကျောင်းသား၊ ကျောင်းသူများနှင့် ပြည်သူများအား အသိပညာပေးဟောပြောခဲ့ပြီးနောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ နံရံကပ်စာစောင်များနှင့် ဓာတ်ပုံပြခန်း ခင်းကျင်းပြသရာသို့ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ကျေးလက်နေပြည်သူများက ဖတ်ရှုမှတ်သားလေ့လာခဲ့ကြောင်း သိရသည်။

**သူရအောင်(ပြည်)**

## ရေတာရှည်မြို့နယ် ပဲစိုက်ပျိုးသည့်တောင်သူများ ဈေးကွက်ကောင်းမွန်ရန် မျှော်လင့်နေ

**ရေတာရှည် ဇန်နဝါရီ ၁၈**
ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်တွင် စပါးပြီးနောက် အများဆုံးစိုက်ပျိုးလျက်ရှိသော ပဲစိုက်တောင်သူများအနေဖြင့် ဈေးကွက်အလားအလာကောင်းမွန်ရန် မျှော်လင့်လျက်ရှိကြောင်း သိရသည်။

မတ်ပဲ၊ ပဲတီစိမ်းကို စိုက်ပျိုးသည့်တောင်သူများမှာ ယခုဆောင်းရာသီကာလ၌ နေရာအနှံ့အပြားတွင် ပိုးမျိုးစုံကျရောက်လျက်ရှိပြီး သွင်းအားစုကုန်ကျစရိတ်မြင့်မားသည့်အတွက်လည်း သီးနှံပေါ်ချိန် ဈေးကွက်ကောင်းမွန်ရန် မျှော်လင့်နေကြခြင်းဖြစ်သည်။

“ပိုးတွေကတအားကျတော့ ပိုးသတ်ဆေး၊ အပင်အားဆေး၊ အသီးအားဆေး စုံနေတာပဲ။ တစ်ဧကကို ငွေကျပ် ၇၀၀၀၀ ဝန်းကျင်လောက်ကုန်တယ်” ဟု ပဲစိုက်ပျိုးသည့်တောင်သူတစ်ဦးက ပြောသည်။

ပဲဈေးနှုန်းကောင်းမွန်မှုသည် ပြည်ပဈေးကွက်ဝယ်လိုအားအပေါ်တွင် တည်မှီလျက်ရှိရာ ဓာတုပိုးသတ်ဆေးများ အလွန်အကျွံသုံးစွဲပါက ပါဝင်သောဓာတ်ကြွင်းပမာဏမြင့်မားပြီး ဈေးကွက်သို့တင်ပို့ရောင်းချရာ၌ အခက်အခဲများစွာရှိကြောင်း ကျွမ်းကျင်သူအချို့က သုံးသပ်ပြောကြားသည်။ ယခင်နှစ်က မတ်ပဲတစ်တင်းလျှင် ငွေကျပ် ၅၀၀၀၀ ကျော်ပေါက်ဈေးရှိခဲ့ပြီး တောင်သူများနေဖြင့် ယင်းဈေးအတိုင်းသာရောင်းချရပါက အဆင်ပြေနိုင်မည်ဖြစ်ကြောင်းခန့်မှန်းပြောကြားမှုများလည်းရှိနေသည်။

**ကိုလွင်(ဆွာ)**



# မင်္ဂလာပွဲအကြောင်း ဖွင့်ဟလာတဲ့ ရိန်း

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့အနုပညာကြယ်ပွင့်စုံတွဲတစ်တွဲဖြစ်တဲ့ အဆိုတော်နဲ့ သရုပ်ဆောင်တစ်ဦးဖြစ်သူ ရိန်းနဲ့ ထိပ်တန်းမင်းသမီးတစ်ဦးဖြစ်တဲ့ ကမ်တေဟီးတို့ဟာ လာမယ့် ဖေဖော်ဝါရီလအတွင်း မင်္ဂလာပွဲကျင်းပသွားမှာဖြစ်တယ်ဆိုတဲ့ ကောလာဟလတွေဟာ တောင်ကိုရီးယားမီဒီယာအချို့အကြား ပျံ့နှံ့ခဲ့ပြီးနောက် အဆိုပါကောလာဟလဟာ မမှန်ကန်ကြောင်း သူတို့နှစ်ဦးရဲ့ ဖျော်ဖြေရေးအေဂျင်စီတွေက ငြင်းဆိုခဲ့ပါတယ်။ ဒါပေမယ့် အဆိုပါကောလာဟလနဲ့ ပတ်သက်ပြီး ရိန်းက လက်ရေးစာမူတစ်စောင်ကိုရေးသားကာ သူ့ရဲ့ လူမှုကွန်ရက်မီဒီယာတစ်ခုဖြစ်တဲ့ အင်စတာဂရမ်စာမျက်နှာကနေတစ်ဆင့် ဖော်ပြခဲ့ပြီး သူ့ရဲ့မင်္ဂလာသတင်းနဲ့ပတ်သက်ကာ ဖွင့်ဟခဲ့ကြောင်း ကိုရီးယားဘိုးဒေါ့ကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

ရိန်းက သူ့အနေနဲ့ကမ်တေဟီးကို အမှန်တကယ် လက်ထပ်ဖို့ရာ ရည်ရွယ်ထားပြီးဖြစ်ပေမယ့် လက်ထပ်ပွဲဆင်နွှဲကြမယ့် ရက်အတိအကျနဲ့ နေရာကိုတော့ ထုတ်ဖော်ပြောကြားနိုင်ခြင်းမရှိတာကို ပရိသတ်အနေနဲ့ နားလည်ပေးစေလိုကြောင်း ပြီးခဲ့တဲ့ ဇန်နဝါရီ ၁၇ရက်မှာ ရေးသားခဲ့တဲ့ အဆိုပါစာမှာ ဖော်ပြခဲ့တာဖြစ်ပါတယ်။

အဆိုပါစာမှာ ရိန်းက "ကျွန်တော့်ရဲ့ အနုပညာသက်တမ်း ၁၆ နှစ်ကြာကာလအတွင်း အားပေးခဲ့ကြတဲ့ ပရိသတ်တွေကို ကျေးဇူးအထူးတင်ပါတယ်။ ကျွန်တော် အနုပညာအလုပ်တွေကို စတင်စဉ်ကတည်းက အားပေးခဲ့ကြတဲ့ ကျွန်တော့်ရဲ့ အမျိုးသမီးပရိသတ်အချို့ဟာ ယခုဆိုရင်တကယ်ကို လှပပြီး ရင့်ကျက်တဲ့ အမျိုးသမီးတွေဖြစ်လာကြပါပြီ။ အချို့ကလည်း တကယ့်ကို အံ့သြစရာကောင်းလောက်တဲ့ မိခင်တွေဖြစ်နေကြပါပြီ။ ကျွန်တော်ကိုယ်တိုင်ကလည်း မိသားစုတစ်စုကို ဦးဆောင်နိုင်တဲ့ အမျိုးသားကောင်းတစ်ယောက်ဖြစ်အောင်၊ ခင်ပွန်းကောင်းတစ်ယောက်ဖြစ်လာအောင် ကြိုးပမ်းနေပါတယ်" လို့ ဖော်ပြခဲ့ပါတယ်။

ဆက်လက်ပြီး ရိန်းက ကမ်တေဟီးနဲ့ပတ်သက်ပြီး "ကမ်တေဟီးဟာလည်း ကျွန်တော်ရဲ့နာကျင်ခက်ခဲတဲ့အချိန်၊ ပျော်ရွှင်နေတဲ့အချိန်တွေမှာ အတူလက်တွဲပေးခဲ့သူဖြစ်ပြီး ကျွန်တော်ကို အနုပညာခရီးအဆင့်ဆင့်ကို တက်လှမ်းနိုင်ဖို့ တွန်းအားပေးခဲ့သူလည်းဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ အချစ်တွေနဲ့ ယုံကြည်မှုတွေဟာလည်း တဖြည်းဖြည်းကြီးထွားလာခဲ့ပါပြီ။ သူကတော့ ကျွန်တော့်အတွက် အကောင်းဆုံးသောလက်ဆောင်ပါပဲ"လို့ ရင်ဖွင့်ထားပါတယ်။

သူ့ရဲ့မင်္ဂလာသတင်းနဲ့ပတ်သက်ပြီးလည်း ရိန်းက အခက်အခဲတွေရှိနေတဲ့အတွက် သူတို့နှစ်ဦးရဲ့ မင်္ဂလာပွဲကျင်းပမယ့်ရက်အတိအကျနဲ့ နေရာကို ထုတ်ဖော်ပြောကြားနိုင်ခြင်းမရှိတဲ့အတွက် ပရိသတ်တွေကိုနားလည်ပေးစေလိုကြောင်းနဲ့ သူတို့နှစ်ဦးရဲ့ မင်္ဂလာပွဲကို နှစ်ဖက်မိသားစုတွေနဲ့ ရင်းနှီးသူအချို့နဲ့သာ တိတ်တဆိတ်ကျင်းပသွားရန်စီစဉ်ထားကြောင်းလည်း သူ့ရဲ့စာမှာ ရေးသားဖော်ပြခဲ့ပါတယ်။

အဆိုပါမင်္ဂလာသတင်းနဲ့ ပတ်သက်ပြီး ကမ်တေဟီးက တစ်စုံတစ်ရာတုံ့ပြန်ခဲ့ခြင်းမရှိခဲ့ပေမယ့် ရိန်းနဲ့ သူ့ရဲ့ ဆက်ဆံရေးကိုတော့ အင်တာဗျူးတစ်ခုမှာ ဖွင့်ဟခဲ့ဖူးပါတယ်။ ကမ်က "ကျွန်မတို့နှစ်ဦးဟာလည်း သာမန်ချစ်သူစုံတွဲတွေလိုပါပဲ။ အတူလျှောက်လည်ကြပြီး အတူစားသောက်ဖြစ်ကြတယ်။ စကားတွေလည်းပြောဖြစ်ကြတယ်။ ကျွန်မတို့နှစ်ဦးမှာ တူညီတဲ့အချက်တွေများပြီး အကြိုက်တူကြတော့ အရာရာအဆင်ပြေပါတယ်။ ကျွန်မက စကားနည်းပြီး တိတ်ဆိတ်တတ်တဲ့သူဆိုတော့ ရယ်စရာတွေအမြဲပြောတတ်တဲ့သူနဲ့က သဟဇာတမျှပြီး စကားစပြတ်သွားတယ်လို့မရှိအောင်ပဲ ကျွန်မတို့အကြား ဆက်ဆံရေးပြေလည်ကြပါတယ်"လို့ ရင်ဖွင့်ခဲ့ပါတယ်။

ရိန်းနဲ့ကမ်တေဟီးတို့ဟာ ပြီးခဲ့တဲ့ ၂၀၁၂ ခုနှစ်အတွင်းက ရိုက်ကွင်းတစ်ခုမှာစတင်တွေ့ဆုံခဲ့ကြပြီး ချစ်သူတွေဖြစ်ခဲ့ကြတာပါ။ လတ်တလောမှာတော့ သူတို့နှစ်ဦးရဲ့ ချစ်သူသက်တမ်းဟာ လေးနှစ်ခန့်ကြာခဲ့ပြီဖြစ်ပါတယ်။ ချစ်သူသက်တမ်းလေးနှစ်အတွင်း လက်ထပ်တော့မှာဖြစ်ကြောင်း သတင်းတွေထွက်ခဲ့တာ ယခုအကြိမ်ဟာ ပထမဆုံးတော့မဟုတ်ပါဘူး။ ပြီးခဲ့တဲ့ ၂၀၁၅ ခုနှစ် နိုဝင်ဘာလအတွင်းမှာလည်း သူတို့နှစ်ဦး ခရစ္စမတ်အကြိုနေ့မှာ လက်ထပ်တော့မှာဖြစ်ကြောင်း သတင်းတွေ ထွက်ခဲ့ဖူးပါတယ်။ ဒါ့အပြင် ပြီးခဲ့တဲ့ မေလအတွင်းမှာလည်း သူတို့နှစ်ဦး တောင်ကိုရီးယားနိုင်ငံ ဂျယ်ဂျူကျွန်းကို အလည်အပတ်ထွက်ခဲ့ကြရာ အဆိုပါခရီးစဉ်အတွင်း ရိန်းက ကမ်တေဟီးကို လက်ထပ်ခွင့်တောင်းခံသွားမှာဖြစ်တယ်လို့ သတင်းတွေထွက်ခဲ့ဖူးပါတယ်။

ပြီးခဲ့တဲ့ သုံးနှစ်တာကာလအတွင်း တေးသီချင်းသစ်တွေ ဖန်တီးနိုင်ခြင်းမရှိခဲ့တဲ့ ရိန်းဟာ ဇန်နဝါရီ ၁၅ ရက်မှာ ရိန်းရဲ့ တေးသီချင်းသစ်တစ်ပုဒ် ထွက်ရှိခဲ့ပြီး အဆိုပါ တေးသီချင်း "The Best Present" ဟာလည်း ကမ်တေဟီးအတွက် ရည်ရွယ်ရေးဖွဲ့ထားခြင်း ဖြစ်ကြောင်းလည်း သိရပါတယ်။ အဆိုပါ တေးသီချင်းမှာ တောင်ကိုရီးယားရဲ့ နာမည်ကျော်တေးသံရှင်တစ်ဦးဖြစ်တဲ့ PSYကလည်း အားဖြည့်သီဆိုပေးထားပြီး အဆိုပါတေးသီချင်းကို တောင်ကိုရီးယားဘာသာနဲ့သာမက တရုတ်ဘာသာနဲ့သီဆိုထားတဲ့ ဗားရှင်းပါ ထုတ်လွှင့်ခဲ့တာဖြစ်ကြောင်းလည်း သိရပါတယ်။

# ယခုသီတင်းပတ်အတွင်း ဝင်ငွေအကောင်းဆုံးသောရုပ်ရှင် Hidden Figures




အမေရိကန်နိုင်ငံတစ်ဝန်း ရုံတင်ပြသခဲ့တဲ့ရုပ်ရှင်တွေအနက် ယခုသီတင်းပတ်အတွင်းပြသခဲ့တဲ့ရုပ်ရှင်တွေထဲမှာတော့ "Hidden Figures"ရုပ်ရှင်က ဝင်ငွေအများဆုံးရရှိခဲ့ကြောင်း အေ့စ်ရှိုးဘစ်ဇ်ဒေါ့ကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

အဆိုပါရုပ်ရှင်ဟာ ယခုသီတင်းပတ်အတွင်းဝင်ငွေ အမေရိကန်ဒေါ်လာ ၂၀ ဒသမ ၅ သန်းရရှိခဲ့ပြီး စတင်ပြသခဲ့ချိန်မှ လတ်တလောအချိန်အထိ ဝင်ငွေအမေရိကန်ဒေါ်လာ ၅၉ ဒသမ ၆ သန်းရရှိခဲ့ပြီးဖြစ်ကြောင်း သိရပါတယ်။ "Hidden Figures" ဟာ နာဆာ အာကာသစခန်းအတွက် အရေးကြီးတဲ့အချက်အလက်တွေကို ထောက်ပံ့ပေးခဲ့တဲ့ အမေရိကန်-အာဖရိကန်လူမျိုး သင်္ချာပညာရှင်တစ်ဦးရဲ့အကြောင်းကို ပုံဖော်ရိုက်ကူးထားတဲ့ ရုပ်ရှင်ဖြစ်ပါတယ်။

ယခုသီတင်းပတ်ရဲ့ ဒုတိယမြောက် ဝင်ငွေအကောင်းဆုံးရုပ်ရှင်ကတော့ ပြီးခဲ့တဲ့ ရွှေကမ္ဘာလုံးဆုပေးပွဲကြီးမှာ ဆုအများဆုံးသိမ်းပိုက်သွားခဲ့တဲ့ရုပ်ရှင် "La La Land"ပဲ ဖြစ်ပါတယ်။ မင်းသား ရိုင်ယန်ဂေါ့စ်လင်းနဲ့ မင်းသမီး အမ်မာစတုန်းတို့ခေါင်းဆောင်ပါဝင်ထားပြီး တေးဂီတရုပ်ရှင်အမျိုးအစားဖြစ်တဲ့ အဆိုပါရုပ်ရှင်ကတော့ တစ်ပတ်အတွင်းဝင်ငွေအမေရိကန်ဒေါ်လာ ၁၄ ဒသမ ၅ သန်း ရရှိခဲ့ပါတယ်။ ရွှေကမ္ဘာလုံးဆုပေးပွဲမှာ အကောင်းဆုံးအမျိုးသား ဇာတ်ဆောင်ဆုသာမက အကောင်းဆုံး အမျိုးသမီးဇာတ်ဆောင်ဆုကိုပါ ရယူသွားနိုင်ခဲ့တဲ့ ရုပ်ရှင် "La La Land" ဟာ စတင်ပြသခဲ့ချိန်မှ လတ်တလောအချိန်အထိ ကမ္ဘာတစ်ဝန်းမှ ဝင်ငွေ အမေရိကန်ဒေါ်လာ ၁၃၂ သန်းကို ရရှိထားကာ နောက်ထပ်ဝင်ငွေများစွာ ထပ်မံရရှိနိုင်မယ့် အလားအလာတွေလည်း ရှိနေသေးတာဖြစ်ပါတယ်။

ယခုသီတင်းပတ်အတွင်းဝင်ငွေ အမေရိကန်ဒေါ်လာ ၁၃ ဒသမ ၈၁ သန်းရရှိခဲ့တဲ့ ရုပ်သံဖန်တီးမှုရုပ်ရှင် "Sing"ကတော့ တတိယမြောက် ဝင်ငွေအကောင်းဆုံးရုပ်ရှင်အဖြစ် ရပ်တည်နေပါတယ်။ အဆိုပါရုပ်ရှင်မှာ ဟောလိဝုဒ်ရဲ့ နာမည်ကျော် သရုပ်ဆောင်တွေဖြစ်ကြတဲ့ မက်သျူးမက်ခ်ကွန်နစ်ဂ်ဟေး၊ ရီးစ်ဝစ်သာစပွန်းနဲ့ စကားလက်ဂျိုဟန်စန်တို့က အဓိကဇာတ်ဆောင်တွေအဖြစ် ပါဝင်သရုပ်ဆောင်ထားတာ ဖြစ်ပါတယ်။

ဝင်ငွေအကောင်းဆုံးရုပ်ရှင် ၁၀ ကားစာရင်းမှာပါဝင်တဲ့ အခြားသောရုပ်ရှင်တွေကတော့ "Rogue One: A Star Wars Story"၊ "The Bye Bye Man"၊ "Patriots Day"၊ "Monster Trucks"၊ "Sleepless"၊ "Underworld: Blood Wars"နဲ့ "Passengers"တို့ ဖြစ်ကြကြောင်း သိရပါတယ်။ ■

# အနုပညာလှုပ်ရှားမှုတွေကို ပြန်လည် စတင်လိုက်ပြီဖြစ်တဲ့ ရှုဂါ

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့အမျိုးသားတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ "BTS"မှ အဖွဲ့ဝင်တစ်ဦးဖြစ်သူ ရက်ပ်အဆိုတော် ရှုဂါဟာ ကျန်းမာရေးပြဿနာကြောင့် ဆေးကုသမှုခံနေခဲ့ရာက လတ်တလောမှာ ပြန်လည်ကောင်းမွန်လာခဲ့ပြီဖြစ်တဲ့အတွက် သူ့ရဲ့အနုပညာလှုပ်ရှားမှုတွေကို ပုံမှန်ပြန်လည်လုပ်ဆောင်နေပြီဖြစ်ကြောင်း စွန်ပီဒေါ့ကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

ပြီးခဲ့တဲ့နှစ်ကုန်းပိုင်းက ရရှိခဲ့တဲ့ နားဒဏ်ရာကြောင့် ရှုဂါဟာ ၂၀၁၆ နှစ်ကုန်မှာ ကျင်းပခဲ့တဲ့ အဖွဲ့ရဲ့ဖျော်ဖြေပွဲတွေမှာ ပါဝင်နိုင်ခဲ့ခြင်းမရှိဘဲ လတ်တလောမှာမှ အဖွဲ့နဲ့အတူ ဖျော်ဖြေပွဲတွေမှာ ပြန်လည်စတင်ဖျော်ဖြေနိုင်ခဲ့တာဖြစ်ပြီး ဒီလိုအဖွဲ့မှာ ပြန်လည်လှုပ်ရှားရတဲ့သူ့အဖို့ စိတ်လှုပ်ရှားမှုတွေကို ခံစားနေရကြောင်းလည်း သိရပါတယ်။

၂၀၁၆ ဒီဇင်ဘာလအတွင်း ရှုဂါဟာ နားမှာ ထိခိုက်ဒဏ်ရာရခဲ့တဲ့အတွက် "BTS"ရဲ့ ဖျော်ဖြေပွဲတွေမှာ ပါဝင်နိုင်ခြင်းမရှိဘဲ ပရိသတ်တွေနဲ့ သီတင်းပတ်အနည်းငယ် ကွဲကွာနေခဲ့ရတာဖြစ်ပါတယ်။ ဒီလိုပရိသတ်အများ စောင့်စားနေခဲ့ရတဲ့ ရက်ပါတစ်ဦးဖြစ်သူ ရှုဂါဟာ ဒဏ်ရာရပြီးတဲ့နောက်သူ့ရဲ့ပထမဆုံးဖျော်ဖြေမှုအဖြစ် ဇန်နဝါရီ ၁၄ ရက်မှာ ကျင်းပခဲ့တဲ့ Golden Disc Awards ဆုပေးပွဲကြီးမှာတော့ အဖွဲ့နဲ့အတူ ပြန်လည်ဖျော်ဖြေခဲ့ပါတယ်။



ဒီလိုဖျော်ဖြေရာမှာလည်း အနုပညာလှုပ်ရှားမှုတွေနဲ့ ခေတ္တကင်းကွာခဲ့ရတဲ့ ရှုဂါဟာ သူ့ရဲ့စိတ်လှုပ်ရှားမှုကို ဖုံးကွယ်နိုင်ဖို့ တစ်ချိန်လုံးပြုံးရယ်နေခဲ့တာ ဖြစ်ပါတယ်။ ဒါပေမယ့် ယခုတစ်ကြိမ် ပျက်ကွက်မှုဟာ ရှုဂါအတွက်တော့ ပထမဆုံးအကြိမ် မဟုတ်ခဲ့ပါဘူး။ သူဟာ ၂၀၁၃ ခုနှစ်အတွင်းမှာလည်း အဖွဲ့ရဲ့ ဖျော်ဖြေပွဲအချို့မှာ ပါဝင်ဖျော်ဖြေနိုင်ခြင်းမရှိဘဲ ပျက်ကွက်ခဲ့ပါသေးတယ်။

အဲဒီအချိန်တုန်းက ရှုဂါဟာ အရေးပေါ်ခွဲစိတ်မှုခံယူခဲ့ရတာ ဖြစ်ပါတယ်။ ဒါ့အပြင် ၂၀၁၅ ခုနှစ်အတွင်း ဂျပန်နိုင်ငံမှာ ကျင်းပဖို့စီစဉ်ထားခဲ့တဲ့ "BTS"ရဲ့ ဖျော်ဖြေပွဲကိုလည်း အဖွဲ့ဝင်တွေဖြစ်ကြတဲ့ ရှုဂါနဲ့ ဗွီတို့နှစ်ဦး အပြင်းအထန်ဖျားနာခဲ့ကြတဲ့အတွက် ဖျက်သိမ်းခဲ့ကြဖူးကြောင်းလည်း သိရပါတယ်။

## ပြည်တွင်းရေးရာ

### နယ်လှည့်လှုပ်ရှားမှုအသိပညာပေးဟောပြော

**ဘီးလင်း ဇန်နဝါရီ ၁၈**
သထုံခရိုင် ဘီးလင်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကျေးရွာများသို့ နယ်လှည့်လှုပ်ရှားမှု အသိပညာပေးဟောပြောခြင်းကို ဇန်နဝါရီ ၁၃ ရက်က ကဒိုင်စိန်ကျေးရွာနှင့် တောင်သူဌေးကုန်းကျေးရွာများသို့ သွားရောက်၍ ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

အဆိုပါ နယ်လှည့်လှုပ်ရှားမှုတွင် ဘီးလင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးမျိုးမျိုးစံက စာပေလေ့လာဖတ်ရှုခြင်းဖြင့် ရရှိမည့် အသိပညာ၊ ဗဟုသုတ၊ ကွမ်းစားသုံးမှုကာကွယ်ရေးတို့ကို အသိပညာပေးဟောပြောခဲ့ပြီး ကျောင်းသား ကျောင်းသူများကို ကာတွန်း၊ ရွှေသွေး၊ ရုပ်ပြ၊ သုတ၊ ရသစာအုပ်များကို လေ့လာဖတ်ရှုစေခဲ့ကြောင်း သိရသည်။

**ထူးနောင်(ဘီးလင်း)**

### ပုလောမြို့၌မြန်မာ့ရိုးရာခြင်းလုံးခတ်ဖျော်ဖြေပွဲကျင်းပ

**ပုလော ဇန်နဝါရီ ၁၈**
တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် ပုလောမြို့နယ် မြန်မာ့ရိုးရာခြင်းလုံးခတ်ပွဲကို ပုလောမြို့ ဘော်လီဘောကွင်း၌ ဇန်နဝါရီ ၁၃ ရက်နှင့်၁၄ရက်တို့တွင် ည ၇ နာရီ မှ ၁၁ နာရီခွဲခန့်အထိ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ ဖျော်ဖြေပွဲတွင် ခေတ္တရာသီဟစံ၊ နိုင်ငံ့ဂုဏ်ဆောင်ရွှေတံဆိပ်ဆုရှင် မျိုးမင်းသူ၊ ပဲခူးသူဇွဲမာန်ကျိုင်၊ မန္တလေးတိုင်းဒေသကြီး လက်ရွေးစင် စာဥနှင့်အဖွဲ့တို့က အလှပဆုံးဖျော်ဖြေတင်ဆက်ခဲ့သည်။

ဖျော်ဖြေပွဲသို့ ပုလောမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စိုးထင်နှင့် ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများ လာရောက်အားပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# ပထမဆုံးအကြိမ် နိုင်ငံတကာ ခရီးသွားဝန်ဆောင်မှုပြပွဲ(မြန်မာ) ကျင်းပမည်



0,Defvwm;ü Edkfjeh;c&Dom;{nbnfm;ESifvma&muft yefajzuaomjynfolrsm;zift xjpnfum;aeonfukdawG&pOf

**ရန်ကုန် ဇန်နဝါရီ ၁၈**
မြန်မာနိုင်ငံခရီးသွားအဖွဲ့ချုပ် (MTF) ၏ တရားဝင်မိတ်ဖက်အဖွဲ့အစည်းဖြစ်သော Travel Support ကုမ္ပဏီလီမိတက်မှ မြန်မာ့ခရီးသွားလုပ်ငန်းများအရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ နိုင်ငံတကာ ခရီးသွားဝန်ဆောင်မှုပြပွဲ (မြန်မာ) ၂၀၁၇ (International Tourism Expo , Myanmar 2017 ) ပွဲကြီးအား ရန်ကုန်မြို့ရှိ တပ်မတော်ခန်းမ၌ ဇန်နဝါရီ ၂၀ ရက်မှ ၂၂ ရက်ထိ သုံးရက်တိုင်တိုင် ပထမဆုံးအကြိမ်အနေဖြင့် စည်ကားသိုက်မြိုက်စွာကျင်းပတော့မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ နိုင်ငံတကာ ခရီးသွားဝန်ဆောင်မှုပြပွဲ (မြန်မာ) ၂၀၁၇ ကျင်းပရခြင်းနှင့်ပတ်သက်၍ ပြည်တွင်းခရီးသွားလုပ်ငန်းများကို ခေတ်နှင့်အညီ အရှိန်အဟုန်မြှင့်တိုးတက်လာစေရန်အတွက်လည်းကောင်း၊ နိုင်ငံတကာ ခရီးသွားကုမ္ပဏီများနှင့် စီးပွားရေးပူးပေါင်းမှုများ ပိုမိုဆောင်ရွက်လာနိုင်စေရန်အတွက်လည်းကောင်း၊ ခရီးသွားလုပ်ငန်းများနှင့် ပတ်သက်သောသတင်းအချက်အလက်များကို ပြည်သူများပိုမိုသိရှိလာစေရန်အတွက်လည်းကောင်း၊ ခရီးသွားဝန်ဆောင်မှုအမျိုးမျိုးကို တစ်နေရာတည်းတွင် စုံလင်စွာရရှိနိုင်စေရန်အတွက်လည်းကောင်း ကျင်းပရခြင်းဖြစ်ကြောင်း Travel Support ကုမ္ပဏီလီမိတက်မှ ဒါရိုက်တာ ဦးနွေမိုးအောင်က ပြောသည်။

"ဒီလို Expo ပြပွဲကို ကျွန်တော်တို့အနေနဲ့ ပထမဦးဆုံးကျင်းပလိုက်ခြင်းပဲဖြစ်ပါတယ်။ အဓိကတော့ ဒီပြပွဲမှာ Tourism အောက်မှာ အကျုံးဝင်တဲ့ ဟိုတယ်များ၊ ခရီးသွားအေးဂျင့်များ၊ အဲလိုင်းများ၊ အာမခံအကြောင်းအရာများအပြင် ခရီးသွားလုပ်ငန်းနဲ့ဆက်စပ်တဲ့ အခြားအဖွဲ့အစည်းများရဲ့ ပြခန်းများကို ပါဝင်ခင်းကျင်းပြသသွားမှာပါ။ ပြည်တွင်းကလာရောက်ကြည့်ရှုကြမယ့် ပြည်သူများအတွက် အကျိုးသက်ရောက်မှု ရှိစေပါလိမ့်မယ်။ အပန်းဖြေကိစ္စအတွက် နေရာတစ်ခုကိုသွားရောက်လည်ပတ်ဖို့ သတင်းအချက်အလက်မသိကြသူများအတွက် ခရီးသွားလုပ်ငန်းနဲ့ ပတ်သက်တဲ့အကြောင်းအရာများကိုပါ ပြည်သူများအတွက်ရှင်းပြပေးသွားမှာပါ။ ခရီးသွားလုပ်ငန်းနဲ့ ပတ်သက်တဲ့ အေးဂျင့်များကလည်း ပြည်သူများအတွက်ကို ပရိုမိုးရှင်းများ၊ ကံစမ်းမဲအစီအစဉ်များပါ ထည့်သွင်းစီစဉ်လုပ်ဆောင်သွားပါလိမ့်မယ်" ဟု ၎င်းက ဆိုသည်။

နိုင်ငံတကာခရီးသွားဝန်ဆောင်မှုပြပွဲ (မြန်မာ) ၂၀၁၇ ၌ မြန်မာနိုင်ငံ၏အထင်ကရဖြစ်သော ရောဝတီဘဏ်မှ အဓိကပံ့ပိုးသူအဖြစ်ပါဝင်ပြသမည်ဖြစ်ပြီး မြန်မာ့ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်လုပ်ငန်းအလွှာမျိုးစုံမှလည်း စုံလင်စွာဝင်ရောက်ပြသသွားမည်ဖြစ်ကာ ပြည်တွင်း၊ ပြည်ပခရီးစဉ်ဝန်ဆောင်မှုများ၊ လေကြောင်းလိုင်းများ၊ ဘဏ်များ၊ ဟိုတယ်များ၊ ကားအငှားဝန်ဆောင်မှုများ၊ ပြည်ပနိုင်ငံများသို့ သွားရောက်၍ ဆေးကုသခြင်းများ စသည့် ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်သည့် လုပ်ငန်းများ အပါအဝင် ခရီးသွားဝန်ဆောင်မှုသင်တန်းကျောင်းများကိုပါ မိတ်ဆက်ပြသမည်ဖြစ်သည်။

အဆိုပါ နိုင်ငံတကာ ခရီးသွားဝန်ဆောင်မှုပြပွဲ (မြန်မာ) ၂၀၁၇ ကို ကျင်းပခြင်းအားဖြင့် မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေမည်ဖြစ်ပြီး နိုင်ငံခြားဝင်ငွေများ တိုးတက်ရရှိလာမည်ဖြစ်ကြောင်း၊ ခရီးသွားနှင့် ဆက်စပ်နေသော ပြည်တွင်းစီးပွားရေးကဏ္ဍအသီးသီးမှာလည်းပိုမိုဖွံ့ ဖြိုးတိုးတက်လာမည်ဖြစ်ပြီး ခရီးသွားနှင့် ဆက်စပ်နေသောနေရာဒေသများ၏ တိုးတက်မှုများကိုလည်း များစွာအထောက်အကူဖြစ်စေမည်ဖြစ်ကြောင်း၊ မြန်မာ့ရေမြေသဘာဝအလှအပများ၊ မြန်မာ့ယဉ်ကျေးမှုနှင့် သမိုင်းကြောင်းများကို နိုင်ငံတကာမှ ပိုမိုသိရှိလာစေမည်ဖြစ်ကြောင်း၊ ထို့ပြင် International Tourism Expo , Myanmar 2017 ပွဲကြီး၌ ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်နေသည့် ပြခန်းပေါင်း ၁၂၄ ခန်းဖြင့် ပြသသွားမည်ဖြစ်ပြီး Myanmar Tourism Federation ၏ လမ်းညွှန်မှုနှင့် ကူညီပံ့ပိုးမှုတို့ဖြင့် အဆိုပါပွဲအား နှစ်စဉ်ကျင်းပသွားရန်စီစဉ်ထားကြောင်း သိရသည်။

**စိုးဝင်း–MLA**

## စိုက်ပျိုးထုတ်လုပ်ရေးသမဝါယမအသင်းများသို့ ချေးငွေနှင့်လယ်ယာသုံးစက်များပေးအပ်

**ကျောက်ပန်းတောင်း ဇန်နဝါရီ ၁၈**
မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်သမဝါယမဦးစီးဌာနမှ မြို့နယ်အတွင်းရှိ စိုက်ပျိုးထုတ်လုပ်ရေးသမဝါယမအသင်းများသို့ အသေးစားအရင်းအနှီးချေးငွေနှင့်လယ်ယာသုံးစက်ကိရိယာပေးအပ်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁၅ ရက် နံနက် ၁၀ နာရီက မြို့နယ်သမဝါယမဦးစီးဌာန စုဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ကျောက်ပန်းတောင်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးရွှေကိုက သမဝါယမဦးစီးဌာနများ၏ ရည်မှန်းချက်များမှာကောင်းမွန်ကြောင်းနှင့် အဆိုပါရည်မှန်းချက်များအောင်မြင်ရေးမှာ ဦးစီးဌာနဝန်ထမ်းများနှင့်သာ မဟုတ်ဘဲ အခြေခံအသင်းသားပြည်သူများမှလည်း တက်ညီလက်ညီဆောင်ရွက်ကြမှသာ အောင်မြင်မှာဖြစ်ကြောင်းနှင့် ချေးယူသည့်ငွေကြေးများကိုလည်း လိုအပ်သည့်နေရာများတွင် အမှန်တကယ် စနစ်တကျသုံးစွဲသွားကြရန်လိုအပ်ကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဇော်ထက်က လုပ်ငန်းသုံးချေးငွေများကို မိမိတို့ကုန်ထုတ်လုပ်ငန်းများ၏ လိုအပ်သည့်နေရာများတွင် အကျိုးရှိရှိသုံးစွဲသွားပြီး ပြန်လည်ပေးဆပ်ကြရမည့်အချိန်တွင်လည်း ကြန့်ကြာမှုမရှိစေဘဲ ပြန်လည်ပေးဆပ်သွားကြရန် ဆွေးနွေးမှာကြားခဲ့သည်။

ယင်းနောက် မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိနှင့် မြို့နယ်သမဝါယမအသင်းစုဥက္ကဋ္ဌတို့က သမဝါယမအသင်းများ၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများနှင့် အောင်မြင်ဖြစ်ထွန်းမှု အခြေအနေများကို ရှင်းလင်းတင်ပြခဲ့သည်။

ယင်းသို့ လက်မှုလယ်ယာမှစက်မှုလယ်ယာသို့ ကူးပြောင်းနိုင်ရေးအတွက် လယ်ယာမြေအဆင့်မြှင့်တင်ခြင်းလုပ်ငန်းဆောင်ရွက်မည့် သမဝါယမအသင်း ၂၀ အတွက် ပံ့ပိုးချေးငွေ ကျပ် ၂၅၄၀ ဒသမ ၄ သိန်းကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအေးခိုင်ကလည်းကောင်း၊ လယ်ယာသုံးစက်ကိရိယာများ ဝယ်ယူသုံးစွဲနိုင်ရန်အတွက် ပံ့ပိုးချေးငွေကျပ် ၂၈၀၄ ဒသမ ၂၈ သိန်းကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဇော်ထက်ကလည်းကောင်း၊ အသေးစားအရင်းအနှီးချေးငွေကျပ် ၃၄၂၈၃ ဒသမ ၅၁ သိန်းကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိဒေါ်ခင်မိုးကြည်က လည်းကောင်း ပေးအပ်ခဲ့သည်။

ကျောက်ပန်းတောင်းမြို့နယ်သမဝါယမဦးစီးဌာန အနေဖြင့် ယနေ့ကျင်းပသော ပံ့ပိုးချေးငွေများပေးအပ်ပွဲတွင် လယ်ယာမြေအဆင့်မြှင့်တင်ခြင်းလုပ်ငန်းဆောင်ရွက်မည့် သမဝါယမအသင်း ၂၀ မှ အသင်းသား ၄၇၇ ဦးအတွက် ငွေကျပ်သိန်း ၂၅၄၀ ဒသမ ၄ သိန်း၊ အလယ်ရွာစိုက်ပျိုးရေးသမဝါယမအသင်းသို့ လယ်ယာသုံးစက်ကိရိယာဖြစ်သည့် ထွန်စက်ခုနစ်စီး ဝယ်ယူရန်အတွက် ငွေကျပ် ၂၈၀၄ ဒသမ ၂၈ သိန်းနှင့်စိုက်ပျိုးထုတ်လုပ်ရေးသမဝါယမအသင်း ၂၄၃ သင်းမှ အသင်းသား ၂၀၇၁၂ အတွက် အသေးစားချေးငွေကျပ် ၃၄၂၈၃ ဒသမ ၅၁ သိန်းတို့ကို ပံ့ပိုးထုတ်ချေးပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါချေးငွေများ ထောက်ပံ့ပေးအပ်ပွဲသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရွှေကို၊ ကျောက်ပန်းတောင်းမြို့နယ်မဲဆန္ဒနယ် အမှတ် (၁) မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအေးခိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဇော်ထက်နှင့်ဌာနဆိုင်ရာများ၊ ရပ်ကွက်ကျေးရွာများမှသမဝါယမအသင်းအမှုဆောင်များ တက်ရောက်ခဲ့သည်။ **ကိုနေ(ကျောက်ပန်းတောင်း)**




### မိခင်နှင့်ကလေးကျန်းမာရေးစောင့်ရှောက်မှုသင်တန်းဖွင့်

**လှိုင်းဘွဲ့ ဇန်နဝါရီ ၁၈**
ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ်တွင် ကျေးရွာများအတွင်းရှိ မိခင်နှင့် ကလေးများအား ကျန်းမာရေးစောင့်ရှောက်မှု အပြည့်အဝကူညီဆောင်ရွက်မှုပေးနိုင်ရန် ရည်ရွယ်၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန လှိုင်းဘွဲ့မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကျန်းမာရေးနှင့် ကယ်ဆယ်ရေးဌာနနှင့် အပြည်ပြည်ဆိုင်ရာအကူအညီပေးရေးအဖွဲ့ (IRC)တို့ ပူးပေါင်းဖွင့်လှစ်သည့် 'မိခင်နှင့်ကလေးကျန်းမာရေးသင်တန်း' ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ၁၄ရက် နံနက် ၁၀ နာရီက ပြည်သူ့ဆေးရုံ၌ ကျင်းပခဲ့သည်။

ပြည်နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်ချို က အဖွင့်အမှာစကားပြောကြားပြီး လှိုင်းဘွဲ့မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနိုင်ဝင်းဇော်၊ မိခင်နှင့်မျိုးဆက်ပွားကျန်းမာရေးဌာနခွဲ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာနှင်းနှင်းလွင်၊ မြို့နယ်ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာမြင့်သိန်းထွန်း၊ ကော်သူလေ ကျန်းမာရေးနှင့် ကယ်ဆယ်ရေးဌာန ကျန်းမာရေးတာဝန်ခံ ညွှန်ကြားရေးမှူး ဖဒိုအယ်က လူရွှေဦးနှင့် ကျန်းမာရေးစီမံကိန်း လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာသင်းမြတ်ခိုင်တို့က အမှာစကားအသီးသီးပြောကြားခဲ့သည်။

မိခင်နှင့်ကလေးကျန်းမာရေးစောင့်ရှောက်မှုများဖြစ်သော မမွေးဖွားမီ၊ မွေးဖွားပြီး၊ မွေးနေစဉ်ကာလအတွင်း မိခင်နှင့်ကလေးများ၏ အသက်ရှင်ကျန်းမာစွာနေထိုင်သွားလာနိုင်ရေး၊ ကျန်းမာရေးနှင့် ငြိမ်းချမ်းရေးသည် ပေါင်းကူးတံတားဖြစ်ခြင်း၊ ကျေးရွာတိုင်းရှိ မိခင်နှင့် ကလေးများကိုလက်လှမ်းမီစွာ ကုသမွေးဖွားပေးနိုင်ခြင်း၊ ကျန်းမာရေးဝန်ထမ်းများ မလုံလောက်နိုင်သောအခြေအနေများကို ကူညီဖြေရှင်းပေးနိုင်ခြင်း စသည်များကို ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။ အဆိုပါ မိခင်နှင့်ကလေးကျန်းမာရေးသင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ ၃၁ ဦး တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ ခြောက်လကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်ပြန်/ဆက်**

# အထူးလှိုက်လှဲစွာဝမ်းမြောက်ခြင်း

၂၀၁၇ခုနှစ်၊ (၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၇)ဖြင့် ဦးချမ်းသာ(အုပ်ချုပ်မှုဒါရိုက်တာ၊ MBD Group Co.,Ltd) အား **သုဓမ္မမဏိဇောတဓရ** ဘွဲ့တံဆိပ်ကို ထိုက်ထိုက်တန်တန်ပေးအပ်ချီးမြှင့်အပ်နှင်းခြင်း ခံရသည့်အတွက် မိသားစုနှင့်အတူ အထူးလှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူမိပါသည်။ နောင်တွင်လည်း သက်ရှည်ကျန်းမာချမ်းသာစွာဖြင့် နိုင်ငံတော်အကျိုး၊ သာသနာအကျိုးတို့ကို ဆတက်ထမ်းပိုး သယ်ပိုးရွက်ဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

- Be One Group of Companies
- As One Co.,Ltd.
- Hlyat Nwel Services Co.,Ltd
- Jupitor Rays International Co.,Ltd.
- K & A Business Solutions Co.,Ltd.

# "ကျေးဇူးတင်လွှာ"

၁။ ရန်ကုန်တိုင်းဒေသကြီးအတွင်း ယာဉ်ကြောကျပ်တည်းမှုများကို ဖြေလျှော့နိုင်ရန်နှင့် ခရီးသွားပြည်သူများအား ပိုမိုကောင်းမွန်သော အများပြည်သူ သယ်ယူပို့ဆောင်ရေးစနစ်သစ်ဖြင့် ဝန်ဆောင်မှုပေးနိုင်ရန်အတွက် ရန်ကုန်မြို့ သယ်ယူပို့ဆောင်ရေးစနစ်သစ်ကို ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၁၆ ရက် နံနက်ပိုင်းမှစတင်၍ ပြောင်းလဲဆောင်ရွက်ခဲ့ပါသည်။

၂။ ထိုသို့ ပြောင်းလဲဆောင်ရွက်ခဲ့ရာတွင် အခက်အခဲအမျိုးမျိုးကို ဦးဆောင်ဖြေရှင်း၍ လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြပါသော ရန်ကုန်တိုင်းဒေသကြီးသယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့၊ ကဏ္ဍအလိုက် ကျရာတာဝန်ထမ်းဆောင်ပေးခဲ့ကြပါသော လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာအရာထမ်းဝန်ထမ်းများ၊ ကူညီထောက်ပံ့ပေးသော IT နည်းပညာရှင်များ၊ သယ်ယူပို့ဆောင်ရေးစနစ် ပြောင်းလဲမှုတွင် စုဖွဲ့ပါဝင်ဆောင်ရွက်ကြသော ခရီးသည်တင် ယာဉ်လိုင်းပိုင်ရှင်များနှင့် ယာဉ်မောင်း၊ ယာဉ်နောက်လိုက်များ၊ ခရီးသွားပြည်သူများ လွယ်ကူစွာသွားလာနိုင်ရေးအတွက် တက်ကြွစွာပါဝင်လမ်းပြ လုပ်အားပေးခဲ့ကြသော လူမှုရေးအသင်းအဖွဲ့အသီးသီးမှပုဂ္ဂိုလ်များ၊ တက္ကသိုလ်ကောလိပ်အသီးသီးမှ ကျောင်းသားလူငယ်များ၊ သမဂ္ဂများ၊ အချိန်နှင့်တစ်ပြေးညီသိရှိအောင် ပြန်ကြား ပေးပါသော စာနယ်ဇင်းမီဒီယာအဖွဲ့များ၊ အထူးသဖြင့် ပြောင်းလဲမှုကို စိတ်ရှည်သည်းခံစွာ လိုက်ပါပူးပေါင်း ဆောင်ရွက်ပေးကြပါသော ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မိဘပြည်သူများအားလုံးကို လှိုက်လှဲစွာကျေးဇူးဥပကာရတင်ရှိပါကြောင်း ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ မှတ်တမ်းတင်အပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့**

### တစ်ဦးတည်းဖြစ်ပါကြောင်း

ဦးထွန်းမြင့်၏သမီး အထက(၃)၊ မင်္ဂလာတောင်ညွန့်မှ မခင်သန်းမြင့်(ခ) မစိုးစိုးမြင့်[၁၂/ဒပန(နိုင်)၀၄၀၅၇၇] မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**မခင်သန်းမြင့်(ခ)မစိုးစိုးမြင့်**

### အမည်ပြောင်း

မြောက်ဥက္ကလာပမြို့နယ် (ဃ) ရပ်ကွက်နေ အဖ ဦးကျော်ကျော်ကြွယ်၏သမီးမဖြိုးသီရိမွန်အား မဖြိုးမြတ်မွန်ဟု ခေါ်ဆိုပါရန်။

**မဖြိုးမြတ်မွန်**

### တိုက်ခန်းရောင်းမည်

တာမွေ မေတ္တာညွန့်၊ မြလေးရုံလမ်း၊ ပ-ထပ်၊ ပြင်ဆင်ပြီး၊ သိန်း ၃၉၀၊ ဖုန်း-၀၉-၂၆၀၁၄၁၆၉၆

### ပျောက်ဆုံးကြောင်း

ဦးငြိမ်းချမ်းစိုး [၁၄/ဟသတ(နိုင်)၂၂၂၀၃၃]၏ CDC 67091 သင်္ဘောသားလက်မှတ်မှာ ခရီးသွားစဉ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၉၆၈၇၅၄၅၁**

### a&,mOyfESt rnf;jymif;vJcif;

ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားသော သန်းမြတ်အောင်-၃အမည်ရှိ ငါးသယ်ရေယာဉ် (မှတ်ပုံတင်နံပါတ်-ON-6546(B) စုစုပေါင်းတန်ချိန်-၈၉. ၄၅)အား ဂရန်အမည်ပေါက်ပိုင်ရှင်ဖြစ်သော ဒေါ်ချောအိ [၆/မအရ(နိုင်)၁၀၄၄၂၅]အမည်မှ ဦးဇော်မင်းလတ်[၁၀/ရမန(နိုင်)၀၀၀၀၂၅] အမည်သို့ ပြောင်းလဲပေးပါရန် ဤဌာနသို့ လျှောက်ထားလာပါသည်။ ၎င်းပိုင်ရှင်အမည်ပြောင်းလဲရန်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ညွှန်ကြားရေးမှူးချုပ်၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ဒေါပုံသင်္ဘောကျင်း၊ ရန်ကုန်မြို့သို့ လိပ်မူ၍ ရက်ပေါင်း(၃၀)အတွင်း ပိုင်ဆိုင်မှုအထောက်အထားများနှင့်တကွ မည်သူမဆို လာရောက်ကန့်ကွက်နိုင်ပါသည်။ ၎င်းရက်ထက်ကျော်လွန်ပါက ရုံးလုပ်ထုံးလုပ်နည်းများနှင့်အညီ လျှောက်ထားသူအမည်သို့ ပြောင်းလဲပေးမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

### ueYfuGuf&ef{unf;unfh

ပိုလ်တထောင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၀ ဂျေ)၊ မြေကွက်အမှတ်(၅၂)၊ မြေကွက်တည်နေရာအမှတ်-၅၉/၆၁၊ ၅၄ လမ်းပေါ်၊ (၄)ရပ်ကွက်၊ ပိုလ်တထောင်မြို့နယ်၊ (ဒေါ်လုံး) အမည်ပေါက် နှစ်(၉၀)ဂရန်မြေအား အမည်ပေါက် ဒေါ်လုံးနှင့် ခင်ပွန်း ဦးဘချမ်းတို့ အသီးသီးကွယ်လွန်သဖြင့် သားသမီးများဖြစ်သော (၁) ဒေါ်ခင်ချမ်း (ခ) စန်ဒရာ(ခ) ဒေါ်ခင်မော်ထွေး၊ (၂) ဦးထွန်းဝင်း၊ (၃) ဦးထွန်းအေးတို့ (၃)ဦးအား မွေးဖွားခဲ့ပြီး ၎င်းတို့အနက် ဦးထွန်းဝင်းကွယ်လွန်သဖြင့် ၎င်း၏ အစုအား ဇနီးဖြစ်သူ ဒေါ်တင်ရီ၊ ဦးထွန်းအေး ကွယ်လွန်သဖြင့် ၎င်း၏ အစုအား ဇနီးဖြစ်သူ ဒေါ်အေးတို့မှ ပိုင်ဆိုင်ခွင့်ရှိပြီး (၁) ဒေါ်ခင်ချမ်း(ခ) စန်ဒရာ(ခ) ဒေါ်ခင်မော်ထွေး[၁၂/ကတတ(နိုင်)၀၂၇၁၇၀]၊ (၂)ဒေါ်အေး[၁၂/ဗတထ(နိုင်)၀၁၁၉၅၁]၊ (၃) ဒေါ်တင်ရီ [၁၂/ကတတ(နိုင်)၀၀၃၂၆၇]တို့မှ ပူးတွဲ၍ ကျောက်တံတား မြို့နယ်တရားရုံး၏ ကျမ်းကျိန်အမှတ်စဉ်-၈၃၃/(၅-၂-၂၀၁၆)၊ ထပ်ဆင့်ကျမ်းကျိန်လွှာ၊ သေစာရင်းများ၊ ဂရန်ပျောက်ဆုံးကြောင်းကျောက်တံတားမြို့နယ်တရားရုံး၏ကျမ်းကျိန်အမှတ် စဉ်-၈၃၄/ ၅-၂-၂၀၁၆ ဂရန်ပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၏ ထောက်ခံချက်၊ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးမှူးရုံး၏ ထောက်ခံချက်(မိတ္တူ)၊ ရဲစခန်းထောက်ခံချက်တို့တင်ပြ၍ ဂရန်ပျောက်ဖြင့် ပိုင်ဆိုင်ကြောင်းနှင့် စွန့်လွှတ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုပ်လုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

### ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ ကမ်းနားလမ်းနှင့် ဆင်မင်းလမ်းထောင့်၊ Royal Sin Min Condominium / Type A, Unit-C, တိုက်ခန်းအမှတ်(4/C) စတုရန်းပေ (၂၀၀၀)ခန့်ရှိ ကွန်ဒိုတိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဒေါ်နှင်းလဲ့အောင် (၁၂/လသန(နည်)၀၀၁၅၁၆) မှ ရောင်းချပိုင်ခွင့်စီမံခန့်ခွဲပိုင်ခွင့်ရှိသူဖြစ်ကြောင်း၊ ဝန်ခံကတိပြုပြီး ရောင်းချရန်ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ ရောင်းချသည့် တန်ဖိုးငွေအနက်မှ တချို့ကို စရန်ငွေအဖြစ် ပေးချေ ထားပြီး ဖြစ်ပါသည်။

ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း၊ နိုင်မာသော စာချုပ်စာတမ်း အထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်းကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

| | |
|---|---|
| ဒေါ်ဖြူဖြူသန့် | ဒေါ်သျှားလဲ့ညီတင် |
| LL.B., D.B.L., WIPO - 101 (Switzerland) | LL.B., D.B.L. |
| တရားလွှတ်တော်ရှေ့နေ (စဉ်-၈၃၁၁) | အထက်တန်းရှေ့နေ (စဉ်-၄၄၂၂၂) |

အမှတ်-၁၅၁၊ ဒုတိယထပ်၊ ၃၈-လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉ ၅၄၀ ၁၄၆၂

ဗ လ ငါး တန် ဖွံ့ ဖြိုး ဖို့ စာ အုပ် စာ ပေ လေ့ လာ စို့

# Congratulations OiAC

၂၀၀၂ ခုနှစ်မှ စတင်တည်ထောင်ခဲ့သော OiAC ကိုယ်ပိုင်အထက်တန်းကျောင်း၏ ပြာသိုလပြည့် "အမေများနေ့"တွင် ကျရောက်သော (၁၅)နှစ်မြောက် နှစ်ပတ်လည်နေ့မှသည် နောင်နှစ်ပေါင်းများစွာတိုင် လူရည်ချွန်၊ လူရည်မွန်များ မွေးထုတ်ပေးနေသော ကျောင်းတော်ကြီးအဖြစ် တည်တံ့ပါစေကြောင်း ဂုဏ်ယူဝမ်းမြောက်စွာ ဆုမွန်ကောင်းတောင်းအပ်ပါသည်။

OiAC တွင် နှစ်စဉ်နှစ်တိုင်း ယုံကြည်စွာအပ်နှံခဲ့ကြသော အနယ်နယ်အရပ်ရပ်မှ ကျောင်းသားမိဘ၊ မိတ်ဟောင်းမိတ်သစ်များ၊ နှစ်စဉ်ထူးချွန်စွာ အောင်မြင်ကြသော ကျောင်းသား/သူများနှင့် နှစ်တက်ကျောင်းသား/သူများ၊ စေတနာပြည့်ဝစွာ လမ်းညွှန်သင်ကြား ပြသပေးပါသော ဆရာကြီး၊ ဆရာမကြီးများ ၊ လေ့ကျင့်ရေးဆရာ၊ ဆရာမများနှင့် လုပ်ဖော်ကိုင်ဖက်များအားလုံး နှစ်သစ်မင်္ဂလာ အခါသမယတွင် ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာကြပါစေကြောင်း ၊ စီးပွားလာဘ်လာဘများတိုးတက်၍ မင်္ဂလာအပေါင်းနှင့် ပြည့်စုံပြီး အနာဂတ်စရိုက်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

SPECIAL | TINLEY BUILDING SOLUTIONS – BUILDING TOMORROW, TODAY | NSY DaNaSanYar Construction Co.,Ltd | OIAC OiAC Singapore Pte.,Ltd

**၂၀၁၇ – ၂၀၁၈ ပညာသင်နှစ်အတွက် ကျောင်းအပ်လက်ခံနေပါပြီ။ နေ့တက်ကျောင်းသားများအတွက် မြို့တွင်း ဖယ်ရီစီစဉ်ပေးပါသည်။**

MDIS (Signapore) NANYANG (Signapore) ကျောင်းများတွင် တက်ရောက်နိုင်ရန် ချိတ်ဆက်ပေးလျက် ရှိပါသည်။

**OiAC (ရန်ကုန်) [ ပဉ္စမတန်းမှ တက္ကသိုလ်ဝင်တန်းအထိ ]**
အမှတ် (၃၂၃)၊ သစ္စာလမ်းမကြီး ၊ ၉ - ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် ။
၀၁ ၈၅၆၀၅၅၇ ၊ ၀၉ ၄၃၀၇၀၁၉၀ ၊ ၀၉ ၄၃၀၇၀၁၉၁ ၊ ၀၉ ၇၃၀၃၆၈၉၀
Email Address : oiacygn@gmail.com
Facebook Page : OIAC ကိုယ်ပိုင်အထက်တန်းကျောင်း

**OiAC 2 (နေပြည်တော်) [ KG မှ တက္ကသိုလ်ဝင်တန်းအထိ ]**
အမှတ်(၂၈) ၊ မြတ်လေးဖြူလမ်း ၊ ဒက္ခိဏသီရိမြို့နယ် ၊ နေပြည်တော်မြို့။
၀၆၇ ၈၁၀၀၀၈၅ ၊ ၀၉ ၇၈၈၀၆၆၅၅၁ ၊ ၀၉ ၇၈၈၀၆၆၅၅၂ ၊ ၀၉ ၅၀၆၅၃၅၈
Email Address : oiacnpt@gmail.com
Facebook Page : Oiac - 2 ကိုယ်ပိုင်အထက်တန်းကျောင်း

---

**မိုးသောက်ပန်းအဆင့်မြင့်မူကြို**
(၁၉၉၄-ခုနှစ်တွင်တည်ထောင်သည်)
"ဘယ်နေ့ဘဲတက်တက်၊ ဘယ်အချိန်ဘဲ တက်တက်နေရာတိုင်းမှာ သင့်ရင်သွေးငယ်အတွက် မိုးသောက်ပန်း ရှိနေမယ်"
နံနက်(၈း၀၀)နာရီမှ(၃း၀၀)နာရီအထိ
※ စနေ၊ တနင်္ဂနွေ သီးသန့် တန်းခွဲအသစ်များလည်း ဖွင့်လှစ်နိုင်ပါသည်။ ကျောင်းကားရှိသည်။ အခန်းတိုင်းလေအေးပေးစက်တပ်ဆင်ထားပါသည်။
(1) Junction စဝနအနီး: Ph-01-571545, 09-5126882,09-43122883
(2) ယုဇနပလာဇာလုံးချင်းအိမ်ယာ Ph-01-200917, 09-43122884
(3) ရန်ကင်း၊ ကျောက်ကုန်း: Ph-01-566592, 09-421008133

**မင်္ဂလာပါ**
အိမ်ပြောင်း၊အိမ်ရွှေ့လုပ်ငန်း
မြို့တွင်း / နယ်ဝေးများအတွက်
ဈေးနှုန်းချိုသာစွာဖြင့်
Box ကားမျိုးစုံဖြင့်
အလုပ်သမားစီစဉ်ပေးသည်။
09-450042704
09-250095116
09-420096296

---

လူ့ဘဝဆိုတာတိုတောင်းပါတယ်။ ရှင်သန်စဉ်နေ့ရက်တိုင်းမှာ တစ်ထောင့်တစ်နေရာမှ တတ်စွမ်းသလောက်ဖြည့်စွက်ရန်ရည်ရွယ်၍ ....

**စာသင်ကောင်း၍ စေတနာပါသော ဆရာ၊ ဆရာမများစုစည်းမှုဖြင့်**

ဒေါက်တာဟိန်းထွဋ်တည်ထောင်သော

# ၁၈လမ်းဝိုင်း

ကျောင်းအပ်လက်ခံပြီ

၉ တန်း၊ ၁၀ တန်း (အယောက် ၂၀ သီးသန့်) အထူးစာသင်ဝိုင်းများ

အမှတ်(၁၂၆ / ၁၂၈)၊ ဒုတိယထပ် (ဓာတ်လှေခါးတွင် နံပတ် - ၂ ကိုနှိပ်ပါ)၊ ၁၈လမ်း၊ (အနော်ရထာလမ်းနှင့် မဟာဗန္ဓုလလမ်းကြား)၊ လသာမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၉ ၄၅၇၇၇၉၀၆၇၊ ၀၉ ၇၆ ၇၃၇၄၇၀၉

## ✷ အထူးကြပ်မတ် စာကျက်ဝိုင်းများ ✷

- မိမိရည်မှန်းထားသော အောင်မြင်မှုကို ရယူနိုင်ရန်အတွက် စနစ်ကျသော နည်းဗျူဟာလိုအပ်ပါသည်။ နည်းဗျူဟာနှင့် ချဉ်းကပ်ပုံ မမှန်ကန်ပါက မည်မျှပင်ကြိုးစားပါစေ မျှော်မှန်းသလောက် ရလဒ်မကောင်းနိုင်ပါ။
- ယခုစာကျက်ဝိုင်းတွင်ဒေါက်တာဟိန်းထွဋ်ကိုယ်တိုင်အနီးကပ်ကြီးကြပ်၍စနစ်ကျသော မှတ်တမ်းမှတ်ရာများ၊ နည်းလမ်းများဖြင့်ပုံမှန်လမ်းရှိး ၊ လမ်းဟောင်းမှ ခွဲထွက်ကာ ကလေးတစ်ဦးချင်းစီကို လက်တွဲခေါ်ပါမည်။
- အိမ်တွင် Guide ခေါ်ယူကြသောအခါ အချိန်မလုံလောက်မှုကြောင့် အဖြစ်များနေကြသော" လေ့ကျင့်ကျက်မှတ်သင်ယူမှုများတွင် ဟာကွက်ဖြစ်နေမှုများ "ကိုပါ အကောင်းဆုံးဖြည့်စွက် ထောက်ကူလေ့ကျင့် ကျက်မှတ်ပေးသွားပါမည်။
- လောကတွင်အရာရာကိုစိတ်ကဦးဆောင်ပါသည်။ အောင်မြင်ချင်စိတ်ကို ပိုင်ဆိုင်ထားသော ကလေးတစ်ယောက်အတွက် အောင်မြင်မှုက လက်တစ်ကမ်းအကွာတွင်သာရှိပါသည်။ ယခုစာကျက်ဝိုင်းတွင် ကလေးများကို အောင်မြင်ရေးဆိုင်ရာ စိတ်ပိုင်းဆိုင်ရာ ပြုပြင်သင်ကြားပေးမှု (Motivation) များပါ သင်ကြားလေ့ကျင့်ပေးပါမည်။ (သင်ကြားလေ့ကျင့်ပေးမည့်ပုံစံများ ၊ စနစ်ကျသော မှတ်တမ်းမှတ်ရာများကို ကျောင်းခန်းမတွင် လာရောက်စုံစမ်းဆွေးနွေးနိုင်ပါသည်။)

**ကျောင်းခန်းမလိပ်စာ**
အမှတ်(၁၂၆ / ၁၂၈)၊ ဒုတိယထပ် (ဓာတ်လှေခါးတွင် နံပတ် - ၂ ကိုနှိပ်ပါ)၊ ၁၈လမ်း၊ (အနော်ရထာလမ်းနှင့် မဟာဗန္ဓုလလမ်းကြား)၊ လသာမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၉ ၄၅၇၇၇၉၀၆၇၊ ၀၉ ၇၆ ၇၃၇၄၇၀၉

---




---

**MDIS**
Management Development Institute of Singapore

အင်္ဂလန်၊ အမေရိကန် တက္ကသိုလ်ကြီးများမှ ပေးအပ်မည့် ဘွဲ့ဒီဂရီကြီးများကို စင်ကာပူနိုင်ငံတွင်တက်ရောက် ပညာဆည်းပူးလိုသူများအတွက် . . . .



**FREE INFO SEMINAR**
နေ့ရက် - ၂၁.၁.၂၀၁၇ (စနေနေ့)
အချိန် - (၂) နာရီမှ (၄) နာရီထိ
နေရာ - ပင်းယခန်းမ၊ (၃)လွှာ
SULE SHANGRI-LA HOTEL

**Guest Speakers**
School of Engineering by Dr. Eric Kuan
School of Health & Life Sciences by Dr. Kelvin Wong Chong Yu

Rebates up to SGD 2,000 for Bachelor & Master Degree Programme

**Master Degrees**
- Business Administration
- Banking & Finance
- International Business
- Health Sciences (Management)
- Project Management
- Tourism & Hospitality

**Undergraduate Degrees**
- Business & Management
- Engineering
- Fashion Design
- Health & Life Sciences
- Information Technology
- Mass Communication
- Travel, Tourism & Hospitality

AT&S
/eduGlobalVillage

ရုံးချုပ် (ရန်ကုန်) - အဆောင် (၅)၊ အခန်း (၄)၊ အဓိအိုင်စီတီပက်ခ်၊ လှိုင်။ (ဖုန်း) ၀၁ ၅၂၁၁၂၅ ၊ ၀၉ ၇၉၉၅၉၅၉၄၉
ရုံးခွဲ (ရန်ကုန်) - အမှတ် (၆၇)၊ မြေညီထပ်(ယာ)၊ ဘုန်းကြီးလမ်း၊ လမ်းမတော်။ (ဖုန်း) ၀၉ ၅၁၂၄၇၆၁ ၊ ၀၉ ၇၇၇၂၂၃၂၂၅
ရုံးခွဲ (မန္တလေး) - အမှတ် တ/၇၊ ၈ - ၃၄၊ သဇင်လမ်း၊ (၇၁ × ၇၂) ကြား၊ ချမ်းမြသာစည်။ (ဖုန်း) ၀၉ ၅၀၆၂၁၆၁ ၊ ၀၉ ၇၇၇၂၂၃၂၂၁

# MEGA PROMOTION

## 35% ငွေကျေရင်အခန်းအပ်

AFTER KEY လစဉ် 10 သိန်းခန့်

အတိုးမယူ လ 100 ငွေချေစနစ်

လှိုင်၊ တာမွေ၊
ကမာရွတ်၊ ရန်ကင်း၊
စမ်းချောင်း၊ ငွေဆောင်၊
ကြည့်မြင်တိုင်၊ သဃ်န်းကျွန်း၊
စီမံကိန်း 19 ခုမှအခန်းပေါင်း
500 ကျော်ရောင်းမည်

နေ့ရက် ▪ 21,22-Jan-2017
နေရာ ▪ People Park
Myanmar Culture
ဦးဝိစာရလမ်း၊ ရွှေတိဂုံဘုရားအနောက်မုဒ်ရှေ့

ဦးဆုံး(30)ခန်းလက်ဆောင်
ပါကေး & AIR-CON

DEVELOPER
i GREEN

# ကြော်ငြာ


မြန်မာတစ်ပြည်လုံး TOP TEN (အဋ္ဌမဆင့်) ဆဒ၇ ၁၂၄၂ မောင်ခန့်စင်ထက် (၂၀၁၅)



မြန်မာတစ်ပြည်လုံး TOP TEN (တတိယဆင့်) ဆဒ၇ ၁၀၄၅ မစောကေနိုင်ဦး (၂၀၁၆)





ALL D ဆဒ၇ ၁၀၄၅ မစောကေနိုင်ဦး

(ရမှတ်ပေါင်း ၅၆၀၊ သင်္ချာ ရမှတ် ၁၀၀)



ဆဒ၇ ၈၈၉ မောင်ဆက်ကောင်းခန့် ALL D



ALL D ဆဒ၇ ၁၀၂၁ မောင်သီဟအောင်



ALL D ဆဒ၇ ၁၀၄၈ မခိုင်မေဦး



ဆဒ၇ ၃၇၀ မထက်အိမြခိုး ALL D

တက္ကသိုလ်ဝင်တန်း TopTen နှင့်ဘာသာစုံဂုဏ်ထူးရှင်များထွက်ရှိရာ...

သစ္စာသန္တာနိုင် တည်ထောင်သည့် ကျောင်း ကိုယ်ပိုင်အထက်တန်းကျောင်း

ပညာရေးဝန်ကြီးဌာန ခွင့်ပြုချက်မှတ်ပုံတင်အမှတ် (ကက-၁၃/၄၄/၀၆၂)

ကျောင်းကြီး၊ ကျူရှင်၊ ဝိုင်း တက်စရာ မလိုတော့ပါ။ STUDY GUIDE နှင့် စာသင်၊ စာကျက်၊ စာစစ် စီစဉ်ပေးသည်။ ၁၀ တန်း (မတ် ၁၅)၊ ၉ တန်း (ဧပြီ ၂၇)၊ ၈၊၇၊၆၊၅ တန်း (မေ ၄) စမည်။ ကျောင်းကား (ကြို/ပို့) ferry စီစဉ်ပေးသည်။

ကျောင်း မြေအမှတ် ၉(ခ)၊ မနော်ဟရီလမ်း၊ ဒဂုံမြို့နယ်။ ဖုန်း ၀၁ ၂၃၀ ၂၀၀၇၊ ၀၁ ၂၃၀ ၂၀၀၉၊ ၀၉ ၂၅၀ ၃၁ ၂၀၂၀

၂၀၁၇-၂၀၁၈ ပညာသင်နှစ်အတွက် ကျောင်းအပ် လက်ခံပါပြီ [ကြိုအပ်ခြင်းဖြင့် သေချာမှုကို ရယူပါ]

အဆင့်မြင့် ဘော်ဒါ

ပဥ္စမတန်းမှ တက္ကသိုလ်ဝင်တန်းအထိ [ဧပြီ ၂၇ ကျောင်းသူ၊ ဧပြီ ၂၉ ကျောင်းသား ဘော်ဒါစ,ဝင်ရမည်]

ဘော်ဒါ အမှတ်(၁၁၁/၁၁၃)၊ ၅၇ လမ်း၊ ပုဇွန်တောင်မြို့နယ်။ ဖုန်း ၀၁ ၃၉၇၉၃၉၊ ၀၉ ၅၁၉ ၇၇၂၆၊ ၀၉ ၅၁၇ ၆၅၄၃၊

FORWARD အဆင့်မြင့် စာသင်ဝိုင်း

၁၀ တန်း၊ ၉ တန်း၊ ၈ တန်း (ဘာသာစုံ)

၁၀ တန်း | ဉာဏ်ရည်မြင့်(၉)ယောက်ဝိုင်း | အထူးသီးသန့် ရှိသည်။

၁၀ တန်း (မတ် ၁၅)၊ ၉ တန်း (ဧပြီ ၂၇)၊ ၈ တန်း (ဧပြီ ၂၉) စ,မည်။

ဝိုင်း အမှတ်(၄၄)၊ ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်။ ဖုန်း ၀၁ ၂၄၉ ၆၄၉၊ ၀၁ ၃၈၅ ၀၉၇၊

ကျောင်း (သို့) ဘော်ဒါ (သို့) စာသင်ဝိုင်း ကြိုက်ရာ ရွေးချယ် အပ်နှံနိုင်သည်။

Hot Line: 01 249 649, 01 230 2009, 09 250 31 2020, 09 519 7726





# ဟွန်တာမင် Homtamin

ဂျင်ဆင်းမြုံ ရဲ့ထူးခြားမှုကြောင့်...

- သွေးထဲရှိ အဆိပ်အတောက်များကို သန့်စင်ဖယ်ရှားပေးခြင်း၊
- ခွန်အားအထူးတိုးပွားစေခြင်း၊
- သွေးတွင်းသကြားဓာတ်များလျော့ကျစေခြင်း၊
- အစာကြေညက်စေခြင်း၊
- အမောလုံခြင်း၊ အပင်ပန်းခံနိုင်ခြင်း၊ သက်လုံကောင်းစေခြင်း၊
- သွေးတွင်းအဆီဓါတ်များလျော့နည်းစေခြင်း၊
- ကိုယ်ခံစွမ်းအားမြင့်တက်ခြင်း စသည့်အကျိုးကျေးဇူးများ ရရှိနိုင်ပါသည်။

ကျန်းမာစေချင်ရင် ဟွန်တာမင်




သက်တောင့်ဆေး လို့အားကိုးနိုင်ပါတယ်။

ကိုရီးယားနိုင်ငံတွင် ထုတ်လုပ်ပြီး နိုင်ငံပေါင်း(၁၂)နိုင်ငံသို့ တင်ပို့လျက်ရှိပြီး ကိုရီးယားနိုင်ငံ MINISTRY OF COMMERCE, INDUSTRY AND ENERGY မှဆုတံဆိပ်(၂)ခု ချီးမြှင့်ခဲ့ပါသည်။

Tel : 0973083319,0977111546(YGN), 092037314,0991012541(MDY), 057-24711(MLM), 0949350126(TGY)



# UNIQUE MARINE SERVICES CO., LTD.

## ရေယာဉ်လုပ်ငန်းရှင်များအတွက်သတင်းကောင်းကြော်ငြာခြင်း

ကျွန်တော်များသင်္ဘောကျင်းသည် ပင်ရင်းသံဆိုင်များနှင့် လေအိုးစက်ရုံများတည်ရှိရာ တောင်ဒဂုံစက်မှုဇုံ(၁)တွင် တည်ဆောက်ထားသည့်အတွက် လူကြီးမင်းများ၏ သင်္ဘောများတည်ဆောက်ခြင်း၊ အဟောင်းပြုပြင်ခြင်းများအတွက် ပစ္စည်းသယ်ယူစရိတ်သက်သာခြင်း၊ သွားရေးလာရေး လွယ်ကူသဖြင့် လုပ်ငန်းရှင်များအနေဖြင့် အချိန်မရွေးလာရောက် ကြီးကြပ်နိုင်ခြင်းများအပြင် ကျွန်တော်များသင်္ဘောကျင်းအနေဖြင့်လည်း ဝရိန်ပုံး၊ ဝရိန်ကြိုး၊ ဝရိန်ဆော်ဂေါက်၊ လွန်းတုံးနှင့် ပစ္စည်းထိန်းသိမ်းရန် ကွန်တိန်နာပုံးများအား လုပ်ငန်းဆောင်ရွက်ရန် အသင့်အနေအထားဖြစ်အောင် စီစဉ်ဆောင်ရွက်ပေးနေပြီ ဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

လိပ်စာ - ၄၇၉/၁၊ မြစ်ကြီးနားလမ်းဆုံး၊ စက်မှုဇုံ(၁)၊ ဒဂုံမြို့သစ်(တောင်ပိုင်း)၊ ရန်ကုန်မြို့။

ဖုန်း - ၀၉ ၇၈၉ ၄၄၄ ၉၁၉၊ ၀၉ ၇၉၈ ၁၂၂ ၀၀၅၊ ၀၉ ၄၉၃၂ ၉၀၇၅၊ ၀၉ ၂၅၆ ၃၅၃ ၉၇၀





SPRING LINE
★ Hlaing River Landmark ★

LAUNCHING HOT SALE 65 UNITS

- လ ၄၀ အရစ်ကျငွေချေမှုစနစ်
- တစ်နှစ်ကို ၁၃% ပြန်လည်ရရှိမည့်အခွင့်အရေး
- ၇၀% ပေးချေရုံဖြင့် အခန်းအပ်မည်ဖြစ်၍ ကျန် ၃၀% ကို ငှားရမ်းခရရှိငွေမှ ပေးချေသွားနိုင်သည်။

ဘိုးဘွားပိုင်မြေ - ဆောက်လုပ်မှုပြီးလုနီး

အဆင့်မြင့် SOHO Condo

USD 150,000 မှစ၍

ဆောက်လုပ်ပြီးစီးသော PROJECT မှသာ လူကြီးမင်းတို့အတွက် အာမခံနှင့် ရင်းနှီးမြှုပ်နှံမှု အကျိုးအမြတ်ကို အခိုင်အမာ ဖြစ်စေပါသည်။

Tel: 09 7930 66666

Add: No.461, Kanar Middle Qtr, Hlaing River Road, Insein Township, Nearby Aung Zay Ya Bridge, Yangon

Facebook: @springlinecenter

Shwe Oak Khai Construction Co., Ltd.





ဇီဝမျိုးစုံ မျိုးကွဲတွေ ကြွယ်စေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

စစ်မှန်သော ပရဆေး မှန်ကန်သော စေတနာ တိကျသောထုတ်လုပ်မှု အပြည့်အဝ မြန်မာ့ရိုးရာတိုင်းရင်းဆေးစွမ်းကောင်းများ

တာသမျှအစာကြေမှာသမျှကိုဖြေတဲ့...
နန်းစဉ် စစ်မှန်ဆေးသုံး
တစ်သုံးလုံး
ဆေးပြားဘူး
ဆေးမှုန့်ထုပ်
အဖြေကျော်ဆေး

ထုံကျဉ်ကိုက်ခဲလျှင် လိမ်းမှုမလျှော့ရှ
ကောင်းသတင်းမွှေးကျော်
ဆင်ဖြူတော်
ပုလင်းကြီး
ပုလင်းသေး
အကြောပြေအက်ကြောလိမ်းဆေး

မှုမောရင်တုန်ကင်းဝေးအောင်
မြန်မာတိုင်းရင်းဆေးဂုဏ်ဆောင်
ရွှေပျားတောင်
ဆေးမှုန့်ဘူး
နှလုံးသည်းခြေဆေး

ဂမုန်းရှင်
အရည်ပုလင်း
လေငန်းဘာကွယ်လိမ်းဆေးရည်

ဆောင်းနွေမိုး
ငုံဆေးပြားဘူး
ဆေးမှုန့်ထုပ်
ချွဲသလိပ်ကြေမက်လင်ချဉ်လျှက်ဆား

တန်ဖိုးထက်သာလွန်သော
ဆေးစွမ်းအာနိသင်ကို
ပေးစွမ်းစေပါသည်။
အမြို့မြို့ဆိုင်တိုင်းတွင် မေးဝယ်ပါ။



Organized by :
MYANMAR INSTITUTE of FINANCE
09 976 528 783
ဝင်ကြေး အခမဲ့

ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခွင့်အလမ်းများလေ့လာနိုင်ရန်

MIOS 2017
MYANMAR INVESTMENT OUTLOOK SEMINAR

Date : 22 / 1 / 2017 (Sunday)
Time : 2:00 ~ 4:00 PM
Place : UMFCCI (Main Hall) မင်းရဲကျော်စွာလမ်း၊ ရန်ကုန်


ဦးအောင်နိုင်ဦး
(MIC)


ဒေါ်အေးအေးဝင်း
(SME Development Department)


ဦးကျော်သန်းအောင်
(WAVE Money)

Sponsored by :
Wave Money
GRANT SHERMAN
AMRUB
RGK+Z&A Group
CB SECURITIES



ပါကေး အစားထိုး ကြမ်းခင်း
Special Promotion
မြန်မာပြည်တွင်ပထမဦးဆုံးတင်သွင်းသော
Since 1996
Home
Think of House, Think of Home



Buy Flooring → Get Box
၄ ကျွင်း ဝယ်လျှင် ၁ ပုံး လက်ဆောင်

Grade A,B,C,D
စစ်မှန်မှုကိုစက်ဖြင့်
"အခမဲ့" လက်တွေ့
စစ်ဆေးပေးသည်။

* Grade A,B,C,D အစစ်များသာရောင်းပါသည်
* ဈေးနှုန်း အနိမ့်ဆုံး → အမြင့်ဆုံး အထိရှိပါသည်
* လက်ကား ဝယ်ယူလိုသူများအတွက် အထူးဈေးနှုန်း

ပိတ်ရက်မရှိ

(အင်းစိန်) (သင်္ဃန်းကျွန်း) (ပဲခူး) (မန္တလေး) (တောင်ကြီး)
(အောင်သန်းကွင်း) (မြောက်ဥက္ကလာ) (မော်လမြိုင်) (ပြင်ဦးလွင်) (မုံရွာ) (နေပြည်တော်)

HOTLINE: 09-79 700 70 70
09-79 700 70 80



အခမဲ့လက်ဆောင် မရယူလိုက်ရတဲ့ Customer များအတွက်ရက်တိုးပြီ

CLEAR VISION မျက်မှန်ဆိုင်တွင် စမ်းသပ်ခ (၄၀၀၀) ကျပ် ပေးရုံနဲ့ မျက်မှန်ကိုင်း လှလှလေးများကို သတ်မှတ်ထားသော မှန်နှင့်တကွ အခုပဲရယူ ပိုင်ဆိုင်လိုက်ပါ။ တစ်ခဲနက် အားပေးကြသော Customer များအားလုံးကိုလည်း အထူးပင်ကျေးဇူးတင်ရှိပါသည်။

No. (196/198), Shwe Bon Thar Road (Middle Block),
Pabedan Township, Yangon.
Ph : 01-253214, 09-445465430, 09-250640694



"အိမ်ငှားနေမည့်အစား အဆင်သင့်အိမ်ဝယ်ယူပိုင်ဆိုင်နိုင်မည့်အထူးအခွင့်အရေး"


NAWADAY 4STOREY SHOP HOUSE


SHWE KANN THARYAR LUXURY HOUSE


SHWE KANN THARYAR SINGLE HOUSE


SHWE KANN THARYAR TWO STOREY SHOP HOUSE

နဂါးဒေးဥယျာဉ်အိမ်ရာနှင့်ရွှေကမ်းသာယာအိမ်ရာ

May Flower Trading နှင့်
ရောဝတီဘဏ်တို့ပူးပေါင်းပြီး (၁၀) နှစ်
အရစ်ကျစနစ်ဖြင့် ဝယ်ယူနိုင်မည့် အခွင့်အရေး



ဖုန်း-၆၅၀၅၃၅၊ ၆၆၆၁၀၈၁၊ ၆၅၁၄၃၆၊ ၆၈၅၁၅၉၊ ၀၉-၇၃၁၅၄၄၂၄၊ ၆၆၁၃၅၅၈ သို့ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။



FASHION FAIR
BIG SALE
up to 50% off
MEN'S AND LADIES WEAR
(International Branded)

Date - 18.1.2017 to 22.1.2017
Venue - Capital Hypermarket
Promotion Area (Daw Pone)
Only 5 days
First come, first choice!

icon
fashion complex
Hot Line : 09 770 800 070
facebook.com/iconfashioncomplex



ရောင်းမည်
(5) Tons
Truck Crane
(Brand New)



Korea နိုင်ငံလုပ် Truck Crane HKTC Telescopic Boom type၊ 5 Tons Truck Daewoo Ta Ta Novus (Brand New)၊ YGN(Licence)၊ အကွာရာ(6M)၊ Kilo(672) ရောင်းမည်။

Address - Concordia Int'l Co.,Ltd
Building(11), MICT Park, Hlaing Township.
Phone - 01-654951, 654952, 654953, 654954,654955, 09-793816958

# ကြော်ငြာ

## ဝမ်းနည်းကြေကွဲခြင်း

၁၁ပါးမြောက် တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက ရမ္မာဝတီဆရာတော် ဦးဆောင်စီမံအပ်သော တိပိဋကစက္ခုပါလအဖွဲ့နှင့်အတူ မင်းပြားမြို့နယ်၊ မာန်အောင်မြို့နယ်များသို့လိုက်ပါ၍ ငွေကြေးမပြည့်စုံသော မျက်စိဝေဒနာရှင်များစွာတို့အား မျက်စိအလင်းရအောင် ခွဲစိတ်ကုသပေးခဲ့သော မျက်စိအထူးကုဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာဦးကံညွန့်သည် ၁၃-၁-၂၀၁၇ ရက်နေ့တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူ ဇနီး ဒေါက်တာဒေါ်ကြည်ကြည်ငွေ၊ သား ဒေါက်တာ ဝင်းကြည်ညွန့်တို့နှင့်အတူ ဝမ်းနည်းစိတ်မကောင်းဖြစ်ရပါသည်။ ဆရာဝန်ကြီး ကောင်းရာသုဂတိလားပါစေ။

**၁၁-တိပိဋကဓရဆရာတော်၊ ပါမောက္ခဒေါက်တာ အေးထွန်းနှင့်**
**မျက်စိဆရာဝန်ကြီးများ၊ သူနာပြုများ၊ တိပိဋကစက္ခုပါလအဖွဲ့၊**
**တိပိဋကစက္ခုပါလမျက်စိ အခမဲ့ဆေးခန်း၊**
**ပုလဲမြို့သစ် မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်**

## ဝမ်းနည်းကြေကွဲခြင်း

**ဦးအောင်စိုး**

**အခြေခံပညာဦးစီးဌာန(ငြိမ်း)**

**အသက် (၈၄) နှစ်**

ဒေါက်တာရဲမိုးမြင့် (ဒါရိုက်တာ၊ ပန်းလှိုင်ဆေးရုံ)-ဒေါ်သီတာစိုးတို့၏ဖခင်ကြီး ဦးအောင်စိုးသည် ၁၅-၁-၂၀၁၇ ရက်တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပါမောက္ခဦးခင်မောင်ဝင်း(အသည်း)-ဒေါက်တာဒေါ်ခင်လေးရီ**

## ဝမ်းနည်းကြေကွဲခြင်း

**ပါမောက္ခဒေါက်တာကံညွန့်**

**မျက်စိအထူးကုဆရာဝန်ကြီး**

**(စာရေးဆရာဒေါက်တာကံညွန့်၊ မောင်မျက်စိ)**

**အသက် (၇၂) နှစ်**

ချစ်ခင်လေးစားရပါသောဆရာကြီး ပါမောက္ခ ဒေါက်တာ ဦးကံညွန့်သည် ၁၃-၁-၂၀၁၇ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပါမောက္ခဦးခင်မောင်ဝင်း(အသည်း)-ဒေါက်တာဒေါ်ခင်လေးရီ**

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်ခင်မြိုင် (ရွှေပေါက်ပင်/ခရမ်း)

**အသက် (၈၅) နှစ်**

ရန်ကုန်မြို့၊ အမှတ်(၂၂)၊ (၆)လမ်း၊ ပုသိမ်ညွန့်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေ [ဦးတင်ညွှန့်(ခ)ဦးအေးသောင်း]၏ဇနီး၊ ဒေါ်ညွှန့်ညွှန့်ရီ၏ အဒေါ်၊ (ဦးအောင်ခိုင်)၊ ဦးမြင့်ဦး-ဒေါ်တင်တင်ဌေး(ခ)ဌေးဌေး၊ (ဦးထွန်းလွင်)၊ ဦးစိန်လင်း-ဒေါ်မြမြအေး(ခ)မော်မော်၊ ဦးညီညီ-ဒေါ်လှလှအေး(ခ)နီတာ (လ. ဝ. က-ဒဂုံအရှေ့)တို့၏ မိခင်၊ ကိုအေးသန်း-မခိုင်ခိုင်ဦး(ခ)တူးငယ်၊ ကိုကျော်စွာဦး(ခ)ဖိုးကျော်၊ ကိုမျိုးဇေယျာ-မကေဇင်မြင့်ဦး(ခ)ဖြူဖွေး၊ မဖူးမြတ်ရွှေစင်၊ မလင်းလက်ရွှေရည်တို့၏ အဘွား၊ မောင်သန့်ဇင်ဟိန်း(ခ)ဖိုးသား၊ မယွန်းရတီကျော်(ခ)ယွန်းယွန်းတို့၏ ဘွားဘွားကြီးသည် ၁၇-၁-၂၀၁၇ (အင်္ဂါနေ့) ညနေ ၆း၂၀ နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၉-၁-၂၀၁၇ (ကြာသပတေးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသဖြင့် ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဒေါက်တာဒေါ်ခင်ဝင်းမေ(မင်းဘူး-မကွေး)

**တိမ်မွေးကုဆရာဝန်**

**အသက် (၆၁)နှစ်**

မကွေးမြို့၊ ကန်သာရပ်၊ မေတ္တာလမ်း၊ အမှတ် (စီ-၁၀)နေ (ဦးမြဟန်-ဒေါ်အေးပိုင်)တို့၏သမီး၊ ဒေါက်တာဦးဝင်းမြင့်(တိမ်မွေးကု)၏ဇနီး၊ မဝင်းလဲ့လဲ့ဖြိုး၊ မောင်အောင်မြတ်ကျော်-မအေးမြချမ်းသာ၊ မောင်မင်းကိုအောင်-မဝင်းပြည့်ပြည့်ဖြိုးတို့၏မိခင်သည် ၁၇-၁-၂၀၁၇ (အင်္ဂါနေ့) နံနက် ၈း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၁-၂၀၁၇ (ကြာသပတေးနေ့) ညနေ ၃ နာရီတွင် မကွေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## အထူးကျေးဇူးတင်ရှိခြင်း

**ဦးဝင်းမောင် [B.Sc.Mech:Engg:]**

**ဒု-စက်မှုအင်ဂျင်နီယာချုပ်(ငြိမ်း) (မြန်မာ့မီးရထား)**

**အသက် (၈၇) နှစ်**

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ သစ်တောလမ်း၊ အမှတ်(၄၁)နေ ဒေါ်စန်းစန်း [ညွှန်ကြားရေးမှူး(ငြိမ်း)၊ အလုပ်သမားဝန်ကြီးဌာန]၏ခင်ပွန်း ဦးဝင်းမောင် နေမကောင်းစဉ်အချိန်မှ ကွယ်လွန်ချိန်ထိ ကျန်းမာရေးစောင့်ရှောက်မှုပေးခဲ့ကြသော ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ အထူးကု ဆရာဝန်ကြီးများ၊ ဆရာဝန်များနှင့်ဝန်ထမ်းများ၊ ကွယ်လွန်ချိန်မှ နာရေးကိစ္စရပ်များပြီးဆုံးသည်ထိ အဘက်ဘက်မှ လိုလေသေးမရှိအောင် ဆောင်ရွက်ကူညီပေးခဲ့ကြသော မိတ်ဆွေများ၊ တပည့်များနှင့် သူငယ်ချင်းများ၊ လူကိုယ်တိုင်သော်လည်းကောင်း၊ တယ်လီဖုန်း၊ E-mail နှင့် Internet တို့ဖြင့် ဆက်သွယ်မေးမြန်း အားပေးစကားပြောကြားကြသော ရပ်ဝေးရပ်နီးမှ လူပုဂ္ဂိုလ်နှင့်အသင်းအဖွဲ့များ၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ မိတ်ဆွေသူငယ်ချင်း အပေါင်းအသင်းများ၊ နာရေးသို့ လူကိုယ်တိုင်လိုက်ပါပို့ဆောင်ပေးခဲ့ကြသူများ၊ ကူညီပံ့ပိုး ပေးခဲ့ကြသူများနှင့် ကျေးဇူးတင်ထိုက်သူအားလုံးကို မိသားစုမှ လှိုက်လှဲစွာကျေးဇူးတင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစု

## အထူးကျေးဇူးတင်ရှိခြင်း

၈-၁-၂၀၁၇ ရက်နေ့တွင် ကွယ်လွန်ခဲ့သော ဦးမြသွင် အသက် (၈၂)နှစ် (ရွှေလှေ၊ ပန်းတနော်) နာမကျန်းဖြစ်စဉ်က မေတ္တာ၊ စေတနာပြည့်ဝစွာဖြင့် ကြပ်မတ်ကုသပေးခဲ့ပါသော ဆရာဝန်ကြီး ပါမောက္ခဦးမျိုးမြင့်မော်နှင့် ဗဟိုစည်ဆေးရုံမှ တာဝန်ကျဆရာဝန်၊ ဆရာမများ၊ ဓမ္မာနုဂ္ဂဟဖြင့် ချီးမြှင့်တော်မူပါသော ပန်းဘဲတန်းမြို့နယ် မဟာသိမ်တော်ကြီး ပရိယတ္တိစာသင်တိုက်၊ ပဓာနနာယကဆရာတော်ကြီး အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာ ဘဒ္ဒန္တ ကုမာရမဟာထေရ်၊ တိုက်အုပ်ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တ ဂုဏာလင်္ကာရနှင့် သံဃာတော်များ၊ မဟာသိမ်တော်ကြီး အဘိဓမ္မာသင်တန်း ကြီးကြပ်ရေးအဖွဲ့ဝင်များနှင့် သင်တန်းမှ ဓမ္မမိတ်ဆွေများ၊ အဘိဓမ္မာ ပြန့်ပွားရေးအသင်းကြီးမှ ဓမ္မမိတ်ဆွေများ၊ တေဇ (၉)မှ သူငယ်ချင်းများ၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနမှ ညွှန်မှူးများနှင့် ဝန်ထမ်းများ၊ အထက(၅) ဗိုလ်တထောင်မှ ကျောင်းနေဖက်သူငယ်ချင်းများ၊ World Bank နှင့် Save the Children မှ လုပ်ဖော်ကိုင်ဖက်များနှင့် အခြားမိတ်ဆွေများ၊ 1987 Batch Geology မှ သူငယ်ချင်းများ၊ သူရိန်(၂)မှ သူငယ်ချင်းများနှင့် အခြားမိတ်ဆွေများ၊ နာရေးကိစ္စတွင် ဂူသွင်းပြီးသည်အထိ ကူညီဆောင်ရွက်ပေးသော သဃ်န်းကျွန်း လူမှုကူညီရေးအသင်း၊ တယ်လီဖုန်းစသည်တို့ဖြင့် နှစ်သိမ့်အားပေး သတင်းမေးမြန်းကြသော ရပ်ဝေးမှ ဆွေမျိုး၊ မိတ်သင်္ဂဟများ၊ စမ်းချောင်း ဦးစံညိမ်းလမ်းနေ ဦးဇော်မင်းနှင့် အိမ်နီးချင်းများ၊ စမ်း(မြောက်)ရပ်ကွက် နာရေးကူညီမှုအသင်းမှ တာဝန်ရှိသူများ၊ မောင်ညီမများ၊ တူ၊ တူမများနှင့် ကျေးဇူးတင်ထိုက်သူ အားလုံးတို့အား အထူးပင်ကျေးဇူးတင်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးစိန်လှိုင်

**အသက် (၆၅)နှစ်**

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ (၄၆)လမ်း၊ အမှတ်(၁၅၈)၊ ခြောက်လွှာ၊ အခန်း(၄၆)နေ ဦးလှရွှေ-(ဒေါ်မြဝင်း)တို့၏သားထွေး၊ (ဦးရီလှိုင်)-ဒေါ်လှစိန်(ခ)ဒေါ်အေမီ(U.S.A)၊ (ဦးထွန်းမြင့်)-ဒေါ်ကျင်လှ၊ (ဦးကျော်လှ)-ဒေါ်ခင်ခင်မြင့်(ခ)ဒေါ်ပက်ဂီ၊ ဦးဂျင်မီသန်းမြင့်၊ ဦးခင်မောင်မြင့်-ဒေါ်မြသက်တင်တို့၏ညီ/မောင်၊ ဦးခင်ဦးတို့၏အစ်ကို၊ တူ/တူမ ၁၁ယောက်တို့၏ဦးလေး၊ မြေး ၁၃ ယောက်တို့၏အဘိုး ဦးစိန်လှိုင်သည် ၁၇-၁-၂၀၁၇ (အင်္ဂါနေ့) ည ၁၁း၂၅ နာရီတွင် ခုတင် (၅၀၀) ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၈-၁-၂၀၁၇ (ဗုဒ္ဓဟူးနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း အသိပေးအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၃-၁-၂၀၁၇ရက် နံနက် ၇ နာရီမှ မွန်းတည့် ၁၂ နာရီထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဦးထွန်းလွင်(ခ)ဦးညီလွင်

**အသက်(၅၆)နှစ်**

**မာန်အောင်**

ရခိုင်ပြည်နယ်၊ မာန်အောင်မြို့နေ ဦးထွန်းစိန်(မှူ/ကျောင်းအုပ်ကြီး-ငြိမ်း)-[ဒေါ်အေးဆင့် (မှူ/ကျောင်း၊ ဆရာမ-ငြိမ်း)]တို့၏သား၊ဒေါ်ထွေးခင်၏ခင်ပွန်း၊ ဦးခင်မောင်ဦး-ဒေါ်မေဝင်းထွန်း၊ မောင်ညီညီထွန်းလွင်တို့၏ ဖခင်၊ ဦးထွန်းဝေ (သ/မ-ငြိမ်း)-ဒေါ်ရွှေရွှေ (အလယ်တန်းကျောင်းအုပ်ကြီး)၏ညီ၊ ဦးမြင့်သန်း - ဒေါ်ခင်မာစိုးလေး (လဝက-ငြိမ်း)၏အစ်ကို၊ တူ/တူမ ငါးယောက်တို့၏ ဦးလေးသည် ၁၇-၁-၂၀၁၇ (အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် တောင်ကုတ်မြို့၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၁-၂၀၁၇ (သောကြာနေ့) ညနေတွင် မာန်အောင်မြို့သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## အနိစ္စ

**ဘီးလင်းမြို့နယ်အသင်း(ရန်ကုန်)**

## ဒေါ်တင်ရွှေ(ဘီးလင်း) (၈၉)နှစ်

**ရာသက်ပန်အသင်းဝင်(၆၅၇)**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ အသောကလမ်း၊ အမှတ်(၅)၊ ပထမထပ်(B)နေ (ဦးမောင်တင့်-ဒေါ်ရှင်)တို့၏သမီးကြီး၊ (ဦးသာရင်)၏ဇနီးသည် ၁၇-၁-၂၀၁၇ (အင်္ဂါနေ့) နံနက် ၂း၁၅ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၉-၁-၂၀၁၇ (ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသင်းသူ၊ အသင်းသားများအား အသိပေးအကြောင်းကြားအပ်ပါသည်။ အမှုဆောင်အဖွဲ့

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်သောင်း (၈၆)နှစ်

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့နေ (ဦးဘလွင်-ဒေါ်ဆင်ဘန်း)တို့၏သမီး၊ (ဦးကုလား-ဒေါ်အုန်းစိန်)တို့၏ သမီးချွေးမ၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ အမှတ် (၁၉၇/ခ)၊ မင်္ဂလာလမ်းနေ (ဦးသိန်း)၏ဇနီး၊ ဦးကိုကြီး-ဒေါ်တင်တင်ဝေ၊ ဦးကိုလေး-ဒေါ်ခင်ပြုံးမာ၊ (ဦးကိုဌေး)၊ (ဦးစိုးမြင့်)-ဒေါ်ခင်ခင်ကျော်တို့၏မွေးသမိခင်၊ မြေး ၁၀ ယောက်၊ မြစ် ၁၂ ယောက်တို့၏အဘွားသည် ၁၈-၁-၂၀၁၇ (ဗုဒ္ဓဟူးနေ့) နံနက် ၄း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၁-၂၀၁၇ (သောကြာနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၄-၁-၂၀၁၇ (အင်္ဂါနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဦးအေးကြည် (၈၅)နှစ်

**အလပြ(ငြိမ်း)**

**အထက(၁) လက်ပံတန်း**

ပေါင်းတည်မြို့နေ (ဦးဖိုးကွန်း-ဒေါ်ညီမ)တို့၏သား၊ ရန်ကုန်မြို့နေ (ပါမောက္ခ ဦးအောင်သန်း-ဒေါ်တင်တင်ပု)တို့၏ သားသမက်၊ (ဦးငြိမ်းမောင်)၊ (ဒေါ်တင်ညွန့်)၊ ဒေါ်လှညွန့်တို့၏မောင်၊ (ဆရာမ ဒေါ်ခင်မမသန်း)၏ခင်ပွန်း၊ Capt: ဦးရဲအောင်-ဒေါ်သဇင်မြင့်၊ (မခိုင်ခိုင်ကြည်)၊ ဦးအေးသောင်း-(ဒေါ်စိုးစိုးကြည်)၊ မောင်ကျော်သူ-မအေးအေး ထွန်း၊ မောင်တိုးဝင်း-မမြတ်မြတ်ဝင်း၊ မောင်မြတ်ဇော်-မနွယ်နီဝင်းတို့၏ ချစ်လှစွာသောဖခင်၊ မြေးငါးယောက်၊ မြစ်နှစ်ယောက်တို့၏ အဘိုးသည် ၁၈-၁-၂၀၁၇ (ဗုဒ္ဓဟူးနေ့) နံနက် ၇း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၁-၂၀၁၇ (သောကြာနေ့) မွန်းလွဲ ၂ နာရီတွင် လက်ပံတန်းမြို့၊ သခင်ဖိုးလှကြီး လမ်းသွယ်(၅) နေအိမ်မှ အနောက်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

**ထားဝယ်အသင်း**

## ဦးဟန်ထွန်း(ထားဝယ်)

**အသက်(၅၃)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ (၄၆)ရပ်ကွက်၊ စံရိပ်ငြိမ်လမ်း၊ အမှတ် (၅၀၄)နေ ဦးရွှေကြည်-ဒေါ်တင်ရီတို့၏သား၊ ဒေါ်တင်တင်ဝင်း၏ ခင်ပွန်း အသင်းဝင်အမှတ် (၂၉၆၈) ဦးဟန်ထွန်းသည် ၁၇-၁-၂၀၁၇ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း အသင်းဝင်များအား အသိပေးအပ်ပါသည်။

အမှုဆောင်အဖွဲ့၊ ထားဝယ်အသင်း

## မအေးသီတာစိုး(ခ)အဇူး

**အသက် (၂၉)နှစ်**

**B.Sc (Zoo)**

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုမြို့နယ်၊ ဆိပ်ခွန်ရွာနေ (ဦးမြကွန်း)-ဒေါ်ခင်လှိုင်၊ ရွှေကူမြို့နေ (ဦးတင်ရွှေ)-ဒေါ်ကြည်တို့၏မြေး၊ အင်းတော်မြို့ အောင်မေတ္တာရပ် (အောင်မေတ္တာစည်ဘီယာ)နေ ဦးမောင်မောင်စိုး-ဒေါ်တင်တင်မာတို့၏ချစ်လှစွာသောတစ်ဦးတည်းသောသမီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဝက်လက်မြို့၊ မုဆိုးခြုံရွာနေ ဦးလုံး-ဒေါ်အေးသန်းတို့၏သမီးချွေးမ၊ ကိုဇင်မျိုးထွန်း၏ချစ်လှစွာသောဇနီး၊ မောင်အောင်ကောင်းခေတ်၏ချစ်လှစွာသော မိခင် မအေးသီတာစိုး(ခ)အဇူးသည် ၁၇-၁-၂၀၁၇ (အင်္ဂါနေ့) နံနက် ၉း၅၇ နာရီတွင် အင်းတော်မြို့နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၉-၁-၂၀၁၇ ရက် မွန်းလွဲ ၁ နာရီတွင် အင်းတော်မြို့မသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဦးလှသိန်း (ထူးကြီး)

**အသက် (၉၂)နှစ်**

အင်္ဂပူမြို့နယ်၊ ထူးကြီးမြို့နေ ဦးဖိုးမြ-ဒေါ်မယ်သင့်တို့၏သား၊ ထူးကြီးမြို့နေ (ဦးဝင်းကြည်)-ဒေါ်တင်တင်ဝင်း၊ ဦးခင်မောင်ညွန့်(ထ. ပြ-ငြိမ်း)-ဒေါ်ဌေးကြည် (ကျန်းမာရေးဆရာမ-ငြိမ်း)၊ ရန်ကုန်မြို့နေ ဦးမြင့်ဝေ(ညွှန်ကြားရေးမှူး၊ စီးပွား/ကူးသန်း)-ဒေါ်ယဉ်ယဉ်မွန်(ဖြိုးဝေလျှံပုံနှိပ်တိုက်)တို့၏ဖခင်၊ ကိုလင်းအောင်-မသီတာထွန်း၊ ကိုသက်ဦးမောင်၊ ဗိုလ်ကြီးခိုင်ထူးမောင်-နန်းအေးသူဇာ၊ ဗိုလ်မှူးဖြိုးမြင့်ဝေ၊ မသီတာအောင်၊ ဒေါက်တာအိမွန်ဝေ(တတိယနှစ်၊ မေ့ဆေးပညာ)တို့၏အဘိုး၊ မြစ်သုံးယောက်တို့၏ဘိုးဘိုးကြီးသည် ၁၈-၁-၂၀၁၇ ရက် ညနေ ၄း၀၈ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၁-၂၀၁၇ (သောကြာနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (မင်္ဂလာတောင်ညွန့်မြို့နယ်၊ စက်စန်း၊ အထက်ပုဇွန်တောင်လမ်း၊ ဒန်စက်အပိုပစ္စည်းစက်ရုံဝန်းနေအိမ်မှ ကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

**အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း**

## ဟာဂျီမ ဒေါ်ဇော်ဒါဘီ (၈၂)နှစ်

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ (င/ခ)ရပ်ကွက်၊ ပြည်ထောင်စုလမ်း၊ အမှတ်(၂၇)နေ (ဟာဂျီအဗ်ဒုလ်ကာဒရ်)၏ဇနီး၊ ဟာဂျီဦးစိန်သန်း @ Haji Yacoob-ဟာဂျီမ ဒေါ်သီတာရွှေ၊ ဦးမောင်မောင်လေး @ Eliyas-ဒေါ်မာယာရွှေတို့၏မိခင်၊ မောင်ကောင်းမြတ်ကျော်-မမေပုလဲ၊ မောင်ကောင်းမြတ်သူ၊ မသက်ဦးခင်၊ မောင်ကောင်းထက်ကျော်၊ မဆုလေးနွယ်၊ မောင်ကောင်းခန့်ကျော်၊ မောင်ကောင်းထက်အာကာကျော်တို့၏ အဘွား၊ Farahan ၏အဘွားသည် ၁၈-၁-၂၀၁၇ (ဗုဒ္ဓဟူးနေ့) ညနေ ၃း၃၀ နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ၁၉-၁-၂၀၁၇ ရက်တွင် ရေဝေးမွတ်စလင်မ် ဥယျာဉ်တော်၌ ဇိုဟိုရ်ဆွလာသ်အပြီး ဂျာနာဇဟ်ဆွလာသ်ဝတ်ပြု၍ ဒဖ်နာမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

## ဦးစိုင်းလုံးဆိုင်တစ်(ပ်) (၇၆)နှစ်

**MSc.Agronomy (Russia)**

**ကထိက၊ မွေးမြူရေး ပညာဌာန**

**မွေးမြူရေးနှင့်ကုသရေးဆေးတက္ကသိုလ်(ငြိမ်း)**

**မွေးမြူရေး၊ အစားအစာနှင့်နို့ထွက်ပစ္စည်းလုပ်ငန်း မန်နေဂျာ(ငြိမ်း)**

**ကျိုင်းတုံ**

ကျိုင်းတုံမြို့နေ (ဦးတစ်ပ်-ဒေါ်နန်းတွိ)တို့၏သားကြီး၊ (ဦးစိန်ရှင်း-ဒေါ်ခင်ကြည်)တို့၏သားသမက်၊ ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ (၄၃)လမ်း၊ အမှတ်(၉၇)နေ ဒေါ်ကြူကြူသင်း၏ခင်ပွန်း၊ (ဦးစိုင်းယီတစ်ပ်-နန်းစံခမ်း)၊ ဦးညီညီလွင်-နန်းစီဖောင်း၊ ဦးစိုင်းဆမ်တစ်ပ်-နန်းခင်သီတာ၊ Dr.ဦးတင်ဝင်း-Dr.နန်းကိန်ဖောင်းတစ်ပ်တို့၏ အစ်ကိုကြီး၊ စိုင်းကောင်ဖိုင်းတစ်ပ်၊ ဇော်မျိုးဦး-နန်းစမ်ဆိုင်တစ်ပ်တို့၏ဖခင်၊ ရွှန်းလဲ့ဝေ၊ ဟိဏ်းထက်အောင်တို့၏အဘိုးသည် ၁၈-၁-၂၀၁၇ ရက် နံနက် ၉း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၁-၂၀၁၇ ရက်တွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (သင်္ဂြိုဟ်မည့်အချိန်ကို ထပ်မံကြေညာပါမည်။) ကျန်ရစ်သူမိသားစု

## ဒေါ်အေးအေးမြင့်(ခ)ဒေါ်ရှူးမိုင် (၇၂)နှစ်

မော်လမြိုင်မြို့၊ သာယာကုန်းရပ်၊ ဝတ်ကြီးဘုရားလမ်း၊ အမှတ် (၅)နေ (ဦးချစ်မောင်-ဒေါ်စိန်ကြည်)တို့၏သမီး၊ (ဦးစိုးညွန့်)-ဒေါ်ကင်စွမ်တို့၏ သမီးချွေးမ၊ ဦးအောင်မိုးညွန့်(ခ)ဦးဘာဘူ (အောင်မိုးညွန့်-အရုပ်ဆိုင်)၏ ချစ်လှစွာသောဇနီး၊ မညွန့်အေး၏အစ်မ၊ ကိုအောင်ဉာဏ်လင်း(ခ)နီးနီး-မဟေမာမြင့်၊ မမေဇင်စိုးတို့၏ ချစ်လှစွာသောမွေးသမိခင်၊ မောင်ထက်မြက်ဉာဏ်လင်း၏ အဘွား ဒေါ်အေးအေးမြင့်(ခ)ဒေါ်ရှူးမိုင်သည် ၁၇-၁-၂၀၁၇ (အင်္ဂါနေ့) ည ၈နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ၁၉-၁-၂၀၁၇ (ကြာသပတေးနေ့) ညနေ ၃နာရီတွင် ၈-မိုင် ကြန့်တိန်သုသာန်သို့ ပို့ဆောင်ဂူသွင်းမည်ဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၁-၁-၂၀၁၇(စနေနေ့) နံနက် ၆နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဒုရဲမှူး ဦးစိုးမြင့်သောင်း(ငြိမ်း) (၆၃)နှစ်

**(လ ၁၁၈၅၁၁)**

**ဒုရဲအုပ် အမှတ်စဉ် (၁၆)**

အမှတ် (၂၁၄)၊ သုမနလမ်း၊ သာကေတမြို့နယ်နေ ဦးမြသောင်း-ဒေါ်ချိုတို့၏သား၊ ဦးကျော်ရှိန်း-ဒေါ်တင်ရီတို့၏သားသမက်၊ ဒေါ်ခင်ခင်လဲ့၏ခင်ပွန်း၊ ကိုဖြိုးသီဟ၊ မမေယမုံဖြိုးတို့၏ဖခင် ဒုရဲမှူး-စိုးမြင့်သောင်း(ငြိမ်း)သည် ၁၇-၁-၂၀၁၇ ရက် မွန်းလွဲ ၁၂း၃၀နာရီတွင် နေအိမ်၌ ကွယ်လွန် သွားပါသဖြင့် ၁၉-၁-၂၀၁၇ (ကြာသပတေးနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြား အပ်ပါသည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

## ဦးဟန်ထွန်း (ထားဝယ်) (၅၃)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (မြောက် ပိုင်း)မြို့နယ်၊ (၄၆)ရပ်ကွက်၊ အမှတ် (၅၀၄)၊ စံရိပ်ငြိမ်လမ်းနေ ဦးရွှေကြည်-ဒေါ်တင်ရီတို့၏သား၊ ဦးစိုးဝင်းအောင်-ဒေါ်မော်မော်တို့၏ညီ၊ ဒေါ်ဥမ္မာ(ခ)ဒေါ်ခင်မမ၊ ဦးစိုင်းအောင်ဗိုလ်-ဒေါ်မြစန္ဒာ၊ ဦးသန်းထွေးအောင်တို့၏အစ်ကို၊ မခိုင်ငြိမ်းအေး၊ မသိမ့်ငြိမ်းအေး၊ မသိမ့်ငြိမ်းထွေး၊ မောင်ဇာနည်ထွန်းတို့၏ဖခင် ဦးဟန်ထွန်းသည် ၁၇-၁-၂၀၁၇(အင်္ဂါနေ့) နံနက် ၂း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့တွင်ပင် ရေဝေး သုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

**ခရစ်တော်၌အိပ်ပျော်ခြင်း**

## Pa Khup Za Pau (၅၃)နှစ်

ချင်းပြည်နယ်နယ်၊ တီးတိန်မြို့နယ်၊ ထုတ်လိုင်ကျေးရွာနေ (Pu Tuang Za Khai-Pi Mang Za Dim) တို့၏သားထွေး၊ ဒေါ် Cing Za Niang (ဒု-ညွှန်မှူး၊ ပြည်နယ်ပညာရေး)-Sya Khai Suak (လယ်/ပြ၊ အထက-၁၊ ဟားခါး)၊ (Pa Lian Cin Nang)-Nu Cin Khan Niang,(Nu Zam Za Cing)- Pa Hau Do Vai (စာတိုက်မှူး)တို့၏ ညီ/မောင်၊ Nu Kam Thian Huai-Pa Mang Za Dongh, Nu Dim Neam Huai (လယ်/ပြ အထက-ထုတ်လိုင်)- Pa Thawng Hen Pau တို့၏အစ်ကို၊ Nu Dim Cingh Huai-Pa Pau Dik (USA), Tg. Khai Suan Cin , Lia Dim San Khai တို့၏ချစ်ဖခင်၊ Nu Dim Suan Cing ၏ချစ်စွာသောခင်ပွန်း၊ တူ/တူမ ၁၂ယောက်တို့၏ ဦးလေး Pa Khup Za Pau သည် ၁၇-၁-၂၀၁၇ (အင်္ဂါနေ့) ည ၁၁း၄၀ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ရုတ်တရက် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၀-၁-၂၀၁၇(သောကြာနေ့) မွန်းတည့် ၁၂နာရီတွင် အမှတ်(၁၅၂)၊ ဗိုလ်မြတ်ထွန်းလမ်းရှိ ရန်ကုန်စီးယင်းဘုရားရှိခိုးကျောင်း၌ ဝတ်ပြုကိုးကွယ်ပြီး ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံ ဥယျာဉ်တော်၌ ဂူသွင်းသင်္ဂြိုဟ်မည်ပါဖြစ်ကြောင်း။ ကျန်ရစ်သူမိသားစု

# ကမ္ဘာ့ကျန်းမာရေးနှင့် ဆေးပညာနယ်ပယ်တွင် ဓာတုကင်းလွတ်သည့် သဘာဝဆေးဝါးများ အလေးပေးဆောင်ရွက်လာ

# မြန်မာ့ရေမြေတောတောင်အတွင်းမှ အစွမ်းထက်ဆေးပင်များကို ဖော်ထုတ်ထိန်းသိမ်းပြီး တိုင်းရင်းဆေးကို အဆင့်မြင့်အောင်ထုတ်လုပ်

**နေပြည်တော် ဇန်နဝါရီ ၁၈**

အာဆီယံစီးပွားရေးအသိုက်အဝန်းထဲ ဝင်ရောက်ရန် ညှိနှိုင်းနေသည့် ကိစ္စရပ်များထဲတွင် တိုင်းရင်းဆေးသည် ကဏ္ဍတစ်ရပ်အနေဖြင့် ပါဝင်သည့်အတွက် မိမိတို့နိုင်ငံအနေဖြင့် အာဆီယံအဆင့်တန်းမီအောင် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရမည်ဖြစ်ကြောင်း ဒုတိယသမ္မတ ဦးမြင့်ဆွေက ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၂) ၌ ကျင်းပသည့် (၁၇)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံဖွင့်ပွဲအခမ်းအနားတွင် ပြောကြားသည်။

ထို့ပြင် ယခင်က အစွမ်းထက်ပြီးသားဆေးနည်းများ၊ ပညာရပ်များကို မပျောက်မပျက်အောင်နှင့် ကျွမ်းကျွမ်းကျင်ကျင် အသုံးပြုနိုင်အောင် ကြိုးစားအားထုတ်ကြရန် လိုအပ်သကဲ့သို့ မိမိတို့၏ အစွမ်းထက်တိုင်းရင်းဆေးဝါးများနှင့် တိုင်းရင်းဆေးကုထုံးများကို စနစ်တကျ သုတေသနပြုလုပ်ကြပြီး ခိုင်ခိုင်မာမာ သက်သေအထောက်အထားပြနိုင်အောင် ဆောင်ရွက်ကြရန် လိုအပ်ကြောင်း။

အချို့သော တိမ်မြုပ်ပျောက်ကွယ်နေသည့် တိုင်းရင်းဆေးပညာရပ်များနှင့် ကုထုံးများ ပြန်လည်ဖော်ထုတ်ရန်၊ မြန်မာ့တိုင်းရင်းဆေးပညာ ရေရှည်တည်တံ့အောင် ထိန်းသိမ်းစောင့်ရှောက်ရန်၊ မျိုးဆက်သစ်တိုင်းရင်းဆေးသမားတော်များအနေဖြင့် မြန်မာ့တိုင်းရင်းဆေးပညာကို ကျွမ်းကျွမ်းကျင်ကျင်နားလည်တတ်မြောက်ပြီး ကမ္ဘာ့အလယ်တွင် မြန်မာ့တိုင်းရင်းဆေးပညာဟု ဂုဏ်ယူဝင့်ကြွားစွာ ချပြနိုင်ရန်နှင့် သုတေသနလုပ်ငန်းများ စနစ်တကျလုပ်ကိုင်ပြီး တိုင်းရင်းဆေးပညာဖွံ့ဖြိုးတိုးတက်ရန်ဆိုသည့် အချက်များသည် ပြည်သူလူထုကျန်းမာရေးကို တိုင်းရင်းဆေးနှင့် ပိုမိုစောင့်ရှောက်မှုပေးနိုင်ရန်အတွက် အရေးပါသည့်

**စာမျက်နှာ ၉ ကော်လံ ၁ သို့** ❖



(၁၇)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံဖွင့်ပွဲတွင် ခင်းကျင်းပြသထားသည့် တိုင်းရင်းဆေးဝါးပြခန်းများအား ဒုတိယသမ္မတ ဦးမြင့်ဆွေ ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

# စိုက်ပျိုးရေးနှင့်သက်ဆိုင်သည့် စီးပွားရေးလုပ်ငန်းများအား ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ကြည့်ရှုစစ်ဆေး



တပ်ကုန်းမြို့နယ် စိုက်ပျိုးရေးသုတေသနခြံရှိ ပြောင်းဖူးစိုက်ခင်းအား တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဦးဆောင်အဖွဲ့ အဖွဲ့ခေါင်းဆောင် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

**နေပြည်တော် ဇန်နဝါရီ ၁၈**

တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဦးဆောင်အဖွဲ့ အဖွဲ့ခေါင်းဆောင် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးနှင့် ဦးကျော်မျိုးတို့နှင့်အတူ ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ရမည်းသင်းမြို့နယ် ရွာတန်းဒေသ ဆည်ထိပ်ကျေးရွာရှိ စီးပွားဖြစ်စိုက်ပျိုးထားရှိသည့် စပျစ်စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းနေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များအား ရတနာစပျစ်စိုက်ပျိုးရေးခြံ ရှင်းလင်းဆောင်တွင် တာဝန်ရှိသူများနှင့် စပျစ်ခြံပိုင်ရှင်တို့က ခြံအတွင်း စိုက်ပျိုးလျက်ရှိသည့် စပျစ်မျိုးများအခြေအနေ၊ စပျစ်စိုက်ပျိုးပုံ အဆင့်ဆင့်၊ မျိုးအလိုက် တစ်ဧက ပျမ်းမျှအထွက်နှုန်း၊ ကုန်ကျစရိတ်၊ ဝင်ငွေအချိုးနှင့် ဈေးကွက်ခိုင်မာမှုရှိရေး၊ အအေးခန်းသိုလှောင်ရုံတည်ဆောက်ပေးနိုင်ရေးတို့ကို ရှင်းလင်းတင်ပြကြသည်။

ဒုတိယသမ္မတက နိုင်ငံတကာ၌ စပျစ်စိုက်ပျိုးဖြစ်ထွန်းမှု၊ သွင်းကုန်အစားထိုးတိုးချဲ့စိုက်ပျိုးရန် ဆောင်ရွက်သင့်သည့် ကိစ္စရပ်များနှင့် ပြည်ပမှ စပျစ်စိုက်ပျိုးရေးကျွမ်းကျင်ပညာရှင်များနှင့်

**စာမျက်နှာ ၇ ကော်လံ ၁ သို့** ❍



# မြန်မာနိုင်ငံကုမ္ပဏီများဥပဒေကြမ်း

## ပြည်သူအများ သိရှိလေ့လာအကြံပြုနိုင်ပါရန် ဖော်ပြခြင်းဖြစ်ပါသည်။

**ယမန်နေ့မှအဆက်**

**မှတ်ပုံတင်အရာရှိကစုံစမ်းစစ်ဆေးခြင်း**

၂၆၉။ **မှတ်ပုံတင်အရာရှိက သတင်းအချက်အလက်များ သို့မဟုတ် ရှင်းလင်းဖော်ပြချက်များကိုတောင်းခံခြင်း**

(က) မှတ်ပုံတင်အရာရှိသည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များအရ ၎င်းထံသို့ ကုမ္ပဏီတစ်ခုကတင်ပြရန် လိုအပ်သည့်စာရွက်စာတမ်းများကို စိစစ်ပြီးနောက် အဆိုပါ စာရွက်စာတမ်းများတွင် သက်ဆိုင်သည့်ကိစ္စရပ်များအတွက် အချက်အလက်များ ပြည့်စုံမှုရှိစေရန် အလို့ငှာ သတင်းအချက်အလက်များ သို့မဟုတ် ရှင်းလင်းဖော်ပြချက်များ လိုအပ်နေသည်ဟု ထင်မြင်ယူဆပါက မှတ်ပုံတင်အရာရှိသည်စာဖြင့် ရေးသားထားသောအကြောင်းကြားစာတစ်ရပ်ကို ထုတ်ပြန်၍ ထိုအကြောင်းကြားစာတွင် သတ်မှတ်ပေးထားသည့်အချိန်ကာလအတွင်း ဖော်ပြပါ သတင်းအချက်အလက် သို့မဟုတ် ရှင်းလင်းဖော်ပြချက်ကို ကုမ္ပဏီက စာဖြင့် ရေးသား၍ တင်ပြစေရန် တောင်းဆိုနိုင်သည်။

(ခ) ဤပုဒ်မ၏ ပုဒ်မခွဲ(က)အရ အကြောင်းကြားစာတစ်ရပ်ကို လက်ခံရရှိသည့်အခါ ကုမ္ပဏီ၏ဒါရိုက်တာများ သို့မဟုတ် အရာရှိများဖြစ်သည့် သို့မဟုတ် ဖြစ်ခဲ့သည့်ပုဂ္ဂိုလ်များသည် အဆိုပါ သတင်းအချက်အလက်များ သို့မဟုတ် ရှင်းလင်းဖော်ပြချက်များကို အကောင်းဆုံးပြုစု၍ ပေးပို့တင်ပြရန်တာဝန်ရှိသည်။

(ဂ) အဆိုပါ သတင်းအချက်အလက်များ သို့မဟုတ် ရှင်းလင်းဖော်ပြချက်များကို လက်ခံရရှိသည့်အခါ မှတ်ပုံတင်အရာရှိသည် ၎င်းထံသို့ တင်ပြထားသော မူလစာရွက်စာတမ်းများတွင် ယင်းတို့အားပူးတွဲထားနိုင်သည်။ မှတ်ပုံတင်အရာရှိက ပူးတွဲထားရှိသော နောက်ဆက်တွဲ စာရွက်စာတမ်းတစ်ရပ်ရပ်ကို စစ်ဆေးဆောင်ရွက်ခြင်း၊ မိတ္တူများကူးယူခြင်းတို့တွင် မူလစာရွက်စာတမ်းများနှင့် သက်ဆိုင်သည့်ပြဋ္ဌာန်းချက်များကဲ့သို့ပင် လိုက်နာဆောင်ရွက်ရမည်။

(ဃ) အဆိုပါ သတင်းအချက်အလက်များ သို့မဟုတ် ရှင်းလင်းဖော်ပြချက်များကို သတ်မှတ်ကာလအတွင်း ပြုစုတင်ပြနိုင်ခြင်းမရှိခဲ့လျှင် သို့မဟုတ် မှတ်ပုံတင်အရာရှိက အဆိုပါ သတင်းအချက်အလက်များ သို့မဟုတ် ရှင်းလင်းဖော်ပြချက်များကို ဖတ်ရှုပြီးနောက် မေးမြန်းထားသည့် စာရွက်စာတမ်းတွင် သိလိုသော အကြောင်းအရာများကို ပြုစုတင်ပြမှုမှာ ကျေနပ်လက်ခံနိုင်ဖွယ်မရှိကြောင်း၊ သက်ဆိုင်သည့်ကိစ္စရပ်အပေါ် ပြည့်စုံမှန်ကန်သည့် ဖော်ပြချက်များ မပါရှိကြောင်းတွေ့ရှိရလျှင် မှတ်ပုံတင်အရာရှိသည် အဆိုပါ အခြေအနေများကို စာဖြင့်ရေးသား၍ ပြည်ထောင်စုဝန်ကြီးထံ အစီရင်ခံတင်ပြရမည်။

(င) ကြွေးမြီပေးဆပ်ရသူ သို့မဟုတ် မြီရှင်တစ်ဦးဦးက မှတ်ပုံတင်အရာရှိထံသို့ တင်ပြထားသော ကိစ္စရပ်များ၌ ကုမ္ပဏီ၏ စီးပွားရေးလုပ်ငန်းကို မြီရှင်များအပေါ် လိမ်လည်တင်ပြမှုများဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ သို့မဟုတ် ကုမ္ပဏီနှင့်ဆက်သွယ်လုပ်ကိုင်နေသူများအပေါ် လိမ်လည်တင်ပြမှုများဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ သို့မဟုတ် လိမ်လည်လှည့်ဖြားလိုသော သဘောဖြင့် ဆောင်ရွက်လျက်ရှိကြောင်းတင်ပြလာလျှင် မှတ်ပုံတင်အရာရှိသည် စာဖြင့်ရေးသားထားသောအကြောင်းကြားစာဖြင့် ကုမ္ပဏီသို့ ကြားနာဆောင်ရွက်ရန် အခွင့်အရေးပေးပြီးနောက် အကြောင်းကြားစာတွင် သတ်မှတ်ဖော်ပြထားသည့် အချိန်ကာလအတွင်း အကြောင်းကြားစာတွင် သတ်မှတ်ပါရှိသည့် ကိစ္စရပ်နှင့်စပ်လျဉ်းသည့်သတင်းအချက်အလက်များ သို့မဟုတ် ရှင်းလင်းတင်ပြချက်များအတွက် ကုမ္ပဏီအား ခေါ်ယူမေးမြန်းနိုင်သည်။ ဤပုဒ်မ၏ ပုဒ်မခွဲ (ခ)၊ (ဂ) နှင့်ပုဒ်မ ၂၇၀တို့တွင်ပါရှိသော ပြဋ္ဌာန်းချက်များသည် အဆိုပါ အမိန့်နှင့်သက်ဆိုင်စေရမည်။ မှတ်ပုံတင်အရာရှိသည်စုံစမ်းစစ်ဆေးမှုပြုပြီးနောက် ဤပုဒ်မခွဲအရ အရေးယူဆောင်ရွက်ခဲ့သည့်တင်ပြချက်တစ်ရပ်ရပ်သည် အရေးမယူလောက်သောကိစ္စဖြစ်သည် သို့မဟုတ် အနှောင့်အယှက်ဖြစ်စေသော ကိစ္စဖြစ်သည်ဟုတွေ့ရှိရလျှင် မှတ်ပုံတင်အရာရှိသည် အဆိုပါ သတင်းပေးတင်ပြသူ၏ အချက်အလက်များကို ကုမ္ပဏီသို့ အသိပေးရမည်။

(စ) ဤပုဒ်မတွင်ပါရှိသော ပြဋ္ဌာန်းချက်များသည် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံသို့ ဤဥပဒေအရ တင်ပြရန်လိုအပ်သည့် စာရွက်စာတမ်းများနှင့်လည်း အလားတူသက်ဆိုင်စေရမည်။

၂၇၀။ ပုဂ္ဂိုလ်တစ်ဦးဦးသည် ပုဒ်မ ၂၆၉ အရ တောင်းဆိုသည့်သတင်းအချက်အလက်များ သို့မဟုတ် ရှင်းလင်းဖော်ပြချက်များကို ပြုစုပေးပို့ရန် ငြင်းဆိုလျှင် သို့မဟုတ် ပျက်ကွက်လျှင် ပြစ်မှုတစ်ရပ်စီအတွက် ပြစ်ဒဏ်ပမာဏ (၁၀၀) ခုထက်မပိုသော ဒဏ်ငွေကိုပေးဆောင်ရမည့်အပြင် တရားရုံးသည် မှတ်ပုံတင်အရာရှိက တင်ပြလျှောက်ထားပါက ကုမ္ပဏီသို့ အကြောင်းကြားပြီးနောက် အဆိုပါ စာရွက်စာတမ်းများအား ပြုစုတင်ပြရန်အတွက် ကုမ္ပဏီအပေါ် အမိန့်တစ်ရပ်ချမှတ်နိုင်သည်။ မှတ်ပုံတင်အရာရှိက စုံစမ်းစစ်ဆေးရန် လိုအပ်သည်ဟုတရားရုံးအနေဖြင့် ထင်မြင်ပါက လိုအပ်သည့်စည်းကမ်းချက်များသတ်မှတ်၍ မှတ်ပုံတင်အရာရှိအား စုံစမ်းစစ်ဆေးခြင်းကိုခွင့်ပြုနိုင်သည်။

**စစ်ဆေးဆောင်ရွက်ခြင်းများ**

၂၇၁။ **စုံစမ်းစစ်ဆေးသူများက ကုမ္ပဏီ၏ လုပ်ငန်းကိစ္စများကို စုံစမ်းစစ်ဆေးဆောင်ရွက်ခြင်း**

(က) ဤပုဒ်မ၏ ပုဒ်မခွဲ(ခ)ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပြည်ထောင်စုဝန်ကြီးသည် အောက်ပါအခြေအနေတစ်ရပ်ရပ်ပေါ်ပေါက်လာပါက ကုမ္ပဏီ၏လုပ်ငန်းကိစ္စများကို စုံစမ်းစစ်ဆေးရန်နှင့် ပြည်ထောင်စုဝန်ကြီးက ညွှန်ကြားသည့်နည်းလမ်းများအတိုင်း စုံစမ်းစစ်ဆေးမှုအား တင်ပြရန်အတွက် အရည်အချင်းပြည့်ဝသော စုံစမ်းစစ်ဆေးသူတစ်ဦး သို့မဟုတ် တစ်ဦးထက်ပိုသော သူများကိုခန့်အပ်နိုင်သည်-

(၁) အစုရှယ်ယာမတည်ငွေရင်းပါရှိသော ကုမ္ပဏီတစ်ခုခုနှင့် စပ်လျဉ်းသည့်ကိစ္စရပ်တွင် ထုတ်ဝေထားသောအစုရှယ်ယာများ၏ တစ်ဆယ်ပုံတစ်ပုံထက်မနည်းသော အစုရှယ်ယာများကို ပိုင်ဆိုင်ထားသည့်ကုမ္ပဏီတွင် ပါဝင်သူများက လျှောက်ထားခြင်း၊

(၂) အစုရှယ်ယာမတည်ငွေရင်း မပါရှိသော ကုမ္ပဏီတစ်ခုခုနှင့် စပ်လျဉ်းသည့်ကိစ္စရပ်တွင် ကုမ္ပဏီတွင် ပါဝင်သူများ၏ မှတ်ပုံတင်စာရင်းတွင် ဖော်ပြပါရှိသူအရေအတွက်၏ ငါးပုံတစ်ပုံထက်မနည်းသောသူများက လျှောက်ထားခြင်း၊

(၃) မည်သည့်ကုမ္ပဏီတစ်ရပ်ရပ်နှင့်မဆို စပ်လျဉ်းသည့်ကိစ္စရပ်တွင် ပုဒ်မ ၂၆၉ ပုဒ်မခွဲ (ဃ) အရမှတ်ပုံတင်အရာရှိက အစီရင်ခံတင်ပြခြင်း၊ သို့မဟုတ်

(၄) မည်သည့်ကုမ္ပဏီတစ်ရပ်ရပ်နှင့်မဆို စပ်လျဉ်းသည့်ကိစ္စရပ်တွင် အများပြည်သူ၏အကျိုးအလို့ငှာ ယင်းစုံစမ်းစစ်ဆေးမှုကို ပြုလုပ်ရန် မှတ်ပုံတင်အရာရှိက အကျိုးအကြောင်းယုံကြည်စွာ တွေ့ရှိလျှင် မှတ်ပုံတင်အရာရှိက တောင်းဆိုခြင်း။

(ခ) ဤပုဒ်မ၏ ပုဒ်မခွဲ(က) အရ စုံစမ်းစစ်ဆေးသူတစ်ဦးကို ခန့်အပ်ခြင်းမပြုမီ ပြည်ထောင်စုဝန်ကြီးသည် အောက်ပါအကြောင်းအချက်များကို ယုံကြည်လက်ခံပြီးဖြစ်ရမည်-

(၁) ကုမ္ပဏီ သို့မဟုတ် ယင်း၏ ဒါရိုက်တာ သို့မဟုတ် အရာရှိတစ်ဦးဦးစီသည် ဤဥပဒေ သို့မဟုတ် အခြားသက်ဆိုင်ရာဥပဒေအရ ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်နိုင်ဖွယ်ရှိခြင်းနှင့်

(၂) ဤပုဒ်မ၏ ပုဒ်မခွဲ (က) အပိုဒ် (၁) သို့မဟုတ် (၂)တို့တွင် ဖော်ပြပါရှိသော လျှောက်ထားမှုတစ်ရပ်ရပ်ကို သဘောရိုးဖြင့် ပြုလုပ်ပြီး ကျိုးကြောင်းညီညွတ်မှုရှိခြင်း။

၂၇၂။ **စုံစမ်းစစ်ဆေးဆောင်ရွက်ရန် လမ်းညွှန်နိုင်သည့် ပြည်ထောင်စုဝန်ကြီး၏အခွင့်အာဏာ**

ပြည်ထောင်စုဝန်ကြီးသည် မည်သည့်အချိန်တွင်မဆို အများပြည်သူအကျိုးငှာ ဤဥပဒေအရ ခန့်အပ်သော အရည်အချင်းပြည့်ဝသည့် စုံစမ်းစစ်ဆေးသူတစ်ဦး သို့မဟုတ် တစ်ဦးထက်ပိုသောသူများဖြင့် ကုမ္ပဏီ၏လုပ်ငန်းကိစ္စများကို စုံစမ်းစစ်ဆေးဆောင်ရွက်ရန် ညွှန်ကြားနိုင်သည်။

၂၇၃။ **စုံစမ်းစစ်ဆေးမှုအတွက်လျှောက်ထားခြင်းတွင် သက်သေအထောက်အထားများ တင်ပြရခြင်း**

ပုဒ်မ ၂၇၁ အရ ကုမ္ပဏီတွင် ပါဝင်သူတစ်ဦးဦးက လျှောက်ထားတင်ပြမှုတွင် ကုမ္ပဏီ သို့မဟုတ် ယင်း၏ ဒါရိုက်တာ သို့မဟုတ် အရာရှိတစ်ဦးဦးသည် ဤဥပဒေ သို့မဟုတ် အခြားသက်ဆိုင်ရာဥပဒေအရ ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်နိုင်ဖွယ်ရှိကြောင်း၊ စုံစမ်းစစ်ဆေးမှုအတွက် လျှောက်ထားမှုတစ်ရပ်ရပ်ကို ခိုင်မာသော အကျိုးအကြောင်းရှိကြောင်း၊ စုံစမ်းစစ်ဆေးမှုပြုလုပ်ရာတွင် ထိခိုက်နစ်နာစေလိုသော အကြောင်းဖြင့် တိုက်တွန်းတင်ပြခြင်း မဟုတ်ကြောင်းတို့အား ဖော်ပြနိုင်ရန်အတွက် ပြည်ထောင်စုဝန်ကြီးက လိုအပ်မည်ဟုယူဆသော သက်သေအထောက်အထားများကိုတင်ပြရမည်။ ပြည်ထောင်စုဝန်ကြီးသည် စုံစမ်းစစ်ဆေးသူတစ်ဦးအား ခန့်အပ်ခြင်းမပြုမီ လျှောက်ထားတင်ပြသူက စုံစမ်းစစ်ဆေးမှုအတွက် ကုန်ကျမည့်စရိတ်များအား ပေးချေရန် အာမခံထားရှိစေနိုင်သည်။

၂၇၄။ **စာရင်းစာအုပ်များအား ကြည့်ရှုစစ်ဆေးခြင်းနှင့် အရာရှိများအား စစ်ဆေးမေးမြန်းခြင်း**

(က) ကုမ္ပဏီ၏ဒါရိုက်တာများ သို့မဟုတ် အရာရှိများဖြစ်သည့် သို့မဟုတ် ဖြစ်ခဲ့သည့်ပုဂ္ဂိုလ်အားလုံးသည် ကုမ္ပဏီတွင် ထိန်းသိမ်းထားရှိသော စာရင်းစာအုပ်များနှင့် စာရွက်စာတမ်းများအားလုံး သို့မဟုတ် ကုမ္ပဏီနှင့် စပ်လျဉ်းသည့်အခွင့်အာဏာများအားလုံးကို စုံစမ်းစစ်ဆေးသူများထံသို့ ပေးအပ်ရန်တာဝန်ရှိသည်။

(ခ) စုံစမ်းစစ်ဆေးသူသည်ကုမ္ပဏီ၏စီးပွားရေးလုပ်ငန်းနှင့် သက်ဆိုင်သောသူများကို စစ်ဆေးမေးမြန်းနိုင်သည်။

၂၇၅။ ပုဂ္ဂိုလ်တစ်ဦးဦးသည် ပုဒ်မ ၂၇၄ ပါ ပြဋ္ဌာန်းချက်များအရ ကုမ္ပဏီ၏ လုပ်ငန်းကိစ္စများနှင့်စပ်လျဉ်း၍ တာဝန်ရှိသည်နှင့်အညီ စာရင်းစာအုပ် သို့မဟုတ် စာရွက်စာတမ်းတစ်ရပ်ရပ်ကို ပေးအပ်ရန် သို့မဟုတ် မေးခွန်းများကို ဖြေဆိုရန်အတွက် ငြင်းဆိုလျှင် ပြစ်မှုတစ်ရပ်စီအတွက် ပြစ်ဒဏ်ပမာဏ (၁၀၀) ခုထက်မပိုသော ဒဏ်ငွေကိုပေးဆောင်ရမည်။

၂၇၆။ **စုံစမ်းစစ်ဆေးမှု၏စစ်ဆေးတွေ့ရှိမှုနှင့်အစီရင်ခံတင်ပြမှု**

(က) စုံစမ်းစစ်ဆေးမှုပြီးစီးသည့်အခါ စုံစမ်းစစ်ဆေးသူများသည်၎င်းတို့၏ လေ့လာသုံးသပ်ချက်များကို ပြည်ထောင်စုဝန်ကြီးထံသို့ တင်ပြအစီရင်ခံရမည်ဖြစ်ပြီး ပြည်ထောင်စုဝန်ကြီးထံသို့ တင်ပြသည့် အစီရင်ခံစာမိတ္တူတစ်စုံကို မှတ်ပုံတင်အရာရှိထံသို့ ပေးပို့ရမည့်အပြင် အခြားမိတ္တူတစ်စုံကိုကုမ္ပဏီ၏ မှတ်ပုံတင်ထားသောရုံးခန်းသို့ပေးပို့ရမည်။ ထို့အပြင် အခြားမိတ္တူတစ်စုံကိုလည်း စုံစမ်းစစ်ဆေးပေးရန် တင်ပြလျှောက်ထားသူက တောင်းခံလာလျှင် ၎င်းထံသို့ပေးအပ်ရမည်။

(ခ) စုံစမ်းစစ်ဆေးမှုနှင့် သက်ဆိုင်သည့်ကုန်ကျစရိတ်များအားလုံးကို ပြည်ထောင်စုဝန်ကြီးသည် ကုမ္ပဏီမှ ကျခံစေရန်ညွှန်ကြားနိုင်ပြီး ထိုသို့ညွှန်ကြားမှုမရှိလျှင် လျှောက်ထားတင်ပြသူများက ပေးချေရမည်။ သို့ရာတွင် ပုဒ်မ ၂၇၁ ပုဒ်မခွဲ (က) အပိုဒ်(၃) သို့မဟုတ် (၄)နှင့်အညီ ဆောင်ရွက်သော စုံစမ်းစစ်ဆေးမှု တစ်ရပ်ရပ်နှင့် သက်ဆိုင်သည့်ကုန်ကျစရိတ်များကိုကုမ္ပဏီ၏ အခြေပစ္စည်းများမှ ထုတ်နုတ်ကျခံရမည်ဖြစ်ပြီး အခွန်ကြွေးကျန်တစ်ရပ်ကဲ့သို့ ပြန်လည်တောင်းခံရယူရမည်။

(ဂ) မှတ်ပုံတင်အရာရှိသည် ၎င်းက ထိန်းသိမ်းထားသည့်ကုမ္ပဏီ၏ မှတ်တမ်းများနှင့်အတူ ၎င်းထံပေးပို့လာသော အစီရင်ခံစာမိတ္တူများကို ထိန်းသိမ်းထားရှိရမည်။

၂၇၇။ **တရားစွဲဆိုဆောင်ရွက်ခြင်း**

(က) ပုဒ်မ ၂၇၁ သို့မဟုတ် ၂၇၂ အရ ပြုစုတင်ပြလာသော အစီရင်ခံစာတွင် ဤဥပဒေ သို့မဟုတ် အခြားသက်ဆိုင်ရာဥပဒေအရ ပုဂ္ဂိုလ်တစ်ဦးဦးသည် ကုမ္ပဏီနှင့်စပ်လျဉ်းသည့် ပြစ်မှုတစ်ရပ်ရပ်အတွက် အပြစ်ရှိကြောင်း ကျိုးကြောင်းညီညွတ်မှုရှိသည်ဟု ပြည်ထောင်စုဝန်ကြီးကတွေ့ရှိလျှင် ဝန်ကြီးဌာနသည် ထိုကိစ္စရပ်အား ပြည်ထောင်စုရှေ့နေချုပ် သို့မဟုတ် အမှုလိုက်ဥပဒေအရာရှိထံသို့ လွှဲပြောင်းပေးရမည်။

(ခ) အဆိုပါ ကိစ္စရပ်အား လွှဲပြောင်းလက်ခံရရှိသူသည် တရားစွဲဆိုဆောင်ရွက်ရန် လိုအပ်သည့်ကိစ္စဖြစ်သည်ဟု ယူဆပါက ထိုသူသည် တရားစွဲဆိုဆောင်ရွက်ခြင်းကို ပြုလုပ်ရမည်။ တရားစွဲဆိုမှုတွင် စွပ်စွဲခံရသူမှအပ ယခင်ကဖြစ်စေ၊ ယခုလက်ရှိတွင်ဖြစ်စေ တာဝန်ထမ်းဆောင်နေကြသော ကုမ္ပဏီ၏ဒါရိုက်တာများ၊ အရာရှိများနှင့် ကိုယ်စားလှယ်များအားလုံးသည် တရားစွဲဆိုဆောင်ရွက်မှုနှင့်သက်ဆိုင်သော လိုအပ်သည့်အကူအညီများအားလုံးကို လွှဲပြောင်းလက်ခံရရှိသူသည် ဆောင်ရွက်ပေးရန်တာဝန်ရှိသည်။

(ဂ) ဤပုဒ်မ၏ ပုဒ်မခွဲ (ခ) ပါကိစ္စရပ်များအတွက် ကုမ္ပဏီနှင့်စပ်လျဉ်း၍ "ကိုယ်စားလှယ်များ" ဟူသောစကားရပ်တွင် ဘဏ်လုပ်ငန်းရှင်များနှင့်ကုမ္ပဏီ၏ ဥပဒေအကြံပေးများ၊ စာရင်းစစ်များအဖြစ် ကုမ္ပဏီမှခန့်အပ်ထားသူများ ပါဝင်ရမည်ဖြစ်ပြီး ၎င်းတို့မှာ ကုမ္ပဏီ၏ အရာရှိများဖြစ်သည်ဖြစ်စေ၊ မဖြစ်သည်ဖြစ်စေပါဝင်သည်။

(ဃ) ဤပုဒ်မအရ တရားစွဲဆိုဆောင်ရွက်ခြင်းကြောင့် ပြစ်မှုထင်ရှားစီရင်ခြင်းခံရသော ကုမ္ပဏီ၏ ဒါရိုက်တာ သို့မဟုတ် အရာရှိတစ်ဦးဦးအား တရားရုံး၏ခွင့်ပြုချက်မပါရှိဘဲ ထိုသို့ပြစ်မှုထင်ရှားစီရင်ခြင်းခံရသည့်နေ့မှ (၅)နှစ်ကာလအတွင်း မည်သည့်ကုမ္ပဏီ၏စီမံအုပ်ချုပ်မှုနှင့်စပ်လျဉ်း၍ဖြစ်စေ၊ ကုမ္ပဏီ၏ စီမံအုပ်ချုပ်မှုတွင်ဖြစ်စေ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း မည်သည့်နည်းလမ်းဖြင့် ပါဝင်ခြင်း သို့မဟုတ် ဒါရိုက်တာတစ်ဦးအဖြစ် တာဝန်ပေးအပ်ခြင်းမပြုရ။

၂၇၈။ **စုံစမ်းစစ်ဆေးသူများ၏အစီရင်ခံစာကိုသက်သေခံအဖြစ်မှတ်ယူရခြင်း**

ဤဥပဒေအရ ခန့်အပ်သော စုံစမ်းစစ်ဆေးသူတစ်ဦးဦး၏ အစီရင်ခံစာမိတ္တူတစ်စုံကို စုံစမ်းစစ်ဆေးခြင်းခံရသည့် ကုမ္ပဏီ၏ ရုံးတံဆိပ်ခတ်နှိပ်၍ဖြစ်စေ၊ ပြည်ထောင်စုဝန်ကြီးကဖြစ်စေ အစစ်အမှန်ဖြစ်ကြောင်းအတည်ပြုထားလျှင် အစီရင်ခံစာတွင် ပါဝင်သောကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းစစ်ဆေးသူများ၏ ထင်မြင်ချက်များကို သက်သေခံအဖြစ် မည်သည့်တရားစွဲဆိုဆောင်ရွက်မှုများတွင်မဆို လက်ခံရမည်။

**စာရင်းစစ်များ**

၂၇၉။ **စာရင်းစစ်များ၏ အရည်အချင်းသတ်မှတ်ချက်များနှင့် ၎င်းတို့အားခန့်အပ်ခြင်း**

(က) သက်ဆိုင်ရာဥပဒေတစ်ရပ်ရပ်အရ အခွင့်အာဏာအပ်နှင်းခြင်းခံရသော ပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် အဖွဲ့အစည်းတစ်ရပ်ရပ်က ပေးအပ်သောကုမ္ပဏီ၏ စာရင်းစစ်တစ်ဦးအဖြစ် ဆောင်ရွက်ရန် ခွင့်ပြုသည့်လုပ်ကိုင်ခွင့်လက်မှတ်ကိုကိုင်ဆောင်ထားခြင်း မရှိလျှင် မည်သူတစ်ဦးတစ်ယောက်ကိုမျှ အများနှင့်သက်ဆိုင်သည့် ကုမ္ပဏီ၊ အများနှင့် သက်ဆိုင်သည့်ကုမ္ပဏီတစ်ခု၏ လက်အောက်ခံ ကုမ္ပဏီတစ်ခုခုတို့တွင် စာရင်းစစ်တစ်ဦးအဖြစ် ခန့်အပ်ခြင်း သို့မဟုတ် ဆောင်ရွက်ခြင်းမပြုရ။ သို့ရာတွင် အဆိုပါလုပ်ကိုင်ခွင့်လက်မှတ်များကို ကိုင်ဆောင်ထားပြီး နိုင်ငံတော်အတွင်းလုပ်ငန်းများ ဆောင်ရွက်နေသော ဖက်စပ်လုပ်ကိုင်သူများ ပါဝင်သည့်လုပ်ငန်းစုတစ်ရပ်အား ယင်းလုပ်ငန်းစုအမည်ဖြင့် ကုမ္ပဏီတစ်ခု၏ စာရင်းစစ်အဖြစ် ခန့်အပ်နိုင်ပြီး ယင်းလုပ်ငန်းစုအမည်ဖြင့် ဆောင်ရွက်နိုင်သည်။

(ခ) ဤပုဒ်မပါ ပြဋ္ဌာန်းချက်များနှင့်သက်ဆိုင်သော ကုမ္ပဏီအားလုံးသည် နှစ်စဉ်အထွေထွေအစည်းအဝေးတစ်ရပ်စီ၌ နောက်တစ်ကြိမ်ကျင်းပမည့် အထွေထွေအစည်းအဝေးမတိုင်မီအထိ စာရင်းစစ်တစ်ဦး သို့မဟုတ် စာရင်းစစ်များကိုခန့်အပ်ရမည်။

(ဂ) စာရင်းစစ်တစ်ဦးအားခန့်အပ်ရန် လိုအပ်ပြီး ထိုသို့ခန့်အပ်မှုကို နှစ်စဉ်အထွေထွေအစည်းအဝေး၌ ပြုလုပ်ခဲ့ခြင်းမရှိလျှင် ပြည်ထောင်စုဝန်ကြီးသည် ကုမ္ပဏီတွင် ပါဝင်သူတစ်ဦးဦး၏ လျှောက်ထားမှုအရ

**စာမျက်နှာ ၂ သို့**

# ဥပဒေကြမ်း

**စာမျက်နှာ ၁ မှ**

လက်ရှိခုနှစ်အတွက် ကုမ္ပဏီ၏စာရင်းစစ် တစ်ဦးကိုခန့်ထားနိုင်ပြီး အဆိုပါစာရင်းစစ်၏ လုပ်အားအတွက် ကုမ္ပဏီကပေးချေရမည့် အခကြေးငွေကို သတ်မှတ်ပေးနိုင်သည်။

(ဃ) အောက်ပါပုဂ္ဂိုလ်များအား ကုမ္ပဏီ၏ စာရင်းစစ်များအဖြစ်ခန့်အပ်ခြင်းမပြုရ-

(၁) ကုမ္ပဏီ၏ဒါရိုက်တာသို့မဟုတ်အရာရှိတစ်ဦးဦး၊

(၂) အဆိုပါ ဒါရိုက်တာ သို့မဟုတ်အရာရှိ၏ ဖက်စပ်လုပ်ကိုင်သူတစ်ဦးဦး၊

(၃) အများနှင့်သက်ဆိုင်သည့် ကုမ္ပဏီ၊ အများနှင့်သက်ဆိုင်သည့် ကုမ္ပဏီတစ်ခု၏လက်အောက်ခံကုမ္ပဏီ တစ်ခုခုတွင် အဆိုပါ ဒါရိုက်တာ သို့မဟုတ် အရာရှိက ခန့်အပ်ထားသူတစ်ဦးဦးနှင့်

(၄) ကုမ္ပဏီသို့အကြွေးတင်ရှိနေသူတစ်ဦးဦး။

ပုဂ္ဂိုလ်တစ်ဦးဦးသည် စာရင်းစစ်အဖြစ် ခန့်အပ်ပြီးနောက် ကုမ္ပဏီတွင် အကြွေးတင်ရှိလာပါက ယင်း၏ခန့်အပ်မှုကို ထိုအချိန်မှစ၍ ရပ်စဲရမည်။

(င) နှစ်စဉ်အထွေထွေအစည်းအဝေးအတွက် အကြောင်းကြားစာများကို ကုမ္ပဏီတွင်ပါဝင်သူများထံသို့ ပေးပို့သည့်နေ့မတိုင်မီ (၁၄) ရက်ထက် နောက်မကျစေဘဲ စာရင်းစစ်ရာထူးနေရာတွင် အငြိမ်းစားယူထားသော စာရင်းစစ်မှအပ အခြားသူတစ်ဦးဦးကို ခန့်ထားရန် ရည်ရွယ်ထားကြောင်း အကြောင်းကြားစာကိုကုမ္ပဏီတွင် ပါဝင်သူတစ်ဦးဦးက ကုမ္ပဏီသို့ ပေးပို့ထားခြင်း မရှိလျှင်၊ ထိုသူကို နှစ်စဉ်အထွေထွေအစည်းအဝေး၌ စာရင်းစစ်အဖြစ် ခန့်ထားခွင့်မရှိစေရ။ ကုမ္ပဏီသည် အငြိမ်းစားယူထားသော စာရင်းစစ်ထံသို့ အဆိုပါ အကြောင်းကြားစာ မိတ္တူတစ်စောင်အား ပေးပို့ရမည့်အပြင် အဆိုပါအကြောင်းကြားစာကို ကုမ္ပဏီတွင် ပါဝင်သူများထံသို့ အစည်းအဝေးအကြောင်းကြားစာနှင့်အတူ ပေးပို့ရမည်။ ထို့အပြင်အကြောင်းကြားစာအား ကြေညာချက်တွင် ထည့်သွင်းဖော်ပြ၍ဖြစ်စေ၊ ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းက ခွင့်ပြုသည့်နည်းလမ်းတစ်ရပ်ရပ်ဖြင့်ဖြစ်စေ ဆောင်ရွက်နိုင်သည်။ သို့ရာတွင် စာရင်းစစ်တစ်ဦးအား ခန့်ထားရန် ရည်ရွယ်ထားကြောင်း အကြောင်းကြားစာကို ကုမ္ပဏီသို့ပေးပို့ပြီးနောက် နှစ်စဉ်အထွေထွေအစည်းအဝေးအတွက် အကြောင်းကြားစာကို အဆိုပါ အကြောင်းကြားစာ ပေးပို့ပြီးနောက် (၁၄)ရက် သို့မဟုတ် ထိုကာလထက်နည်းသည့်ကာလအတွင်း ပေးပို့ခဲ့လျှင် စာရင်းစစ်တစ်ဦးအား ခန့်ထားရန် ရည်ရွယ်ထားကြောင်း အကြောင်းကြားစာအတွက် အချိန်ကာလ သတ်မှတ်ချက်နှင့်စပ်လျဉ်းသည့် ဤပုဒ်မပါသတ်မှတ်ချက်များကို လိုက်နာသည်ဟုမှတ်ယူရမည်ဖြစ်ပြီး အဆိုပါအကြောင်းကြားစာကို နှစ်စဉ်အထွေထွေအစည်းအဝေးအတွက်အကြောင်းကြားစာ ပေးပို့သည့်အချိန်ကာလအတိုင်း ပေးပို့ရမည်။

(စ) ဥပဒေအရ လိုက်နာကျင့်သုံးရမည့် ကုမ္ပဏီအစည်းအဝေးမတိုင်မီ ကုမ္ပဏီ၏ ပထမဦးဆုံးစာရင်းစစ်များကို ကုမ္ပဏီ၏ ဒါရိုက်တာများက ခန့်အပ်နိုင်သည်။ ထိုသို့ခန့်အပ်ရာတွင် ကုမ္ပဏီတွင်ပါဝင်သူများက အထွေထွေအစည်းအဝေး၌ ဆုံးဖြတ်ချက်တစ်ရပ်ချမှတ်၍ ဖယ်ရှားခြင်း မပြုခဲ့လျှင် ပထမအကြိမ်နှစ်စဉ်အထွေထွေအစည်းအဝေးအထိ စာရင်းစစ်ရာထူးနေရာတွင် ခန့်အပ်ထား၍ ၎င်းအစည်းအဝေးမတိုင်မီ ဖယ်ရှားခဲ့လျှင် ကုမ္ပဏီတွင် ပါဝင်သူများက စာရင်းစစ်များကိုခန့်အပ်နိုင်သည်။

(ဆ) ဒါရိုက်တာများသည် ရုတ်တရက်လစ်လပ်သွားသော စာရင်းစစ်ရာထူးနေရာတွင်ဖြည့်စွက်ခန့်ထားနိုင်သည်။ သို့သော် အဆိုပါလစ်လပ်မှုသည် ဆက်လက်ဖြစ်ပေါ်နေခဲ့လျှင် ဆက်လက်ဆောင်ရွက်နေသော စာရင်းစစ် သို့မဟုတ် စာရင်းစစ်များရှိခဲ့လျှင် ၎င်းတို့က လုပ်ကိုင်ဆောင်ရွက်နိုင်သည်။

(ဇ) ကုမ္ပဏီစာရင်းစစ်များ၏ အခကြေးငွေကို အထွေထွေအစည်းအဝေးတွင် ကုမ္ပဏီက သတ်မှတ်ပေးရမည်။ သို့သော်ဥပဒေအရ လိုက်နာကျင့်သုံးရမည့် ကုမ္ပဏီအစည်းအဝေး မတိုင်မီကခန့်အပ်ထားသော စာရင်းစစ်များ၏ အခကြေးငွေ သို့မဟုတ် ရုတ်တရက်လစ်လပ်သွားသော နေရာတစ်ခုခုတွင် ဖြည့်စွက်ခန့်ထားသည့် စာရင်းစစ်များ၏ အခကြေးငွေကို ဒါရိုက်တာများက သတ်မှတ်ပေးနိုင်သည်။

(ဈ) ဤပုဒ်မပါ ပြဋ္ဌာန်းချက်များကို အခြားသက်ဆိုင်ရာဥပဒေတစ်ရပ်ရပ်တွင် ပါရှိသောသတ်မှတ်ချက်များကိုကန့်သတ်တားမြစ်ခြင်း မရှိစေဘဲ လိုက်နာကျင့်သုံးရမည်။

၂၈၀။ **စာရင်းစစ်များ၏တာဝန်နှင့်လုပ်ပိုင်ခွင့်များ**

(က) ကုမ္ပဏီတစ်ခု၏ စာရင်းစစ်အားလုံးသည် ကုမ္ပဏီ၏ ဘဏ္ဍာရေးဆိုင်ရာမှတ်တမ်းများ၊ စာရင်းစာအုပ်များ၊ ငွေစာရင်းများ၊ ပြေစာများကို မည်သည့်အချိန်တွင်မဆို ရယူနိုင်ခွင့်ရှိပြီး ကုမ္ပဏီ၏ ဒါရိုက်တာများနှင့်အရာရှိများထံမှ စာရင်းစစ်တာဝန်များကို ဆောင်ရွက်နိုင်ရန်အလို့ငှာ လိုအပ်သော သတင်းအချက်အလက်များနှင့် ရှင်းလင်းဖော်ပြချက်များကိုရယူခွင့်ရှိသည်။

(ခ) စာရင်းစစ်များသည် ၎င်းတို့စစ်ဆေးဆောင်ရွက်ခဲ့သည့် စာရင်းများနှင့်စပ်လျဉ်း၍လည်းကောင်း၊ ၎င်းတို့၏ ရာထူးသက်တမ်းကာလအတွင်း အထွေထွေအစည်းအဝေးတွင် ကုမ္ပဏီထံသို့ တင်ပြလာသည့် ဘဏ္ဍာရေးဆိုင်ရာ ရှင်းတမ်းများနှင့်စပ်လျဉ်း၍ လည်းကောင်း ကုမ္ပဏီတွင် ပါဝင်သူများထံသို့ အစီရင်ခံစာတင်ပြရမည်။ ထိုအစီရင်ခံစာတွင်အောက်ပါတို့ကိုဖော်ပြရမည် -

(၁) လိုအပ်သော သတင်းအချက်အလက်များနှင့် ရှင်းလင်းဖော်ပြချက်များရရှိခြင်းရှိ၊ မရှိ၊

(၂) ၎င်းတို့၏ ထင်မြင်ချက်တွင် အစီရင်ခံစာ၌ဖော်ပြပါရှိသော ဘဏ္ဍာရေးဆိုင်ရာ ရှင်းတမ်းများကို သက်ဆိုင်ရာဥပဒေနှင့် အညီပြုစုထားခြင်းရှိ၊ မရှိ၊

(၃) ကုမ္ပဏီ၏စာရင်းစာအုပ်များတွင် ဖော်ပြပါရှိပြီး စာရင်းစစ်များထံ ပေးအပ်သော ပြည့်စုံသည့်သတင်းအချက်အလက်များ၊ ရှင်းလင်းဖော်ပြချက်များနှင့်အညီ ကုမ္ပဏီ၏လုပ်ငန်းကိစ္စများကို ဘဏ္ဍာရေးဆိုင်ရာရှင်းတမ်းတွင်မှန်ကန်ပြည့်စုံစွာ ဖော်ပြထားခြင်းရှိ၊ မရှိနှင့်

(၄) ၎င်းတို့၏ ထင်မြင်ချက်တွင် ဘဏ္ဍာရေးဆိုင်ရာမှတ်တမ်းများကို ဤအခန်းတွင်ပါရှိသော ပြဋ္ဌာန်းချက်များနှင့်အညီ ကုမ္ပဏီက ထိန်းသိမ်းထားရှိခြင်းရှိ၊ မရှိ။

(ဂ) ဤပုဒ်မ၏ ပုဒ်မခွဲ(ခ)တွင်ဖော်ပြပါရှိသော ကိစ္စရပ်တစ်ရပ်ရပ်ကို ပြုလုပ်ဆောင်ရွက်ထားခြင်း မရှိကြောင်း သို့မဟုတ် အပြည့်အဝမပြုလုပ်ထားကြောင်းဖြေဆိုလျှင် အစီရင်ခံစာ၌ဖြေဆိုချက်များအတွက် အကြောင်းပြချက်များကိုဖော်ပြရမည်။

(ဃ) စာရင်းစစ်များသည် စစ်ဆေးအစီရင်ခံထားသော စာရင်းတစ်ရပ်ရပ်ကို ကုမ္ပဏီထံတင်ပြရန်အတွက် ကုမ္ပဏီ၏ အထွေထွေအစည်းအဝေး ကျင်းပရန် အကြောင်းကြားစာကို လက်ခံရရှိခွင့်ရှိသည့်အပြင် ထိုအစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည်။ ထို့အပြင်စာရင်းများနှင့် စပ်လျဉ်း၍ရေးသားဖော်ပြချက် သို့မဟုတ် ရှင်းလင်းချက်တစ်စုံတစ်ရာပြုလုပ်နိုင်သည်။

(င) ဤအခန်းပါ ပြဋ္ဌာန်းချက်များနှင့်အညီ စာရင်းစစ်တစ်ဦးနုတ်ထွက်လျှင် သို့မဟုတ် အစားထိုးခန့်အပ်ခဲ့လျှင် နုတ်ထွက်သည့် သို့မဟုတ် အစားထိုးခန့်အပ်ခံရသည့်စာရင်းစစ်သည် ၎င်း၏တာဝန်များ၊ ကျွမ်းကျင်ပညာရှင်၏ တာဝန်ဝတ္တရားများနှင့် ညီညွတ်စွာသဘောရိုးဖြင့် သင့်လျော်စွာ ဆောင်ရွက်၍ကုမ္ပဏီ၏ ငွေရေးကြေးရေးလုပ်ငန်းများနှင့်သက်ဆိုင်သောရေးသားဖော်ပြချက် သို့မဟုတ် အစီရင်ခံစာကို လိုအပ်သည်ဟု ထင်မြင်လျှင်ပြုလုပ်နိုင်သည်။ ဒါရိုက်တာများသည် အဆိုပါ အစီရင်ခံစာကို လက်ခံရရှိသည့်နေ့မှ (၂၈) ရက်အတွင်း ကုမ္ပဏီတွင် ပါဝင်သူများထံသို့ ပေးပို့ရမည့်အပြင် မှတ်ပုံတင်အရာရှိထံသို့တင်ပြရမည်။ ဒါရိုက်တာများသည် လိုအပ်သည်ဟု ထင်မြင်ပါက စာရင်းစစ်က တင်ပြလာသည့်အစီရင်ခံစာအပေါ် သဘောထားမှတ်ချက်ရေးသားဖော်ပြနိုင်သည်။

(စ) ဤပုဒ်မပါ ပြဋ္ဌာန်းချက်များကို ဤဥပဒေပါ အခြားသော ပြဋ္ဌာန်းချက် တစ်ရပ်ရပ် သို့မဟုတ် အခြားသက်ဆိုင်ရာဥပဒေ တစ်ရပ်ရပ်တွင် ပါရှိသော သတ်မှတ်ချက်များကို ကန့်သတ်တားမြစ်ခြင်းမရှိစေဘဲ လိုက်နာကျင့်သုံးရမည်။

၂၈၁။ စာရင်းစစ်အစီရင်ခံစာတစ်ရပ်ရပ်အား ပုဒ်မ ၂၈၀ ပါသတ်မှတ်ချက်များနှင့် ညီညွတ်ခြင်းမရှိဘဲ ပြုလုပ်ခဲ့လျှင် ထိုသို့ပျက်ကွက်မှုတွင် သိလျက်ဖြင့် တမင်ပါဝင်သော စာရင်းစစ်တစ်ဦးဦးစီသည် ပြစ်ဒဏ်ငွေကျပ် (၁၀၀) ခု ထက်မပိုသော ဒဏ်ငွေကိုပေးဆောင်ရမည်။

၂၈၂။ **အစိုးရကပိုင်ဆိုင်သည့် အစုရှယ်ယာများ ပါဝင်သော ကုမ္ပဏီများနှင့် သက်ဆိုင်ခြင်း**

(က) အစိုးရကပိုင်ဆိုင်သည့်အစုရှယ်ယာ တစ်ရပ်ရပ်ပါဝင်သော ကုမ္ပဏီနှင့်စပ်လျဉ်းသည့်ကိစ္စရပ်တွင် အောက်ဖော်ပြပါ ပြဋ္ဌာန်းချက်များကို ပုဒ်မ ၂၆၀၊ ၂၇၉နှင့် ၂၈၀တို့တွင် ပါရှိသော ပြဋ္ဌာန်းချက်တစ်ရပ်ရပ်နှင့်သက်ဆိုင်ခြင်း မရှိစေဘဲ လိုက်နာဆောင်ရွက်ရမည်။

(ခ) အစိုးရက ပိုင်ဆိုင်သည့် အစုရှယ်ယာတစ်ရပ်ရပ် ပါဝင်သောကုမ္ပဏီ၏ စာရင်းစစ်အား ပြည်ထောင်စုဝန်ကြီး၏ အကြံပြုချက်အရ ပြည်ထောင်စုစာရင်းစစ်ချုပ်က ခန့်အပ်နိုင်သည်။ သို့မဟုတ် ပြန်လည် ခန့်အပ်နိုင်သည်။

(ဂ) ပြည်ထောင်စုစာရင်းစစ်ချုပ်တွင် အောက်ပါလုပ်ပိုင်ခွင့်များရှိသည် -

(၁) ဤပုဒ်မ၏ ပုဒ်မခွဲ(ခ)နှင့်အညီ ခန့်အပ်ထားသော စာရင်းစစ်က ကုမ္ပဏီ၏စာရင်းများကို စစ်ဆေးရမည့် နည်းလမ်းများအား ညွှန်ကြားရန်နှင့် စာရင်းစစ်၏ အဆိုပါ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်းနှင့် သက်ဆိုင်သောကိစ္စရပ်များနှင့် စပ်လျဉ်း၍ အဆိုပါ စာရင်းစစ်ထံသို့ ညွှန်ကြားချက်များပေးရန်၊

(၂) ကုမ္ပဏီ၏စာရင်းများကို ထပ်မံစစ်ဆေးခြင်း သို့မဟုတ် စမ်းသပ်စစ်ဆေးခြင်း တစ်ရပ်ရပ်ပြုလုပ်ရန်အတွက် ပုဂ္ဂိုလ်တစ်ဦးဦးသို့ အခွင့်အာဏာ အပ်နှင်းထားပြီး အဆိုပါ စာရင်းစစ်ဆေးမှုအတွက် မည်သူ့ကိုမဆို မည်သည့်ပုံစံဖြင့် အခွင့်အာဏာအပ်နှင်းခြင်း ခံရသူထံသို့ အဆိုပါ ကိစ္စရပ်နှင့်စပ်လျဉ်းသည့် သတင်းအချက်အလက်များ သို့မဟုတ် အခြားအချက်အလက်များကို ပြည်ထောင်စုစာရင်းစစ်ချုပ်က အထွေထွေ သို့မဟုတ် အထူးအမိန့်တစ်ရပ်ရပ်ဖြင့်ညွှန်ကြားသည့်အတိုင်းပေးအပ်စေရန်နှင့်

(၃) ပြည်ထောင်စုစာရင်းစစ်ချုပ်က သတ်မှတ်ထားသည့်အချိန်ကာလအတွင်း ကုမ္ပဏီ၏ စာရင်းများကို စစ်ဆေးရန် သို့မဟုတ် ထပ်မံစစ်ဆေးရန် သို့မဟုတ် စမ်းသပ်စစ်ဆေးရန်အတွက် ကုမ္ပဏီ၏လက်ဝယ်ရှိ သို့မဟုတ် ကုမ္ပဏီ၏ စီမံမှုအောက်ရှိမှတ်တမ်းများ သို့မဟုတ် စာရွက်စာတမ်းများကို ကုမ္ပဏီက ၎င်းထံသို့ တင်ပြရန်၊

(ဃ) ကုမ္ပဏီကသတင်းအချက်အလက်များ၊ မှတ်တမ်းများ သို့မဟုတ် စာရွက်စာတမ်းများကို ပေးအပ်ရန် သို့မဟုတ် ပြုစုပေးရန်ချမှတ်သည့်အမိန့်တစ်ရပ်ကို ယခင်က ဖြစ်စေ၊ ယခု ဖြစ်စေ ကုမ္ပဏီတွင် အရာရှိ သို့မဟုတ် ဝန်ထမ်းတစ်ဦးဦးအဖြစ် တာဝန်ရှိသူထံသို့ လိပ်မူပေးပို့နိုင်သည်။ ဤပုဒ်မတွင်ပါရှိသော ပြဋ္ဌာန်းချက်များ အားလုံးသည် ကုမ္ပဏီနှင့်သက်ဆိုင်သကဲ့သို့ အဆိုပါ ပုဂ္ဂိုလ်များနှင့် လည်းသက်ဆိုင်စေရမည်။

(င) အထက်ဖော်ပြပါ စာရင်းစစ်သည် ၎င်း၏ စာရင်းစစ်အစီရင်ခံစာ မိတ္တူတစ်စုံကို ပြည်ထောင်စုစာရင်းစစ်ချုပ်ထံသို့ တင်ပြရမည်ဖြစ်ပြီး ပြည်ထောင်စုစာရင်းစစ်ချုပ်က သင့်သည်ထင်မြင်သည့်နည်းလမ်းများဖြင့် မှတ်ချက်ပေးနိုင်ခွင့် သို့မဟုတ် ဖြည့်စွက်ခွင့်ရှိရမည်။

၂၈၃။ **လွှဲအပ်ခြင်း**

ပြည်ထောင်စုစာရင်းစစ်ချုပ်က ဆောင်ရွက်ရမည်ဖြစ်သော ပုဒ်မ ၂၈၂ ပါ ကိစ္စရပ်များကို အထွေထွေအားဖြင့် သော်လည်းကောင်း၊ အထူးအားဖြင့် သော်လည်းကောင်း ယင်း၏အခွင့်အာဏာအပ်နှင်းခြင်းခံရသူ တစ်ဦးဦးက ဆောင်ရွက်နိုင်သည်။

၂၈၄။ **ပြစ်မှုပြစ်ဒဏ်**

အစိုးရကပိုင်ဆိုင်သည့် အစုရှယ်ယာတစ်ရပ်ရပ်ပါဝင်သော ကုမ္ပဏီတစ်ခုသည် ပုဒ်မ ၂၈၂ အရ ပြုလုပ်သော အမိန့်တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်လျှင် ကုမ္ပဏီနှင့် ပျက်ကွက်မှုတွင် ပါဝင်သည့် ကုမ္ပဏီ၏ဒါရိုက်တာ၊ အခြားအရာရှိများ သို့မဟုတ် ဝန်ထမ်းများ အားလုံးသည် (၂)နှစ်အထိ ထောင်ဒဏ် သို့မဟုတ် ပြစ်ဒဏ်ငွေကျပ် (၁၀၀) ခုထက်မပိုသော ငွေဒဏ်တို့ကိုကျခံစေရမည်။

၂၈၅။ **မှတ်တမ်းများကို ရရှိခွင့်နှင့် စစ်ဆေးကြည့်ရှုခွင့်စသည်တို့နှင့် စပ်လျဉ်းသည့် ဦးစားပေး အစုရှယ်ယာပိုင်ရှင်များ၏အခွင့်အရေးများ**

ကုမ္ပဏီတစ်ခု၏ ဦးစားပေးအစုရှယ်ယာများနှင့် ဒီဘင်ချာများကို ပိုင်ဆိုင်သူများသည် ကုမ္ပဏီ၏ဘဏ္ဍာရေးဆိုင်ရာရှင်းတမ်း၊ စာရင်းစစ်များ၏ အစီရင်ခံစာများနှင့် ကုမ္ပဏီ၏ သာမန်အစုရှယ်ယာပိုင်ရှင်များက ရရှိသည့်အခြားအစီရင်ခံစာများကို ရရှိခွင့်နှင့်စစ်ဆေးကြည့်ရှုခွင့်ရှိသည်။

## အခန်း (၂၅) အနုညာတစီရင်ဆုံးဖြတ်ခြင်း၊ မြီရှင်များနှင့်ကုမ္ပဏီတွင် ပါဝင်သူများအကြား ညှိနှိုင်းသဘောတူခြင်းနှင့် အစုရှယ်ယာများ ဝယ်ယူနိုင်သည့်အခွင့်အရေး

၂၈၆။ **အငြင်းပွားမှု ကိစ္စရပ်များကို ခုံသမာဓိဖြင့် စီရင်ဆုံးဖြတ်ရန်အတွက် တင်ပြနိုင်သည့်ကုမ္ပဏီ၏အခွင့်အာဏာ**

အငြင်းပွားမှုတစ်ရပ်ရပ်ကို ဖြေရှင်းရန်အတွက် ကုမ္ပဏီကဆောင်ရွက်နိုင်သည့်အခြားနည်းလမ်းတစ်ရပ်ရပ်ကို ကန့်သတ်တားမြစ်ထားခြင်း မရှိစေဘဲ ကုမ္ပဏီတစ်ခုသည် စာဖြင့် ရေးသားထားသောသဘောတူညီချက်ဖြင့် ကုမ္ပဏီနှင့်အခြားကုမ္ပဏီ သို့မဟုတ် အခြားပုဂ္ဂိုလ်တစ်ဦးဦးတို့အကြား ယခုသော်လည်းကောင်း၊ နောင်တွင်သော်လည်းကောင်း ဖြစ်ပေါ်လာမည့် အငြင်းပွားမှုတစ်ရပ်ရပ်ကို အနုညာတစီရင်ဆုံးဖြတ်ခြင်းဥပဒေ သို့မဟုတ် အခြားသက်ဆိုင်ရာဥပဒေနှင့်အညီ ခုံသမာဓိဖြင့် စီရင်ဆုံးဖြတ်ရန်အတွက် တင်ပြနိုင်သည်။

၂၈၇။ **မြီရှင်များနှင့် ကုမ္ပဏီတွင် ပါဝင်သူများအကြား စေ့စပ်ပြေငြိမ်းနိုင်သည့်အခွင့်အာဏာ**

(က) ကုမ္ပဏီတစ်ခုနှင့် ယင်း၏ မြီရှင်များ သို့မဟုတ် အမျိုးအစားတစ်ရပ်တွင် ပါရှိသော မြီရှင်များအကြားတွင်ဖြစ်စေ၊ ကုမ္ပဏီနှင့် ယင်းတွင် ပါဝင်သူများ သို့မဟုတ် အမျိုးအစားတစ်ရပ်တွင် ပါရှိသော ကုမ္ပဏီတွင် ပါဝင်သူများအကြားတွင်ဖြစ်စေ စေ့စပ်ပြေငြိမ်းမှု သို့မဟုတ် စီစဉ်ဆောင်ရွက်မှုတစ်ရပ်ရပ်အား အဆိုပြုတင်ပြသည့်အခါ တရားရုံးသည် ကုမ္ပဏီကဖြစ်စေ၊ ကုမ္ပဏီ၏မြီရှင် သို့မဟုတ်ကုမ္ပဏီတွင် ပါဝင်သူများကဖြစ်စေ၊ ကုမ္ပဏီအား စာရင်းရှင်းလင်းဖျက်သိမ်းသည့်ကိစ္စရပ်တွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိကဖြစ်စေ အကျဉ်းချုပ်ဖော်ပြချက်ဖြင့် လျှောက်ထားတင်ပြလာလျှင် တရားရုံးက ညွှန်ကြားသည့် နည်းလမ်းအတိုင်း မြီရှင်များ သို့မဟုတ် အမျိုးအစား တစ်ရပ်တွင် ပါရှိသော မြီရှင်များ သို့မဟုတ် ကုမ္ပဏီတွင်ပါဝင်သူများ သို့မဟုတ် အမျိုးအစားတစ်ရပ်တွင်ပါရှိသော ကုမ္ပဏီတွင် ပါဝင်သူများ၏ အစည်းအဝေးတစ်ရပ်ကို ခေါ်ယူကျင်းပဆောင်ရွက်စေရန် အမိန့်ချမှတ်နိုင်သည်။

(ခ) အစည်းအဝေး၌ ကိုယ်တိုင်ဖြစ်စေ သို့မဟုတ် ကိုယ်စားလှယ်ဖြင့်ဖြစ်စေ တက်ရောက်သော မြီရှင်များ သို့မဟုတ် အမျိုးအစားတစ်ရပ်တွင်ပါရှိသော မြီရှင်များ သို့မဟုတ် ကုမ္ပဏီတွင်ပါဝင်သူများ သို့မဟုတ် အမျိုးအစားတစ်ရပ်တွင်ပါရှိသော ကုမ္ပဏီတွင် ပါဝင်သူများတွင် တန်ဖိုးလေးပုံသုံးပုံရှိသည့်အပြင် အရေအတွက်အများစုဖြင့် စေ့စပ်ပြေငြိမ်းမှု သို့မဟုတ် စီစဉ်ဆောင်ရွက်မှု တစ်ရပ်ရပ်အား သဘောတူညီခဲ့လျှင် ထိုစေ့စပ်ပြေငြိမ်းမှု သို့မဟုတ် စီစဉ်ဆောင်ရွက်မှု တစ်ရပ်ရပ်သည် တရားရုံးက ခွင့်ပြုခဲ့လျှင် မြီရှင်များ သို့မဟုတ် အမျိုးအစားတစ်ရပ်တွင်ပါရှိသော မြီရှင်များ သို့မဟုတ် ကုမ္ပဏီတွင်ပါဝင်သူများ သို့မဟုတ် အမျိုးအစားတစ်ရပ်တွင်ပါရှိသော ကုမ္ပဏီတွင်ပါဝင်သူများအားလုံးနှင့် ကုမ္ပဏီအပေါ်တွင် လည်းကောင်း၊ ကုမ္ပဏီအား စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆောင်ရွက်နေလျှင် စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိနှင့် ကုမ္ပဏီ၏ ကြွေးမြီပေးဆပ်ရသူတစ်ဦးအပေါ်တွင် တရားဝင်စည်းနှောင်မှုရှိစေရမည်။

(ဂ) ဤပုဒ်မ၏ ပုဒ်မခွဲ(ခ) အရ ချမှတ်သည့်အမိန့်သည် ယင်းအမိန့်၏ တရားဝင်အတည်ပြုထားသည့် မိတ္တူမှန်တစ်စောင်ကို မှတ်ပုံတင်အရာရှိထံသို့ တင်ပြခြင်းမရှိလျှင် အကျိုးသက်ရောက်မှုမရှိစေရ။ အဆိုပါ အမိန့်အားလုံး၏ မိတ္တူတစ်စုံကို ထိုအမိန့်အား ချမှတ်ပြီးနောက်တွင် ထုတ်ဝေသော ကုမ္ပဏီ၏ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းမိတ္တူတွင် ပူးတွဲထားရမည်။

(ဃ) တရားရုံးသည် ဤပုဒ်မအရလျှောက်ထားမှုတစ်ခုခုကို လက်ခံရရှိပြီးနောက် မည်သည့်အချိန်တွင်မဆို လျှောက်ထားမှုအား အပြီးသတ်စီရင်ဆုံးဖြတ်ခြင်းမပြုမီအထိ **စာမျက်နှာ ၃ သို့**

## ဥပဒေကြမ်း

**စာမျက်နှာ ၂ မှ**

တရားရုံးမှ သင့်လျော်သည်ဟု ထင်မြင်သည့်စည်းကမ်းချက်များဖြင့် ကုမ္ပဏီအပေါ် တရားစွဲဆိုမှုတစ်ရပ်ရပ် စတင်ဆောင်ရွက်ခြင်း သို့မဟုတ် တရားစီရင်ဆောင်ရွက်မှုတစ်ရပ်ရပ်အား ဆက်လက်ဆောင်ရွက်ခြင်းကို ဆိုင်းငံ့ထားနိုင်သည်။

(င) ဤပုဒ်မတွင်ဖော်ပြပါရှိသော "ကုမ္ပဏီ" ဆိုသည်မှာ ဤဥပဒေအရ စာရင်းရှင်းလင်းဖျက်သိမ်းနိုင်သော ကုမ္ပဏီတစ်ရပ်ရပ်ကိုဆိုလိုသည်။ ဤပုဒ်မပါ ကိစ္စရပ်များအတွက် တရားစွဲဆိုထားသော သို့မဟုတ် အမိန့်ဒီဂရီတစ်ရပ်ရပ် လက်ခံရရှိထားသော အာမခံအကျိုးခံစားခွင့်မရရှိသောမြီရှင်များ (unsecured creditors) ကို အခြားသော အာမခံအကျိုးခံစားခွင့်မရရှိသော မြီရှင်များကဲ့သို့ အမျိုးအစားတစ်ရပ်တည်းဖြစ်သည်ဟု မှတ်ယူရမည်။

(စ) တရားရုံး၏ ဆုံးဖြတ်ချက်များအပေါ် အယူခံမှုများအား ကြားနာရန် အခွင့်အာဏာအပ်နှင်းထားသော အာဏာပိုင်အဖွဲ့အစည်းသို့ ဤပုဒ်မအရ မူလစီရင်ပိုင်ခွင့်ကို ကျင့်သုံးခွင့်ရှိသောတရားရုံးက ချမှတ်သည့်အမိန့်တစ်ရပ်ရပ်အပေါ် အယူခံတင်ပြနိုင်သည်။

၂၈၈။ကုမ္ပဏီတစ်ခုသည် ပုဒ်မ ၂၈၇ ပုဒ်မခွဲ (ဂ) ပါပြဋ္ဌာန်းချက်အား လိုက်နာရန် ပျက်ကွက်လျှင် ကုမ္ပဏီနှင့်ပျက်ကွက်မှုကို သိလျက်ဖြင့် တမင်ပြုလုပ်ခဲ့သည့်ကုမ္ပဏီ၏ ဒါရိုက်တာများ သို့မဟုတ် အခြားအရာရှိများ တစ်ဦးဦးစီသည် ပြစ်ဒဏ်ပမာဏ (၃) ခုထက် မပိုသောဒဏ်ငွေကို ပေးဆောင်ရမည်။

၂၈၉။**စီစဉ်ဆောင်ရွက်မှုများနှင့် စေ့စပ်ပြေငြိမ်းမှုများအား လွယ်ကူစွာဆောင်ရွက်နိုင်စေရန်အတွက် ပြဋ္ဌာန်းချက်များ**

(က) ပုဒ်မ ၂၈၇ တွင် ဖော်ပြပါရှိသည့်အတိုင်း ကုမ္ပဏီနှင့် ပုဂ္ဂိုလ်တစ်ဦးဦးအကြား အဆိုပြုထားသော စေ့စပ်ပြေငြိမ်းမှု သို့မဟုတ် စီစဉ်ဆောင်ရွက်မှု တစ်ရပ်ရပ်ကို ခွင့်ပြုနိုင်ရန်အတွက် အဆိုပါ ပုဒ်မပါ ပြဋ္ဌာန်းချက်များအရ တရားရုံးသို့ လျှောက်ထားမှုတစ်ရပ်အား တင်ပြလာသည့်အခါ စေ့စပ်ပြေငြိမ်းမှု သို့မဟုတ် စီစဉ်ဆောင်ရွက်မှုအား ကုမ္ပဏီတစ်ခုခု သို့မဟုတ် ကုမ္ပဏီများကို ပြန်လည်ဖွဲ့စည်းရန် သို့မဟုတ် ကုမ္ပဏီနှစ်ခု သို့မဟုတ် နှစ်ခုထက်ပိုသော ကုမ္ပဏီများကို ပေါင်းစည်းရန်ရည်ရွယ်သည့်စီမံချက်တစ်ရပ်အတွက် သို့မဟုတ် ယင်းစီမံချက်နှင့်စပ်လျဉ်း၍ အဆိုပြုခြင်းဖြစ်ကြောင်း၊ အဆိုပါ စီမံချက်အရ ဤပုဒ်မတွင် "လွှဲပြောင်းပေးသည့်ကုမ္ပဏီ" ဟု ရည်ညွှန်းမည့် စီမံချက်နှင့်သက်ဆိုင်သော ကုမ္ပဏီတစ်ခုခု၏ တာဝန်ယူဆောင်ရွက်မှု သို့မဟုတ် ပစ္စည်းအားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ ဤပုဒ်မတွင် "လွှဲပြောင်းလက်ခံသည့်ကုမ္ပဏီ" ဟု ရည်ညွှန်းမည့် အခြားကုမ္ပဏီသို့ လွှဲပြောင်းပေးကြောင်းတရားရုံးက တွေ့ရှိလျှင် တရားရုံးသည် စေ့စပ်ပြေငြိမ်းမှု သို့မဟုတ် စီစဉ်ဆောင်ရွက်မှုအား ခွင့်ပြုသည့်အမိန့်ဖြင့်သော်လည်းကောင်း၊ နောက်ဆက်တွဲအမိန့်တစ်ရပ်ဖြင့်သော်လည်းကောင်း အောက်ပါကိစ္စရပ် အားလုံးအတွက်ဖြစ်စေ၊ ကိစ္စတစ်ရပ်ရပ်အတွက်ဖြစ်စေ စည်းကမ်းချက်များ ပြုလုပ်သတ်မှတ်နိုင်သည် -

(၁) လွှဲပြောင်းပေးသည့်ကုမ္ပဏီ၏ တာဝန်ယူဆောင်ရွက်မှုများနှင့် ပစ္စည်း သို့မဟုတ် တာဝန်ရှိမှုအားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ လွှဲပြောင်းလက်ခံသည့်ကုမ္ပဏီသို့ လွှဲပြောင်းပေးခြင်း၊

(၂) လွှဲပြောင်းလက်ခံသည့်ကုမ္ပဏီက အခြားသူတစ်ဦးဦး သို့မဟုတ် အခြားသူတစ်ဦးဦးအတွက် ခွဲဝေသတ်မှတ်သည့် သို့မဟုတ် လျာထားဆောင်ရွက်သည့်စေ့စပ်ပြေငြိမ်းမှု သို့မဟုတ် စီစဉ်ဆောင်ရွက်မှုအား ပြုလုပ်မည့်အဆိုပါ ကုမ္ပဏီရှိအစုရှယ်ယာများ သို့မဟုတ် ဒီဘင်ချာများ သို့မဟုတ် အခြားငွေချေးသက်သေခံလက်မှတ်များ သို့မဟုတ် အခြားအလားတူ အကျိုးခံစားခွင့်များနှင့် စပ်လျဉ်း၍ လွှဲပြောင်းလက်ခံသည့်ကုမ္ပဏီက ခွဲဝေသတ်မှတ်ခြင်း သို့မဟုတ် လျာထားဆောင်ရွက်ခြင်း၊

(၃) လွှဲပြောင်းပေးသည့် ကုမ္ပဏီက သော်လည်းကောင်း၊ လွှဲပြောင်းပေးသည့် ကုမ္ပဏီအပေါ်တွင် လည်းကောင်း ဆိုင်းငံ့ထားသော တရားစွဲဆိုမှုတစ်ရပ်ရပ်ကို လွှဲပြောင်းလက်ခံသည့်ကုမ္ပဏီက သော်လည်းကောင်း၊ လွှဲပြောင်းလက်ခံသည့်ကုမ္ပဏီအပေါ်တွင်လည်းကောင်း ဆက်လက်စွဲဆိုဆောင်ရွက်ခြင်း၊

(၄) လွှဲပြောင်းပေးသည့် ကုမ္ပဏီအား စာရင်းရှင်းလင်းဖျက်သိမ်းခြင်း မပြုဘဲဖျက်သိမ်းခြင်း၊

(၅) တရားရုံးက သတ်မှတ်သည့်အချိန်အတွင်း ထိုသို့ သတ်မှတ်ပေးသည့်နည်းလမ်းအတိုင်း စေ့စပ်ပြေငြိမ်းမှု သို့မဟုတ် စီစဉ်ဆောင်ရွက်မှုအား သဘောတူညီခြင်းမရှိသော ပုဂ္ဂိုလ်တစ်ဦးဦးအတွက် ပြဋ္ဌာန်းချက်များပြုလုပ်ခြင်း၊

(၆) ပြန်လည်ဖွဲ့စည်းတည်ထောင်ခြင်း သို့မဟုတ် ပေါင်းစည်းခြင်းအား ပြည့်စုံထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် လိုအပ်သော နောက်ဆက်တွဲ သို့မဟုတ် ဆက်စပ်သည့် ကိစ္စရပ်များချမှတ်ခြင်း။

(ခ) ဤပုဒ်မအရ ချမှတ်သည့်အမိန့်တစ်ရပ်သည် ပစ္စည်း သို့မဟုတ် တာဝန်ရှိမှုများကို လွှဲပြောင်းခြင်းနှင့်သက်ဆိုင်လျှင် အဆိုပါ အမိန့်အရ ထိုပစ္စည်းကို လွှဲပြောင်းလက်ခံသည့် ကုမ္ပဏီသို့ လွှဲပြောင်းအပ်နှင်းရမည်ဖြစ်ပြီး ယင်း၏ပစ္စည်းများဖြစ်လာစေရမည်။ အလားတူ အဆိုပါ အမိန့်အရ ထိုတာဝန်ရှိမှုများကို လွှဲပြောင်းလက်ခံသည့်ကုမ္ပဏီသို့ လွှဲပြောင်းပေးရမည်ဖြစ်ပြီး လွှဲပြောင်းလက်ခံသည့်ကုမ္ပဏီ၏ တာဝန်ရှိမှုများ ဖြစ်လာစေရမည်။ ပစ္စည်းများနှင့် သက်ဆိုင်သည့်ကိစ္စရပ်တွင် အမိန့်တွင် ညွှန်ကြားချက်တစ်စုံတစ်ရာပါရှိခဲ့လျှင် စေ့စပ်ပြေငြိမ်းမှု သို့မဟုတ် စီစဉ်ဆောင်ရွက်မှုအရ အကျိုးသက်ရောက်မှု ရပ်စဲစေရန် ကြွေးမြီတာဝန်တင်ရှိခြင်း တစ်ရပ်ရပ်မှ ကင်းလွတ်စေရမည်။

(ဂ) ဤပုဒ်မအရ အမိန့်တစ်ရပ်အား ချမှတ်သည့်အခါ အဆိုပါ အမိန့်နှင့် သက်ဆိုင်သော ကုမ္ပဏီအားလုံးသည် အဆိုပါ အမိန့်၏မူရင်းမိတ္တူမှန်တစ်စောင်အား အမိန့်ချမှတ်သည့်နေ့မှ(၁၄)ရက်အတွင်း မှတ်ပုံတင်နိုင်ရန်အတွက် မှတ်ပုံတင်အရာရှိထံသို့ပေးပို့ရမည်။

(ဃ) ဤပုဒ်မတွင်ပါရှိသော "ပစ္စည်း" ဟူသော စကားရပ်တွင်ပစ္စည်း၊ အခွင့်အရေးနှင့်အခွင့်အာဏာအားလုံးပါဝင်ပြီး "တာဝန်ရှိမှု" ဟူသော စကားရပ်တွင် တာဝန်များလည်း ပါဝင်သည်။

(င) ပုဒ်မ ၂၈၇ ၏ ပုဒ်မခွဲ(င) ပါပြဋ္ဌာန်းချက်များနှင့်သက်ဆိုင်ခြင်း မရှိစေဘဲ ဤပုဒ်မပါ "ကုမ္ပဏီ" ဟူသောစကားရပ်တွင် ဤဥပဒေ၏ အဓိပ္ပာယ်ဖော်ပြချက်တွင် ပါရှိသော ကုမ္ပဏီမှအပ အခြားကုမ္ပဏီတစ်ခုခုပါဝင်ခြင်းမရှိ။

၂၉၀။**ပုဒ်မ ၂၈၉ (ဂ)အား လိုက်နာရန် ပျက်ကွက်ပါက ကုမ္ပဏီနှင့် ထိုပျက်ကွက်မှုကို သိလျက်ဖြင့် တမင်ဆောင်ရွက်ခဲ့သည့်ကုမ္ပဏီ၏ ဒါရိုက်တာ သို့မဟုတ် အခြားအရာရှိတစ်ဦးဦးစီသည် ပြစ်ဒဏ်ပမာဏ (၃)ခု ထက်မပိုသော ဒဏ်ငွေကိုပေးဆောင်ရမည်။**

၂၉၁။**အများစုဖြင့် အတည်ပြုထားသော ပဋိညာဉ်စာချုပ်တစ်ရပ်နှင့် သဘောကွဲလွဲသော အစုရှယ်ယာရှင်များက အများနှင့်သက်ဆိုင်သည့်ကုမ္ပဏီတစ်ခုတွင် အစုရှယ်ယာများဝယ်ယူနိုင်သည့်အခွင့်အရေး**

(က) အခြားဥပဒေတစ်ရပ်ရပ်တွင် ပါရှိသော ပြဋ္ဌာန်းချက်များကို ကန့်သတ်တားမြစ်ထားခြင်းမရှိစေဘဲ ဤပုဒ်မတွင် "လွှဲပြောင်းပေးသည့်ကုမ္ပဏီ" ဟု ရည်ညွှန်းမည့် အများနှင့်သက်ဆိုင်သည့် ကုမ္ပဏီတစ်ခုရှိ အစုရှယ်ယာများ သို့မဟုတ် အစုရှယ်ယာအမျိုးအစားတစ်ရပ်ရပ်ကို ဤပုဒ်မတွင် "လွှဲပြောင်းလက်ခံသည့်ကုမ္ပဏီ" ဟု ရည်ညွှန်းမည့် အခြားကုမ္ပဏီသို့ ပဋိညာဉ်စာချုပ်အရ လွှဲပြောင်းခြင်းကို လက်ခံသည့်ကုမ္ပဏီက အဆိုပါ ကိစ္စရပ်အတွက်ကမ်းလှမ်းမှုကို ပြုလုပ်ပြီးနောက် (၄)လအတွင်း သက်ဆိုင်သောအစုရှယ်ယာများ၏ တန်ဖိုးလေးပုံသုံးပုံထက်မနည်းသော ပိုင်ရှင်များက အတည်ပြုသည့်အခါ လွှဲပြောင်းလက်ခံသည့်ကုမ္ပဏီသည် အဆိုပါ (၄)လ ကုန်ဆုံးပြီးနောက် (၂)လအတွင်းမည်သည့် အချိန်တွင်မဆို သတ်မှတ်ထားသည့်နည်းလမ်းဖြင့် သဘောကွဲလွဲသောအစုရှယ်ယာရှင်တစ်ဦးဦးထံသို့ အကြောင်းကြားစာပေးပို့၍ လွှဲပြောင်းလက်ခံသည့် ကုမ္ပဏီက ၎င်း၏ အစုရှယ်ယာများကိုရယူလိုကြောင်း ဖော်ပြ အကြောင်းကြားနိုင်သည်။ ထိုအကြောင်းကြားစာပေးပို့ပြီးသည့် နေ့ရက်မှ ၂၈ရက်အတွင်း သဘောကွဲလွဲသည့် အစုရှယ်ယာရှင်က တရားရုံးသို့ တင်ပြလျှောက်ထားလာသည့်အပေါ် တရားရုံးက အခြားနည်းတစ်စုံတစ်ရာကို အမိန့်ချမှတ်ခဲ့ခြင်းမရှိလျှင် လွှဲပြောင်းလက်ခံသည့်ကုမ္ပဏီသည် ၎င်းထံသို့ လွှဲပြောင်းပေးရန်အတည်ပြုထားသော အစုရှယ်ယာရှင်များ၏ အစုရှယ်ယာများနှင့်စပ်လျဉ်းသည့် စီမံချက် သို့မဟုတ် ပဋိညာဉ် စာချုပ်အရ စည်းကမ်းချက်များ ဖြင့် အဆိုပါအစုရှယ်ယာများကို ရရှိပိုင်ခွင့်ရှိပြီး ရယူရမည်ဖြစ် သည်။

(ခ) ဤပုဒ်မပါ ပြဋ္ဌာန်းချက်များနှင့်အညီ လွှဲပြောင်းလက်ခံသည့်ကုမ္ပဏီက အကြောင်းကြာစာတစ်စောင်အား ပေးပို့ခဲ့ပြီး တရားရုံးက သဘောကွဲလွဲသည့်အစုရှယ်ယာရှင်၏ တင်ပြလျှောက်ထားချက်အပေါ် ဆန့်ကျင်ကွဲလွဲသည့်အမိန့် တစ်ရပ်ရပ်ချမှတ်ခဲ့ခြင်းမရှိလျှင် အကြောင်းကြားစာပေးပို့သည့်နေ့မှစ၍ ၂၈ ရက်ကုန်ဆုံးသည့်အခါ သို့မဟုတ် သဘောကွဲလွဲသည့်အစုရှယ်ယာရှင်ကတရားရုံးသို့ တင်ပြလျှောက်ထားပြီး ထိုသို့တင်ပြလျှောက်ထားမှုအား ဆိုင်းငံ့ထားခြင်းခံရသည့်အခါ အခြားသက်ဆိုင်ရာဥပဒေတစ်ရပ်ရပ်ကို လိုက်နာလျက် လွှဲပြောင်းလက်ခံသည့်ကုမ္ပဏီသည် အကြောင်းကြားစာမိတ္တူတစ်စောင်ကို လွှဲပြောင်းပေးသည့်ကုမ္ပဏီသို့ ပေးပို့ရမည်ဖြစ်ပြီး လွှဲပြောင်းလက်ခံသည့်ကုမ္ပဏီက ရရှိထိုက်ခွင့်ရှိသည့် အစုရှယ်ယာများအတွက် လွှဲပြောင်းလက်ခံသည့် ကုမ္ပဏီမှပေးချေရမည့်တန်ဖိုးပမာဏ သို့မဟုတ် ယင်းအတွက် အဖိုးစားနားတစ်ရပ်ရပ်ကို လွှဲပြောင်းပေးသည့်ကုမ္ပဏီသို့ ပေးချေရမည် သို့မဟုတ် လွှဲပြောင်းပေးရမည်။ ယင်းသို့ဆောင်ရွက်ပြီးနောက် လွှဲပြောင်းပေးသည့်ကုမ္ပဏီသည် လွှဲပြောင်းလက်ခံသည့်ကုမ္ပဏီအား အဆိုပါ အစုရှယ်ယာများ၏ ပိုင်ရှင်အဖြစ် မှတ်ပုံတင်စာရင်းရေးသွင်းဖော်ပြရမည်။

(ဂ) ဤပုဒ်မအရ လွှဲပြောင်းပေးသည့်ကုမ္ပဏီက လက်ခံရရှိသောငွေကြေးများကို သီးခြားဘဏ်ငွေစာရင်းတစ်ခုသို့ ပေးသွင်းရမည်ဖြစ်ပြီး ထိုသို့လက်ခံရရှိသော ငွေပမာဏနှင့် အခြားအဖိုးစားနားများကို ၎င်းတို့နှင့် စပ်လျဉ်းသည့်အစုရှယ်ယာရှင်အသီးသီးအတွက် ယုံကြည်အပ်နှံမှုအဖြစ် အဆိုပါ လွှဲပြောင်းပေးသည့်ကုမ္ပဏီက ထိန်းသိမ်းထားရှိရမည်။

(ဃ) ဤပုဒ်မတွင်ဖော်ပြပါရှိသော "သဘောကွဲလွဲသည့်အစုရှယ်ယာရှင်" ဆိုသည်တွင် ပဋိညာဉ်စာချုပ်အား သဘောတူညီခြင်းမရှိသည့် အစုရှယ်ယာရှင်နှင့် စီမံချက် သို့မဟုတ် ပဋိညာဉ်စာချုပ်နှင့်အညီ လွှဲပြောင်းလက်ခံသည့်ကုမ္ပဏီသို့ ၎င်း၏အစုရှယ်ယာများကို လွှဲပြောင်းပေးရန် ပျက်ကွက်သော သို့မဟုတ် ငြင်းဆန်သော အစုရှယ်ယာရှင်တစ်ဦးဦးတို့ပါဝင်သည်။

**အပိုင်း (၅) ဖျက်သိမ်းခြင်း**

**အခန်း (၂၆) ကုမ္ပဏီတစ်ခုအားဖျက်သိမ်းခြင်း**

**နိဒါန်း**

၂၉၂။ **ကုမ္ပဏီဖျက်သိမ်းခြင်းဆိုင်ရာနည်းလမ်းများ**

(က) ကုမ္ပဏီတစ်ခုအား အောက်ပါ နည်းလမ်းတစ်ရပ်ရပ်ဖြင့် ဖျက်သိမ်းနိုင်သည် -

(၁) တရားရုံးကဖြစ်စေ၊

(၂) ဆန္ဒအလျောက်ဖြစ်စေ၊

(၃) တရားရုံး၏ကြီးကြပ်မှုဖြင့်ဖြစ်စေ။

(ခ) ဆန့်ကျင်ကွဲလွဲမှု တစ်စုံတစ်ရာမရှိခဲ့လျှင် ကုမ္ပဏီဖျက်သိမ်းခြင်းနှင့် သက်ဆိုင်သည့် ဤဥပဒေပါပြဋ္ဌာန်းချက်များသည် ဖော်ပြပါ နည်းလမ်းတစ်ရပ်ရပ်အရ ကုမ္ပဏီတစ်ခုအား ဖျက်သိမ်းခြင်းနှင့် သက်ဆိုင်စေရမည်။

**ကြွေးမြီပေးဆပ်ရသူများ (Contributories)**

၂၉၃။**လက်ရှိသော်လည်းကောင်း၊ ယခင်ကသော်လည်းကောင်း ကုမ္ပဏီတွင် ပါဝင်သူများ၏ ကြွေးမြီပေးဆပ်ရသူများအဖြစ်တာဝန်ရှိမှု**

(က) ကုမ္ပဏီအားစာရင်းရှင်းလင်းဖျက်သိမ်းသည့်ကိစ္စရပ်တွင် လက်ရှိသော်လည်းကောင်း၊ ယခင်ကသော်လည်းကောင်း ကုမ္ပဏီတွင် ပါဝင်သူများအားလုံးသည် ဤပုဒ်မပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကုမ္ပဏီ၏ ကြွေးမြီများနှင့်တာဝန်ရှိမှုများ၊ စာရင်းရှင်းလင်းဖျက်သိမ်းခြင်းနှင့် ကြွေးမြီပေးဆပ်ရသူများအကြား အခွင့်အရေးများကို ညှိနှိုင်းဆောင်ရွက်ရန်အတွက် အောက်ပါသတ်မှတ်ချက်များကို လိုက်နာစေလျက် ကျသင့်သည့် ကုန်ကျစရိတ်များ၊ အခကြေးငွေများနှင့် အသုံးစရိတ်များအား ပေးချေရာတွင် ငွေကြေးလုံလောက်မှုရှိစေရေးအတွက် ကုမ္ပဏီ၏ အခြေပစ္စည်းစာရင်းသို့ ထည့်ဝင်ပေးဆပ်ရန်တာဝန်ရှိစေရမည်။

(၁) ကုမ္ပဏီတွင် ယခင်ကပါဝင်ခဲ့သူတစ်ဦးသည် စာရင်းရှင်းလင်းဖျက်သိမ်းမှု စတင်ခြင်းမပြုမီ လွန်ခဲ့သော တစ်နှစ် သို့မဟုတ် ထိုထက်ပိုသောကာလကတည်းကပင် ကုမ္ပဏီတွင် ပါဝင်သူတစ်ဦးအဖြစ်မှ ရပ်စဲခဲ့ခြင်းဖြစ်လျှင် ကြွေးမြီပေးဆပ်ရေးအတွက် တာဝန်မရှိစေရ။

(၂) ကုမ္ပဏီတွင် ယခင်ကပါဝင်ခဲ့သူတစ်ဦးသည် ၎င်းအနေဖြင့် ကုမ္ပဏီတွင် ပါဝင်သူတစ်ဦးအဖြစ်မှ ရပ်စဲခဲ့ပြီးနောက်ပိုင်း၌ ကုမ္ပဏီကချုပ်ဆိုထားသော ပဋိညာဉ်စာချုပ်အရ ဖြစ်ပေါ်လာသည့်ကြွေးမြီ သို့မဟုတ် တာဝန်ရှိမှုတစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ကြွေးမြီပေးဆပ်ရာတွင် တာဝန်မရှိစေရ။

(၃) ဤဥပဒေအရကုမ္ပဏီတွင် လက်ရှိပါဝင်သူများက ၎င်းတို့ ပေးဆပ်ရန်ဖြစ်သော ကြွေးမြီတာဝန်ကို ပေးဆပ်နိုင်ဖွယ်မရှိကြောင်းတရားရုံးက တွေ့ရှိခဲ့လျှင်မှအပ ကုမ္ပဏီတွင် ယခင်က ပါဝင်ခဲ့သူတစ်ဦးသည် ကြွေးမြီပေးဆပ်ရာတွင် တာဝန်မရှိစေရ။

(၄) အစုအားဖြင့် တာဝန်ကန့်သတ်ထားသည့်ကုမ္ပဏီတွင် လက်ရှိပါဝင်နေသူ သို့မဟုတ် ယခင်ကပါဝင်ခဲ့သူတစ်ဦးအဖြစ် တာဝန်ရှိသည့်အစုရှယ်ယာများအတွက် ပေးချေရခြင်း မရှိသေးသော ငွေပမာဏ (ရှိခဲ့လျှင်) ထက်ပိုမိုသော ငွေပမာဏကို ကုမ္ပဏီတွင် ပါဝင်သူတစ်ဦးဦးထံမှ ကြွေးမြီပေးဆပ်ရန်အတွက် ရယူခြင်းမရှိစေရ။

(၅) ခံဝန်ချက်အားဖြင့် တာဝန်ကန့်သတ်ထားသည့် ကုမ္ပဏီတွင် ယင်းကုမ္ပဏီကို စာရင်းရှင်းလင်းဖျက်သိမ်းသည့်အခါ ကုမ္ပဏီ၏အခြေပစ္စည်းများသို့ ကုမ္ပဏီတွင် ပါဝင်သူတစ်ဦးဦးက ထည့်ဝင်ရန် တာဝန်ယူထားသည့်ပမာဏထက်ပိုမို၍ ၎င်းထံမှကြွေးမြီပေးဆပ်ရန်အတွက် ရယူခြင်းမရှိစေရ။

(၆) ဤဥပဒေတွင် ဖော်ပြပါရှိသော မည်သည့်ပြဋ္ဌာန်းချက်ကမျှ အာမခံပေါ်လစီ (policy of insurance) သို့မဟုတ် ပဋိညာဉ်စာချုပ် တစ်ရပ်ရပ်အရ ကုမ္ပဏီတွင် ပါဝင်သူတစ်ဦးချင်းစီ၏ တာဝန်ရှိမှုကို ကန့်သတ်ထားသည့်စည်းကမ်းချက်တစ်ရပ်ရပ်ကိုဖြစ်စေ၊ ကုမ္ပဏီ၏ဘဏ္ဍာငွေများဖြင့်သာလျှင် အဆိုပါ ပေါ်လစီ သို့မဟုတ် ပဋိညာဉ်စာချုပ်တစ်ရပ်ရပ်အရ တာဝန်ရှိမှုများကိုဖြစ်စေ တရားမဝင်ခြင်း မဖြစ်စေရ။

(၇) အမြတ်ဝေစုများ၊ အကျိုးအမြတ်များ သို့မဟုတ် အခြားနည်းတစ်ရပ်ရပ်ဖြင့် ကုမ္ပဏီတွင် ပါဝင်သူတစ်ဦးကို ကုမ္ပဏီတွင် ပါဝင်သူအဖြစ် ပေးရန်ရှိသည့်ငွေပမာဏတစ်ရပ်ကို ၎င်းနှင့် ကုမ္ပဏီတွင် ပါဝင်သူတစ်ဦး မဟုတ်သော မြီရှင်တို့အကြား မည်သူ့ထံသို့ ပေးချေရမည်ဟု ဖြစ်ပေါ်လာသည့်ကိစ္စရပ်၌ အဆိုပါ ကုမ္ပဏီတွင် ပါဝင်သူထံသို့ ကုမ္ပဏီကပေးချေရမည့် ကြွေးမြီတစ်ရပ်အဖြစ် မှတ်ယူခြင်းမရှိစေရ။ သို့သော် အဆိုပါ ငွေပမာဏကို ယင်းတို့အကြား ကြွေးမြီပေးဆပ်ရသူများ၏အခွင့်အရေးအား အပြီးသတ်ညှိနှိုင်းသတ်မှတ်ရာတွင် ထည့်သွင်းစဉ်းစားနိုင်သည်။

(ခ) အစုရှယ်ယာမတည်ငွေရင်းပါရှိသော ခံဝန်ချက်အားဖြင့် တာဝန်ကန့်သတ်ထားသည့်ကုမ္ပဏီအား စာရင်းရှင်းလင်းဖျက်သိမ်းသည့်အခါတွင် ထိုကုမ္ပဏီတွင် ပါဝင်သူအားလုံးသည် ကုမ္ပဏီအား စာရင်းရှင်းလင်းဖျက်သိမ်းသဖြင့် ကုမ္ပဏီ၏အခြေပစ္စည်းစာရင်းသို့ ၎င်းကထည့်ဝင်ရန် တာဝန်ယူထားသော ပမာဏအတွက် တာဝန်ရှိသည့်အပြင် ၎င်းပိုင်ဆိုင်ထားသော အစုရှယ်ယာတစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ ပေးချေရခြင်းမရှိသေးသော ငွေပမာဏတစ်ရပ်ရပ်အတွက်လည်း ထည့်ဝင်ရန်တာဝန်ရှိသည်။

၂၉၄။**တာဝန်ကန့်သတ်မထားသည့် ဒါရိုက်တာများ၏တာဝန်**

တာဝန်ကန့်သတ်ထားသည့် ကုမ္ပဏီတစ်ခုအား စာရင်းရှင်းလင်းဖျက်သိမ်းသည့်အခါတွင် ဤဥပဒေအရ သို့မဟုတ် ကုမ္ပဏီ၏ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းအရ တာဝန်ကန့်သတ်ထားခြင်းမရှိသော **စာမျက်နှာ ၄ သို့**

## ဥပဒေကြမ်း

စာမျက်နှာ ၃ မှ

ယခင်ကသော်လည်းကောင်း၊ ယခုသော်လည်းကောင်း ကုမ္ပဏီတွင် တာဝန်ထမ်းဆောင်ကြသည့် ဒါရိုက်တာတစ်ဦးဦးသည် ကုမ္ပဏီ၏သာမန်ပါဝင်သူတစ်ဦးအဖြစ် ငွေကြေးထည့်ဝင်ရန် တာဝန်ရှိခဲ့လျှင် ၎င်းတာဝန်အပြင် ကုမ္ပဏီအားစာရင်းရှင်းလင်း ဖျက်သိမ်းမှု စတင်ဆောင်ရွက်သည့်အချိန်တွင် တာဝန်ကန့်သတ်မထားသည့်ကုမ္ပဏီတစ်ခုတွင် ပါဝင်သူတစ်ဦးဖြစ်သကဲ့သို့ ငွေကြေးထည့်ဝင်မှုများကိုထပ်မံပြုလုပ်ရန်တာဝန်ရှိသည်။

သို့ရာတွင် -

(က) ဒါရိုက်တာအဖြစ်ယခင်က ဆောင်ရွက်ခဲ့သူတစ်ဦးသည် ကုမ္ပဏီအား စာရင်းရှင်းလင်းဖျက်သိမ်းခြင်း စတင်သည့်နေ့မတိုင်မီ တစ်နှစ် သို့မဟုတ် ထိုထက်ပိုသောကာလကပင် တာဝန်မှရပ်စဲခဲ့ပြီးဖြစ်လျှင် ၎င်းအနေဖြင့် ဖော်ပြပါငွေကြေးထည့်ဝင်မှုများကို ထပ်မံပြုလုပ်ရန်တာဝန်မရှိစေရ။

(ခ) ဒါရိုက်တာအဖြစ်ယခင်က ဆောင်ရွက်ခဲ့သူတစ်ဦးသည်၎င်းအနေဖြင့် အဆိုပါ တာဝန်မှရပ်စဲခဲ့ပြီးနောက်ပိုင်း၌ ကုမ္ပဏီက ပဋိညာဉ်ပြုလုပ်ထားသည့်ကြွေးမြီ သို့မဟုတ် တာဝန်ရှိမှုတစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ ငွေကြေးထည့်ဝင်မှုများကို ထပ်မံပြုလုပ်ရန် တာဝန်မရှိစေရ။

(ဂ) ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းနှင့်အညီ ကုမ္ပဏီ၏ ကြွေးမြီများနှင့် တာဝန်ရှိမှုများ၊ ကုမ္ပဏီအား စာရင်းရှင်းလင်းဖျက်သိမ်းသည့်ကိစ္စရပ်အတွက် ကုန်ကျစရိတ်များ၊ အခကြေးငွေများနှင့် အသုံးစရိတ်များအတွက် ကျခံနိုင်ရန် အလို့ငှာ အဆိုပါငွေကြေးထည့်ဝင်မှုပြုလုပ်ရန် လိုအပ်ကြောင်း တရားရုံးကယူဆခြင်း မရှိလျှင် ဒါရိုက်တာတစ်ဦးသည် အဆိုပါ ငွေကြေးထည့်ဝင်မှုများကို ထပ်မံပြုလုပ်ရန် တာဝန်မရှိစေရ။

၂၉၅။ **ကြွေးမြီပေးဆပ်ရသူ၏တာဝန်များ**

ကြွေးမြီပေးဆပ်ရသူတစ်ဦး၏ တာဝန်ရှိမှုသည် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိက ၎င်းအပေါ် သတ်မှတ်သည့် ငွေကြေးထည့်ဝင်ရန် တောင်းခံမှုများတွင် သတ်မှတ်ပါရှိသောအချိန်ကာလ၌ ပေးချေရမည့် ကြွေးမြီတစ်ရပ်ကို အကြွေးအဖြစ်သတ်မှတ်ရမည်။

၂၉၆။ **ကုမ္ပဏီတွင်ပါဝင်သူတစ်ဦးဦးသေဆုံးသည့်ကိစ္စရပ်**

(က) ကြွေးမြီပေးဆပ်ရသူတစ်ဦးသည် ၎င်းအားကြွေးမြီပေးဆပ်ရသူများစာရင်း၌ထည့်သွင်းဖော်ပြခြင်းမပြုမီတွင်ဖြစ်စေ၊ ထည့်သွင်းဖော်ပြပြီးနောက်တွင်ဖြစ်စေ သေဆုံးသွားခဲ့လျှင်၎င်း၏ တရားဝင်ကိုယ်စားလှယ်များနှင့် အမွေဆက်ခံသူများသည် ၎င်း၏တာဝန်များကို ဖြည့်ဆည်းဆောင်ရွက်နိုင်ရန်အတွက် ကုမ္ပဏီ၏အခြေပစ္စည်းစာရင်းသို့ နည်းလမ်းတကျထည့်ဝင်ရန်တာဝန်ရှိပြီး ၎င်းတို့သည် ကြွေးမြီပေးဆပ်ရသူများဖြစ်လာစေရမည်။

(ခ) တရားဝင်ကိုယ်စားလှယ်များနှင့် အမွေဆက်ခံသူများသည်၎င်းတို့က ပေးသွင်းရမည့်ငွေကြေးတစ်ရပ်ရပ်ကို ပေးသွင်းရန် ပျက်ကွက်ခဲ့လျှင် ပေးချေရန်တာဝန်ရှိသည့်ငွေကြေးများကို အတင်းအကျပ်ပြုပေးချေစေရန် အလို့ငှာ သေဆုံးသွားသောကြွေးမြီပေးဆပ်သူ၏ ရွှေ့ပြောင်းနိုင်သောပစ္စည်းကိုဖြစ်စေ၊ မရွှေ့မပြောင်းနိုင်သောပစ္စည်းကိုဖြစ်စေ စီမံခန့်ခွဲမှုပြုနိုင်ရန်အတွက် တရားစွဲဆိုဆောင်ရွက်မှုများကိုပြုလုပ်နိုင်သည်။

၂၉၇။ **ကုမ္ပဏီတွင်ပါဝင်သူတစ်ဦးဦးလူမွဲဖြစ်သည့်ကိစ္စရပ်**

ကြွေးမြီပေးဆပ်ရသူတစ်ဦးသည် ၎င်းအား ကြွေးမြီပေးဆပ်ရသူများစာရင်း၌ ထည့်သွင်းဖော်ပြခြင်းမပြုမီတွင်ဖြစ်စေ၊ ထည့်သွင်းဖော်ပြပြီးနောက်တွင်ဖြစ်စေ လူမွဲဖြစ်ကြောင်းသတ်မှတ်ခံရလျှင် -

(က) ၎င်း၏လွှဲအပ်ခြင်းခံရသူများသည် စာရင်းရှင်းလင်းဖျက်သိမ်းခြင်းကိစ္စရပ်များအားလုံးတွင် ၎င်း၏ကိုယ်စားဆောင်ရွက်ရမည်ဖြစ်ပြီး ၎င်းတို့သည် ကြွေးမြီပေးဆပ်ရသူများဖြစ်လာစေရမည်။ ၎င်းတို့အား လူမွဲအဖြစ်ခံယူသူ၏ ပစ္စည်းဥစ္စာများအပေါ် အထောက်အထားများ တင်ပြစေနိုင်သည်၊ သို့မဟုတ် ကုမ္ပဏီ၏အခြေပစ္စည်းစာရင်းသို့ ထည့်ဝင်ရမည့်၎င်း၏တာဝန်နှင့်စပ်လျဉ်း၍လူမွဲအဖြစ်ခံယူသူကပေးချေရန်တာဝန်ရှိသည့် ငွေကြေးတစ်ရပ်ရပ်ကိုဥပဒေနှင့်အညီ ၎င်း၏ပိုင်ဆိုင်ပစ္စည်းများမှ ပေးချေစေရန်ခွင့်ပြုနိုင်သည်၊ ၎င်းအပြင်

(ခ) လူမွဲအဖြစ်ခံယူသူ၏ ပစ္စည်းဥစ္စာများအပေါ် နောင်တွင်တောင်းဆိုမည့် သို့မဟုတ် တောင်းဆိုပြီးဖြစ်သည့်၎င်းအနေဖြင့် တာဝန်ရှိမည့်ခန့်မှန်းခြေ ငွေပမာဏအား သတ်မှတ်နိုင်သည်။

### တရားရုံး၏ဆုံးဖြတ်ချက်ဖြင့်ဖျက်သိမ်းခြင်း

၂၉၈။ **တရားရုံး၏ဆုံးဖြတ်ချက်ဖြင့်ကုမ္ပဏီကိုဖျက်သိမ်းနိုင်သည့်အခြေအနေများ**

တရားရုံးသည်အောက်ပါအခြေအနေတစ်ခုခုဖြစ်ပေါ်လာလျှင် ကုမ္ပဏီတစ်ခုကိုဖျက်သိမ်းနိုင်သည်-

(က) ကုမ္ပဏီကိုတရားရုံး၏ ဆုံးဖြတ်ချက်ဖြင့် ဖျက်သိမ်းနိုင်သည်ဟု ကုမ္ပဏီက အထူးဆုံးဖြတ်ချက်ချမှတ်၍ ဆောင်ရွက်လျှင်၊

(ခ) ဥပဒေအရ လိုက်နာဆောင်ရွက်ရသော အစီရင်ခံစာများတင်ပြရာတွင်ဖြစ်စေ၊ ဥပဒေအရ လိုက်နာဆောင်ရွက်ရသော အစည်းအဝေးများကို ကျင်းပရာတွင်ဖြစ်စေ ပျက်ကွက်မှုရှိခဲ့လျှင်၊

(ဂ) ကုမ္ပဏီကို ဖွဲ့စည်းတည်ထောင်သည့်အချိန်မှစ၍ တစ်နှစ်အတွင်း ယင်း၏ စီးပွားရေးလုပ်ငန်းများကို စတင်ဆောင်ရွက်နိုင်မှု မရှိလျှင်၊ သို့မဟုတ် ထိုကာလတစ်နှစ်လုံးအတွက် ယင်း၏စီးပွားရေးလုပ်ငန်းများကိုဆိုင်းငံ့ထားလျှင်၊

(ဃ) ကုမ္ပဏီတွင် ပါဝင်သူများ၏ အရေအတွက်ကို တစ်ဦးအောက်အထိ လျှော့ချခဲ့လျှင်၊

(င) ကုမ္ပဏီသည်ယင်း၏ ကြွေးမြီများကို ပေးချေခြင်း မပြုနိုင်ခဲ့လျှင်၊

(စ) ကုမ္ပဏီကို ဖျက်သိမ်းခြင်းမှာ သင့်လျော်မှန်ကန်၍ တရားမျှတသည်ဟု တရားရုံးမှထင်မြင်လျှင်။

၂၉၉။ **ကုမ္ပဏီသည်ယင်း၏ ကြွေးမြီများကို ပေးချေခြင်း မပြုနိုင်ဟုယူဆရန် အကြောင်းများ**

(က) ဤအခန်းပါ ကိစ္စရပ်များအတွက် အောက်ပါကိစ္စရပ်တစ်ခုခုပေါ်ပေါက်ခဲ့လျှင် ကုမ္ပဏီတစ်ခုသည်ယင်း၏ ကြွေးမြီများကိုပေးချေခြင်း မပြုနိုင်ဟုမှတ်ယူရမည် -

(၁) လွှဲအပ်ခြင်းဖြင့် သော်လည်းကောင်း၊ အခြားနည်းတစ်ရပ်ရပ်ဖြင့် သော်လည်းကောင်း ကုမ္ပဏီက ပြစ်ဒဏ်ပမာဏ (၅) ခု ထက်ပိုမိုသော ငွေပမာဏအားကြွေးမြီပေးချေရန် တင်ရှိနေသော မြီရှင်တစ်ဦးဦးသည် ကုမ္ပဏီ၏ မှတ်ပုံတင်ထားသော ရုံးခန်းသို့ မှတ်ပုံတင်စာဖြင့်ဖြစ်စေ၊ အခြားနည်းဖြင့်ဖြစ်စေ အကြောင်းကြားစာပေးပို့၍ ကုမ္ပဏီကပေးရန်ရှိသည့်ငွေပမာဏကို ၎င်းထံပေးချေစေရန် တောင်းဆိုခဲ့ပြီး ကုမ္ပဏီသည် ထိုသို့တောင်းဆိုငွေကို ပေးချေရန် သို့မဟုတ် ကြွေးမြီအတွက် မြီရှင်က ကျေနပ်လက်ခံနိုင်လောက်သော အာမခံမှုတစ်ရပ်ရပ်ပြုလုပ်ရန် ထိုသို့အကြောင်းကြားသည့်နေ့မှ (၃) ပတ်အထိ ပျက်ကွက်နေခဲ့လျှင်၊သို့မဟုတ်

(၂) ကုမ္ပဏီ၏မြီရှင်ကို အနိုင်ပေးသည့် တရားရုံးတစ်ရုံးရုံး၏ ဒီကရီ သို့မဟုတ် အမိန့်တစ်ရပ်အား အတည်ပြုခြင်း သို့မဟုတ် ယင်းနှင့်စပ်လျဉ်း၍ ထုတ်ပြန်ဆောင်ရွက်မှုအားလုံးဖြစ်စေ၊ တစ်စိတ်တစ်ဒေသဖြစ်စေ ဆောင်ရွက်နိုင်မှုမရှိခဲ့လျှင်၊သို့မဟုတ်

(၃) ကုမ္ပဏီသည်ယင်း၏ ကြွေးမြီများအား ပေးဆပ်နိုင်ခြင်းမရှိကြောင်း တရားရုံးမှ ကျေနပ်လက်ခံနိုင်လျှင်ကုမ္ပဏီမှာ ယင်း၏ ကြွေးမြီများကိုပေးဆပ်နိုင်ခြင်း ရှိ၊ မရှိ ဟူသည့်ကိစ္စရပ်ကို ဆုံးဖြတ်သည့်အခါတွင် တရားရုံးသည်ကုမ္ပဏီ၏ ဖြစ်ပေါ်လာဖွယ်ရှိသည့်တာဝန်ရှိမှုများကို ထည့်သွင်းသုံးသပ်ရမည်။

(ခ) ဤပုဒ်မ၏ ပုဒ်မခွဲ(က)အပိုဒ်(၁)တွင် ဖော်ပြပါရှိသည့်တောင်းဆိုချက်ကို မြီရှင်၏ကိုယ်စား တရားဝင်အခွင့်အာဏာအပ်နှင်းခြင်းခံရသောကိုယ်စားလှယ် သို့မဟုတ် ဥပဒေအကြံပေးတစ်ဦးက လက်မှတ်ရေးထိုးခဲ့လျှင်၊ သို့မဟုတ် လုပ်ငန်းစုတစ်ရပ်ဖြစ်သည့်အခါတွင် ထိုလုပ်ငန်းစု၏ကိုယ်စားအဖြစ် ကိုယ်စားလှယ် သို့မဟုတ် ဥပဒေအကြံပေး သို့မဟုတ် လုပ်ငန်းစု၏အဖွဲ့ဝင်တစ်ဦးဦးက လက်မှတ်ရေးထိုးခဲ့လျှင် မြီရှင်ကိုယ်တိုင် တရားဝင်ပေးအပ်ဆောင်ရွက်ခြင်းဖြစ်သည်ဟုမှတ်ယူရမည်။

၃၀၀။ **လက်အောက်ခံတရားရုံးသို့ လွှဲအပ်ဆောင်ရွက်နိုင်သည့် ကုမ္ပဏီဖျက်သိမ်းခြင်းများအကြောင်း**

တရားရုံးသည် ကုမ္ပဏီတစ်ခုအား ဖျက်သိမ်းရန်အတွက် ဤဥပဒေအရအမိန့်တစ်ရပ်ချမှတ်သည့်အခါ ယင်းကသင့်သည်ထင်မြင်သည့်အတိုင်း လက်အောက်ခံတရားရုံး တစ်ခုခုတွင် ဆက်လက်စစ်ဆေးကြားနာစေရန် ညွှန်ကြားနိုင်သည်။ ထိုသို့လက်ခံဆောင်ရွက်ရသည့် လက်အောက်ခံတရားရုံးကို ကုမ္ပဏီဖျက်သိမ်းရန် ကိစ္စရပ်အတွက် ဤဥပဒေတွင်ဖော်ပြထားသော "တရားရုံး" ဖြစ်သည်ဟုမှတ်ယူရမည်ဖြစ်ပြီး ကုမ္ပဏီဖျက်သိမ်းရန် ကိစ္စရပ်အတွက် တရားရုံး၏ စီရင်ပိုင်ခွင့်နှင့်အခွင့်အာဏာများ ရရှိစေရမည်။

၃၀၁။ **ကုမ္ပဏီဖျက်သိမ်းရန်ကိစ္စရပ်ကိုတရားရုံးတစ်ခုမှအခြားတရားရုံးတစ်ခုသို့လွှဲပြောင်းခြင်း**

တရားရုံးတစ်ခုခုတွင် ကုမ္ပဏီဖျက်သိမ်းရန်ကိစ္စရပ်တစ်ခုကို ဆောင်ရွက်နေသည့်ကာလအတွင်း ကုမ္ပဏီဖျက်သိမ်းရန် ကိစ္စရပ်ကို စစ်ဆေးစီရင်ခွင့်ရှိသော အခြားတရားရုံးတစ်ခုခုတွင် တရားစွဲဆိုစစ်ဆေးခြင်းသည်ပိုမို၍ အဆင်ပြေလွယ်ကူစေမည်ဖြစ်ကြောင်းတရားရုံးက တွေ့ရှိလျှင် ယင်းသည် အခြားတရားရုံးတစ်ခုသို့ လွှဲပြောင်းပေးနိုင်ပြီး ကုမ္ပဏီဖျက်သိမ်းရန် ကိစ္စရပ်ကို အဆိုပါ လွှဲပြောင်းလက်ခံရရှိသည့်တရားရုံး၌ဆက်လက်ဆောင်ရွက်ရမည်။

၃၀၂။ **ကုမ္ပဏီဖျက်သိမ်းရန်အတွက် လျှောက်ထားခြင်းများနှင့် သက်ဆိုင်သည့်ပြဋ္ဌာန်းချက်များ**

ကုမ္ပဏီတစ်ခုကို ဖျက်သိမ်းရန်အတွက် တရားရုံးသို့ လျှောက်ထားမှုတစ်ရပ်ကို ဤပုဒ်မပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကုမ္ပဏီကဖြစ်စေ၊ ဖြစ်ပေါ်လာမည့် သို့မဟုတ် အလားအလာရှိသည့်မြီရှင် သို့မဟုတ် မြီရှင်များအပါအဝင် မြီရှင်တစ်ဦး သို့မဟုတ် မြီရှင်များကဖြစ်စေ၊ ကြွေးမြီပေးဆပ်ရသူ သို့မဟုတ် ကြွေးမြီပေးဆပ်ရသူများက ဖြစ်စေ၊ ယင်းတို့အားလုံး သို့မဟုတ် တစ်ဦးဦးကဖြစ်စေ စုပေါင်း၍သော်လည်းကောင်း၊ သီးခြားစီဖြင့်သော်လည်းကောင်း သို့မဟုတ် မှတ်ပုံတင်အရာရှိကဖြစ်စေ လျှောက်လွှာဖြင့်တင်ပြဆောင်ရွက်ရမည်။

သို့ရာတွင် -

(က) ကြွေးမြီပေးဆပ်ရသူတစ်ဦးသည် ၎င်းနှင့်သက်ဆိုင်သည့် အစုရှယ်ယာများ သို့မဟုတ် အစုရှယ်ယာအချို့ကို ကုမ္ပဏီအားဖျက်သိမ်းမှု စတင်ခြင်းမပြုမီ (၁၈)လအတွင်းအနည်းဆုံး (၆)လအထိ ၎င်းထံသို့ မူလကပင်ထုတ်ဝေထားပြီးဖြစ်ခြင်း သို့မဟုတ် ၎င်းကပိုင်ဆိုင်ထားပြီးဖြစ်ခြင်း၊ ၎င်းအမည်ဖြင့် မှတ်ပုံတင်ထားပြီးဖြစ်ခြင်း သို့မဟုတ် ယခင်ပိုင်ရှင်သေဆုံးခဲ့သဖြင့် ၎င်းထံသို့ လွှဲပြောင်းပေးခြင်း မရှိခဲ့လျှင်ကုမ္ပဏီတစ်ခုကို ဖျက်သိမ်းရန်အတွက်လျှောက်လွှာတင်ပြခွင့်မရှိစေရ၊

(ခ) အောက်ပါအကြောင်းအရာများ ပေါ်ပေါက်ခြင်း မရှိလျှင် မှတ်ပုံတင်အရာရှိသည် ကုမ္ပဏီတစ်ခုကိုဖျက်သိမ်းရန်အတွက် လျှောက်လွှာတင်ပြခွင့်မရှိစေရ -

(၁) ကုမ္ပဏီ၏ လက်ကျန်ရှင်းတမ်း (balance sheet)တွင် သို့မဟုတ် ပုဒ်မ ၂၇၁အရခန့်အပ်ထားသည့်စစ်ဆေးသူတစ်ဦးဦး၏ အစီရင်ခံစာတွင် ထုတ်ဖော်တင်ပြထားသည့် ကုမ္ပဏီ၏ ဘဏ္ဍာရေးဆိုင်ရာအခြေအနေအရ၎င်း၏ကြွေးမြီများကို ပေးဆပ်နိုင်ခြင်းမရှိဟုပေါ်ပေါက်လျှင်၊ ၎င်းပြင်

(၂) လျှောက်လွှာတင်ပြရန်အတွက် ပြည်ထောင်စုဝန်ကြီး၏ ကြိုတင်ခွင့်ပြုချက်ကိုရယူထားလျှင်၊ သို့ရာတွင် ကုမ္ပဏီသည်ကြားနာသည့်အခွင့်အရေးကို ဦးစွာမရရှိခဲ့လျှင် အဆိုပါ ခွင့်ပြုချက်ကို ပေးအပ်ခြင်းမပြုရ။

(ဂ) ဥပဒေအရလိုက်နာဆောင်ရွက်ရသောအစီရင်ခံစာများတင်ပြရာတွင်ဖြစ်စေ၊ ဥပဒေအရလိုက်နာဆောင်ရွက်ရသော အစည်းအဝေးများကို ကျင်းပရာတွင်ဖြစ်စေ ပျက်ကွက်မှုရှိခဲ့သည့်အကြောင်းကြောင့် ကုမ္ပဏီတစ်ခုကို ဖျက်သိမ်းရန်အတွက် လျှောက်လွှာတင်ပြခြင်းကို အစည်းအဝေးကျင်းပရမည့်နောက်ဆုံး နေ့ရက်မှ (၁၄)ရက် ထက်ကျော်လွန်ပြီး အစုရှယ်ယာရှင်ကတင်ပြခြင်းမှတစ်ပါး အခြားသူတစ်ဦးဦးကတင်ပြခြင်းမပြုရ။

(ဃ) တရားရုံးသည် ယင်းကသင့်သည်ထင်မြင်သည့်အတိုင်း အမှုအတွက် ကုန်ကျစရိတ်အပေါ် အာမခံတင်သွင်းသည့်ကာလအထိ၊ သို့မဟုတ် ကုမ္ပဏီဖျက်သိမ်းရန်အတွက် စွဲချက်တင်နိုင်လောက်အောင်မြင်သာသော အထောက်အထားရှိသည့်အမှုဖြစ်ကြောင်းတရားရုံးအနေဖြင့် လက်ခံနိုင်သည့်ကာလအထိဖြစ်ပေါ်လာမည့် သို့မဟုတ် အလားအလာရှိသည့်မြီရှင်က တင်ပြသော ကုမ္ပဏီဖျက်သိမ်းရန်အတွက် လျှောက်ထားမှုကို ကြားနာခြင်း မပြုရ။

၃၀၃။ **ကုမ္ပဏီဖျက်သိမ်းရန်အမိန့်၏အကျိုးသက်ရောက်မှု**

ကုမ္ပဏီတစ်ခုကိုဖျက်သိမ်းရန်အတွက် အမိန့်တစ်ရပ်သည် မြီရှင်တစ်ဦးဦးနှင့် ကြွေးမြီပေးဆပ်ရသူတစ်ဦးဦးတို့က ပူးတွဲတင်ပြသည့်လျှောက်လွှာအပေါ်တွင် ချမှတ်သည့်အမိန့်တစ်ရပ်အဖြစ် မြီရှင်များအားလုံးနှင့် ကြွေးမြီပေးဆပ်ရသူများအားလုံးတို့အတွက် အကျိုးသက်ရောက်စေရမည်။

၃၀၄။ **တရားရုံးကကုမ္ပဏီဖျက်သိမ်းခြင်းစတင်သည့်အချိန်**

တရားရုံးကကုမ္ပဏီတစ်ခုကို ဖျက်သိမ်းခြင်းသည် ကုမ္ပဏီဖျက်သိမ်းရန်အတွက် လျှောက်လွှာတင်ပြသည့်အချိန်မှစတင်သည်ဟုမှတ်ယူရမည်။

၃၀၅။ **တရားရုံးကတားမြစ်သည့်အမိန့်များထုတ်ဆင့်နိုင်ခြင်း**

ဤဥပဒေအရ ကုမ္ပဏီတစ်ခုကိုဖျက်သိမ်းရန်အတွက် လျှောက်လွှာတင်ပြပြီးနောက် သို့မဟုတ် ကုမ္ပဏီဖျက်သိမ်းရန်အတွက် အမိန့်တစ်ရပ်ကို ချမှတ်ခြင်းမပြုမီ မည်သည့်အချိန်တွင်မဆိုကုမ္ပဏီ သို့မဟုတ် ကုမ္ပဏီ၏ မြီရှင် သို့မဟုတ် ကြွေးမြီပေးဆပ်ရသူတစ်ဦးဦးက လျှောက်ထားတင်ပြလာလျှင် တရားရုံးသည် သင့်သည်ထင်မြင်သည့်စည်းကမ်းချက်များဖြင့် ကုမ္ပဏီအပေါ် တရားစွဲဆိုမှု သို့မဟုတ် စစ်ဆေးဆောင်ရွက်မှုတစ်ရပ်ရပ်တွင် ထပ်မံစစ်ဆေးဆောင်ရွက်မှုများကို ရပ်ဆိုင်းထားနိုင်သည်။

၃၀၆။ **လျှောက်ထားမှုကို ကြားနာခြင်းနှင့် စပ်လျဉ်းသည့်တရားရုံး၏ အခွင့်အာဏာ**

(က) လျှောက်ထားမှုကို ကြားနာသည့်အခါ တရားရုံးသည်သင့်သည်ထင်မြင်လျှင်စရိတ်နှင့်ဖြစ်စေ၊ စရိတ်မပါဘဲဖြစ်စေ အဆိုပါလျှောက်လွှာအားပလပ်နိုင်သည်၊ သို့မဟုတ် ခြွင်းချက်ဖြင့်ဖြစ်စေ၊ ခြွင်းချက်မပါရှိဘဲလျက်ဖြင့်ဖြစ်စေ ကြားနာခြင်းကိုရွှေ့ဆိုင်းနိုင်သည်၊ သို့မဟုတ် ကြားဖြတ်အမိန့်တစ်ရပ်ရပ် သို့မဟုတ် အခြားအမိန့်တစ်ရပ်ရပ်ကို တရားရုံးက သင့်လျော်သည်ဟု ထင်မြင်သည့်အတိုင်းချမှတ်နိုင်သည်။ သို့သော်ကုမ္ပဏီ၏ အခြေပစ္စည်းများနှင့်ညီမျှသော သို့မဟုတ် ပိုမိုသောပမာဏအထိ ထိုအခြေပစ္စည်းများကို ပေါင်နှံထားသည် သို့မဟုတ် ကုမ္ပဏီတွင်အခြေပစ္စည်းများမရှိဟူသောအကြောင်းမျှဖြင့် တရားရုံးသည် ကုမ္ပဏီဖျက်သိမ်းသည့် အမိန့်တစ်ရပ်ကို ချမှတ်ရန်အတွက် ငြင်းပယ်ခြင်းမပြုရ။

(ခ) ဥပဒေအရ လိုက်နာဆောင်ရွက်ရသော အစီရင်ခံစာများတင်ပြရာတွင်ဖြစ်စေ၊ ဥပဒေအရ လိုက်နာဆောင်ရွက်ရသော အစည်းအဝေးများကို ကျင်းပရာတွင်ဖြစ်စေ ပျက်ကွက်မှုရှိခဲ့သည့် အကြောင်းကြောင့် ကုမ္ပဏီတစ်ခုကို ဖျက်သိမ်းရန်အတွက် လျှောက်လွှာတင်ပြလာခြင်းဖြစ်လျှင် တရားရုံးသည်သင့်သည် ထင်မြင်သည့်အတိုင်း ပျက်ကွက်မှုနှင့်သက်ဆိုင်သော တာဝန်ရှိသူများက ပေးချေရမည့် ကုန်ကျစရိတ်များအတွက် အမိန့် တစ်ရပ် ချမှတ်နိုင်သည်။

(ဂ) တရားရုံးသည် ကုမ္ပဏီတစ်ခုကိုဖျက်သိမ်းရန်အတွက် အမိန့်တစ်ရပ် ချမှတ်သည့်အခါ စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိတစ်ဦးအား တစ်ပြိုင်တည်းခန့်အပ်ခြင်းမှအပ အဆိုပါ အမိန့်ကို တရားဝင်ခန့်အပ်ထားသည့်ပစ္စည်း လက်ခံထိန်းသိမ်းသူထံသို့ ပေးပို့ရမည်။

၃၀၇။ **ကုမ္ပဏီဖျက်သိမ်းသည့်အမိန့်နှင့်စပ်လျဉ်း၍ ဆိုင်းငံ့ထားသည့်အမှုများ**

ကုမ္ပဏီဖျက်သိမ်းသည့် အမိန့်တစ်ရပ်ကိုချမှတ်ပြီးသည့်အခါတွင် သို့မဟုတ် ယာယီစာရင်းရှင်းလင်း ဖျက်သိမ်းရေးအရာရှိတစ်ဦးကို ခန့်အပ်ပြီးသည့်အခါတွင် တရားရုံးကသတ်မှတ်သည့်စည်းကမ်းချက်များနှင့်အညီ တရားရုံး၏ခွင့်ပြုချက်ဖြင့် ဆောင်ရွက်ခြင်းမှတစ်ပါး ကုမ္ပဏီအပေါ် တရားစွဲဆိုမှု သို့မဟုတ် တရားစွဲဆိုဆောင်ရွက်မှုတို့ကို ဆက်လက်ဆောင်ရွက်ခြင်း သို့မဟုတ် စတင်စွဲဆိုခြင်းမပြုလုပ်ရ။

၃၀၈။ **စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိလစ်လပ်ခြင်း**

(က) ဤဥပဒေတွင် ဖော်ပြပါရှိသည့် ကိစ္စရပ်များအတွက် တရားရုံးက ကုမ္ပဏီများကို ဖျက်သိမ်းခြင်းနှင့်သက်ဆိုင်သည့်အခါ "တရားဝင်ခန့်အပ်ထားသည့်ပစ္စည်း လက်ခံထိန်းသိမ်းသူ" ဆိုသည်မှာ တရားရုံးတွင် တွဲဖက်တာဝန်ထမ်းဆောင်နေသည့် တရားဝင်ခန့်အပ်ထားသည့်

စာမျက်နှာ ၅ သို့

**စာမျက်နှာ ၄ မှ**

ပစ္စည်းလက်ခံထိန်းသိမ်းသူကို ဆိုလိုသည်၊ သို့မဟုတ် အဆိုပါ တရားဝင်ခန့်အပ်ထားသည့် ပစ္စည်းလက်ခံထိန်းသိမ်းသူမရှိခဲ့လျှင် ပြည်ထောင်စုဝန်ကြီးက ဤကိစ္စရပ်အတွက်နိုင်ငံတော်ပြန်တမ်းတွင် အမိန့်ကြော်ငြာစာဖြင့် ထည့်သွင်းဖော်ပြ၍ ခန့်အပ်ထားသည့်ပုဂ္ဂိုလ်တစ်ဦးဦးကိုဆိုလိုသည်။

(ခ) ကုမ္ပဏီဖျက်သိမ်းသည့်အမိန့်တစ်ရပ်ကိုချမှတ်သည့်အခါတွင် တရားဝင်ခန့်အပ်ထားသည့် ပစ္စည်းလက်ခံထိန်းသိမ်းသူသည် ကုမ္ပဏီ၏ တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိဖြစ်စေရမည့်အပြင် တရားရုံး၏အမိန့်တစ်ရပ်ရပ်ဖြင့် ရပ်စဲခြင်းမပြုသည်အထိ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ဆက်လက်ဆောင်ရွက်ရမည်။

(ဂ) တရားဝင်ခန့်အပ်ထားသည့် ပစ္စည်းလက်ခံထိန်းသိမ်းသူသည် တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိတစ်ဦးအဖြစ် ကုမ္ပဏီ၏စာရင်းစာအုပ်များ၊ စာရွက်စာတမ်းများနှင့် အခြေပစ္စည်းများအားလုံးကို ထိန်းသိမ်းထားရှိရမည်ဖြစ်ပြီး အဆိုပါ ထိန်းသိမ်းထားရှိသည့်ပစ္စည်းများအားလုံးကို ကြီးကြပ်ဆောင်ရွက်ခွင့်ရှိသည်။

(ဃ) တရားဝင်ခန့်အပ်ထားသည့် ပစ္စည်းလက်ခံထိန်းသိမ်းသူသည် တရားရုံးကသတ်မှတ်ပေးသည့် အခကြေးငွေကို ခံစားခွင့်ရှိသည်။

၃၀၉။**ကုမ္ပဏီဖျက်သိမ်းသည့်အမိန့်၏မိတ္တူကိုမှတ်ပုံတင်အရာရှိထံသို့တင်ပြရခြင်း**

(က) ကုမ္ပဏီဖျက်သိမ်းသည့် အမိန့်တစ်ရပ်ကိုချမှတ်သည့်အခါတွင် ကုမ္ပဏီဖျက်သိမ်းပေးရန် တရားစွဲဆိုသည့်အမှုမှ လျှောက်ထားသူနှင့် ကုမ္ပဏီတို့သည် အဆိုပါအမိန့်အားချမှတ်သည့်နေ့ရက်မှ (၁)လအတွင်း ထိုအမိန့်၏ မိတ္တူတစ်စောင်ကို မှတ်ပုံတင်အရာရှိထံသို့ တင်ပြရန်တာဝန်ရှိသည်။

(ခ) ကုမ္ပဏီဖျက်သိမ်းသည့်အမိန့်၏ မိတ္တူတစ်စောင်ကို တင်ပြသည့်အခါတွင် မှတ်ပုံတင်အရာရှိသည် ကုမ္ပဏီနှင့်သက်ဆိုင်သည့် စာရင်းစာအုပ်တွင် အဆိုပါအချက်အလက်အား မှတ်တမ်းတင်ထားရှိရမည့်အပြင် အဆိုပါအမိန့်အား ချမှတ်ခဲ့ပြီးဖြစ်ကြောင်း နိုင်ငံတော်ပြန်တမ်းတွင် ထည့်သွင်းဖော်ပြရမည်။

(ဂ) ကုမ္ပဏီ၏ စီးပွားရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သည့်အခါမှတစ်ပါး အဆိုပါအမိန့်သည်ကုမ္ပဏီ၏ ဝန်ထမ်းများသို့ ပေးပို့သည့်အကြောင်းကြားစာအဖြစ် မှတ်ယူရမည်။

၃၁၀။**ကုမ္ပဏီဖျက်သိမ်းခြင်းကိုဆိုင်းငံ့ထားနိုင်သည့်တရားရုံး၏အခွင့်အာဏာ**

ကုမ္ပဏီဖျက်သိမ်းခြင်းနှင့်စပ်လျဉ်းသည့် စစ်ဆေးဆောင်ရွက်မှုများအားလုံးကို ဆိုင်းငံ့ထားသင့်ကြောင်း မြီရှင် သို့မဟုတ် ကြွေးမြီပေးဆပ်ရသူတစ်ဦးဦးက လျှောက်ထားတင်ပြလာလျှင် သို့မဟုတ် ထိုသို့ဆိုင်းငံ့ထားသင့်ကြောင်း တရားရုံးက ကျေနပ်လက်ခံနိုင်သည့်အထောက်အထားများရှိလျှင် တရားရုံးသည် ကုမ္ပဏီဖျက်သိမ်းသည့်အမိန့်တစ်ရပ်ကို ချမှတ်ပြီးနောက် မည်သည့်အချိန်တွင်မဆို တရားရုံးကသင့်သည်ထင်မြင်သည့်စည်းကမ်းချက်များဖြင့် အားလုံးကိုဖြစ်စေ သို့မဟုတ် သတ်မှတ်ကာလတစ်ရပ်ရပ်အတွက်ဖြစ်စေ တရားစွဲဆိုဆောင်ရွက်မှုများကို ဆိုင်းငံ့ထားရန် အမိန့်တစ်ရပ်ချမှတ်နိုင်သည်။

၃၁၁။**မြီရှင်များ သို့မဟုတ် ကြွေးမြီပေးဆပ်ရသူများ၏ သဘောဆန္ဒကို တရားရုံးက လက်ခံပေးနိုင်ခြင်း**

တရားရုံးသည် ကုမ္ပဏီဖျက်သိမ်းခြင်းနှင့် စပ်လျဉ်းသည့်ကိစ္စရပ်အားလုံးတွင် လုံလောက်သည့်အထောက်အထားတစ်ရပ်ရပ်ဖြင့် ၎င်းထံတင်ပြစေနိုင်သကဲ့သို့ မြီရှင်များနှင့် ကြွေးမြီပေးဆပ်ရသူများ၏ သဘောဆန္ဒများကိုထည့်သွင်းစဉ်းစားနိုင်သည်။

**တရားဝင်ခန့်အပ်ထားသည့်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိများ**

**၃၁၂။တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအား ခန့်အပ်ခြင်း**

(က) ကုမ္ပဏီဖျက်သိမ်းခြင်းနှင့်စပ်လျဉ်းသည့် တရားစွဲဆိုဆောင်ရွက်မှုများကို ပြုလုပ်ရန်အတွက် လည်းကောင်း၊ တရားရုံးက ချမှတ်မည့် တာဝန်များကို ထမ်းဆောင်ရန်အတွက် လည်းကောင်း၊ တရားရုံးသည် တရားဝင်ခန့်အပ်ထားသည့် ပစ္စည်းလက်ခံထိန်းသိမ်းသူမှအပ အခြားသူတစ်ဦးဦး သို့မဟုတ် အခြားသူများကိုတရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိတစ်ဦး သို့မဟုတ် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိများအဖြစ် ခန့်အပ်နိုင်သည်။

(ခ) တရားရုံးသည် တင်ပြလျှောက်ထားမှုတစ်ရပ်ရပ်ကို လက်ခံရရှိပြီးနောက် ကုမ္ပဏီဖျက်သိမ်းသည့် အမိန့်တစ်ရပ်ကို ချမှတ်ခြင်းမပြုရသေးမီ မည်သည့်အချိန်တွင်မဆို အဆိုပါခန့်အပ်မှုကိုယာယီအားဖြင့် သတ်မှတ်နိုင်သည်။ သို့သော် တရားရုံးသည် အကြောင်းကြားစာမပေးပို့သင့်ကြောင်းမှတ်တမ်းတင်ထားနိုင်သည့်အကြောင်းအချက်များမရှိမှသာ အဆိုပါ ခန့်အပ်မှုအား မပြုလုပ်မီ ကုမ္ပဏီသို့အကြောင်းကြားစာပေးပို့ရမည်။

(ဂ) တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအား တစ်ဦးထက်ပိုမို၍ခန့်ထားခဲ့လျှင် တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိက ဤဥပဒေအရ ဆောင်ရွက်မှုတစ်စုံတစ်ရာကို ပြုလုပ်ရန် လိုအပ်ခြင်း သို့မဟုတ် ပြုလုပ်ရန် အခွင့်အာဏာအပ်နှင်းထားခြင်းတို့ကို အဆိုပါ ပုဂ္ဂိုလ်အားလုံးကဖြစ်စေ၊ တစ်ဦးဦးကဖြစ်စေ၊ အချို့ကဖြစ်စေမည်သူကပြုလုပ်ရမည်ဖြစ်ကြောင်း တရားရုံးကကြေညာရမည်။

(ဃ) တရားရုံးသည် တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိတစ်ဦးဦးက ၎င်းအား ခန့်အပ်မှုနှင့်စပ်လျဉ်း၍ အာမခံချက်တစ်ရပ်ရပ်ထားရှိရန် လို၊ မလိုနှင့် မည်သည့်အာမခံချက်ကိုထားရှိရမည်တို့ကို ဆုံးဖြတ်နိုင်သည်။

(င) စာရင်းရှင်းလင်း ဖျက်သိမ်းရေးအရာရှိတစ်ဦးအား ခန့်အပ်ပြီးနောက်ပိုင်းတွင် ထိုသို့ခန့်အပ်မှုနှင့်စပ်လျဉ်းသည့် ချို့ယွင်းချက်တစ်ရပ်ရပ်အား တွေ့ရှိစေကာမူ ၎င်း၏ ပြုလုပ်ဆောင်ရွက်ချက်များသည် တရားဝင်စေရမည်။ သို့ရာတွင် ဤပုဒ်မခွဲတွင် ဖော်ပြပါရှိသော မည်သည့်ပြဋ္ဌာန်းချက်ကမျှ ၎င်းအား ခန့်အပ်မှုသည် တရားဝင်ခြင်း မရှိကြောင်းဖော်ပြပြီးနောက်ပိုင်း၌ အဆိုပါစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ ပြုလုပ်ဆောင်ရွက်ချက်များသည် တရားဝင်သည်ဟု မှတ်ယူခြင်းမရှိစေရ။

(စ) တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ လက်ဝယ်ရှိအခြေပစ္စည်းများနှင့်စပ်လျဉ်း၍ ပစ္စည်းလက်ခံထိန်းသိမ်းသူတစ်ဦးကိုခန့်အပ်ခြင်းမပြုရ။

၃၁၃။**နုတ်ထွက်ခြင်း၊ ထုတ်ပယ်ခြင်း၊ လစ်လပ်နေရာများအား ဖြည့်စွက်ခန့်ထားခြင်းနှင့်လျော်ကြေးပေးခြင်း**

(က) တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိတစ်ဦးဦးသည် နုတ်ထွက်ခွင့်ရှိသည်၊ သို့မဟုတ် ခိုင်လုံသည့်အကြောင်းအချက်များ တင်ပြနိုင်လျှင် တရားရုံးက၎င်းကိုထုတ်ပယ်နိုင်သည်။

(ခ) တရားရုံးကတရားဝင်ခန့်အပ်ထားသည့်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိတစ်ဦးဦး လစ်လပ်သွားသည့်နေရာတွင် ဖြည့်စွက်ခန့်ထားနိုင်သည်။ လစ်လပ်သည့်နေရာတွင် ထိုသို့ ဖြည့်စွက်ခန့်ထားသည့်ကာလအထိ တရားဝင်ခန့်အပ်ထားသည့် ပစ္စည်းလက်ခံထိန်းသိမ်းသူသည် တရားဝင်ခန့်အပ်ထားသည့်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ်ဆောင်ရွက်ရမည်။

(ဂ) တရားရုံးကသင့်သည် ထင်မြင်သည့်အတိုင်း ရာခိုင်နှုန်းဖြင့်လည်းကောင်း၊ အခြားနည်းလမ်းတစ်ရပ်ရပ်ဖြင့်လည်းကောင်း တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသို့ လစာ သို့မဟုတ် အခကြေးငွေပေးရန် ညွှန်ကြားရမည်။ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိတစ်ဦးထက် ပိုမိုခန့်ထားခဲ့လျှင် တရားရုံးက ညွှန်ကြားသည့်အချိုးအစားပမာဏအတိုင်း အဆိုပါ စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိများထံသို့ အခကြေးငွေကိုခွဲဝေပေးရမည်။

၃၁၄။**တရားဝင်ခန့်အပ်ထားသည့်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ**

တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိကို ၎င်းအားခန့်အပ်ခြင်းနှင့်သက်ဆိုင်သည့် ကုမ္ပဏီ၏စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ်သာ ဖော်ပြရမည်ဖြစ်ပြီး ၎င်း၏ကိုယ်ပိုင်အမည်ဖြင့် ဖော်ပြခြင်းမပြုရ။

၃၁၅။**စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံသို့ ဆောင်ရွက်ရမည့်ကိစ္စရပ်များကို တင်ပြရခြင်း**

(က) တရားရုံးက ကုမ္ပဏီဖျက်သိမ်းသည့်အမိန့်တစ်ရပ်ကို ချမှတ်ပြီးသည့်အခါ၊ သို့မဟုတ် တရားဝင်ခန့်အပ်ထားသည့်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိကို ယာယီအားဖြင့်ခန့်အပ်ပြီးသည့်အခါ တရားရုံးက အခြားအမိန့်တစ်စုံတစ်ရာကို ချမှတ်ရန်လိုအပ်သည်ဟု မယူဆလျှင် အောက်ပါအချက်အလက်များပါဝင်ပြီး ကျမ်းကျိန်ချက်ဖြင့် အတည်ပြုထားသော ကုမ္ပဏီ၏ကိစ္စရပ်များနှင့်စပ်လျဉ်းသည့် ရေးသားဖော်ပြချက်တစ်စောင်ကို တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံသို့ပြုစုတင်ပြရမည်-

(၁) လက်ဝယ်ရှိ ငွေသားလက်ကျန်ရှင်းတမ်းနှင့် ဘဏ်ရှိငွေသားစာရင်းများရှိခဲ့လျှင် ၎င်းငွေသားစာရင်းများကို သီးခြားစီဖော်ပြလျက်ကုမ္ပဏီ၏အခြေပစ္စည်းများ၊

(၂) ကြွေးမြီများနှင့်တာဝန်ရှိမှုများ၊

(၃) အာမခံထားရှိသောကြွေးမြီများနှင့် အာမခံထားရှိခြင်းမရှိသော ကြွေးမြီများ၏ပမာဏကို သီးခြားစီဖော်ပြလျက်မြီရှင်များ၏ အမည်များ၊ နေရပ်လိပ်စာများနှင့်အလုပ်အကိုင်များ၊ အာမခံထားရှိသော ကြွေးမြီများဖြစ်လျှင် ငွေချေးသက်သေခံလက်မှတ်များ၏ အချက်အလက်များ ယင်းတို့၏တန်ဖိုးနှင့် ယင်းတို့အား ထုတ်ဝေခဲ့သည့်နေ့စွဲများနှင့်

(၄) ကုမ္ပဏီသို့ ကြွေးမြီပေးဆပ်ရန်တာဝန်ရှိသူများ၏ အမည်များ၊ နေရပ်လိပ်စာများနှင့် အလုပ်အကိုင်များ၊ ထိုသို့ပေးဆပ်နိုင်မည့်ပမာဏ။

(ခ) ထိုရေးသားဖော်ပြချက်အား သက်ဆိုင်သည့်နေ့ရက်၌ တာဝန်ထမ်းဆောင်လျက်ရှိသူဒါရိုက်တာတစ်ဦး သို့မဟုတ် ဒါရိုက်တာများက သော်လည်းကောင်း၊ ကုမ္ပဏီ၏အတွင်းရေးမှူးက သော်လည်းကောင်း၊ တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် အောက်ပါပြဋ္ဌာန်းချက်များတွင် ဖော်ပြပါရှိသူများကသော်လည်းကောင်းတရားရုံး၏ညွှန်ကြားချက်နှင့်အညီ မှန်ကန်ကြောင်းအတည်ပြု၍တင်ပြရမည့်အပြင် အောက်ပါပုဂ္ဂိုလ်များကိုလည်းရေးသားဖော်ပြချက်အား မှန်ကန်ကြောင်းအတည်ပြု၍တင်ပြစေနိုင်သည် -

(၁) ကုမ္ပဏီ၏ဒါရိုက်တာများ သို့မဟုတ် အရာရှိများအဖြစ် ဆောင်ရွက်သူများ သို့မဟုတ် ဆောင်ရွက်ခဲ့သူများ၊ သို့မဟုတ်

(၂) သက်ဆိုင်သည့်နေ့ရက်မှ (၁) နှစ်ကာလအတွင်း မည်သည့်အချိန်တွင်မဆို ကုမ္ပဏီဖွဲ့စည်းတည်ထောင်မှုတွင် ပါဝင်ခဲ့သူများ၊ သို့မဟုတ်

(၃) အဆိုပါနှစ်ကာလအတွင်း ကုမ္ပဏီတွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများ သို့မဟုတ် တာဝန်ထမ်းဆောင်ခဲ့သည့် ဝန်ထမ်းများနှင့် တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိက လိုအပ်သည့်သတင်းအချက်အလက်များကို ပေးနိုင်သူဟု ယူဆသည့်ပုဂ္ဂိုလ်များ။

(ဂ) ထိုရေးသားဖော်ပြချက်ကို သက်ဆိုင်သည့်နေ့ရက်မှ (၂၁) ရက်အတွင်း သို့မဟုတ် အထူးအကြောင်းရှိခဲ့လျှင် တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိက ဖြစ်စေ၊ တရားရုံးကဖြစ်စေ တိုးမြှင့်သတ်မှတ်ပေးသည့်ကာလအတွင်း တင်ပြရမည်။

(ဃ) ဤပုဒ်မပါပြဋ္ဌာန်းချက်များအရ လိုအပ်သောရေးသားဖော်ပြချက်နှင့် ကျမ်းကျိန်လွှာတို့ကိုပြုလုပ်သည့် သို့မဟုတ် ပြုလုပ်ရန်သဘောတူညီသည့်ပုဂ္ဂိုလ်တစ်ဦးဦးကို တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ သို့မဟုတ် ယာယီခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိက ကုမ္ပဏီ၏ အခြေပစ္စည်းများမှ ပြင်ဆင်ပြုလုပ်ဆောင်ရွက်ရာတွင် ကုန်ကျသည့်စရိတ်များကိုသင့်လျော်သည့်ကုန်ကျစရိတ်များဖြစ်သည်ဟု သတ်မှတ်ခွင့်ပြု၍ ပေးချေနိုင်သည်။ ထိုကိစ္စရပ်တွင် တရားရုံးသို့အယူခံဝင်ရောက်နိုင်သည်။

(င) ကုမ္ပဏီ၏မြီရှင် သို့မဟုတ် ကြွေးမြီပေးဆပ်ရသူ တစ်ဦးဖြစ်ကြောင်း ကိုယ်တိုင်စာဖြင့် ရေးသားဖော်ပြသူတစ်ဦးဦးသည် ၎င်းကိုယ်တိုင်ဖြစ်စေ၊ ၎င်း၏ကိုယ်စားလှယ်ဖြင့်ဖြစ်စေ သင့်လျော်သည့်အချိန်တိုင်းတွင် သတ်မှတ်ဖော်ပြထားသည့် အခကြေးငွေကို ပေးသွင်းလျက် ဤပုဒ်မအရတင်ပြသည့်ရေးသားဖော်ပြချက်ကို စစ်ဆေးကြည့်ရှုခြင်းနှင့် အဆိုပါရေးသားဖော်ပြချက်၏ မိတ္တူကိုဖြစ်စေ၊ ကောက်နုတ်ချက်ကိုဖြစ်စေ ရယူခွင့်ရှိသည်။

(စ) ဤပုဒ်မပါ **“သက်ဆိုင်သည့်နေ့ရက်”** ဆိုသည်မှာ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိကို ယာယီ ခန့်အပ်ထားသည့်ကိစ္စရပ်တွင် ထိုသို့ ခန့်အပ်သည့်နေ့ရက်နှင့် ထိုသို့ ခန့်အပ်ခြင်းမပြုသည့် ကိစ္စရပ်တွင် ကုမ္ပဏီဖျက်သိမ်းသည့်အမိန့်ကို ချမှတ်သည့်နေ့ရက်တို့ကိုဆိုသည်။

၃၁၆။မည်သူမဆိုသင့်လျော်သည့်အကြောင်းအချက်မရှိဘဲပုဒ်မ၃၁၅ပါသတ်မှတ်ချက်များကိုလိုက်နာဆောင်ရွက်ရန်သိလျက်ဖြင့် တမင်ပျက်ကွက်လျှင် ပြစ်ဒဏ်ပမာဏ (၂၀)ခုထက်မပိုသော ဒဏ်ငွေကိုပေးဆောင်ရမည်။

၃၁၇။ မြီရှင် သို့မဟုတ် ကြွေးမြီပေးဆပ်ရသူတစ်ဦးဖြစ်ကြောင်း မမှန်မကန်ကိုယ်တိုင်စာဖြင့် ရေးသားဖော်ပြသူတစ်ဦးဦးသည် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၈၂ အရ ပြစ်မှုမြောက်ပြီး စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိကဖြစ်စေ၊ တရားဝင်ခန့်အပ်ထားသည့် ပစ္စည်းလက်ခံထိန်းသိမ်းသူကဖြစ်စေ လျှောက်ထားတင်ပြလာလျှင် အဆိုပါပြစ်မှုဖြင့် ပြစ်ဒဏ်ထိုက်သင့်စေရမည်။

၃၁၈။ **စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ရေးသားဖော်ပြချက်**

(က) ကုမ္ပဏီဖျက်သိမ်းသည့်အမိန့်ကိုချမှတ်သည့်အခါ တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် ပုဒ်မ ၃၁၅ အရတင်ပြသည့် ရေးသားဖော်ပြချက်အား လက်ခံရရှိပြီးနောက် အဆိုပါအမိန့်ကို ချမှတ်သည့်နေ့မှ (၄)လထက်နောက်မကျစေဘဲ သို့မဟုတ် တရားရုံးကခွင့်ပြုလျှင် (၆)လထက်နောက်မကျစေဘဲ သို့မဟုတ် ရေးသားဖော်ပြချက်တင်ပြရန်လိုအပ်ခြင်းမရှိကြောင်း တရားရုံးက အမိန့်ချမှတ်သည့်ကိစ္စရပ်တွင် အမိန့်ချမှတ်သည့်နေ့ရက်မှ အောက်ပါအချက်အလက်များပါဝင်သော ကနဦးအစီရင်ခံစာတစ်စောင်ကို တရားရုံးသို့ ဆောလျင်စွာတင်ပြရမည် -

(၁) အောက်ပါခေါင်းစဉ်များအလိုက်သီးခြားစီဖော်ပြပါရှိသော ထုတ်ဝေထားသည့် မတည်ငွေရင်းပမာဏ၊ ထည့်ဝင်ထားသည့် မတည်ငွေရင်းပမာဏ၊ ထည့်ဝင်ပြီးမတည်ငွေရင်းပမာဏ၊ အခြေပစ္စည်းများနှင့် တာဝန်ရှိမှုများအတွက် ခန့်မှန်းတွက်ချက်မှုပမာဏ၊

(ကက) ငွေသားနှင့်လွှဲပြောင်းနိုင်သောငွေချေးသက်သေခံလက်မှတ်များ၊

(ခခ) ကြွေးမြီပေးဆပ်ရသူများထံမှ ရရှိမည့်ကြွေးမြီများ၊

(ဂဂ) ကုမ္ပဏီက ရရှိမည့်ကြွေးမြီများနှင့် ကြွေးမြီပေးချေရန် အာမခံချက်များရှိခဲ့လျှင်၊

(ဃဃ) ကုမ္ပဏီပိုင်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သော ပစ္စည်းများနှင့် မရွှေ့မပြောင်းနိုင်သော ပစ္စည်းများနှင့်

(ငင) ငွေပေးချေခြင်း မပြုရသေးသော ထည့်ဝင်ရမည့် မတည်ငွေရင်း၊

(၂) ကုမ္ပဏီက လုပ်ငန်းအောင်မြင်မှုမရှိခဲ့လျှင် ထိုသို့ဖြစ်ရသည့်အကြောင်းများနှင့်

(၃) ကုမ္ပဏီကို တည်ထောင်ခြင်းလုပ်ငန်းပြုလုပ်ခြင်း၊ ဖွဲ့စည်းခြင်း သို့မဟုတ် ကုမ္ပဏီ၏ လုပ်ငန်းအောင်မြင်မှုမရှိခြင်း၊ ကုမ္ပဏီ၏ စီးပွားရေးလုပ်ငန်းဆောင်ရွက်မှုများနှင့် စပ်လျဉ်းသည့် ကိစ္စရပ်များအပေါ် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ ထင်မြင်ချက်အရ ထပ်မံစိစစ်ရန်လိုအပ်ခြင်းရှိ၊ မရှိ။

(ခ) တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် ၎င်းအနေဖြင့်သင့်သည်ထင်မြင်လျှင် ကုမ္ပဏီအားဖွဲ့စည်းတည်ထောင်ခဲ့သည့်အခြေအနေ၊ ကုမ္ပဏီကိုတည်ထောင်ခြင်းလုပ်ငန်းပြုလုပ်ခြင်း၊ သို့မဟုတ် ဖွဲ့စည်းခြင်းတွင် ပါဝင်သူတစ်ဦးဦး၊ ကုမ္ပဏီအား ဖွဲ့စည်းတည်ထောင်ပြီးနောက် ကုမ္ပဏီနှင့်စပ်လျဉ်း၍ ကုမ္ပဏီ၏ ဒါရိုက်တာတစ်ဦးဦး သို့မဟုတ် အရာရှိတစ်ဦးဦးက လိမ်လည်မှုတစ်ရပ်ရပ်ကို ကျူးလွန်ထားသည်ဟု ထင်မြင်ချက်နှင့် တရားရုံးကသိရှိရန် လိုအပ်သည်ဟု ထင်မြင်သောအခြားအကြောင်းအရာများကို ဖော်ပြထားသည့်

**စာမျက်နှာ ၆ သို့**

**စာမျက်နှာ ၅ မှ**

အခြားအစီရင်ခံစာတစ်စောင် သို့မဟုတ် အစီရင်ခံစာများကိုလည်း တင်ပြနိုင်သည်။

၁၁၉။**ကုမ္ပဏီ၏ပစ္စည်းများကိုထိန်းသိမ်းထားရှိခြင်း**

(က) ယာယီအားဖြင့်ခန့်အပ်ထားခြင်းရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ တရားဝင်ခန့်အပ်ထားသည့်စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိသည် ကုမ္ပဏီကပိုင်ဆိုင်သည့် သို့မဟုတ် ပိုင်ဆိုင်ခွင့်ရှိသည့် ပစ္စည်းများ၊ ပိုင်ဆိုင်မှုများနှင့် တောင်းခံခွင့်ရှိသည်များအားလုံးကို ၎င်း၏ထိန်းသိမ်းမှု သို့မဟုတ် ကြီးကြပ်မှုအောက်တွင် ထားရှိရမည်။

(ခ) ကုမ္ပဏီ၏ ပစ္စည်းများနှင့် ပိုင်ဆိုင်မှုများအားလုံးသည် ကုမ္ပဏီဖျက်သိမ်းသည့်အမိန့်အား ချမှတ်သည့်နေ့ရက်မှစတင်၍ တရားရုံး၏ ထိန်းသိမ်းမှုအောက်တွင် ထားရှိသည်ဟု မှတ်ယူရမည်။

၁၂၀။**စည်းမျဉ်းအရကုမ္ပဏီဖျက်သိမ်းခြင်းနှင့်သက်ဆိုင်သောစစ်ဆေးရေး ကော်မတီ**

(က) တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိသည် စာရင်းရှင်းလင်း ဖျက်သိမ်းရေးအရာရှိနှင့်အတူ ဆောင်ရွက်နိုင်ရန်အတွက် စစ်ဆေးရေးကော်မတီတစ်ရပ်ကို ခန့်အပ်မည်၊ မခန့်အပ်မည်ကိုလည်းကောင်း၊ ခန့်အပ်ခဲ့ပါက မည်သူများကို ကော်မတီ၏အဖွဲ့ဝင်များအဖြစ် ခန့်အပ်မည်ကို သော်လည်းကောင်း ဆုံးဖြတ်နိုင်ရန်အလို့ငှာ ကုမ္ပဏီ၏စာရင်းစာအုပ်များနှင့် စာရွက်စာတမ်းများတွင် သတ်မှတ်ဖော်ပြထားသည့်အတိုင်း ကုမ္ပဏီ၏ မြီရှင်များအစည်းအဝေးတစ်ရပ်ကို ကုမ္ပဏီဖျက်သိမ်းသည့်အမိန့်အား ချမှတ်သည့်နေ့ရက်မှ (၁)လအတွင်း ခေါ်ယူကျင်းပရမည်။

(ခ) တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်း ဖျက်သိမ်းရေးအရာရှိသည် မြီရှင်များ၏ဆုံးဖြတ်ချက်များကို စဉ်းစားသုံးသပ်ရန်နှင့် အဆိုပါ ဆုံးဖြတ်ချက်များကို ပြင်ဆင်ချက်ဖြင့် လက်ခံရန် သို့မဟုတ် ပြင်ဆင်ချက်မပြုလုပ်ဘဲ လက်ခံရန်တို့အတွက်ကြွေးမြီပေးဆပ်ရသူများ၏ အစည်းအဝေးတစ်ရပ်ကို မြီရှင်များ၏အစည်းအဝေးအားကျင်းပသည့်နေ့ရက်မှ (၇)ရက်အတွင်း ခေါ်ယူကျင်းပရမည်။

(ဂ) ကြွေးမြီပေးဆပ်ရသူများသည် မြီရှင်များ၏ ဆုံးဖြတ်ချက်ကိုအပြည့်အဝလက်ခံနိုင်ခြင်းမရှိပါက တရားဝင်ခန့်အပ်ထားသည့်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် စစ်ဆေးရေးကော်မတီတစ်ရပ်ကိုခန့်အပ်ရန် လိုအပ်ခြင်းရှိ မရှိ၊ လိုအပ်ခြင်းရှိပါက ထိုကော်မတီကို မည်သို့ဖွဲ့စည်းမည်နှင့် ထိုကော်မတီတွင် မည်သူများက အဖွဲ့ဝင်များအဖြစ်ပါဝင်ကြမည်တို့အပေါ် လမ်းညွှန်မှုပြုနိုင်ရန်အတွက် တရားရုံးသို့ လျှောက်ထားရန်တာဝန်ရှိသည်။

(ဃ) ဤပုဒ်မအရ ခန့်အပ်သည့်စစ်ဆေးရေးကော်မတီတွင် ကုမ္ပဏီ၏ မြီရှင်များနှင့် ကြွေးမြီပေးဆပ်ရသူများ၊ သို့မဟုတ် မြီရှင်များနှင့် ကြွေးမြီပေးဆပ်ရသူများထံမှ အထွေထွေ သို့မဟုတ် အထူးကိုယ်စားလှယ်လွှဲစာများကိုင်ဆောင်ထားသည့်ပုဂ္ဂိုလ်များပါဝင်သော အဖွဲ့ဝင် (၁၂) ဦးထက် မပိုသောသူများဖြင့် ပါဝင်ဖွဲ့စည်းရမည်။ ယင်းအဖွဲ့ဝင်ဦးရေတွင် မြီရှင်များနှင့် ကြွေးမြီပေးဆပ်ရသူများ၏အစည်းအဝေးများ၌ သဘောတူညီထားသော အချိုးအစားဖြင့်ပါဝင်ဖွဲ့စည်းနိုင်ပြီးထိုသို့သဘောတူညီထားခြင်းမရှိပါက တရားရုံးက ဆုံးဖြတ်နိုင်သည်။

(င) စစ်ဆေးရေးကော်မတီသည်တရားဝင်ခန့်အပ်ထားသည့်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏စာရင်းများကိုသင့်လျော်သည့်အချိန်တိုင်းတွင် စစ်ဆေးခွင့်ရှိသည်။

(စ) ကော်မတီသည် အခါအားလျော်စွာ သတ်မှတ်ထားသည့်အချိန်များတွင် တွေ့ဆုံကျင်းပရမည်ဖြစ်ပြီး ထိုသို့သတ်မှတ်ထားသည့်အချိန်ကာလမရှိပါက တစ်လလျှင် အနည်းဆုံးတစ်ကြိမ်တွေ့ဆုံကျင်းပရမည်။ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ သို့မဟုတ် ကော်မတီ၏ အဖွဲ့ဝင်တစ်ဦးဦးကလည်း လိုအပ်သည်ဟု ထင်မြင်သည့်အခါ ကော်မတီအစည်းအဝေးတစ်ရပ် ခေါ်ယူကျင်းပပေးရန် တင်ပြတောင်းဆိုနိုင်သည်။

(ဆ) ကော်မတီသည်အစည်းအဝေးတက်ရောက်သောအဖွဲ့ဝင်အများစုဖြင့် ဆုံးဖြတ်ဆောင်ရွက်ရမည်ဖြစ်ပြီး ကော်မတီ၏အဖွဲ့ဝင်အများစုမတက်ရောက်ခဲ့ပါက ထိုသို့ဆုံးဖြတ်ဆောင်ရွက်ခြင်းမပြုရ။

(ဇ) ကော်မတီအဖွဲ့ဝင်တစ်ဦးဦးသည် ၎င်းကိုယ်တိုင် စာဖြင့်ရေးသားလက်မှတ်ရေးထိုးထားသည့်အကြောင်းကြားစာကိုစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံသို့ ပေးပို့၍ နုတ်ထွက်နိုင်သည်။

(ဈ) ကော်မတီအဖွဲ့ဝင်တစ်ဦးဦးသည် လူမွဲအဖြစ်ခံယူရခြင်း၊ သို့မဟုတ် ၎င်း၏မြီရှင်များနှင့် ညှိနှိုင်းဆောင်ရွက်ရခြင်း သို့မဟုတ် အစီအစဉ်တစ်ရပ်ရပ်ပြုလုပ်ရခြင်း၊ သို့မဟုတ် ၎င်းနှင့်အတူမြီရှင်များ သို့မဟုတ် ကြွေးမြီပေးဆပ်ရသူများအား ကိုယ်စားပြုသည့်ကော်မတီအဖွဲ့ဝင်များ၏ ခွင့်ပြုချက်မရရှိဘဲ ကော်မတီအစည်းအဝေးများကိုတက်ရောက်ရန် (၅) ကြိမ်ဆက်တိုက် ပျက်ကွက်ခြင်းတို့ရှိခဲ့လျှင် ထိုကော်မတီအဖွဲ့ဝင်သည် လုပ်ငန်းခွင်မှ ပျက်ကွက်သည်ဟုသတ်မှတ်ရမည်။

(ည) ကော်မတီအဖွဲ့ဝင်တစ်ဦးသည် မြီရှင်များအားကိုယ်စားပြုလျှင်မြီရှင်များ၏ အစည်းအဝေး၌လည်းကောင်း၊ ကြွေးမြီပေးဆပ်ရသူများအား ကိုယ်စားပြုလျှင် ကြွေးမြီပေးဆပ်ရသူများ၏ အစည်းအဝေး၌လည်းကောင်း သာမန်ဆုံးဖြတ်ချက်တစ်ရပ်ချမှတ်၍ ၎င်းကိုထုတ်ပယ်နိုင်သည်။ အဆိုပါ အစည်းအဝေးအတွက် ကျင်းပရသည့် ရည်ရွယ်ချက်အား ဖော်ပြပါရှိသည့်အကြောင်းကြားစာကို အနည်းဆုံး (၇) ရက် ကြိုတင်ပေးပို့၍ဆောင်ရွက်ရမည်။

(ဋ) ကော်မတီတွင် လစ်လပ်နေရာ ဖြစ်ပေါ်ပါက စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် အဆိုပါ လစ်လပ်နေရာတွင် ဖြည့်စွက်ခန့်ထားနိုင်ရေးအတွက် မြီရှင်များ၏ သို့မဟုတ် ကြွေးမြီပေးဆပ်ရသူများ၏ အစည်းအဝေးတစ်ရပ်ကို ခေါ်ယူကျင်းပရမည်ဖြစ်ပြီး အစည်းအဝေးတွင် ဆုံးဖြတ်ချက်ချမှတ်၍ လစ်လပ်နေရာအားဖြည့်စွက်ရန်အတွက် မူလကော်မတီအဖွဲ့ဝင်ကို ပြန်လည်ခန့်အပ်နိုင်သည်၊ သို့မဟုတ် အခြားမြီရှင် သို့မဟုတ် ကြွေးမြီပေးဆပ်ရသူတစ်ဦးဦးကိုခန့်အပ်နိုင်သည်။

(ဌ) ကော်မတီတွင် လစ်လပ်နေရာတစ်ခုခုရှိနေစေကာမူ ကော်မတီ၏ အဖွဲ့ဝင်များက နှစ်ဦးထက်မနည်းရှိပါက ဆက်လက်ဆောင်ရွက်နိုင်သည်။

၁၂၁။**တရားဝင်ခန့်အပ်ထားသည့်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ လုပ်ပိုင်ခွင့်များ**

တရားရုံး၏ ခွင့်ပြုချက်ဖြင့် တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် အောက်ပါတို့ကိုဆောင်ရွက်ခွင့်ရှိသည် -

(က) ကုမ္ပဏီ၏ အမည်ဖြင့်သော်လည်းကောင်း၊ ကုမ္ပဏီ၏ ကိုယ်စားသော် လည်းကောင်း တရားမမှု သို့မဟုတ် ပြစ်မှုဆိုင်ရာအမှုများနှင့် စပ်လျဉ်းသည့်တရားစွဲဆိုမှု သို့မဟုတ် စစ်ဆေးဆောင်ရွက်မှုများတွင် စွဲဆိုဆောင်ရွက်ခြင်း သို့မဟုတ် ခုခံချေပခြင်း၊

(ခ) ကုမ္ပဏီကို အကျိုးရှိသည့်နည်းလမ်းဖြင့် ဖျက်သိမ်းရန်လိုအပ်သည့် အတိုင်းအတာအထိ ကုမ္ပဏီ၏စီးပွားရေးလုပ်ငန်းများကို ဆောင်ရွက်ခြင်း၊

(ဂ) လေလံဖြင့်ဖြစ်စေ၊ သီးခြားပဋိညာဉ်စာချုပ်တစ်ရပ်ရပ်ဖြင့်ဖြစ်စေ ကုမ္ပဏီ၏ မရွှေ့မပြောင်းနိုင်သော ပစ္စည်းများနှင့် ရွှေ့ပြောင်းနိုင်သော ပစ္စည်းများကိုရောင်းချခြင်း၊ ထိုပစ္စည်းများကို ပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် ကုမ္ပဏီတစ်ခုခုသို့ လွှဲပြောင်းပေးခြင်း၊ သို့မဟုတ် ထိုပစ္စည်းများကို ပိုင်းခြား၍ရောင်းချခြင်း၊

(ဃ) စာချုပ်စာတမ်းများ၊ လက်ခံပြေစာများနှင့် အခြားစာရွက်စာတမ်းများတွင် ကုမ္ပဏီ၏ အမည်နှင့်ကုမ္ပဏီ၏ကိုယ်စား ဆောင်ရွက်ခြင်းနှင့် လက်မှတ်ရေးထိုးချုပ်ဆိုခြင်း၊ ထိုကိစ္စရပ်များအတွက်လိုအပ်ပါက ကုမ္ပဏီ၏ရုံးတံဆိပ်ကိုအသုံးပြုခြင်း၊

(င) ကြွေးမြီပေးဆပ်ရသူ တစ်ဦးဦးက လူမွဲခံယူသည့်ကိစ္စရပ်တွင် ထိုသူ၏ ပစ္စည်းများအပေါ် စာရင်းရှင်းလင်းဆောင်ရွက်ရန်အတွက် အတည်ပြုခြင်း၊ ရှင်းလင်းခြင်းနှင့်တောင်းဆိုခြင်း၊ အမြတ်ဝေစုများခွဲဝေခြင်း ကို လက်ခံခြင်း၊ အဆိုပါ စာရင်းရှင်းတမ်းနှင့် စပ်လျဉ်း၍လူမွဲခံယူသူထံမှ ရရန်ရှိသည့်သီးခြားကြွေးမြီများအဖြစ် အခြားမြီရှင်များနှင့် အချိုးကျရယူဆောင်ရွက်ခြင်း၊

(စ) ကုမ္ပဏီ၏ စီးပွားရေးလုပ်ငန်းအနေဖြင့် ငွေလွှဲလက်မှတ် သို့မဟုတ် ငွေပေးချေရန် ကတိစာချုပ်ကို ကုမ္ပဏီအနေဖြင့်ဖြစ်စေ၊ ကုမ္ပဏီ၏ ကိုယ်စားအနေဖြင့်ဖြစ်စေ ထုတ်ယူခြင်း၊ လက်ခံခြင်း၊ ပြုလုပ်ခြင်းနှင့် အတည်ပြုထောက်ခံခြင်းတို့ကို ကုမ္ပဏီ၏တာဝန်ရှိမှုများနှင့် စပ်လျဉ်း၍အလားတူအကျိုးသက်ရောက်မှုရှိ၍ ဆောင်ရွက်သကဲ့သို့ ငွေလွှဲလက်မှတ် သို့မဟုတ် ငွေပေးချေရန်ကတိစာချုပ်တစ်ရပ်ရပ်ကို ကုမ္ပဏီ၏အမည်ဖြင့် သို့မဟုတ် ကုမ္ပဏီ၏ကိုယ်စားထုတ်ယူခြင်း၊လက်ခံခြင်း၊ ပြုလုပ်ခြင်းနှင့်အတည်ပြုထောက်ခံခြင်း၊

(ဆ) ကုမ္ပဏီ၏ အခြေပစ္စည်းများအပေါ် အာမခံထားရှိ၍ငွေကြေး လိုအပ်ချက်တစ်ရပ်ရပ်ကိုမြှင့်တင်ခြင်း၊

(ဇ) ကွယ်လွန်သွားသော ကြွေးမြီပေးဆပ်ရသူတစ်ဦးဦးအပေါ် စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိက ၎င်း၏အမည်ဖြင့် စီမံခန့်ခွဲခြင်းဆိုင်ရာ စာကိုထုတ်ယူခြင်း၊ ယင်း၏အမည်ဖြင့် ကြွေးမြီပေးဆပ်ရသူတစ်ဦးဦး သို့မဟုတ် ၎င်း၏အမွေဆက်ခံသူထံမှရရန်ရှိသည့် ငွေကြေးများပေးချေမှုကိုရယူခြင်း သို့မဟုတ် ကုမ္ပဏီ၏အမည်ဖြင့် အဆင်ပြေစွာ ဆောင်ရွက်နိုင်ခြင်းမရှိသော ပစ္စည်းများကိုရယူခြင်းများအတွက် လိုအပ်သောဆောင်ရွက်မှုများကိုပြုလုပ်ခြင်း၊ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိက စီမံခန့်ခွဲခြင်းဆိုင်ရာ စာကိုထုတ်ယူရာတွင်လည်းကောင်း၊ ဖယ်ရှားဆောင်ရွက်ရာတွင် လည်းကောင်း၊ ငွေကြေးများကို ပြန်လည်ရယူရာတွင်လည်းကောင်း၊ အဆိုပါ ကိစ္စရပ်များတွင် ပေးချေရမည့်ငွေကြေးကို စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံသို့ ပေးချေရမည်ဟုမှတ်ယူရမည်။ သို့ရာတွင် ဤပုဒ်မတွင် ပါရှိသည့်မည်သည့်ပြဋ္ဌာန်းချက်ကမျှ ပြည်ထောင်စုစာရင်းစစ်ချုပ်၏ အခွင့်အရေးများ၊ တာဝန်များနှင့် အကျိုးခံစားခွင့်များကို မထိခိုက်စေရ။

(ဈ) ကုမ္ပဏီကိုဖျက်သိမ်းရန်အတွက် လိုအပ်သောကုမ္ပဏီ၏ကိစ္စရပ်များ၊ ယင်း၏အခြေပစ္စည်းများကို ခွဲဝေပေးခြင်းများအတွက် အခြား လိုအပ်သည့် ကိစ္စရပ်များအားလုံးကို ဆောင်ရွက်ခြင်း။

၁၂၂။**တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ ချင့်ချိန်ဆောင်ရွက်နိုင်မှုနှင့် တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသို့ ဥပဒေဆိုင်ရာအကူအညီများပေးရေးအတွက် ပြဋ္ဌာန်းချက်**

(က) တရားရုံးသည်အမိန့်တစ်ရပ်ထုတ်ပြန်၍ တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအား တရားရုံး၏ ခွင့်ပြုချက် သို့မဟုတ် ကြားဝင်ဆောင်ရွက်မှု မပါရှိဘဲ အထက်ဖော်ပြပါလုပ်ပိုင်ခွင့်များ တစ်ရပ်ရပ်ကို ကျင့်သုံးဆောင်ရွက်စေနိုင်သည်။ တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိကို ယာယီခန့်အပ်ထားသည့်ကိစ္စရပ်တွင် ၎င်းအားခန့်အပ်သည့်အမိန့်ဖြင့် ၎င်း၏ လုပ်ပိုင်ခွင့်များကို ကန့်သတ်တားမြစ်နိုင်သည်။

(ခ) တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိသည် ၎င်း၏တာဝန်များကို ထမ်းဆောင်ရာတွင် အကူအညီရရှိရန်အတွက်တရားရုံးများတွင် လိုက်ပါဆောင်ရွက်ခွင့်ရှိသော ရှေ့နေတစ်ဦးကို တရားရုံး၏ခွင့်ပြုချက်ဖြင့် ခန့်ထားနိုင်သည်။သို့ရာတွင် တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိသည် ရှေ့နေတစ်ဦးဖြစ်ပါက ယင်း၏တွဲဖက်လုပ်ကိုင်သူက အခကြေးငွေ မယူဘဲဆောင်ရွက်ပေးရန် သဘောတူညီခြင်း မရှိလျှင် အဆိုပါတွဲဖက်လုပ်ကိုင်သူကိုခန့်အပ်ခြင်းမပြုရ။

၁၂၃။**စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် အစည်းအဝေးဆောင်ရွက်မှုများပါရှိသော စာရင်းစာအုပ်များကို ထိန်းသိမ်းထားရှိရခြင်းနှင့် ၎င်း၏ လက်ခံရရှိထားသောစာရင်းများကို တရားရုံးသို့တင်ပြရခြင်း**

(က) တရားရုံးက ဖျက်သိမ်းမည့်ကုမ္ပဏီတစ်ခု၏ တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် သတ်မှတ်ဖော်ပြထားသည့်နည်းလမ်းများနှင့်အညီ အစည်းအဝေးဆောင်ရွက်မှုဆိုင်ရာ စာရင်းရေးသွင်းမှုများ သို့မဟုတ် အစည်းအဝေး မှတ်တမ်းများနှင့်အခြားသတ်မှတ်ဖော်ပြထားသည့်ကိစ္စရပ်များကို ပြုစုထားရှိရန်သင့်လျော်သည့် စာရင်းစာအုပ်များကို ထိန်းသိမ်းထားရှိရမည်ဖြစ်သည်။ မြီရှင်သို့မဟုတ် ကြွေးမြီပေးဆပ်ရသူတစ်ဦးဦးသည် တရားရုံး၏ ကြီးကြပ်မှုဖြင့်ကိုယ်တိုင်သော် လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးဖြင့်သော်လည်းကောင်း အဆိုပါ စာရင်းစာအုပ်များကို စစ်ဆေးကြည့်ရှုနိုင်သည်။

(ခ) တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိအားလုံးသည် ၎င်းတို့၏ သက်တမ်းကာလအတွင်း နှစ်စဉ် နှစ်ကြိမ်ထက်မနည်းသော သတ်မှတ်ဖော်ပြထားသည့်အချိန်ကာလများ၌ ၎င်းတို့အနေဖြင့် လက်ခံရရှိထားသော စာရင်းနှင့်ငွေပေးချေမှုများကို တရားရုံးသို့တင်ပြရမည်။

(ဂ) စာရင်းကိုသတ်မှတ်ဖော်ပြထားသည့် ပုံစံဖြင့်ပြုစု၍မူရင်းကွဲများထားရှိရမည့်အပြင် သတ်မှတ်ဖော်ပြထားသည့် နည်းလမ်းနှင့်အညီ ကြေညာချက်တစ်စောင်ဖြင့်အတည်ပြုရမည်။

(ဃ) တရားရုံးသည်သင့်သည်ထင်မြင်သည့်နည်းလမ်းဖြင့်စာရင်းအား စစ်ဆေးပြုစုရမည်။ စာရင်းစစ်ဆေးရန်အတွက် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် တရားရုံးကလိုအပ်မည်ဖြစ်သည့် ဘောက်ချာများနှင့် သတင်းအချက်အလက်များကို တရားရုံးသို့ တင်ပြရမည်ဖြစ်ပြီး တရားရုံးသည်မည်သည့်အချိန်တွင်မဆို စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိက ထိန်းသိမ်းထားရှိသည့် စာရင်းစာအုပ်များနှင့် စာရင်းများကိုပြုစုတင်ပြစေနိုင်သည့်အပြင် စစ်ဆေးကြည့်ရှုနိုင်သည်။

(င) စာရင်းအားစစ်ဆေးပြီးသည့်အခါ ယင်း၏မိတ္တူတစ်စောင်ကို တရားရုံးတွင် မှတ်တမ်းပြုစုထိန်းသိမ်းထားရှိရမည်ဖြစ်ပြီး အခြားမိတ္တူတစ်စောင်ကို မှတ်တမ်းပြုစုထားရှိရန်အတွက် မှတ်ပုံတင်အရာရှိထံသို့ ပေးပို့ရမည်။ ထိုမိတ္တူတစ်စောင်စီကိုမြီရှင်များ သို့မဟုတ် သက်ဆိုင်သည့်ပုဂ္ဂိုလ်များက စစ်ဆေးကြည့်ရှုနိုင်စေရန် ထားရှိရမည်။

၁၂၄။**စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ လုပ်ပိုင်ခွင့်များကို ကျင့်သုံးခြင်းနှင့် ကြီးကြပ်ခြင်း**

(က) ဤဥပဒေတွင် ပါရှိသည့်ပြဋ္ဌာန်းချက်များနှင့်အညီ တရားရုံးကဖျက်သိမ်းမည့် ကုမ္ပဏီတစ်ခု၏ တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် ကုမ္ပဏီ၏အခြေပစ္စည်းများကို စီမံခန့်ခွဲခြင်းနှင့် ယင်းပစ္စည်းများကို မြီရှင်များထံသို့ ပေးအပ်ခြင်းတို့တွင် အထွေထွေအစည်းအဝေးတစ်ရပ်ရပ်၌ သို့မဟုတ် စစ်ဆေးရေးကော်မတီက မြီရှင်များ သို့မဟုတ် ကြွေးမြီပေးဆပ်ရသူများ၏ ဆုံးဖြတ်ချက်ဖြင့်ချမှတ်ထားသည့် ညွှန်ကြားချက်များကို ထည့်သွင်းစဉ်းစားရမည်။ အထွေထွေအစည်းအဝေးတစ်ရပ်ရပ်၌ မြီရှင်များ သို့မဟုတ် ကြွေးမြီပေးဆပ်ရသူများက ချမှတ်ထားသည့် ညွှန်ကြားချက်တစ်ရပ်ရပ်သည် စစ်ဆေးရေးကော်မတီက ချမှတ်သည့် ညွှန်ကြားချက်တစ်ရပ်ရပ်နှင့်ဆန့်ကျင်နေလျှင် စစ်ဆေးရေးကော်မတီ၏ ညွှန်ကြားချက်အပေါ် လွှမ်းမိုးသည်ဟုမှတ်ယူရမည်။

(ခ) တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်း ဖျက်သိမ်းရေးအရာရှိသည် မြီရှင်များ သို့မဟုတ် ကြွေးမြီပေးဆပ်ရသူများ၏သဘောဆန္ဒကိုရယူရန်အတွက် မြီရှင်များ သို့မဟုတ် ကြွေးမြီပေးဆပ်ရသူများ၏ အထွေထွေအစည်းအဝေးများကို ခေါ်ယူနိုင်သည်။ မြီရှင်များ သို့မဟုတ် ကြွေးမြီပေးဆပ်ရသူများက ဆုံးဖြတ်ချက်ချမှတ်၍ ညွှန်ကြားလာလျှင်လည်းကောင်း၊ မြီရှင်များ သို့မဟုတ် ကြွေးမြီပေးဆပ်ရသူများ၏ ဆယ်ပုံတစ်ပုံရှိသူများက စာဖြင့်ရေးသား၍ တောင်းဆိုလာလျှင်လည်းကောင်း စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည်အစည်းအဝေးများကို ခေါ်ယူပေးရန်တာဝန်ရှိသည်။

(ဂ) တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိသည် ကုမ္ပဏီဖျက်သိမ်းသည့်ကိစ္စရပ်တွင် ပေါ်ပေါက်လာသည့်အကြောင်းအရာတစ်ရပ်ရပ်နှင့် စပ်လျဉ်း၍လမ်းညွှန်မှုများ ရယူနိုင်ရန်အတွက် သတ်မှတ်ဖော်ပြထားသည့် နည်းလမ်းများဖြင့် တရားရုံးသို့လျှောက်ထားနိုင်သည်။

(ဃ) ဤဥပဒေတွင် ပါရှိသည့်ပြဋ္ဌာန်းချက်များနှင့်အညီ တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် ကုမ္ပဏီ၏အခြေပစ္စည်းများကို စီမံခန့်ခွဲခြင်းနှင့် ယင်းပစ္စည်းများကို မြီရှင်များထံသို့ ပေးအပ်ခြင်းတို့တွင် ၎င်းတို့၏ ကိုယ်ပိုင်ချင့်ချိန်ဆောင်ရွက်နိုင်မှုတို့ကိုအသုံးပြုရမည်။

(င) တစ်ဦးတစ်ယောက်သည် တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ ပြုလုပ်မှု သို့မဟုတ် ဆုံးဖြတ်မှုကြောင့်ထိခိုက်နစ်နာခဲ့လျှင် **စာမျက်နှာ ၇ သို့**

စာမျက်နှာ ၆ မှ

ထိုသူသည်တရားရုံးသို့ တင်ပြလျှောက်ထားနိုင်ပြီး တရားရုံးသည် တင်ပြတိုင်တန်းလာသည့် ပြုလုပ်မှု သို့မဟုတ် ဆုံးဖြတ်ချက်ကို အတည်ပြုနိုင်သည်၊ ပယ်ဖျက်နိုင်သည် သို့မဟုတ် ပြင်ဆင်နိုင်သည့်အပြင် အဆိုပါ အခြေအနေများနှင့် သင့်လျော်မည့်အမိန့်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည်။

**တရားရုံး၏သာမန်အခွင့်အာဏာများ**

၃၂၅။ **ကြွေးမြီပေးဆပ်ရသူများ၏စာရင်းနှင့်အခြေပစ္စည်းဆိုင်ရာတင်ပြချက်များကိုဖြေရှင်းဆောင်ရွက်ခြင်း**

(က) ကုမ္ပဏီဖျက်သိမ်းသည့်အမိန့်တစ်ရပ်ကို ချမှတ်ပြီးသည့်အခါ တရားရုံးသည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ မှားယွင်းမှုများကိုပြင်ဆင်ရန် လိုအပ်သောကိစ္စရပ်များအားလုံးတွင် ကုမ္ပဏီတွင် ပါဝင်သူများ၏ မှတ်ပုံတင်စာရင်းတွင် ပြင်ဆင်နိုင်သည့် အခွင့်အာဏာဖြင့် ကြွေးမြီပေးဆပ်ရသူများ၏ စာရင်းကို ဆောလျင်စွာ ဖြေရှင်းဆောင်ရွက်ရမည်။ ထို့အပြင်ကုမ္ပဏီ၏ အခြေပစ္စည်းများကို လက်ခံရယူခြင်းနှင့် ကုမ္ပဏီ၏တာဝန်ရှိမှုများကို ရှင်းလင်းဆောင်ရွက်ခြင်းများကို ဆောလျင်စွာ ပြုလုပ်ရမည်။

(ခ) ကြွေးမြီပေးဆပ်ရသူများ၏ စာရင်းကို ဖြေရှင်းဆောင်ရွက်ရာတွင် တရားရုံးသည် ကိုယ်တိုင်အခွင့်အရေးရှိကြသည့် ကြွေးမြီပေးဆပ်ရသူများနှင့် အခြားသူများ၏ ကြွေးမြီအတွက်ကိုယ်စားလှယ်များအဖြစ် ဆောင်ရွက်သော သို့မဟုတ် တာဝန်ရှိသော ကြွေးမြီပေးဆပ်ရသူများအကြား ခွဲခြားသတ်မှတ်ဆောင်ရွက်ရမည်။

၃၂၆။ **ပစ္စည်းများကိုပေးအပ်စေနိုင်သည့်အခွင့်အာဏာ**

တရားရုံးသည် ကုမ္ပဏီဖျက်သိမ်းသည့် အမိန့်တစ်ရပ်အားချမှတ်ပြီးနောက်မည်သည့်အချိန်တွင်မဆို သို့မဟုတ် တရားရုံးက ညွှန်ကြားသည့် အချိန်ကာလအတွင်း ကြွေးမြီပေးဆပ်ရသူများ စာရင်းရှိကြွေးမြီပေးဆပ်ရသူများ၊ ကုမ္ပဏီ၏ ဘဏ်လုပ်ငန်းလုပ်ကိုင်သူများ၊ ယုံကြည်အပ်နှံခြင်းခံရသူများ၊ ပစ္စည်းလက်ခံထိန်းသိမ်းသူများ၊ ကိုယ်စားလှယ်များ သို့မဟုတ် အရာရှိများကို တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံသို့ ကုမ္ပဏီကရရှိခွင့်ရှိကြောင်း သေချာပြီးဖြစ်သည့် ယင်းလက်ဝယ်ရှိငွေကြေးများ၊ ပစ္စည်းများ သို့မဟုတ် စာရွက်စာတမ်းတစ်ရပ်ရပ်ကို ချက်ချင်းပေးချေစေနိုင်သည်၊ ပေးအပ်စေနိုင်သည်၊ လက်လွှတ်စေနိုင်သည် သို့မဟုတ် လွှဲပြောင်းပေးစေနိုင်သည်။

၃၂၇။ **ကြွေးမြီပေးဆပ်ရသူများက ကြွေးမြီများပေးချေစေရန် အမိန့်ချမှတ်နိုင်သည့်အခွင့်အာဏာ**

(က) တရားရုံးသည် ကုမ္ပဏီဖျက်သိမ်းသည့်အမိန့်တစ်ရပ်အား ချမှတ်ပြီးနောက်မည်သည့်အချိန်တွင်မဆို ကြွေးမြီပေးဆပ်ရသူများ စာရင်းရှိ ကြွေးမြီပေးဆပ်ရသူတစ်ဦးဦးအား အမိန့်တွင် သတ်မှတ်ပါရှိသည့်နည်းလမ်းနှင့်အညီ ကြွေးမြီပေးဆပ်ရသူထံမှဖြစ်စေ၊ ကြွေးမြီပေးဆပ်ရန် ကိုယ်စားလှယ်ကို ခန့်အပ်ထားသည့်သူ၏ပိုင်ဆိုင်ပစ္စည်းများမှဖြစ်စေ၊ ကုမ္ပဏီသို့ပေးချေရမည့်ငွေကြေးများကို ပေးချေစေရန် အမိန့်တစ်ရပ်ရပ်ချမှတ်နိုင်သည်။သို့ရာတွင် ဤဥပဒေနှင့်အညီ တောင်းခံထားသည့်ငွေကြေးထည့်ဝင်မှုများ မပါဝင်စေရ။

(ခ) တရားရုံးသည်အဆိုပါ အမိန့်ကိုချမှတ်ရာတွင်တာဝန်ကန့်သတ်မထားသည့် ကုမ္ပဏီဖြစ်ပါက ကြွေးမြီပေးဆပ်ရသူသို့ ပေးချေရမည့် ငွေကြေးတစ်ရပ်ရပ်ကို ခုနှိမ်ခြင်းဖြင့်ဖြစ်စေ၊ ကုမ္ပဏီနှင့် သီးခြားဆောင်ရွက်ထားရှိမှု သို့မဟုတ် ပဋိညာဉ်စာချုပ်တစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ ကြွေးမြီပေးဆပ်ရသူက ကိုယ်စားပြုသည့်ကုမ္ပဏီမှ ပစ္စည်းများအတွက် ပေးချေရမည့်ငွေကြေးမှ ခုနှိမ်ခြင်းဖြင့်ဖြစ်စေ ဆောင်ရွက်ခွင့်ပြုနိုင်သည်။ သို့သော်အမြတ်ဝေစု သို့မဟုတ် အကျိုးအမြတ်တစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ ကုမ္ပဏီတွင် ပါဝင်သူတစ်ဦးအဖြစ် ကြွေးမြီပေးဆပ်ရသူသို့ပေးချေရမည့် ငွေကြေးတစ်ရပ်ရပ်မဖြစ်စေရမည့်အပြင် တာဝန်ကန့်သတ်ထားသည့် ကုမ္ပဏီဖြစ်ပါက တာဝန်ကန့်သတ်မထားသည့် ဒါရိုက်တာတစ်ဦးဦး သို့မဟုတ် ဒါရိုက်တာ၏ပစ္စည်းများအတွက် အလားတူဆောင်ရွက်နိုင်သည်။ သို့ရာတွင် တာဝန်ကန့်သတ်ထားသည့် ကုမ္ပဏီဖြစ်စေ၊ တာဝန်ကန့်သတ်မထားသည့်ကုမ္ပဏီဖြစ်စေ မြီရှင်များအားလုံးထံသို့ ငွေအပြည့်အဝပေးချေပြီးဖြစ်လျှင် ကုမ္ပဏီမှ ကြွေးမြီပေးဆပ်ရသူ တစ်ဦးဦးနှင့်သက်ဆိုင်သည့်စာရင်းအရ ပေးချေရမည့်ငွေကြေးတစ်ရပ်ရပ်ကိုနောင်တွင် တောင်းခံမည့် ငွေကြေးထည့်ဝင်မှုတစ်ရပ်ရပ်ထံမှ ခုနှိမ်ခြင်းဖြင့်ကြွေးမြီပေးဆပ်ရသူထံ ပေးချေဆောင်ရွက်နိုင်သည်။

၃၂၈။ **ငွေကြေးထည့်ဝင်စေရန် ဆောင်ရွက်နိုင်သည့်တရားရုံး၏ အခွင့်အာဏာ**

(က) တရားရုံးသည် ကုမ္ပဏီဖျက်သိမ်းသည့် အမိန့်တစ်ရပ်အား ချမှတ်ပြီးနောက်မည်သည့်အချိန်တွင်မဆို ကုမ္ပဏီ၏အခြေပစ္စည်းများ ပြည့်စုံလုံလောက်မှုကိုသေချာစေရန် ဆောင်ရွက်ခြင်းမပြုမီဖြစ်စေ၊ ဆောင်ရွက်ပြီးနောက်တွင်ဖြစ်စေ ကြွေးမြီပေးဆပ်ရသူများ စာရင်းရှိကြွေးမြီပေးဆပ်ရသူအားလုံး သို့မဟုတ် တစ်ဦးဦးက ၎င်းတို့တာဝန်ရှိကြသည်အထိ ကုမ္ပဏီ၏ ကြွေးမြီများနှင့်တာဝန်ရှိမှုများအတွက် တရားရုံးက သတ်မှတ်သည့်ငွေပမာဏ တစ်ရပ်ရပ်ကိုလည်းကောင်း၊ ကုမ္ပဏီဖျက်သိမ်းခြင်းအတွက် ကျသင့်သည့်ကုန်ကျစရိတ်များ၊ အခကြေးငွေများနှင့် အသုံးစရိတ်များကိုလည်းကောင်း၊ ကြွေးမြီပေးဆပ်ရသူများအကြား အခွင့်အရေးများကိုစာရင်းညှိနှိုင်းဆောင်ရွက်ရန်အတွက် ကျသင့်သည့်ငွေကြေးများကိုလည်းကောင်း ပေးချေရန်အတွက် ငွေကြေးထည့်ဝင်စေနိုင်သည့် အပြင်၎င်းတို့ကို ပေးချေစေရန်အမိန့်ချမှတ်နိုင်သည်။

(ခ) ငွေကြေးထည့်ဝင်စေရန် ဆောင်ရွက်ရာ၌ ကြွေးမြီပေးဆပ်ရသူအချို့မှာ ထိုသို့ငွေကြေးထည့်ဝင်စေရာတွင် တစ်စိတ်တစ်ဒေသဖြစ်စေ၊ အားလုံးကိုဖြစ်စေထည့်ဝင်ပေးချေရန် ပျက်ကွက်နိုင်သည့် အခြေအနေရှိနိုင်သည်ကို တရားရုံးက ထည့်သွင်းသုံးသပ်နိုင်သည်။

၃၂၉။ **ဘဏ်သို့ငွေများပေးသွင်းစေရန်အမိန့်ချမှတ်နိုင်သည့်အခွင့်အာဏာ**

တရားရုံးသည်ကြွေးမြီပေးဆပ်ရသူ၊ ကုမ္ပဏီသို့ငွေပေးချေရမည့်သူ သို့မဟုတ် ငွေပေးချေရမည့်အခြားသူတစ်ဦးဦးကို ၎င်းတို့ပေးချေရမည့် ငွေများအား တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံသို့ ပေးသွင်းရမည့်အစား သတ်မှတ်စီစဉ်ထားသည့်ဘဏ်တစ်ခုခုရှိ တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ ငွေစာရင်းသို့ပေးသွင်းစေရန် အမိန့်ချမှတ်နိုင်သည့်အပြင် တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံသို့ ငွေပေးချေရန် ညွှန်ကြားသည့်နည်းလမ်းများအတိုင်း အဆိုပါ အမိန့်ကိုအတည်ပြုဆောင်ရွက်နိုင်သည်။

၃၃၀။ **ငွေစာရင်းနှင့်စပ်လျဉ်း၍တရားရုံးနှင့်သက်ဆိုင်သည့်စည်းကမ်းချက်**

ကုမ္ပဏီကို တရားရုံးဖြင့် ဖျက်သိမ်းသည့်ကိစ္စရပ်တွင် ကုမ္ပဏီ၏စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိက ဖွင့်လှစ်ထားသော ငွေစာရင်းရှိသည့် ဘဏ်သို့ပေးသွင်း၊ လွှဲပြောင်းသည့်ငွေကြေးများ၊ ကျသင့်ငွေများ၊ ငွေလွှဲမှုများ၊ ငွေပေးချေရန်ကတိများနှင့် အခြားငွေချေးသက်သေခံလက်မှတ်များအားလုံးကို တရားရုံး၏အမိန့်များနှင့်အညီ ဆောင်ရွက်ရမည်။

၃၃၁။ **ကြွေးမြီပေးဆပ်ရသူနှင့် စပ်လျဉ်း၍ချမှတ်သည့် အမိန့်သည်ပြည့်စုံခိုင်လုံသည့်သက်သေခံချက်ဖြစ်ခြင်း**

(က) ကြွေးမြီပေးဆပ်ရသူတစ်ဦးဦးအပေါ် တရားရုံးကချမှတ်သည့် အမိန့်တစ်ရပ်သည်ငွေကြေးနှင့် သက်ဆိုင်ပါကကြွေးမြီပေးဆပ်ရသူ၏ အယူခံဝင်နိုင်သည့်အခွင့်အရေးကို မထိခိုက်စေဘဲငွေကြေးပေးချေရန် ပေါ်ပေါက်ကြောင်း၊ သို့မဟုတ် အမိန့်ချမှတ်၍ ပေးချေရမည့်အကြောင်းနှင့်စပ်လျဉ်း၍ ပေးချေရမည်ဟု ယင်းအမိန့်က ပြည့်စုံခိုင်လုံသည့်သက်သေခံချက်ဖြစ်စေရမည်။

(ခ) တရားရုံးအမိန့်တွင် ဖော်ပြပါရှိသည့်အခြားသော သက်ဆိုင်ရာကိစ္စရပ်များ အားလုံးသည် စစ်ဆေးဆောင်ရွက်နေသည့် မှုခင်းများနှင့် ပုဂ္ဂိုလ်များအားလုံးအပေါ်တွင်မှန်ကန်စွာရေးသား ဖော်ပြထားသည်ဟု သတ်မှတ်ရမည်။

၃၃၂။ **အချိန်မီသက်သေထင်ရှား မတင်ပြနိုင်သည့်မြီရှင်များကို နုတ်ပယ်နိုင်သည့်အခွင့်အာဏာ**

တရားရုံးသည်မြီရှင်များကၡင်းတို့၏ ကြွေးမြီများ သို့မဟုတ် တောင်းဆိုမှုများအတွက် သက်သေထင်ရှားတင်ပြစေရန်၊ သို့မဟုတ် ထိုကြွေးမြီအတွက် သက်သေထင်ရှားတင်ပြခြင်းမပြုမီက ပြုလုပ်ခဲ့သော အကျိုးအမြတ်ခွဲဝေမှုတစ်စုံတစ်ရာကိုရယူခြင်းမှ နုတ်ပယ်ရန်အချိန်ကာလ တစ်ရပ်သို့မဟုတ် အချိန်ကာလများသတ်မှတ်ပေးနိုင်သည်။

၃၃၃။ **ကြွေးမြီပေးဆပ်ရသူများ၏ အခွင့်အရေးများကို စာရင်းညှိနှိုင်းဆောင်ရွက်ခြင်း**

တရားရုံးသည်ကြွေးမြီပေးဆပ်ရသူများအကြား၎င်းတို့၏အခွင့်အရေးများကို စာရင်းညှိနှိုင်းဆောင်ရွက်ပေးရမည်ဖြစ်ပြီး အပိုအလျှံရှိပါက ထပ်မံအကျိုးခံစားခွင့်ရရှိသူများကို ခွဲဝေပေးရမည်။

၃၃၄။ **ကုန်ကျစရိတ်များအတွက်အမိန့်ချမှတ်နိုင်သည့်အခွင့်အာဏာ**

အခြေပစ္စည်းများသည်တာဝန်ရှိမှုများအတွက် ကျေနပ်နိုင်ဖွယ်ဖြစ်အောင် ပြည့်စုံလုံလောက်ခြင်းမရှိသည့်ကိစ္စရပ်တွင် တရားရုံးသည်သင့်သည် ထင်မြင်သည့် ဦးစားပေးအစီအစဉ်ဖြင့် ကုမ္ပဏီဖျက်သိမ်းသည့် ကိစ္စရပ်တွင် ကျသင့်ခဲ့သည့်ကုန်ကျစရိတ်များ၊ အခကြေးငွေများနှင့် အသုံးစရိတ်များကို အခြေပစ္စည်းများမှ ပေးချေစေရန်အမိန့်တစ်ရပ် ချမှတ်နိုင်သည်။

၃၃၅။ **ကုမ္ပဏီအားတရားဝင်ဖျက်သိမ်းခြင်း**

(က) ကုမ္ပဏီတစ်ခု၏ကိစ္စရပ်များကို အပြည့်အဝစာရင်းရှင်းလင်းဖျက်သိမ်းပြီးသည့်အခါ တရားရုံးသည်အမိန့်တစ်ရပ်ကို ချမှတ်၍အဆိုပါ အမိန့်အားချမှတ်သည့်နေ့ရက်မှစ၍ ကုမ္ပဏီကိုတရားဝင်ဖျက်သိမ်းပြီးဖြစ်သည်ဟု သတ်မှတ်ရမည်ဖြစ်ပြီး ထိုကုမ္ပဏီကိုအဆိုပါ အမိန့်အရ တရားဝင်ဖျက်သိမ်းပြီးဖြစ်စေရမည်။

(ခ) အဆိုပါအမိန့်ကိုချမှတ်သည့်နေ့ရက်မှ (၁၅) ရက်အတွင်းတရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် မှတ်ပုံတင်အရာရှိထံသို့ အဆိုပါ အမိန့်ကိုပေးပို့ရမည်ဖြစ်ပြီး မှတ်ပုံတင်အရာရှိသည် ၎င်း၏ စာရင်းစာအုပ်များတွင် ကုမ္ပဏီကို တရားဝင်ဖျက်သိမ်းပြီးဖြစ်ကြောင်း မှတ်တမ်းပြုစုထားရှိရမည်။

၃၃၆။ တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် ပုဒ်မ ၃၃၅ ပါ သတ်မှတ်ချက်များကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ခဲ့လျှင်ပြစ်ဒဏ်ပမာဏ (၈)ခုထက်မပိုသော ဒဏ်ငွေကိုပေးဆောင်ရမည်။

**တရားရုံး၏အထူးအာဏာများ**

၃၃၇။ **ကုမ္ပဏီ၏ပစ္စည်းများကိုရယူထားသည်ဟုယူဆရသူများကိုဆင့်ခေါ်နိုင်သည့်အခွင့်အာဏာ**

(က) တရားရုံးသည် ကုမ္ပဏီဖျက်သိမ်းသည့်အမိန့်တစ်ရပ်အား ချမှတ်ပြီးနောက် ကုမ္ပဏီ၏ပစ္စည်း သို့မဟုတ် ကုမ္ပဏီကရရန်ရှိသည်ဟု ယူဆရသည့်ပစ္စည်းတစ်ရပ်ရပ်ကို လက်ဝယ်ထားရှိသည့် သို့မဟုတ် လက်ဝယ်ထားရှိသည်ဟုယူဆရသည့် ကုမ္ပဏီ၏အရာရှိ သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးကိုဖြစ်စေ၊ ကုမ္ပဏီနှင့်ကုန်သွယ်ခြင်း၊ ဆက်သွယ်ဆောင်ရွက်ခြင်း၊ ကုမ္ပဏီ၏ကိစ္စရပ်များ၊ သို့မဟုတ် ပစ္စည်းများနှင့် သက်ဆိုင်သည့်သတင်းအချက်အလက်များကို တင်ပြနိုင်သည်ဟု တရားရုံးကမှတ်ယူနိုင်သည့် ပုဂ္ဂိုလ်တစ်ဦးဦးကိုဖြစ်စေ တရားရုံးသို့ လာရောက်စေရန် ဆင့်ခေါ်နိုင်သည်။

(ခ) တရားရုံးသည် ၎င်းကိစ္စရပ်များနှင့်စပ်လျဉ်း၍ အဆိုပါ ပုဂ္ဂိုလ်များကို ကျမ်းကျိန်စေ၍နှုတ်ဖြင့်ဖြစ်စေ၊ စာဖြင့်ရေးသား၍ဖြစ်စေ စစ်မေးနိုင်သည်။ အဆိုပါပုဂ္ဂိုလ်များ၏ ဖြေဆိုချက်များကိုစာဖြင့်ရေးသား၍ ၎င်းတို့အားလက်မှတ်ရေးထိုးစေနိုင်သည်။

(ဂ) တရားရုံးသည် အဆိုပါ ပုဂ္ဂိုလ်များ၏ထိန်းသိမ်းမှု သို့မဟုတ် လုပ်ပိုင်ခွင့်များ အောက်တွင်ရှိသော ကုမ္ပဏီနှင့်စပ်လျဉ်းသည့် စာရွက်စာတမ်းများကို ပေးအပ်စေရန်တောင်းဆိုနိုင်သည်။ သို့သော် ၎င်းတို့ပေးအပ်သည့် စာရွက်စာတမ်းများနှင့် စပ်လျဉ်း၍ ပုဂ္ဂိုလ်တစ်ဦးဦးက လက်ဝယ်ထားပိုင်ခွင့်ရှိခဲ့လျှင်ထိုသို့ ပေးအပ်ရခြင်းသည် အဆိုပါ လက်ဝယ်ထားပိုင်ခွင့်ကိုထိခိုက်စေခြင်း မရှိစေရ။ ထို့အပြင် တရားရုံးသည် ကုမ္ပဏီကိုစာရင်းရှင်းလင်း ဖျက်သိမ်းခြင်းနှင့် သက်ဆိုင်သည့်ကိစ္စရပ်တွင် အဆိုပါ လက်ဝယ်ထားပိုင်ခွင့်နှင့်စပ်လျဉ်းသော ကိစ္စရပ်များ အားလုံးကိုဆုံးဖြတ်နိုင်သည့် အခွင့်အာဏာရှိစေရမည်။

(ဃ) တရားရုံး၏ ဆင့်ခေါ်ခြင်းခံရသူတစ်ဦးဦးသည်၎င်းတို့၏ ထိုက်သင့်သော ကုန်ကျစရိတ်များကို ပေးချေရန်အဆိုပြုပြီးနောက် ချိန်းဆိုထားသည့်အချိန်၌ ဥပဒေအရ လက်ခံနိုင်သည့်အကြောင်းအချက်ကို ကြိုတင်အကြောင်းကြားထားသည်မှအပ တရားရုံးသို့ လာရောက်ရန် ပျက်ကွက်လျှင် တရားရုံးသည်စစ်ဆေးဆောင်ရွက်မှု ပြုရန်အတွက် ထိုသူကိုဖမ်းဆီး၍ တရားရုံးသို့ခေါ်ဆောင်စေနိုင်သည်။

၃၃၈။ **ကမကထပြုသူများ၊ ဒါရိုက်တာများစသည်တို့ကို အများပြည်သူရှေ့၌ စစ်ဆေးရန်အတွက် အမိန့်ချမှတ်နိုင်သည့်အခွင့်အာဏာ**

(က) တရားရုံးကကုမ္ပဏီဖျက်သိမ်းသည့်အမိန့်တစ်ရပ်အားချမှတ်ပြီးသည့်အခါ တရားဝင်ခန့်အပ်ထားသည့်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် ကုမ္ပဏီကိုကမကထပြုသူ သို့မဟုတ် ကုမ္ပဏီဖွဲ့စည်းတည်ထောင်ခြင်းတို့တွင် ပါဝင်သည့်ပုဂ္ဂိုလ်တစ်ဦးဦးက ဖြစ်စေ၊ ကုမ္ပဏီကိုဖွဲ့စည်းတည်ထောင်ပြီးသည့်အချိန်မှစ၍ကုမ္ပဏီနှင့်စပ်လျဉ်းသည့်ကိစ္စရပ်များတွင် ကုမ္ပဏီ၏ ဒါရိုက်တာ သို့မဟုတ် အရာရှိတစ်ဦးဦးကဖြစ်စေ၊ လိမ်လည်မှုတစ်ရပ်ကိုကျူးလွန်ခဲ့သည်ဟုယူဆ၍ တရားရုံးသို့လျှောက်ထားတင်ပြလာလျှင် တရားရုံးသည်လျှောက်ထားမှုအား လက်ခံသုံးသပ်ပြီးနောက် ၎င်းတို့အား အဆိုပါကိစ္စရပ်အတွက် တရားရုံးကချိန်းဆိုထားသည့်နေ့ရက်၌ တရားရုံးသို့ လာရောက်စေရန် ညွှန်ကြားနိုင်သည်။ ထို့အပြင် ကုမ္ပဏီကို ကမကထပြုလုပ်ခြင်း၊ သို့မဟုတ် ကုမ္ပဏီဖွဲ့စည်းတည်ထောင်ခြင်း သို့မဟုတ် ကုမ္ပဏီ၏စီးပွားရေးလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ခြင်း၊ ကုမ္ပဏီ၏ဒါရိုက်တာ သို့မဟုတ် အရာရှိအဖြစ်ပုဂ္ဂိုလ်တစ်ဦးဦး၏ အပြုအမူ၊ ဆက်သွယ်ဆောင်ရွက်မှုတို့နှင့်စပ်လျဉ်း၍ အများပြည်သူရှေ့၌ စစ်ဆေးရန် ညွှန်ကြားနိုင်သည်။

(ခ) တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည်စစ်ဆေးမေးမြန်းရာတွင် ပါဝင်ဆောင်ရွက်နိုင်ပြီး အဆိုပါ ကိစ္စရပ်အတွက် တရားရုံးကိုယ်စားဆောင်ရွက်ရန် တရားရုံးက အခွင့်အာဏာအပ်နှင်းထားလျှင် တရားရုံးကခွင့်ပြုနိုင်သည့်ဥပဒေဆိုင်ရာ အကူအညီပေးသူများကို ခန့်ထားနိုင်သည်။

(ဂ) မြီရှင် သို့မဟုတ် ကြွေးမြီပေးဆပ်ရသူတစ်ဦးဦးသည်လည်း တရားရုံးတွင် စစ်ဆေးမေးမြန်းရာတွင် ကိုယ်တိုင်ဖြစ်စေ၊ တရားရုံးသို့ တက်ရောက်ခွင့်ရှိသူဖြင့်ဖြစ်စေ ပါဝင်ဆောင်ရွက်နိုင်သည်။

(ဃ) တရားရုံးသည်၎င်းအနေဖြင့်သင့်သည်ထင်မြင်သည့်မေးခွန်းများကို စစ်ဆေးမေးမြန်းခံရသူအပေါ် မေးမြန်းနိုင်သည်။

(င) စစ်ဆေးမေးမြန်းခံရသူသည် ကျမ်းကျိန်၍ စစ်ဆေးခံရမည်ဖြစ်ပြီး တရားရုံးက မေးမြန်းသည့် သို့မဟုတ် မေးမြန်းရန်ခွင့်ပြုသည့် မေးခွန်းများအားလုံးကို ဖြေဆိုရမည်။

(စ) ဤပုဒ်မအရ စစ်ဆေးမေးမြန်းမှုခံယူရန် အမိန့်ချမှတ်ခြင်းခံရသူတစ်ဦးသည် တရားရုံးသို့ တက်ရောက်ခွင့်ရှိသူတစ်ဦးဦးကို မိမိ၏စရိတ်ဖြင့် ခန့်အပ်နိုင်သည်။ တရားရုံးသို့ တက်ရောက်ခွင့်ရှိသူသည်စစ်ဆေးမေးမြန်းခံရသူ၏ ဖြေကြားမှုများအား ရှင်းလင်းရန် သို့မဟုတ် ထင်ရှားစေရန်အတွက် တရားရုံးကလျော်ကန်သည်ဟု ထင်မြင်သည့်မေးခွန်းများကို လွတ်လပ်စွာမေးမြန်းခွင့်ရှိသည်။ သို့ရာတွင် ထိုသို့စစ်ဆေးမေးမြန်းခံရသူသည် ၎င်းအပေါ် စွဲဆိုသည့်ပြစ်မှုများအတွက် အပြစ်မရှိကြောင်းထင်ရှားပေါ်ပေါက်သည်ဟု တရားရုံးကတွေ့ရှိလျှင် တရားရုံးသည် ၎င်းအား သင့်သည်ထင်မြင်သည့်ကုန်ကျစရိတ်များကို ခံစားခွင့်ပြုနိုင်သည်။

(ဆ) စစ်ဆေးမှုမှတ်တမ်းများကိုစာဖြင့် ရေးသားမှတ်တမ်းတင်ထားရမည့်အပြင် အဆိုပါ စစ်ဆေးမှုမှတ်တမ်းများကို စစ်ဆေးမေးမြန်းခံရသူသို့သော်လည်းကောင်း၊ စစ်ဆေးမေးမြန်းခံရသူကသော်လည်းကောင်းဖတ်ကြား၍ လက်မှတ်ရေးထိုးစေရမည်။ အဆိုပါ စစ်ဆေးမှုမှတ်တမ်းအား တရားမမှုစွဲဆိုဆောင်ရွက်ရာတွင် ထိုပုဂ္ဂိုလ်အပေါ်သက်သေခံအဖြစ် အသုံးပြုနိုင်ပြီး မည်သည့်အချိန်တွင်မဆို မြီရှင် သို့မဟုတ် ကြွေးမြီပေးဆပ်ရသူများ၏ စစ်ဆေးဆောင်ရွက်မှုများအတွက်လည်းလက်ခံရမည်။

(ဇ) တရားရုံးသည်သင့်သည်ဟုထင်မြင်ပါက စစ်ဆေးမေးမြန်းခြင်းအား အခါအားလျော်စွာရွှေ့ဆိုင်းနိုင်သည်။

(ဈ) ဤပုဒ်မအရပြုလုပ်သည့် စစ်ဆေးမေးမြန်းမှုတစ်ရပ်ရပ်ကို တရားရုံးက ညွှန်ကြားခဲ့လျှင် တရားဝင်ခန့်အပ်ထားသည့်ခုံလူကြီး၊ အကြီးအမှူး၊ မှတ်ပုံတင်အရာရှိ သို့မဟုတ် ဒုတိယမှတ်ပုံတင်အရာရှိတစ်ဦးအဖြစ်ဆောင်ရွက်သော တရားရုံး၏တရားသူကြီးတစ်ဦးဦးရှေ့တွင်ဖြစ်စေ၊ အရာရှိတစ်ဦးဦးရှေ့တွင်ဖြစ်စေ ဤကိစ္စရပ်အလို့ငှာ ပြဋ္ဌာန်းထားသောစည်းမျဉ်းများနှင့်အညီ စစ်ဆေးဆောင်ရွက်နိုင်သည်။ စစ်ဆေးမေးမြန်းမှုနှင့်စပ်လျဉ်းသည့် ဤပုဒ်မအရတရားရုံး၏

**စာမျက်နှာ ၈ သို့**

**စာမျက်နှာ ၇ မှ**

အခွင့်အာဏာများကို ကုန်ကျစရိတ်များနှင့် သက်ဆိုင်သည့်ကိစ္စမှတစ်ပါး စစ်ဆေးမေးမြန်းမှုအား ပြုလုပ်သည့်ပုဂ္ဂိုလ်က ကျင့်သုံးဆောင်ရွက်နိုင်သည်။

၃၃၉။ **တိမ်းရှောင်နေသောကြွေးမြီပေးဆပ်ရသူအားဖမ်းဆီးနိုင်သည့်အခွင့်အာဏာ**

တရားရုံးသည်ကုမ္ပဏီဖျက်သိမ်းသည့်အမိန့်တစ်ရပ်အား ချမှတ်ခြင်းမပြုမီတွင်ဖြစ်စေ၊ ချမှတ်ပြီးနောက်တွင်ဖြစ်စေ မည်သည့်အချိန်တွင်မဆို ကြွေးမြီပေးဆပ်ရသူတစ်ဦးသည် နိုင်ငံတော်မှထွက်ပြေးတိမ်းရှောင်ရန် ရှိကြောင်း ၊ သို့မဟုတ် တစ်နည်းနည်းဖြင့် တိမ်းရှောင်ရန်ရှိကြောင်း၊ သို့မဟုတ် ကုမ္ပဏီကိစ္စရပ်များနှင့်စပ်လျဉ်း၍ တောင်းခေါ်ထားသည့်ငွေပေးချေမှုများမှ ရှောင်လွှဲရန် သို့မဟုတ် စစ်ဆေးမေးမြန်းမှုများမှရှောင်ရှားရန် ရည်ရွယ်၍ ၎င်း၏ပစ္စည်းတစ်ရပ်ရပ်ကို ဖယ်ရှားရန် သို့မဟုတ် ကွယ်ဝှက်ရန်ရှိကြောင်း ယုံကြည်လောက်သောအကြောင်းများပေါ်ပေါက်ခဲ့လျှင် ထိုကြွေးမြီပေးဆပ်ရသူကို ဖမ်းဆီးနိုင်သည့်အပြင်၎င်း၏ စာရင်းစာအုပ်များ၊ စာရွက်စာတမ်းများနှင့် ရွှေ့ပြောင်းနိုင်သောပစ္စည်းများကို သိမ်းဆည်းနိုင်သည်။ ကြွေးမြီပေးဆပ်ရသူနှင့် အဆိုပါ စာရွက်စာတမ်း၊ ပစ္စည်းများကို တရားရုံးက အမိန့်ချမှတ်ထားသည့်ကာလအထိ ထိန်းသိမ်းထားနိုင်သည်။

၃၄၀။ **အခြားစွဲဆိုဆောင်ရွက်သည့်မှုခင်းများကို မထိခိုက်စေခြင်း**

ဤဥပဒေအရ တရားရုံးသို့အပ်နှင်းထားသည့် အခွင့်အာဏာတစ်ရပ်ရပ်သည်ငွေကြေးထည့်ဝင်ရန် တောင်းခေါ်မှု သို့မဟုတ် အခြားငွေကြေးတစ်ရပ်ရပ်အတွက် ကုမ္ပဏီ၏ ကြွေးမြီပေးဆပ်ရသူ သို့မဟုတ် မြီစားတစ်ဦးဦးအပေါ်တွင်ဖြစ်စေ၊ ယင်းတို့၏ ပစ္စည်းတစ်ရပ်ရပ်အပေါ်တွင်ဖြစ်စေ စွဲဆိုဆောင်ရွက်သည့်မှုခင်းများနှင့်စပ်လျဉ်း၍ အပ်နှင်းထားသည့်တည်ဆဲအခွင့်အာဏာတစ်ရပ်ရပ်ကို ကန့်သတ်ခြင်းမရှိစေဘဲ ထပ်ဆင့်၍ ကျင့်သုံးခွင့်ရှိသည့်အခွင့်အာဏာများဖြစ်စေရမည်။

**အမိန့်များကိုအတည်ပြုခြင်းနှင့်အယူခံခြင်း**

၃၄၁။ **အမိန့်များကိုအတည်ပြုနိုင်သည့်အခွင့်အာဏာ**

ဤဥပဒေအရ တရားရုံးတစ်ရုံးရုံးက ချမှတ်နိုင်သည့်အမိန့်အားလုံးကို အဆိုပါတရားရုံးတွင် ပြုလုပ်သောတရားစွဲဆိုမှုတစ်ရပ်ရပ်၌ အမိန့်ဒီဂရီများကို အတည်ပြုနိုင်သည့်နည်းလမ်းများအတိုင်း အတည်ပြုဆောင်ရွက်နိုင်သည်။

၃၄၂။ **တရားရုံးတစ်ခုခုတွင် ချမှတ်သည့်အမိန့်ကို အခြားတရားရုံးများတွင်အတည်ပြုခြင်း**

ကုမ္ပဏီဖျက်သိမ်းခြင်းနှင့်စပ်လျဉ်း၍ တရားရုံးတစ်ခုက ချမှတ်သည့်အမိန့်တစ်ရပ်ရပ်ကို နိုင်ငံတော်အတွင်းရှိမည်သည့်နေရာတွင်မဆို အတည်ပြုနိုင်သည်။ ကုမ္ပဏီ၏မှတ်ပုံတင်ထားသော ရုံးခန်းတည်နေရာသည် အခြားနေရာတစ်ခုတွင်ရှိခဲ့လျှင် အမိန့်ချမှတ်သည့်တရားရုံးတည်ရှိသည့် နေရာမှအပ အဆိုပါကုမ္ပဏီနှင့်စပ်လျဉ်း၍ စီရင်ပိုင်ခွင့်အာဏာရှိသည့် တရားရုံးက မိမိရုံးတွင်ချမှတ်သည့် အမိန့်တစ်ရပ်အားအတည်ပြုဆောင်ရွက်သကဲ့သို့ သက်ဆိုင်သည့်နည်းလမ်းများနှင့်အညီအတည်ပြုဆောင်ရွက်ရမည်။

၃၄၃။ **အခြားတရားရုံးများက အမိန့်ကိုအတည်ပြုဆောင်ရွက်နိုင်ရန်အတွက် လိုက်နာရမည့်အချက်များ**

တရားရုံးတစ်ရုံးက ချမှတ်သည့်အမိန့်တစ်ရပ်ကို အခြားတရားရုံးတစ်ရုံး၌ အတည်ပြုရန်ဆောင်ရွက်သည့်အခါ အဆိုပါတရားရုံးအမိန့်၏မူရင်းမိတ္တူမှန်တစ်စောင်ကို ထိုအမိန့်အား အတည်ပြုဆောင်ရွက်မည့်တရားရုံးရှိသက်ဆိုင်ရာအရာရှိထံသို့ တင်ပြရမည်ဖြစ်ပြီး ထိုသို့အမိန့်မူရင်းမိတ္တူမှန်အား တင်ပြခြင်းသည် ထိုအမိန့်ကို ချမှတ်ပြီးဖြစ်ကြောင်း လုံလောက်သည့်သက်သေခံချက်ဖြစ်စေရမည်။ ထိုတင်ပြချက်အပေါ်တွင် အတည်ပြုဆောင်ရွက်ရမည့်တရားရုံးသည် အမိန့်အားအတည်ပြုဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သည်များကို မိမိရုံး၏အမိန့်အား အတည်ပြုဆောင်ရွက်သကဲ့သို့ အလားတူနည်းလမ်းများအတိုင်း ဆောင်ရွက်ရမည်။

၃၄၄။ **အမိန့်များအပေါ်အယူခံဝင်ရောက်ခြင်း**

ကုမ္ပဏီတစ်ခုအား ဖျက်သိမ်းသည့်ကိစ္စရပ်နှင့်စပ်လျဉ်း၍ တရားရုံးက ချမှတ်သည့်အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်တစ်ရပ်ရပ်အပေါ် ပြန်လည်ကြားနာစေရန် သို့မဟုတ် အယူခံဝင်ရောက်ရန်အတွက် ဆောင်ရွက်မှုများကို အဆိုပါ တရားရုံး၏ သာမန်စီရင်ပိုင်ခွင့်အာဏာအတွင်းရှိမှုခင်းများတွင် ချမှတ်သည့်အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်များအပေါ် အယူခံဝင်ရောက်နိုင်သည့် နည်းလမ်းများ၊ စည်းကမ်းချက်များနှင့်အညီပြုလုပ်ဆောင်ရွက်ရမည်။

**ကုမ္ပဏီအားဆန္ဒအလျောက်ဖျက်သိမ်းခြင်း**

၃၄၅။ **ကုမ္ပဏီအားဆန္ဒအလျောက်ဖျက်သိမ်းနိုင်မည့်အခြေအနေများ**

အောက်ပါအခြေအနေများတွင် ကုမ္ပဏီတစ်ခုအား ဆန္ဒအလျောက်ဖျက်သိမ်းနိုင်သည် -

(က) ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းအရ ကုမ္ပဏီ၏သက်တမ်းအတွက် သတ်မှတ်ထားသည့်ကာလကုန်ဆုံးလျှင်၊ သို့မဟုတ် ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းတွင် ကုမ္ပဏီကိုဖျက်သိမ်းနိုင်သည်ဟုဖော်ပြထားသည့်အခြေအနေများဖြစ်ပေါ်ခဲ့လျှင်၊ ထို့အပြင် ကုမ္ပဏီ၏ အထွေထွေအစည်းအဝေးတွင် ကုမ္ပဏီအား ဆန္ဒအလျောက်ဖျက်သိမ်းမည်ဖြစ်ကြောင်း ဆုံးဖြတ်ချက်ချမှတ်ခဲ့လျှင်၊ သို့မဟုတ်

(ခ) ကုမ္ပဏီအား ဆန္ဒအလျောက်ဖျက်သိမ်းမည်ဖြစ်ကြောင်း ကုမ္ပဏီက အထူးဆုံးဖြတ်ချက်ဖြင့်ချမှတ်ဆောင်ရွက်လျှင်၊ သို့မဟုတ်

(ဂ) ကုမ္ပဏီ၏တာဝန်ရှိမှုများကြောင့် ယင်း၏စီးပွားရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်နိုင်မှု မပြုနိုင်ခြင်းနှင့် ကုမ္ပဏီကိုဖျက်သိမ်းရန် တင်ပြခြင်းများကြောင့် ကုမ္ပဏီက အထူးဆုံးဖြတ်ချက်ဖြင့် ချမှတ်ဆောင်ရွက်လျှင်။

ဤအပိုင်းတွင်သုံးစွဲဖော်ပြထားသည့် "ကုမ္ပဏီအားဆန္ဒအလျောက်ဖျက်သိမ်းရန်အတွက် ဆုံးဖြတ်ချက်" ဆိုသည်မှာဤပုဒ်မ၏အပိုဒ် (က) သို့မဟုတ် အပိုဒ် (ခ) သို့မဟုတ် အပိုဒ် (ဂ) တို့အရ ချမှတ်သည့်ဆုံးဖြတ်ချက်တစ်ရပ်ကိုဆိုလိုသည်။

၃၄၆။ **ကုမ္ပဏီအားဆန္ဒအလျောက်ဖျက်သိမ်းမှုစတင်ခြင်း**

ကုမ္ပဏီအား ဆန္ဒအလျောက်ဖျက်သိမ်းမှုသည် ကုမ္ပဏီအား ဆန္ဒအလျောက် ဖျက်သိမ်းရန်အတွက် ဆုံးဖြတ်ချက်အား ချမှတ်သည့်အချိန်မှ စတင်သည်ဟုမှတ်ယူရမည်။

၃၄၇။ **ကုမ္ပဏီ၏ရပ်တည်မှုအပေါ်တွင် ကုမ္ပဏီအားဆန္ဒအလျောက်ဖျက်သိမ်းခြင်း၏အကျိုးသက်ရောက်မှု**

ကုမ္ပဏီတစ်ခုအား ဆန္ဒအလျောက်ဖျက်သိမ်းသည့်အခါ ကုမ္ပဏီအားဖျက်သိမ်းသည့်နေ့ရက်မှစတင်၍ ကုမ္ပဏီ၏အကျိုးအတွက် ဖျက်သိမ်းရာတွင် လိုအပ်သည့်ကိစ္စရပ်မှအပ ယင်း၏စီးပွားရေးလုပ်ငန်းများကို ဆောင်ရွက်ခြင်းမှရပ်စဲစေရမည်။ သို့ရာတွင် ကုမ္ပဏီ၏ကုမ္ပဏီဆိုင်ရာရပ်တည်မှုနှင့် လုပ်ပိုင်ခွင့်များသည် ယင်း၏ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းတွင် ကန့်သတ်ချက် တစ်စုံတစ်ရာရှိစေကာမူ ယင်းအားဖျက်သိမ်းသည်အထိ ဆက်လက်တည်ရှိစေရမည်။

၃၄၈။ **ကုမ္ပဏီအား ဆန္ဒအလျောက်ဖျက်သိမ်းရန်အတွက် ဆုံးဖြတ်ချက်ကို အကြောင်းကြားခြင်း**

ကုမ္ပဏီတစ်ခုအား ဆန္ဒအလျောက်ဖျက်သိမ်းရန်အတွက် အထူးဆုံးဖြတ်ချက်တစ်ရပ်ရပ်၏ အကြောင်းကြားစာကို ထိုဆုံးဖြတ်ချက်အားချမှတ်သည့်နေ့ရက်မှ (၁၀)ရက်အတွင်း နိုင်ငံတော်ပြန်တမ်းနှင့်နိုင်ငံတော်တစ်ဝန်း ထုတ်ဝေဖြန့်ဖြူးလျက်ရှိသော နေ့စဉ်ထုတ်သတင်းစာတစ်ခုခုတို့တွင် ကုမ္ပဏီက ထည့်သွင်းကြေညာ၍အကြောင်းကြားရမည်။

၃၄၉။ ကုမ္ပဏီသည် ပုဒ်မ ၃၄၈ ပါ သတ်မှတ်ချက်များကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်လျှင် ပြစ်ဒဏ်ပမာဏ (၅)ခုထက်မပိုသော ဒဏ်ငွေကို ပေးဆောင်ရမည်ဖြစ်ပြီး ထိုပျက်ကွက်မှုကို သိလျက်ဖြင့် တမင်ခွင့်ပြုခဲ့သည့် ကုမ္ပဏီ၏ ဒါရိုက်တာ သို့မဟုတ် အခြားအရာရှိတစ်ဦးဦးစီသည်လည်း အလားတူပြစ်ဒဏ်ထိုက်သင့်စေရမည်။

၃၅၀။ **ကြွေးမြီပေးချေနိုင်ကြောင်းကြေညာခြင်း**

(က) ကုမ္ပဏီတစ်ခုအား ဆန္ဒအလျောက်ဖျက်သိမ်းရန် ဆောင်ရွက်ခဲ့လျှင် ကုမ္ပဏီ၏ဒါရိုက်တာများ သို့မဟုတ် ဒါရိုက်တာနှစ်ဦးထက်ပိုမိုပါရှိသော ကုမ္ပဏီဖြစ်လျှင် ဒါရိုက်တာအများစုသည်လည်းကောင်း၊ ဒါရိုက်တာတစ်ဦးတည်းရှိသည့်ကုမ္ပဏီတွင် အဆိုပါ ဒါရိုက်တာသည် လည်းကောင်း ကုမ္ပဏီအား ဆန္ဒအလျောက်ဖျက်သိမ်းရန်အတွက် ဆုံးဖြတ်ချက်ချမှတ်မည့် အစည်းအဝေးအတွက် အကြောင်းကြားစာများ ပေးပို့သည့်နေ့ရက်မတိုင်မီ ကျင်းပပြုလုပ်သည့် ဒါရိုက်တာများ အစည်းအဝေး၌ ကုမ္ပဏီ၏ကိစ္စရပ်များကို အပြည့်အဝ စစ်ဆေးဆောင်ရွက်မှုပြုလုပ်ပြီးကြောင်း၊ ထိုသို့ပြုလုပ်ပြီးနောက် ကုမ္ပဏီအားဖျက်သိမ်းရန် စတင်သည့်နေ့ရက်မှ (၃) နှစ်ထက်မပိုသော ကာလတစ်ရပ်အတွင်း ကုမ္ပဏီသည်ကြွေးမြီများကို အပြည့်အဝပေးချေနိုင်မည်ဟုယူဆကြောင်း ကျမ်းကျိန်လွှာတစ်ရပ်ဖြင့် အတည်ပြုထားသည့် ကြေညာချက်တစ်ရပ်ကို ထုတ်ပြန်နိုင်သည်။

(ခ) အဆိုပါကြေညာချက်ကို ကုမ္ပဏီကိစ္စရပ်များနှင့်စပ်လျဉ်း၍ ကုမ္ပဏီစာရင်းစစ်များ၏ အစီရင်ခံစာတစ်စောင်ဖြင့်ထောက်ခံတင်ပြရမည်ဖြစ်ပြီး ဤပုဒ်မ၏ ပုဒ်မခွဲ(က)တွင် ဖော်ပြပါရှိသည့်နေ့ရက်မတိုင်မီ မှတ်ပုံတင်ဆောင်ရွက်ရန်အတွက် မှတ်ပုံတင်အရာရှိထံသို့ ပေးပို့တင်ပြခြင်းမပြုခဲ့လျှင် အဆိုပါကြေညာချက်သည် ဤဥပဒေပါကိစ္စရပ်များအတွက် အကျိုးတစ်စုံတစ်ရာ သက်ရောက်ခြင်းမရှိစေရ။

(ဂ) ဤပုဒ်မပါပြဋ္ဌာန်းချက်များနှင့်အညီပြုလုပ်ပေးပို့သည့် ကြေညာချက်တစ်ရပ်ပါရှိသော ကုမ္ပဏီဖျက်သိမ်းခြင်းကိစ္စရပ်သည် ဤဥပဒေတွင် "ကုမ္ပဏီတွင်ပါဝင်သူများက ကုမ္ပဏီကို ဆန္ဒအလျောက်ဖျက်သိမ်းခြင်း" ဟုဖြစ်သည်။ အထက်ဖော်ပြပါအတိုင်းပြုလုပ်ပေးပို့သည့် ကြေညာချက်တစ်ရပ်ပါရှိခြင်း မရှိသော ကုမ္ပဏီဖျက်သိမ်းခြင်း ကိစ္စရပ်သည် ဤဥပဒေတွင် "မြီရှင်များကကုမ္ပဏီကို ဆန္ဒအလျောက်ဖျက်သိမ်းခြင်း"ဟု ဖြစ်သည်။

**ကုမ္ပဏီတွင်ပါဝင်သူများက ကုမ္ပဏီကိုဆန္ဒအလျောက်ဖျက်သိမ်းခြင်း**

၃၅၁။ **ကုမ္ပဏီတွင်ပါဝင်သူများက ကုမ္ပဏီကို ဆန္ဒအလျောက်ဖျက်သိမ်းခြင်းနှင့် သက်ဆိုင်သည့်ပြဋ္ဌာန်းချက်များ**

ပုဒ်မ ၃၅၂ မှ ၃၅၇ အထိ ယင်းပုဒ်မများအပါအဝင်တို့တွင်ပါရှိသည့် ပြဋ္ဌာန်းချက်များသည် ကုမ္ပဏီတွင်ပါဝင်သူများက ကုမ္ပဏီကိုဆန္ဒအလျောက်ဖျက်သိမ်းခြင်းနှင့်စပ်လျဉ်း၍သက်ဆိုင်စေရမည်။

၃၅၂။ **စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိများအားခန့်အပ်ခြင်းနှင့်ယင်းတို့၏အခကြေးငွေများကိုသတ်မှတ်ခြင်းတို့အတွက်ကုမ္ပဏီ၏လုပ်ပိုင်ခွင့်**

(က) အထွေထွေအစည်းအဝေးတွင် ကုမ္ပဏီသည် ယင်း၏ကိစ္စရပ်များအား စာရင်းရှင်းလင်းဖျက်သိမ်းရန်နှင့် ကုမ္ပဏီ၏အခြေပစ္စည်းများအား ခွဲဝေပေးရန်အတွက် စာရင်းရှင်းလင်း ဖျက်သိမ်းရေးအရာရှိတစ်ဦး သို့မဟုတ် တစ်ဦးထက်ပိုသောသူများကို ခန့်အပ်ရမည်ဖြစ်ပြီး အဆိုပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ သို့မဟုတ် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိများသို့ပေးရမည့် အခကြေးငွေများကို သတ်မှတ်နိုင်သည်။

(ခ) စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအား ခန့်အပ်ပြီးသည့်အခါ ဒါရိုက်တာများ၏ လုပ်ပိုင်ခွင့်များအားလုံးသည် အထွေထွေအစည်းအဝေးတွင် ကုမ္ပဏီ သို့မဟုတ် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိက ဆက်လက်ဆောင်ရွက်ခွင့်ပြုသည့်ကိစ္စရပ်မှတစ်ပါး ရပ်စဲသွားမည်ဖြစ်သည်။

၃၅၃။ **စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏လစ်လပ်နေရာကိုဖြည့်စွက်ခန့်ထားနိုင်သည့်အခွင့်အာဏာ**

(က) ကုမ္ပဏီမှခန့်အပ်ထားသည့်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည်သေဆုံးခြင်း၊ နုတ်ထွက်ခြင်း သို့မဟုတ် အခြားအကြောင်းတစ်ရပ်ရပ်ကြောင့် ၎င်း၏နေရာလစ်လပ်သွားလျှင် ကုမ္ပဏီသည် အထွေထွေအစည်းအဝေးတွင် မြီရှင်များ၏ စီမံဆောင်ရွက်ချက်တစ်ရပ်ရပ်နှင့်အညီ ထိုလစ်လပ်နေရာကိုဖြည့်စွက်ခန့်ထားနိုင်သည်။

(ခ) အဆိုပါကိစ္စရပ်အတွက် အထွေထွေအစည်းအဝေးတစ်ရပ်ကို ကြွေးမြီပေးဆပ်ရသူတစ်ဦးဦးကဖြစ်စေ၊ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိတစ်ဦးထက် ပိုမိုပါရှိသည့်ကိစ္စရပ်ဖြစ်လျှင် ဆက်လက်တာဝန်ယူဆောင်ရွက်သည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိများကဖြစ်စေ ခေါ်ယူကျင်းပနိုင်သည်။

(ဂ) အစည်းအဝေးကို ဤဥပဒေအရဖြစ်စေ၊ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းအရဖြစ်စေ သတ်မှတ်ထားသည့်နည်းလမ်း၊ သို့မဟုတ် ကြွေးမြီပေးဆပ်ရသူတစ်ဦးဦးကသော်လည်းကောင်း၊ ဆက်လက်တာဝန်ယူဆောင်ရွက်သည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိများက သော်လည်းကောင်းလျှောက်ထားသဖြင့် တရားရုံးကသတ်မှတ်ပေးသည့်နည်းလမ်းဖြင့် ကျင်းပရမည်။

၃၅၄။ **ကုမ္ပဏီ၏ပစ္စည်းများကို ရောင်းချခြင်းအတွက် အဖိုးစားနား အဖြစ်အစုရှယ်ယာစသည်များကို စာရင်းရှင်းလင်းဖျက်သိမ်း ရေးအရာရှိက လက်ခံနိုင်သည့်လုပ်ပိုင်ခွင့်**

(က) ကုမ္ပဏီတစ်ခုသည် ဆန္ဒအလျောက်ဖျက်သိမ်းရန်ရည်ရွယ်ခြင်း သို့မဟုတ် ဆောင်ရွက်ရာတွင် ယင်း၏ စီးပွားရေးလုပ်ငန်း သို့မဟုတ် ပစ္စည်းအားလုံး သို့မဟုတ် တစ်စိတ်တစ်ဒေသကို ဤဥပဒေအရ အဓိပ္ပာယ်ဖွင့်ဆိုထားသည့် ကုမ္ပဏီဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ ဤပုဒ်မတွင် "လွှဲပြောင်းလက်ခံသည့်ကုမ္ပဏီ" ဟုခေါ်တွင်မည့် အခြားကုမ္ပဏီတစ်ခုခုသို့ လွှဲပြောင်းပေးရန် သို့မဟုတ် ရောင်းချရန်ရည်ရွယ်လျက်ဆောင်ရွက်ခဲ့လျှင် ဤပုဒ်မတွင် "လွှဲပြောင်းပေးအပ်သည့်ကုမ္ပဏီ" ဟု ခေါ်တွင်မည့် လွှဲပြောင်းရောင်းချမည့်ကုမ္ပဏီ၏ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိနှင့် သက်ဆိုင်သည့် သာမန်လုပ်ပိုင်ခွင့်ကိုဖြစ်စေ၊ သီးခြားစီစဉ်ဆောင်ရွက်မှုနှင့် သက်ဆိုင်သည့်လုပ်ပိုင်ခွင့်တစ်ရပ်ကိုဖြစ်စေ အပ်နှင်းသည့် အဆိုပါ ကုမ္ပဏီ၏ အထူးဆုံးဖြတ်ချက်တစ်ရပ်အရခွင့်ပြုချက်ဖြင့်လွှဲပြောင်းခြင်း သို့မဟုတ်ရောင်းချခြင်း၊ အစုရှယ်ယာများ၊ အာမခံပေါ်လစီများ၊ သို့မဟုတ် လွှဲပြောင်းလက်ခံသည့်ကုမ္ပဏီရှိ အခြားအလားတူ အကျိုးခံစားခွင့်များအတွက် လည်းကောင်း၊ လွှဲပြောင်းပေးအပ်သည့်ကုမ္ပဏီတွင်ပါဝင်သူများသို့ ခွဲဝေပေးရန်အတွက်လည်းကောင်း လျော်ကြေး သို့မဟုတ် လျော်ကြေးတစ်စိတ်တစ်ဒေသကိုလက်ခံနိုင်သည်၊ သို့မဟုတ် လွှဲပြောင်းပေးအပ်သည့်ကုမ္ပဏီတွင်ပါဝင်သူများက ငွေကြေး၊ အစုရှယ်ယာ၊ အာမခံပေါ်လစီ၊ သို့မဟုတ် အခြားအလားတူအကျိုးခံစားခွင့်၊ သို့မဟုတ် အခြားအရာများကိုလက်ခံခြင်းအစား လွှဲပြောင်းလက်ခံသည့်ကုမ္ပဏီ၏ အကျိုးအမြတ်များကို ရယူဆောင်ရွက်ခြင်း သို့မဟုတ် အခြားအကျိုးခံစားခွင့်များကိုလက်ခံခြင်းတို့ကို ပြုလုပ်နိုင်သည့် အခြားစီစဉ်ဆောင်ရွက်မှုတစ်ရပ်ရပ်အား သဘောတူလက်ခံနိုင်သည်။

(ခ) ဤပုဒ်မပါ ပြဋ္ဌာန်းချက်များနှင့်အညီဆောင်ရွက်သည့်ရောင်းချမှု သို့မဟုတ်စီစဉ်မှုတစ်ရပ်ရပ်သည်လွှဲပြောင်းပေးအပ်သည့်ကုမ္ပဏီတွင်ပါဝင်သူများအပေါ်တရားဝင်ဖြစ်စေရမည်။

(ဂ) အထူးဆုံးဖြတ်ချက်ချမှတ်ရာတွင် ထောက်ခံမဲပေးခြင်းမပြုခဲ့သော လွှဲပြောင်းပေးအပ်သည့်ကုမ္ပဏီတွင် ပါဝင်သူတစ်ဦးဦးသည် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံသို့ လိပ်မူ၍ ၎င်း၏ သဘောထားကွဲလွဲမှုကို စာဖြင့်ရေးသားဖော်ပြခဲ့ပြီး အဆိုပါ အထူးဆုံးဖြတ်ချက်ချမှတ်ပြီးနောက် (၇) ရက်အတွင်းကုမ္ပဏီ၏ မှတ်ပုံတင်ထားသော ရုံးခန်းမှပေးပို့ခဲ့လျှင် ၎င်းအနေဖြင့် ဆုံးဖြတ်ချက်အား အတည်ဖြစ်စေရန် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိက ဆောင်ရွက်ခြင်းမပြုစေရန်၊ သို့မဟုတ် ၎င်း၏အကျိုးခံစားခွင့်များကို သဘောတူညီသည့် တန်ဖိုးဖြင့် သို့မဟုတ် အနုညာတစီရင်ဆုံးဖြတ်သည့်တန်ဖိုးဖြင့် ဝယ်ယူဆောင်ရွက်စေနိုင်သည်။


(ဃ) စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် ကုမ္ပဏီတွင်ပါဝင်သူ၏ အကျိုးခံစားခွင့်များကို ဝယ်ယူရန်ဆုံးဖြတ်ပါက ဝယ်ယူပေးချေမည့်ငွေအား ကုမ္ပဏီဖျက်သိမ်းခြင်းမပြုမီ ပေးချေရမည်ဖြစ်ပြီး အထူးဆုံးဖြတ်ချက်ဖြင့် သတ်မှတ်ထားသည့် နည်းလမ်းများအတိုင်း စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိက ဆောင်ရွက်ရမည်။

(င) အထူးဆုံးဖြတ်ချက်တစ်ရပ်သည် ကုမ္ပဏီအား ဆန္ဒအလျောက်ဖျက်သိမ်းရန်အတွက် သို့မဟုတ် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိများအား ခန့်အပ်ရန်အတွက် ချမှတ်သည့်ဆုံးဖြတ်ချက် မတိုင်မီကာလတွင် သို့မဟုတ် တစ်ပြိုင်တည်းအချိန်တွင် ချမှတ်သည့် အကြောင်းကြောင့် ဤပုဒ်မပါကိစ္စရပ်များအတွက် တရားမဝင်ဖြစ်ခြင်းမရှိစေရ။ သို့သော် ကုမ္ပဏီအားဖျက်သိမ်းရန်အတွက် အမိန့်တစ်ရပ်ကို (၁) နှစ်အတွင်းချမှတ်ခဲ့လျှင်ဖြစ်စေ၊ တရားရုံး၏ ကြီးကြပ်မှုဖြင့် ဖျက်သိမ်းရန်ပြုလုပ်ခဲ့လျှင်ဖြစ်စေ အဆိုပါ အထူးဆုံးဖြတ်ချက်သည် တရားရုံး၏အတည်ပြုချက်မရှိလျှင်တရားဝင်ခြင်း မရှိစေရ။

(စ) အနုညာတစီရင်ဆုံးဖြတ်ခြင်း ကိစ္စရပ်များအတွက် အနုညာတစီရင်ဆုံးဖြတ်ခြင်းဥပဒေတွင်

**ဆက်လက်ဖော်ပြပါမည်။**

# အထူးဂုဏ်ယူဝမ်းမြောက်မိပါသည်



**ကျေးဇူးတော်ရှင် သီတဂူဆရာတော်ကြီး**

လွန်ခဲ့သည့် ဆယ်စုနှစ်ကတည်းကပင်လျှင် သံဃာတော်အများ တိုင်းသူပြည်သားများ၏ နှလုံးသားဝယ် တို့တတွေရဲ့ ဂုရု တို့တိုင်းတို့နိုင်ငံရဲ့ ဂုရုသခင် ဆရာအရှင်ရယ်လို့ စွဲယူကြည်ညိုပြီးဖြစ်သော သံဃာတော်အပေါင်းနှင့် တိုင်းသားပြည်သူတို့၏ နှလုံးသားထဲက ရဋ္ဌဂုရုဖြစ်တော်မူပြီးသော သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိ၊ သီတဂူဆရာတော် အရှင်ဉာဏိဿရ (Ph.D.D.Litt)အား ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး၊ အမိန့်ကြော်ငြာစာ အမှတ် ၁/၂၀၁၇ ဖြင့် ၆၉နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် **အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ကို** နိုင်ငံတော်သမ္မတကြီးက ဆက်ကပ်လှူဒါန်းပါသည်။ ထိုအတွက် တောင်ကိုးရီးယားနိုင်ငံ သီတဂူ ဓမ္မယာန ဗုဒ္ဓသာသနာ့ရိပ်မွန် ဦးဆောင်နာယက အရှင်ပဏ္ဍိစ္စ နှင့် ကိုးရီးယားမြန်မာ ဒကာဒကာမများက အထူးပင် ဂုဏ်ယူဝမ်းမြောက်မိပါသည်။

ဆရာတော်ကြီးသည် သက်တော်ရာကျော်ရှည်ပြီး သာသနာတော်နှင့်နိုင်ငံတော် အကျိုးတို့ကို တပည့်များနှင့်အတူ တိုး၍တိုး၍ ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

**တောင်ကိုးရီးယားနိုင်ငံ သီတဂူ ဓမ္မယာန ဗုဒ္ဓသာသနာ့ရိပ်မွန် ဦးဆောင်နာယက**
**အရှင်ပဏ္ဍိစ္စ နှင့် ကိုးရီးယားမြန်မာ ဒကာဒကာမများ**

## ပညာဒါနဗေဒင်ပညာသင်တန်းဖွင့်မည်

မြန်မာနိုင်ငံဗေဒင်ပညာရှင်များအသင်းမှ ဖွင့်လှစ်သည့် ပညာဒါန ဗေဒင်ပညာသင်တန်းအပတ်စဉ်(၂၄)အား ၄-၂-၂၀၁၇ရက် (စနေနေ့)တွင် ဖွင့်လှစ်မည်ဖြစ်ပါသည်။ သင်တန်းတက်ရောက်လိုသူများ အောက်ပါလိပ်စာတွင် စာရင်းပေးသွင်းနိုင်ပါသည်။ သင်တန်းဆင်းအောင်လက်မှတ်ချီးမြှင့်မည်ဖြစ်ပါသည်။ စာရင်းပေးသွင်းရန်လိပ်စာ-

ဆိုင်ခန်းအမှတ်(၅၀)၊ အဆောင်(၄)သိမ်ကြီးဈေး(စီ)ရုံ၊ ပထမထပ်။

(အနော်ရထာလမ်းနှင့် ရွှေတိဂုံဘုရားလမ်းထောင့်ဆုံရာ တံတားပေါ် အဝင်ပေါက်မှ ဝင်ရန်၊ ဓမ္မရောင်ခြည်အနီး)အသေးစိတ် သိရှိလိုပါက-

**ဖုန်း- ဆရာဦးအောင်ကိုဟန် -၀၉-၄၂၁၁၃၃၆၇၉**
**ဆရာဦးအောင်ကျော်ဝင်း -၀၉-၇၃၀၈၁၀၄၀**
**ဆရာမဒေါ်အေးအေးဝင်း -၀၉-၄၂၅၃၄၇၄၉၇ ထံ ဆက်သွယ် စုံစမ်းမေးမြန်းနိုင်ပါသည်။**

## အရွယ်မရောက်သေးသူအတွက် အုပ်ထိန်းသူအဖြစ် ခန့်ထားရန် လျှောက်ထားကြောင်း အကြောင်းကြားစာ (အုပ်ထိန်းသူနှင့် အုပ်ထိန်းခံရသူတို့အက်ဥပဒေပုဒ်မ ၁၁) ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံးတော် ၂၀၁၇ခုနှစ်၊ တရားမအထွေထွေမှုအမှတ် - ၅

ဒေါ်ခင်စုမွန်မွန်ကျော် လျှောက်ထားသူ
အမှတ်-၃၃၊ (ပ)ထပ်၊ မာလာမြိုင်(၆)လမ်း၊
(၁၆)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ မာလာမြိုင်(၆)လမ်း၊ အမှတ်-၃၃၊ (ပ)ထပ်နေ အရွယ်မရောက်သေးသူ မပန်းမြတ်ဟေသီအကြောင်း။

အထက်ပါနေရပ်လိပ်စာနေ ဒေါ်ခင်စုမွန်မွန်ကျော်က အထက်အမည်ရေးသားပါရှိသော အရွယ်မရောက်သေးသူ မပန်းမြတ်ဟေသီ၏ အဒေါ်အရင်းဖြစ်သည်ဟူ၍ ၎င်းသူ၏ ကိုယ်ကို အုပ်ထိန်းသူအဖြစ် ခန့်ထားပါမည့်အကြောင်း လျှောက်ထားသည်ဖြစ်၍ ထိုသို့လျှောက်ထားခြင်းကို လူအများသိစေရန်အလို့ငှာ ဤကြော်ငြာစာကို ထုတ်ဆင့်လိုက်သည်။ ထိုလျှောက်ထားချက်ကို ၂၀၁၇ခုနှစ်၊ ဖေဖော်ဝါရီလ ၆ရက် (၁၃၇၈ခုနှစ်၊ တပို့တွဲလဆန်း ၁၀ရက်)တွင် ဆိုင်ဆိုရန် ချိန်းဆိုသည်။

၂၀၁၇ခုနှစ်၊ ဇန်နဝါရီလ ၁၇ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဇင်ဇင်မာ)**
**ဒုတိယခရိုင်တရားသူကြီး(၁၀)**
**ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး**

**IGCSE** Primary Classes & Secondary Classes

*Eng, Maths, Phy, Chem, Bio, ICT, Business, Accounting* ဘာသာရပ်များကို ဝါရင့်ကျွမ်းကျင်သော ဆရာ၊ ဆရာမများမှ နေအိမ်သို့လာရောက်သင်ကြားပေးပါသည်။ Study Guide များလိုအပ်လျှင် ဆက်သွယ်နိုင်ပါသည်။

ဆရာ ဦးလှကြိုင်ဦး(ပိုင်စေ) 09 73177816, 09 795888783

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄/၅) တိုးချဲ့၊ မြေကွက်အမှတ်-၃၃၊ မြေကွက်တည်နေရာ အမှတ်-၃၃၊ သုမင်္ဂလာလမ်း၊ ကေတုမာလာရိပ်သာ၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဒေါ်မြရီ[၁၂/ဥကတ(နိုင်)၀၃၇၃၃၂] အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက်မိခင် (ဒေါ်မြရီ)ကွယ်လွန်ပြီး၊ ဖခင် (ဦးတင်ညွန့်)ပါကွယ်လွန်သဖြင့် ဒေါ်ခင်ဝင်း[၁၂/ဥကတ(နိုင်)၀၃၇၁၈၅]၊ ဦးမြင့်သန်း[၁၂/ဥကတ(နိုင်) ၀၄၂၅၅၂]၊ ဦးမျိုးသင်း[၁၂/ဥကတ(နိုင်)၀၃၇၄၁၉]၊ ဦးမျိုးဝင်း[၁၂/ဥကတ(နိုင်)၀၃၇၃၄၀]၊ ဒေါ်နွယ်နွယ်ဝင်း[၁၂/ဥကတ(နိုင်)၀၃၇၈၀၀]တို့က သားသမီးများ တော်စပ်ကြောင်း ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး၊ ကျမ်းသစ္စာပေးသူအရာရှိ ဒေါ်ဖူးပွင့်အောင်၏ရှေ့မှောက်တွင် လက်မှတ်ရေးထိုးသော ကျမ်းကျိန်လွှာ၊ ၁၆၂၄၈/၁၄-၁၀-၁၆နှင့် သေစာရင်းတို့ကိုတင်ပြပြီး၊ ၎င်းတို့အားလုံး၏ကိုယ်စား ကိုယ်စားလှယ်လွှဲစာအမှတ် ၃၄၃၁/၂၇-၂-၁၃နှင့် ၃၄၃၂/ ၂၇-၂-၁၃တို့ဖြင့် GPရသူ ဦးမင်းညိုထွန်း [၁၁/စတန(နိုင်)၀၇၁၁၂၉]မှ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာသဖြင့် ကွင်းဆင်းစစ်ဆေးရာ ဧရိယာ(၂၄၀၀)စတုရန်းပေရှိပြီး ပေ(၂၀×၆၀)တွင် ဝယ်ယူထားသူ ဒေါ်နုနုလွင်မှ တစ်ထပ်ပျဉ်ထောင်အိမ်တွင်နေထိုင်ပြီး ပေ(၂၀×၆၀)တွင် (၂)ထပ်ပျဉ်ထောင်အိမ် (၂)လုံးရှိပြီး တစ်လုံးတွင်ဦးမြင့်သန်းနေထိုင်ပြီး တစ်လုံးတွင် ဝဲဘက်၌ ဒေါ်ခင်ဝင်းနေပြီး ယာဘက်၌ ဦးမျိုးဝင်းနေ၍ အပေါ်ထပ်တွင် ဒေါ်နွယ်နွယ်ဝင်းတို့ နေထိုင်ကြောင်းတွေ့ရှိရသဖြင့် အဆိုပါပိုင်ဆိုင်နှင့် အရောင်း မြေပုံကူးလျှောက်ထားခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၄၊မြေကွက်အမှတ်-၃၃၁၊ မြေကွက်တည်နေရာအမှတ်-၃၃၁၊ သရဖီလမ်း၊ (၃၄)ရပ်ကွက်၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ (ဦးစိန်မောင်)[၁၂/ဗတထ(နိုင်)၀၂၈၇၆၁]၊ ဒေါ်စန်းမြင့်[၁၂/ဗတထ (နိုင်)၀၂၈၇၅၉] အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား ဂရန်အမည်ပေါက် ဦးစိန်မောင်၊ ဒေါ်စန်းမြင့်တို့အနက် ဦးစိန်မောင် [၁၂/ဗတထ(နိုင်)၀၂၈၇၆၁]၏ဇနီး ဒေါ်စန်းမြင့် (၂၀-၉-၂၀၁၄)ရက်တွင် ကွယ်လွန်ကြောင်းနှင့် လျှောက်ထားသူ ဦးစိန်မောင်သည်တစ်ဦးတည်းသောခင်ပွန်းဖြစ်ကြောင်း ကျမ်းကျိန်လွှာ၊ ဘေးပတ်ဝန်းကျင်ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ ဇနီးဒေါ်စန်းမြင့်၏သေစာရင်း၊ သန်းခေါင်စာရင်းတင်ပြ၍ ၎င်းထံမှ GPအမှတ်-၈၉၁၀/၂၉-၉-၁၆ဖြင့် ကိုယ်စားလှယ်ရရှိသူ ဒေါ်ချိုသီဝင်း[၁၂/ဥကတ(နိုင်)၀၀၀၁၄၁]မှ ပါဝါပေးသူသက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါမရုပ်သိမ်းသေးကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ ပိုင်ဆိုင်+အရောင်းမြေပုံကူးလျှောက်ထားခြင်းအား ကွင်းဆင်းစစ်ဆေးရာ ပျဉ်ကာသွပ်မိုး နှစ်ထပ်အိမ်တွင် GP ဒေါ်ချိုသီဝင်း မိသားစုနေထိုင်ပါသဖြင့် ဦးစိန်မောင်[၁၂/ဗတထ(နိုင်)၀၂၈၇၆၁]ထံမှ GPရရှိသူဒေါ်ချိုသီဝင်း၏ ပိုင်ဆိုင်+အရောင်း မြေပုံကူးလျှောက်ထားခြင်းအား တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ရွှေပုပ္ပါး
CAR RENTAL
နယ်ဝေး ခရီးစဉ် အမျိုးမျိုး
PH: 09-795595426, 09-254020611

ဖုန်း Sim Card ဝယ်သည်
73, 47, 49, 50, 86
ရဲမင်းထွန်း
Ph: 09-5014706

ကားငှားမည်
Caldina 70 အိုး
နေ့မောင်း အမြန်အလိုရှိသည်
တစ်ရက် – ၁၅၀၀၀/–
PH: 09-5063571

## ပညာရေးဝန်ဆောင်မှုလုပ်ငန်းအမှတ်တံဆိပ်အမည် အမှတ်အသားကို မှတ်ပုံတင်သွင်းကြေညာပြီးကြောင်း အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ လသာမြို့နယ်၊ အမှတ်(၃)ရပ်ကွက်၊ (၁၉)လမ်း၊ အမှတ်(၁၆/က)တွင် နေထိုင်သူ ဒေါက်တာအောင်ပြည်စိုး[၁၂/လသန(နိုင်)၀၂၀၂၁၈]သည် အောက်တွင်ဖော်ပြထားသော ပညာရေးဝန်ဆောင်မှုလုပ်ငန်းအမှတ်တံဆိပ် အမည်အမှတ်အသားကို မိမိတစ်ဦးတည်းမူပိုင်အဖြစ် တရားဝင် အသုံးပြုရန်၊ ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်သွင်းကြေညာပြီးဖြစ်ပါသည်။




၄/၁၂၇၂၆/၂၀၁၆

အထက်ဖော်ပြပါ "HEXAGON" ပညာရေးဝန်ဆောင်မှုလုပ်ငန်းအမှတ်တံဆိပ် အမည် အမှတ်အသားဖြင့် "Education Centre, Medical Education Centre နှင့် Smart Education Centre" လုပ်ငန်းများတွင် အသုံးပြု သုံးစွဲသွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ မိမိတစ်ဦးတည်းမူပိုင်အဖြစ် အသုံးပြုလျက်ရှိသော အဆိုပါပညာရေးဝန်ဆောင်မှုလုပ်ငန်း အမှတ်တံဆိပ် အမည်အမှတ်အသားကို မိမိမှတစ်ပါး အခြားတစ်ဦးတစ်ယောက်ဖြစ်စေ၊ တံဆိပ်တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ပုံတူပုံမှား၊ ထင်ယောင်ထင်မှား၊ ဆင်တူယိုးမှား၊ တုပပြုလုပ်သုံးစွဲခြင်းမပြုလုပ်ကြပါရန်နှင့် အကယ်၍ ပြုလုပ်သုံးစွဲပါက ဒေါက်တာအောင်ပြည်စိုး၏ လုပ်ငန်းအကျိုးစီးပွား၊ ကောင်းသောဂုဏ်သတင်း ထိခိုက်နစ်နာဆုံးရှုံးမှုအတွက် တည်ဆဲပြဋ္ဌာန်းဥပဒေ၊ တရားမဥပဒေနှင့် ရာဇဝတ်ဥပဒေများနှင့်အညီ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်သက်လေးချို** | **ဦးသက်ထူးအောင်** |
| **LL.B, D.B.L, D.I.L, D.M.L, WIPO(Switzerland)** | **LL.B** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၂၀၈)** | **အထက်တန်းရှေ့နေ (စဉ်-၃၇၈၃၆)** |

**အမှတ်-၁၃၈၊ ပထမထပ်၊ ၃၂လမ်း(အလယ်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။**
ဖုန်း-၀၉ ၄၂၀၀၂၄၂၈၉၊ ၀၉ ၄၃၀၃၂၀၆၂

# သက်ရှိလောကတည်မြဲဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

# “အထူးဝမ်းမြောက်ဂုဏ်ယူစွာ ကြည်ညိုဂုဏ်ပြုခြင်း”

ဧရာဝတီတိုင်းဒေသကြီး၊ မော်လမြိုင်ကျွန်းမြို့ ပစ္ဆိမာရုံ စာသင်တိုက် ပရိယတ္တိသာသနာလင်္ကာရ (သာမဏေကျော်) အသင်းကြီး၏ ဦးစီးပဓာန နာယကဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ နိုင်ငံ့စွမ်းဆောင်ရည်ဆုရှင် ဒေါက်တာဘဒ္ဒန္တစိန္တိတာလင်္ကာရ (နိုင်ငံတော်သံဃမဟာနာယက)၏ တပည့်-အသင်းတာဝန်ခံ ဒုတိယနာယက ဆရာတော် **“အရှင်ရေဝတာလင်္ကာရ”** (သာမဏေကျော်၊ သာသနဓဇဓမ္မာစရိယ၊ ဝိနယဝိဒူ၊ အင်္ဂုတ္တရနိကာယဝိဒူ၊ ဒီဃနိကာယဝိဒူ) သည် (၄-၁-၂၀၁၇)ရက်နေ့ (၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာ ၁/၂၀၁၇အရ **“သဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော်”** ဆက်ကပ်လှူဒါန်းခြင်း ခံရသည့်အတွက် ပရိယတ္တိသာသနာလင်္ကာရအသင်းကြီးက လှိုက်လှိုက်လှဲလှဲ အထူးပင် ဝမ်းမြောက်ဂုဏ်ယူစွာ ကြည်ညိုဂုဏ်ပြုအပ်ပါသည်။

ပရိယတ္တိသာသနာလင်္ကာရအသင်းကြီး<br>
ပစ္ဆိမာရုံစာသင်တိုက်၊ မော်လမြိုင်ကျွန်းမြို့၊ ဧရာဝတီတိုင်းဒေသကြီး

# အထူးလှိုက်လှဲစွာဝမ်းမြောက်ဂုဏ်ပြုခြင်း

၂၀၁၇ခုနှစ်၊ (၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာ အမှတ်(၁/၂၀၁၇)ဖြင့် **ဒေါ်ဝင်းစိန်(ကျိုက်လတ်မြို့၊ သုခစာကြည့်တိုက် နာယကကြီးနှင့် ကျိုက်လတ်မြို့နယ်လုံးဆိုင်ရာ အငြိမ်းစားဆရာကြီး၊ ဆရာမကြီးများ ပူဇော်ကန်တော့ပွဲကျင်းပရေးဦးစီးကော်မတီဝင်)**အား **သုဓမ္မသီဂီဘွဲ့**ကို ထိုက်တန်စွာချီးမြှင့်အပ်နှင်းခြင်းခံရသည့်အတွက် အထူးလှိုက်လှဲစွာဝမ်းမြောက်ဂုဏ်ယူချီးကျူးပါကြောင်းနှင့် နောင်တွင်လည်း သက်ရှည်ကျန်းမာချမ်းသာစွာဖြင့် နိုင်ငံ့အကျိုး၊ သာသနာတော်၏ အကျိုးတို့ကို ဆတက်ထမ်းပိုးတိုး၍ ကြိုးပမ်းဆောင်ရွက်သွားနိုင်ပါစေကြောင်း ဆုမွန်ကောင်းများ တောင်းအပ်ပါသည်။

**နာယကကြီးများနှင့်အမှုဆောင်အဖွဲ့**<br>
**ကျိုက်လတ်မြို့နယ်အသင်း(ရန်ကုန်)**

# " ဝါရွှေစင် " ပိုးထည်

## ဆိုင်ဖွင့်လှစ်ခြင်း(၈)နှစ်ပြည့်အထူးဈေးရောင်းပွဲတော်ကြီး

## (Big Sales 20% to 50% Off)

**" ဝါရွှေစင် ပိုးထည် "**၏ ဆိုင်ဖွင့်လှစ်ခြင်း (၈)နှစ်ပြည့် အထူးဈေးရောင်းပွဲတော်ကြီးကို **ဝါရွှေစင်** ချစ် Customer များအား ကျေးဇူးတုံ့ပြန်သောအနေဖြင့် (၂၀-၁-၂၀၁၇မှ ၂၄-၁-၂၀၁၇)အထိ ၅ရက်တိုင်တိုင် အထူးဈေးနှုန်းများဖြင့် ရောင်းချပေးသွားမည်ဖြစ်ပါကြောင်း **"ဝါရွှေစင်"**ချစ်မိတ်ဟောင်းမိတ်သစ် Customer များကို သတင်းကောင်း ပါးအပ်ပါသည်။ အထူးကံစမ်းမဲအစီအစဉ်များလည်းပါရှိပါသည်။ အားပေးမှုကို ကျေးဇူးအထူး တင်ရှိပါသည်။

နေရာ။ ။အမှတ်(၁၇၁)၊ သစ္စာလမ်းမကြီး၊မိုးကောင်းမှတ်တိုင်အနီး၊ ရန်ကင်းမြို့နယ်။<br>
ဖုန်း - ၀၉ ၅၁၁ ၂၅၀၆၊ ၀၉ ၄၀၀၀ ၂၈၈၇၇၊ ၀၉ ၄၂၀၀၀၆၅၂၅၊ ၀၉ ၄၉၃၄၄၅၅၃

# မိတ်ဆွေများအတွက်သတင်းကောင်း

“ရွှေမြင့်စံ & မင်းသုကျော် အကျိုးဆောင်နှင့်ဆောက်လုပ်ရေး Co;”မှ **“သန်လျင် Star City အိမ်ရာ”** ရှိ အခန်းများကို ခေတ်မီလှပသော Design များဖြင့် ပြင်ဆင်၍ “ရောင်း/ဝယ်/ငှား”ခြင်းဖြင့် ကူညီပေးပါမည်။

ပြင်ဆင်ခနှုန်း (၁××/၂××/၃××)သိန်း (ပစ္စည်းစုံ)

**“ရွှေမြင့်စံ & မင်းသုကျော် အကျိုးဆောင်နှင့် ဆောက်လုပ်ရေး Co;”**

အမှတ်(၇၀/၂)၊ ကမ္ဘာအေးဘုရားလမ်း၊ ရွှေဂုံတိုင်မီးပွိုင့်ထောင့်၊ ပဟန်း။<br>
01-548-993, 09-509-9696, 09-79-509-9696, 09-7319-9696

ကျွန်မတို့၏ Co; သို့ယုံကြည်စိတ်ချစွာ လုပ်ငန်းအပ်နှံပေးသော အခန်းပိုင်ရှင် မိတ်ဆွေများကို ကျေးဇူးတင်ပါသည်။

(အားလုံးစိတ်ချမ်းသာမှုရှိအောင် ဆောင်ရွက်ပေးပါမည်)

## မဇင်မာအေး(ခ)ဖရီဒါဘီ(MME-၆၅၃၇၉၄)အား အသိပေးအကြောင်းကြားခြင်းနှင့် အများသိစေရန်ကြေညာခြင်း

ဦးစိုးမြင့်(ခ) ဟာဖိဇ်အမ္ဗဒုရ်ရရှိဒ်၏သမီးဖြစ်သူ မဇင်မာအေး(ခ)ဖရီဒါဘီသည် အစ္စလာမ်တရားဥပဒေနှင့်အညီ ၁၃-၁၁-၂၀၁၅ရက်က မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ ဇင်ယော်လမ်း၊ အိမ်အမှတ်(၃၁)ရှိ မိဘနေအိမ်တွင် နှစ်ဦးသဘောတူနိကာဟ် ထိမ်းမြားမင်္ဂလာပြုလုပ်၍ မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ သိရိမြိုင်(၁)လမ်း၊ ရွှေခန်းမတွင် မင်္ဂလာဧည့်ခံပွဲပြုလုပ်ပြီး မောင်ကျော်မင်းထွန်း(ခ) HJမိုဟာမ္မဒ်အီဗရာဟီးမ်းနှင့် တရားဝင်လင်မယားအဖြစ် ရန်ကုန်မြို့၊ အမှတ်(၅၆)၊ ၅-ထပ်၊ ၂၇-လမ်း၊ အမှတ်(၃)ရပ်ကွက်၊ ပန်းဘဲတန်းမြို့နယ်တွင် အတူပေါင်းသင်းနေထိုင်လျက်ရှိရာမှ အစ္စလာမ်တရားဥပဒေနှင့်မညီဘဲ ၁၂-၄-၂၀၁၆ရက်က ၎င်း၏သဘောအလျောက် ထွက်ခွာသွားသည်မှာ အိမ်ထောင်ရေးအဆင်မပြေမှုဖြစ်စေရန် ပြုမူဆောင်ရွက်ရာရောက်သဖြင့် ခင်ပွန်းဖြစ်သူထံ လင်မယားအဖြစ် ပြန်လည်ပေါင်းသင်းရန်အတွက် အမြန်ဆုံးပြန်လာပါရန် အသိပေးအကြောင်း ကြားအပ်ပါသည်။

မဇင်မာအေး(ခ)ဖရီဒါဘီအား သွေးဆောင်ဖြားယောင်းလိမ်လည်အလွဲပြော မတရားသြဇာသုံး ခြိမ်းခြောက် အနိုင်အထက်ပြု လက်ခံခေါ်ယူထားသူအား မောင်ကျော်မင်းထွန်း(ခ) HJမိုဟာမ္မဒ်အီဗရာဟီးမ်းမှ ဥပဒေအရအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မောင်ကျော်မင်းထွန်း(ခ)HJမိုဟာမ္မဒ်အီဗရာဟီးမ်း**<br>
**[၁၂/ဒဂဆ(နိုင်)၀၀၃၆၂၆]၏ လွှဲအပ်ညွှန်ကြားချက်အရ-**<br>
**ဒေါ်ဖြူဖြူညွှန့်**<br>
**B.A,H.G.P,D.B.L,D.M.L အထက်တန်းရှေ့နေ(စဉ်-၁၂၃၉၁)**<br>
**အမှတ်-၅၈/၂၊ အဝေရာလမ်း၊ မေတ္တာညွှန့်ရပ်ကွက်၊ တာမွေမြို့နယ်**<br>
**ရန်ကုန်မြို့။ ဖုန်း-၀၉-၄၂၁၀၇၂၉၇၇၊ ၀၉-၇၃၁၂၀၇၁၇**

မြေညီထပ်တိုက်ခန်းရောင်းမည်<br>
သိန်း(၃၄၀)<br>
(၁၂½'×၅၀')ပြင်ဆင်ပြီး<br>
အလင်းရောင်လမ်း၊ ဒေါပုံ။<br>
ဖုန်း-၀၉ ၄၂၀၇၆၇၅၉၇

**“ရွှေစည်”**<br>
အိမ်ပြောင်း၊ အိမ်ရွှေ့နှင့်<br>
ကုန်စည်ဝန်ဆောင်မှု<br>
**လုပ်သားပါ ညှိနှိုင်းဈေးဖြင့်**<br>
**ဝန်ဆောင်မှုပေးသည်။**<br>
09-73122029, 09-253065979

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၇)ရပ်ကွက်၊ အနော်ရထာလမ်း၊ အမှတ်(၁၄၁)ဟုခေါ်တွင်သော (၂)ခန်းတွဲ၊ (၈)ထပ်တိုက်အနက် တိုက်ကိုမျက်နှာမူ၍ကြည့်လျှင် (၈)လွှာ(ဘယ်ဘက်)တိုက်ခန်းအား ပိုင်ရှင်ဖြစ်သည့် ဦးဇာနည်ကိုကို [၁၂/ဥကတ(နိုင်)၁၆၄၅၉၀]မှ ၎င်းတစ်ဦးတည်းပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံလျက် ရောင်းချရန် ကမ်းလှမ်းခဲ့ရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ ဝယ်ယူရန် တိုက်ခန်းတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေခဲ့ပြီးဖြစ်ပါသည်။ ယင်းတိုက်ခန်း၏ ပိုင်ဆိုင်ခွင့်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယခုကြော်ငြာပါသည့်နေ့ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ဆက်လက်ဆောင်ရွက်မည် ဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**<br>
**ဦးတင့်ကျော်(LL.B) အထက်တန်းရှေ့နေ(စဉ်-၃၀၉၁၃)**<br>
**ဖုန်း-၀၉-၉၇၁၈၀၇၇၇၄၊ ၀၉-၄၄၉၆၁၁၁၁၄**

# POWER 7 COMPANY

လူကြီးမင်းတို့၏ ရောင်းမည့်/ငှားမည့်<br>
(မြေကွက်၊ လုံးချင်း၊ ဂိုဒေါင်၊ ကွန်ဒို၊ တိုက်ခန်း)များကို<br>
ယုံကြည်စိတ်ချစွာအပ်နှံ အပ်နှံနိုင်ပါသည်။<br>
အထိရောက်ဆုံးနှင့် အမြန်ဆုံး<br>
ဝန်ဆောင်မှုကို ပေးနေပါသည်။<br>
ဆက်သွယ်ရန်ဖုန်း-၀၉-၄၂၁၇၇၃၀၅၊<br>
၀၉-၄၂၀၁၄၇၄၉

မူးယစ်ကိုပစ် ပန်းတိုင်သစ် စိတ်သစ် လူသစ် ဘဝသစ်

